www.burmeseclassic.com

# လမင်းမိုမို

## ကမ္ဘာကြီးရပ်တန့်မသွားခင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

# ကမ္ဘာကြီးရပ်တန့်မသွားခင်


တမူခွင့်ပြုချက်အမှတ် - ၅၀၀၄၆၄၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၂၆၀၅၀၈

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၁၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို




စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

သူထိုင်နေတဲ့ လက်ဖက်ရည်ဆိုင် တဲကုပ်ကလေးရဲ့နံဘေးက ပိုပြီးတော့ဟောင်း စုတ်ပြတ်ယိုင်ရွဲ့နေတဲ့ တဲကုပ်လေးကို "နိုးကြား" က လှမ်းငေးကြည့်နေမိပါသည်။ ဆိုင်ရှေ့မျက်နှာစာအဝမှာ ချိတ်ဆွဲထားတဲ့ ချိန်ခွင်အရှည်ကြီးက မည်းတူးဟောင်းနွမ်းနေပါသည်။

အဲဒီချိန်ခွင်ကြီးထဲကို ချာတိတ်လေးတစ်ယောက်က တစ်ခုပြီးတစ်ခု ထည့်ချိန်နေသည်။ သူဝယ်လာတဲ့ သတင်းစာ ဂျာနယ်တွေ စက္ကူဟောင်းတွေကို ပြန်ရောင်းနေတာပင်။ စိတ်ဝင်တစား လှမ်းကြည့်နေမိရာက နိုးကြားက လက်ဖက်ရည်ဖိုး ရှင်းလိုက်ပြီး လက်ဖက်ရည်ဆိုင်မှ ထ,လာလိုက်ပါသည်။

ဒီနားက ဘုန်းကြီးကျောင်းမှာ သူ လာနေနေတာ တစ်လလောက်ရှိပြီမို့ အနီးပတ်ဝန်းကျင်တစ်ဝိုက်က လူတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနေပါပြီ။ လက်ဖက်ရည်ဆိုင်က ဦးစံအိ၊ လမ်းထိပ်ထမင်းဆိုင်လေးက ဒေါ်ဂျမ်း၊ ကုန်စုံဆိုင်က မသင်းမော် စသဖြင့်။ အနီးတစ်ဝိုက်ဟာ လက်လုပ်လက်စားရပ်ကွက်ပီပီ ဆင်းဆင်းရဲရဲ လူများစုကိုသာ တွေ့ရကာ စိတ်ဝင်စားစရာတွေလည်း အမြဲရှိနေတတ်တာပင်။

သတင်းစာဂျာနယ် စက္ကူပေါင်းမျိုးစုံနှင့် ဒန်အိုးဒန်ခွက်၊ ဘူးခွက် ပုလင်းတွေ ဝယ်သူကတော့ ကိုကုလား။ ကိုကုလား ဆိုပေမယ့် အိန္ဒိယလူမျိုးတော့ မဟုတ်။ မြန်မာစစ်စစ်က အသားမည်းလှ၍ တစ်ရပ်ကွက်လုံးက သူ့ကို "ကုလား"၊ "ဦးကုလား"၊ "ကိုကုလား"စသဖြင့် သင့်တော်ရာ တော်ရာ ကိုယ့်အရွယ်အလိုက် ခေါ်ကြသည်။ ဘုန်းကြီးဦးသောဘိတက လည်း "ကုလား"ပဲ ခေါ်သည်။

ဒီနားတစ်ဝိုက်က နီးကြားနဲ့ ဆက်ဆံနေရတဲ့ (ဝယ်စား ဝယ်သုံးရတဲ့) ထမင်းဆိုင်၊ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်က လူတွေနဲ့တော့ အတော်ရင်းနှီးနေပေမယ့် ကိုကုလားနဲ့ကတော့ အရင်းနှီးကြီးမဟုတ်။ သူ့ဆိုင်ကလည်း ကိုယ်နဲ့ဆက်ဆံစရာ အကြောင်းမှ မရှိတာ။ ဒါပေမဲ့ တစ်လအတွင်း အရက်ဆိုင်မှာ နှစ်ကြိမ်လောက်တော့ ဆုံဖူးကာ နီးကြားနဲ့အတူပါတဲ့ ဦးသက်က လှမ်းနှုတ်ဆက်ရင်းက နီးကြားနဲ့ပါ ရယ်ပြုံးနှုတ်ဆက် မျက်မှန်းတန်းပြီးသားပါ။





နီးကြားက ဆိုင်ရှေ့မှာရှိနေတဲ့ ပလတ်စတစ်ခွေးခြေပု အစုတ်ကလေးတစ်ခုပေါ် ဝင်ထိုင်လိုက်ရင်း ...

"အရောင်းအဝယ်တွေ ကောင်းနေလားဗျ"

ကိုကုလားက ဆေးပေါ့လိပ် မီးသေကြီး ကိုက်ထားရင်းက ဖြတ်စဖျင်းတောင်းတွေကို စုပုံသယ်ထပ် သပ်ရပ်အောင်လုပ်ရင်း ...

"ဒီလိုပါပဲကွ၊ ဟောဟိုစာအုပ်အဟောင်းပုံထဲက ဖတ်ချင်တာရှိ ယူလေ"

ဘုန်းကြီးကတစ်ဆင့် နီးကြားဟာ ဘွဲ့တစ်လုံးရပြီးတဲ့သူဆိုတာ ကြားဖူးနားဝ သိနေကြတာမို့ ကိုကုလားက ပြောလိုက်ခြင်းပါ။ ဒီနားတစ်ဝိုက်မှာတော့ ဘွဲ့ရတဲ့သူထားဦး ဆယ်တန်းအောင်သူတောင် ခပ်ရှားရှား။ လက်ချိုးရေလို့ ရပါသည်။ ဦးစံအိရဲ့သားလေး ဆယ်တန်းအောင်သည်။ ဆိုက်ကားသမား ဦးစိုးရဲ့သားလေး ဆယ်တန်းအောင်သည်။ ဒါလောက်ပင်။

ကျန်တာတွေက ဆယ်တန်းထိရောက်လည်း တဖုံးဖုံးကျ။ တချို့က အတန်းနိမ့်နှင့်ပင် ကျောင်းထွက်၊ ကျပန်းလုပ်ကြ။ ကိုကုလား ညွှန်ပြတဲ့အပုံမှာ ဝတ္ထုမဂ္ဂဇင်းအဟောင်းတွေပါသည်။ ဒါတွေကိုလည်း ပိဿာချိန်နှင့်ပင် ဝယ်လာတာမို့ တစ်အုပ်ကို ဘာမှမကျ။ ဒါကြောင့် ကိုကုလားက စာတတ်ပေတတ်ဖြစ်တဲ့ နီးကြား ဖတ်ချင်ရင် ဖတ်ပါစေတော့လို့ စေတနာပိုလိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကိုကုလား"

နီးကြားက စာအုပ်ပုံကို လှန်လှောကြည့်နေရင်းက —

"ဒါနဲ့ ကိုကုလား၊ ကျွန်တော့်ကို ဒီစာရွက်ပုံ ပြန်ရောင်းပေးပါလား"

ကိုကုလားက နီးကြားထံ လှည့်ကြည့်လိုက်ပါသည်။ နီးကြားက ခုနကောင်ကလေး ချိန်တွယ်ပြီး ချထားတဲ့ လျှောက်လွှာစာရွက်တစ်ထပ်ကို ညွှန်ပြနေတာ။ စာရွက်တွေက တစ်ဖက်မှာ စာတွေရိုက်ထားပြီး တစ်ဖက်လွတ်ဖြစ်သည်။ ရိုက်ထားတဲ့ စာတွေကလည်း အင်္ဂလိပ်လိုတွေ။ ဒီစာရွက်မျိုးတွေကျတော့ စက္ကူအိတ်တို့ ဘာတို့ ပြန်လုပ်တတ်ကြသည်။ အနည်းငယ် ဖြူရော်သည်။


"ဘာသုံးစရာရှိလို့လဲ၊ လိုသလောက် ယူသုံးလိုက်လေ၊ ပိုက်ဆံပေးမနေပါနဲ့၊ နှိုက်သာသွား"

"မဟုတ်ဘူးဗျ၊ အကုန်လုံး လိုချင်တာမို့လို့ ရောင်းပဲရောင်းပေးပါ ကိုကုလားရာ၊ ကျေးဇူးပေါ့"

"အကုန်လုံးလား၊ ဘာသုံးဖို့လဲ"

"ဒီနားတစ်ဝိုက်က ကလေးတချို့ကို စာပြပေးဖို့ ဘုန်းကြီးက ပြောထားလို့၊ စာသင်ပေးရင် စာအုပ်လိုတယ်လေ၊ ဗလာစာအုပ်တွေကလည်း ဈေးမသေးတော့ မဝယ်နိုင်ဘူးဗျ၊ ဒါတွေဆိုရင် တစ်ဖက်လွတ်တွေလေ၊ စာရွက်လည်း ဖြူတယ်၊ တစ်ဖက်မှာ ကောင်းကောင်းရေးလို့ တွက်လို့ရတယ်"






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နိုးကြားက စာရွက်တွေကို ကောက်ကိုင်၍ ထိပ်ထောင့်တွေ တဖျပ်ဖျပ် လှန်ကြည့်ရာ စာမျက်နှာနံပါတ်တွေ ထပ်ထားတဲ့ စာရွက်ပေါင်း နှစ်ရာကျော်။ စာမျက်နှာ နှစ်ရာ့ရှစ်ဆယ်အထိရှိသည်။ စက္ကူသားကလည်း ထူထဲ၍ အလေးချိန်လည်း စီးသည်။

"ကလေးတွေ စာပြဖို့လား၊ ဒါဖြင့်လည်း ဒီချာတိတ်ဆီ ပေးရမယ့်ငွေလောက်ပဲ ပေးသွားပါ၊ သုံးရာပဲပေးဗျာ"

နိုးကြားက ရှပ်အင်္ကျီအိတ်ထဲက ပိုက်ဆံခေါက်ကို နှိုက်ကာ နှစ်ရာတန်တစ်ရွက် ရာတန်တစ်ရွက် ကိုကုလားကိုလှမ်းပေးလိုက်ရင်း ...

"ကျေးဇူးပဲဗျာ ကိုကုလား"

"ရပါတယ်၊ ဖတ်ချင်တာရှိလည်း လာယူဖတ်လေ"

နိုးကြားက ခေါင်းညိတ်ပြပြီး စက္ကူထပ်ကို ကောက်မ,ကာ ...

"သွားပြီဗျာ"

ဘုန်းကြီးကျောင်းဘက်သို့ နိုးကြား ပြန်လျှောက်လာခဲ့ပါသည်။ လမ်းမှာ ဖြတ်သွားဖြတ်လာဆုံတဲ့ ရပ်ကွက်ထဲက ကောင်မလေးတို့ဟာ နိုးကြားကို ပြုံးစိစိနှင့် သမင်လည်ပြန်အောင်ပင် ကြည့်သွားကြသည်။ ဖြူစင်သန့်ပြန့် ထင်းလင်းနေတဲ့ နိုးကြားရဲ့ရုပ်ရည်ဟာ ဒီရပ်ကွက်ကလေးထဲမှာတော့ ထူးခြားထင်ရှားလို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်လုပ်လက်စား ကျပန်းတွေများတဲ့ ရပ်ကွက်ကလေးထဲက ကျားမ,ကလေးသူငယ်မကျန် ကိုယ့်နည်းကိုယ့်ဟန် ရှန်းကန်ရပ်တည်ကြရသည်ဖြစ်ရာ သူတို့မျက်နှာတွေဟာ ပင်ပန်းဆင်းရဲဒဏ်၊ ရာသီဥတုဒဏ်တွေ ဖိစီးခံစားရတာမျိုး ရှိပါသည်။ နဂိုရုပ်ကလေးတွေ ချောမောကြရင်တောင် ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့် ရှိကြတာတော့ ရှားသည်ဖြစ်ရာ နီးကြားက ရပ်ကွက်ထဲ ရောက်လာကတည်းက သိသာထင်ရှားနေခဲ့သည်။

အထူးသဖြင့်တော့ ဆယ်ကျော်သက်ရွယ်၊ အပျိုဖျန်းကောင်မလေးတွေ။ အားလုံးထဲမှာတော့ ကုန်စုံဆိုင်က မသင်းမော်ရဲ့သမီး "ထူးထူးမော်"ဦးဆောင်တဲ့ အုပ်စု။ ဒီအုပ်စုထဲမှာ ငွေရေးကြေးရေးအရ ပြည့်စုံတယ် မဟုတ်သော်လည်း ဘာပဲဖြစ်ဖြစ် ဝယ်နိုင်ခြမ်းနိုင်သေးတဲ့ မသင်းမော်ရဲ့သမီး ထူးထူးမော်ဟာ သူ့နဂိုနေကိုက တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်ရှိကာ သွက်သည်။

နီးကြားကို ပြုံးလားပြုံးပြရဲ့၊ နှုတ်ဆက်လား ဆက်ရဲ့။

နီးကြား ... သူတည်းခိုနေထိုင်ရာ ဘုန်းကြီးကျောင်းဝင်းထဲ ပြန်ရောက်လာလျှင် ဦးသောဘိတရဲ့ သစ်သားကျောင်းလေးနံဘေး အဖီအောက်က ကွပ်ပျစ်လေးမှာ ထိုင်နေသော ဦးသက်က...

"ဘာစာအုပ်တွေတုန်းကွ"





"စာအုပ်မဟုတ်ပါဘူး ဦးသက်၊ စာရွက်လွတ်တွေပါ၊ ကလေးတွေ စာသင်ပေးဖို့ ရေးဖို့ ချတ်ဖို့ လိုတာနဲ့ တစ်ဖက်လွတ်တွေ ကိုကုလားဆီက သုံးရာဖိုးဝယ်လာတာ"

နီးကြားက စာရွက်ထပ်ကို ပေရေမကျန်အောင် သူ့သားရေသေတ္တာငယ်ထဲထည့်ရင်း ရှေ့နားက တစ်ရွက်ကို အမှတ်တမဲ့ ဖတ်ကြည့်လိုက်ပါသည်။ ပညာရပ်ဆိုင်ရာ စာသားတွေမို့ လုံးစေ့ပတ်စေ့ နားလည်ဖို့ ခက်ပေမယ့် အကြမ်းဖျဉ်းအဓိပ္ပာယ်ကတော့ ငါးအမျိုးပေါင်းများစွာရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ၊ အကြေးခွံ၊ ဆူးတောင် စတာတွေကို သုတေသနပြု ရေးသားထားတဲ့ စာသားတွေ။

"နီးကြား"

"ဗျာ ... ဦးသက်"

ဦးသက်ဟာ နီးကြားတို့လိုပင် ပဲခူးသား။ နီးကြားငယ်ငယ်လေးတည်းက သိကျွမ်းခင်မင်ခဲ့သော ဦးလေးသားချင်းပမာဖြစ်သည်။ ဦးလေးလိုဖြစ်ဆို ဦးသက်က နီးကြားတို့ရဲ့အဒေါ်ငယ်တစ်ယောက်ကို မေတ္တာသက်ဝင်ပြီး နှစ်ရှည်လများ ပိုးပန်းခဲ့ဖူးသေးတာ။ နီးကြားတို့ အဒေါ်ငယ်ကလည်း ရုပ်နံ့ချောတဲ့ ဦးသက်ကို မကြိုက်။

အဒေါ်ငယ်လည်း သူ့ဟာနှင့်သူ အိမ်ထောင်ရက်သား ကျသွားခဲ့ပေမယ့် ဦးသက်ကတော့ နီးကြားတို့ ဆွေမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်စုနှင့် ခင်မင်ပါသည်။ ငယ်ငယ်က နိုးကြားတို့ညီအစ်ကို ကိုပင် ချိုပိုးထိန်းကျောင်းဖူးခဲ့သူ။ ပဲခူးမှာတုန်းက ကက်ဆက်တို့ မီးပူ၊ မီးဖို စသဖြင့်သော လျှပ်စစ်ပစ္စည်းငယ်တို့ ပြုပြင်သောဆိုင် ဖွင့်ခဲ့သည်။ နောက်တော့ သူ့ရဲ့တူအရင်းတော်စပ်တဲ့ ဦးပဋ္ဌင်း ဦးသောဘိတကို စောင့်ရှောက် ချက်ပြုတ်ကျွေးမွေးဖို့ဆိုပြီး ရန်ကုန် ကိုလာ၊ ဒီကျောင်းမှာပဲ ကပ္ပိယကြီးလို ဖြစ်နေတာ။

ရှုံဖန်ရံခါ ဟိုလူဒီလူကလာပြီး ဟိုဟာဒီဟာလေး ပြင်ခိုင်းပြုခိုင်းတာ ပြုပြင်ပေးရင်း ပေးသလောက်ငွေကိုယူကာ ချို့ချို့ငဲ့ငဲ့ နေနေတဲ့သူ။ ဒီဘုန်းကြီးကျောင်းဝင်းမှာ သစ်သား ကျောင်းအိုလေးတွေ ဟိုနားတစ်ခု ဒီနားတစ်ခုနှင့် ဦးသောဘိတ ရဲ့သစ်သားကျောင်း ယိုင်ယိုင်ကလေးမှာတော့ ဦးသောဘိတ တစ်ပါးသာ သီတင်းသုံးလေရာ ဦးသက်ကလည်း ဒီမှာပဲနေသည်။

အတွင်းခန်းလေးမှာ ဦးသောဘိတ ကျိန်းကာ အပြင် ဘက်မှာ ဦးသက် အိပ်သည်။ နိုးကြား အိမ်ကထွက်လာကတည်း က ဒီကိုပဲ တန်းလာခဲ့တာ။ ဟိုအရင်ကတည်းက ဦးသက် ဒီမှာ နေတာသိသည်။ လူကြုံရှိရင် ဦးသက်ကို စာလေး စားသောက် ဖွယ်ရာလေး ပို့ပေးတတ်တဲ့ နိုးကြားကို ဦးသက်ကလည်း ငယ် ကတည်းက ချစ်လေရာ ခုလည်း နိုးကြားက လာချင်တယ်လို့ လှမ်းဆက်သွယ်တော့ “လာခဲ့”ဟု ရှောရှောရှူရှူ လက်ခံကြိုဆို တာဖြစ်သည်။





ဒီမှာ စရိတ်ကတော့ အတော်ငြိမ်းတာ။ နံနက်စာ ရို ဦးသောဘိတ ဆွမ်းခံကြွက ပါလာတာနှင့် ဦးသက်ရော နိုးကြားပါ ရောနှောစားသောက်သည်ဖြစ်ရာ နံနက်စာစရိတ်မရှိ။ ညနေစာကိုတော့ နှစ်ယောက်စာအတွက် နို့ဆီဘူးတစ်လုံးခွဲလောက် ချက်ကာ ကြက်ဥကြော်နှင့်ဖြစ်စေ၊ လက်ဖက်သုပ်နှင့်ဖြစ်စေ ထမင်းဆိုင်က သီးစုံချဉ်ရည်တစ်ပွဲနှင့်ဖြစ်စေ ဖြစ်သလိုစားကြတာ ပင်။

“မင်း ကလေးတွေ စာသင်မယ်ဆိုတာ ကျူရှင်ခရမှာလား”

ဦးသက် အမေးကြောင့် နိုးကြားက ပြုံးလိုက်မိရင်း ...

“ဒီရပ်ကွက်မိုးထဲက ကလေးတွေကို ကျွန်တော်က ကျူရှင်ခ ယူနေရဦးမလား ဦးသက်ရာ၊ သူတို့လည်း ဘာပေးနိုင် မှာလဲ၊ ဦးဇင်းကလည်း သင်ပေးစေချင်တော့ ကျွန်တော် ဒီတိုင်း သင်ပေးမှာပါ၊ သုံးလေးယောက်ပဲလို့ ပြောတယ်၊ လေးငါးတန်းလေးတွေတဲ့၊ စာမလိုက်နိုင်လို့ သင်္ချာနဲ့ English တတ်နိုင်ရင် ပြပေးပါ ဆိုလို့ပါ”

“အေး ဟုတ်ပါတယ်၊ ဒီကလေးမိဘတွေလည်း ရှိကြတဲ့ ဟာတွေ မဟုတ်ပါဘူး”

ဦးသက်က ခပ်တွေးတွေးနှင့် ဆေးပေါ့လိပ်ကြီးဖွာ နေကာ ...

“ငါမေးတာ တခြားကြောင့်တော့ မဟုတ်ဘူးကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောစရာရှိလို့လဲ ဦးသက်၊ ပြောလေ"

"ဒီလိုကွ … ငါတို့ ဦးဇင်းက ရွာခဏပြန်မယ်၊ သူ့အမေ ငါ့အစ်ကိုကြီးက မရှိတော့ပေမယ့် သူတို့ဇာတိရွာမှာ သူ့ မယ်တော် ဒကာမကြီးက ရှိသေးတယ်ကွ၊ ခုတလော နည်းနည်း တရှောင်ရှောင်ကလည်း ဖြစ်ချင်တော့ သူ ရွာ ကို နှစ်လတန်သည် သုံးလတန်သည် ပြန်ကြွဦးမယ်တဲ့"

"ဪ … ဘယ်တော့လဲ ဦးသက်"

"နီးပြီကွ၊ ရှေ့တစ်ပတ်ထဲလောက် ကြွလိမ့်မယ်"

"ဒါဖြင့် ကျောင်းကိုသော့ပိတ်သွားမှာလား"

"သော့တော့ မပိတ်ဘူး၊ ငါနေနေ မင်းနေနေ နေလို့ရ တယ်၊ သူခွင့်ပြုပါတယ်၊ ဒါပေမဲ့ ငါကလည်း တစ်ခုရှိ တယ်"

"ဘာလဲ ဦးသက်"

"ဟိုတလောက ငါငယ်သူငယ်ချင်း မြင့်မောင် ဆိုတာလာ တော့ မင်းနဲ့လည်း ဆုံလိုက်သေးတယ်မို့လား နီးကြား"

"ဟုတ်ကဲ့ … ဦးမြင့်မောင်ဆိုတာ တွေ့လိုက်တယ်လေ ဦးသက်၊ ဝါရင့်သူဆော်သားကြီးဆိုတာ"

"အေး … ဟုတ်တယ်၊ ခုတော့ သူလည်း ဂေါက်ရောဂါ ဆိုတာမျိုးဖြစ်တော့ အအေးဒဏ်တို့ ဘာတို့လဲ မခံနိုင်၊ အဆစ်အမြစ်တွေလည်း မကြာခဏရောင်ရမ်းတော့ သဘော်





မလိုက်တော့ဘူး နားပြီ၊ ဒါပေမဲ့ ငါ့လိုပဲ သူလည်းလူပျို ကြီးဆိုတော့ တော်တော် စုမိဆောင်းမိ ရှိပါတယ်၊ ဒီကောင် မြင့်မောင်က ငါ့ကို တော်တော်ခင်တာ၊ သူ ပြန်ရောက်ကာ စ,ကတည်းက ငါ့ကို သူနဲ့ အတူလာနေဖို့ ခေါ်ခေါ်နေတာ နီးကြားရ …

ငါလည်း ဒီမှာ ဦးဇင်း ဝေယျာဝစ္စက ရှိသေးတော့ ငြင်းနေရတာပေါ့၊ ခုတော့ကွာ ဦးဇင်းလည်း ရွာခဏပြန် တုန်း ငါလည်း မြင့်မောင်နဲ့ ခဏသွားနေလိုက်မလားလို့ နီးကြားရာ"

နီးကြားက ဦးဇင်း ရွာပြန်မှာကို ဘယ်လိုမှ မနေသော် လည်း ဦးသက် တခြားသွားနေမှာကိုတော့ စိတ်နည်းနည်း ရှုပ် သွားတာ အမှန်ပင်။ သူက ဒီကျောင်းကို ဦးသက် အားကိုးနှင့် လာကပ်ရပ် နေနေတာလေ။

"ရှင်းရှင်းပြောရရင်ကွာ၊ ဦးဇင်းလည်းမရှိတော့ ငါတို့ညရော မနက်ရော ချက်စားနဲ့ စရိတ်လည်း ထောင်းမှာကွ၊ မင်း လည်း ရှိတာမဟုတ်ဘူး၊ ငါ့လည်းရှိတာ မဟုတ်ဘူး၊ မြင့်မောင်ဆီ သွားနေသလောက် အတွင်းတော့ ဒီကောင်က ငါ့ကို တာဝန်ယူထားမှာလေ၊ ငါလည်း စရိတ်ငြိမ်းတယ်၊ အဲဒါလည်းပါတယ် နီးကြားရ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေါ့လေ။ ဦးသက် အဖို့လည်း သူ့အတွက် အဆင်ပြေတာကို တွက်ရဦးမှာပင်။

"အဲဒါ ငါက မင်းအတွက်လည်း စိတ်မအေးတာနဲ့ မင်းလည်း ဝင်ငွေလေး ရလိုရငြားဆိုပြီး ကလေးတွေဆီက ကျူရှင်ခယူမှာလား မေးကြည့်တာ"

"ကျူရှင်ခတော့ မယူပါဘူး ဦးသက်ရာ၊ ဦးဇင်းမရှိတုန်း ဦးဇင်းကျောင်းမှာပဲ ကျွန်တော်က ကပ်နေရမှာလေ၊ ဒီတော့ ဦးဇင်း စာသင်ပေးစေချင်တဲ့ ကလေးတွေကို စာသင်ပေးတာက ဦးဇင်း ကျေးဇူးကို ဆပ်ရာလည်း ကျပါတယ်"

"အေးလေ ... ဟုတ်ပါတယ်ကွာ၊ ဒါပေမဲ့ မင်းရဲ့ဘတ်ကျက် အခြေအနေရော ကောင်းရဲ့လား နီးကြားရ"

"သိပ်တော့ မကောင်းဘူး ဦးသက်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ကျွန်တော်လည်း ကြည့်ကျက်တော့ လုပ်ရမှာပေါ့လေ"

"ငါ့အနေနဲ့ကလည်း မင်းကို ဘယ်လိုမှ မကူညီနိုင်ဘူး ဖြစ်နေတယ်"

"ဦးသက်ကြောင့် ဒီကျောင်းမှာ နေခွင့်ရပြီး နေစရာလေး အဆင်ပြေနေတာပဲ နည်းတဲ့ကူညီမှု မဟုတ်ပါဘူး ဦးသက်ရာ၊ ကျွန်တော့်ဘာသာ ကြည့်ကျက် လုပ်ရှားပါ့မယ်၊ ကျွန်တော့် ပန်းချီကားလေး လေးငါးချပ် ပါလာတာလည်း



သူငယ်ချင်းတွေရဲ့ ပြခန်းတွေ သွားတင်ထားတာတို့ ဘာတို့ ကြည့်လုပ်ရမှာပဲ၊ ဦးသက် မပူပါနဲ့၊ ဦးသက်အတွ အရမ်းအဆင်ပြေနေတာ သွားပါ၊ ကျွန်တော် ဒီမှာပဲဆ နေလို့ ရတယ်ဆိုတာပဲ တော်လှပြီ"

"နီးကြား"

"ဗျာ"

"အိမ်မပြန်ဘူးလားကွာ"

ဦးသက်ဟာ နီးကြားရဲ့ ခေါင်းမာမာဂျစ်ကန်လိုက် တော်ကို ငယ်ကတည်းက ကျွမ်းဝင်ရင်းနှီးခဲ့သူမို့ သွေးတိုးစမ်းသလို လေးသာ မေးပါသည်။ နီးကြားက ဘာမှစကားမပြန်ဘဲ ခေါင်း ငုံ့ထားရင်းက ခေါင်းကိုသာ အသာယမ်းပြလိုက်ပါသည်။

"မင်းအမေက မင်းကို အင်မတန်ချစ်ပါတယ် နီးကြား"

နီးကြားက သူ ပြုံးနေကျ ခေါင်းမာတဲ့အပြုံးကို ပြုံး နေလိုက်ပါသည်။ အမေ သူ့ကို ချစ်သည်ဆိုတာကို သူ ဘယ် တုန်းကမှ သံသယမရှိခဲ့ပါ။ အမေ့မှာ "ရိုးသား"ဆိုတဲ့ သားကြီး အလိမ္မာရယ်၊ "နီးကြား"ဆိုတဲ့ သားငယ်ခေါင်းမာမာရယ်၊ ခု သက်ရှိအိမ်ထောင်နှင့်မွေးတဲ့ "နွေးနွေး"ဆိုတဲ့ သမီးထွေးနွဲ့ဆိုး လေးရယ်၊ သုံးယောက်ရှိတဲ့အတဲက သူ ဒဏ်ခံရလှတဲ့ နီးကြား ဆိုတဲ့ သားဆိုးကို အချစ်ဆုံးဆိုတာ သူ အမြဲတမ်း ယုံကြည်ခံစား ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုးယစ်ဆေးဝါး၊ အရက်သေစာ၊ လောင်းကစား၊ အဆမတို့နှင့် ပတ်သက်ပြီး အကြီးအကျယ် ဆိုးဆိုးဝါးဝါးကြီးမျိုး သူ ဒုက္ခမပေးဖူးပေမယ့် သေးသေးငယ်ငယ် စိတ်အနှောင့် ၁က်မျိုးတွေတော့ မကြာမကြာ ပေးဖူးခဲ့တဲ့သူပါ။ အထက်တန်း ၁င်းကတည်းက ခဏနေ ကျောင်းပြေးပြန်ပြီ၊ ခဏနေရန်ဖြစ် ဝိုတဲ့ အတိုင်ခံရနည်းမျိုးတွေနှင့် အမေဟာ ကျောင်းအုပ် ကြီး ရုံးခန်းကို အကြိမ်ကြိမ် ရောက်ခဲ့ရတာ။

သူ့ဒဏ်ကို ကျန်သားသမီးတွေထက် ပိုပြီး အမေ ၂ပါသည်။ အမြဲ သူ့အပေါ် ခွင့်လွှတ်ခဲ့တဲ့ အမေဟာ မိခင်မေတ္တာ နဲ့ ခွင့်လွှတ်နိုင်တာကတစ်မျိုး၊ နောက်အိမ်ထောင်ပြုလိုက်မိတဲ့ သူ့ကိုယ်သူ သားအငယ်ကို စိတ်ဒဏ်ရာဒဏ်ချက် ပေးခဲ့မိသလို ဖြစ်ခဲ့သလားလို့ အပြစ်မကင်း ခံစားရမှုကြောင့် ဘာကိုမဆို ခွင့် လွှတ်စိတ်ရှည် သည်းခံပေးခဲ့တာကတစ်မျိုး။

အားလုံးကို နိုးကြားနားလည်သည်။ ဒါပေမဲ့ အလ ကားနေ ဂျစ်ကန်ကန် လုပ်နေတတ်ခဲ့တဲ့ နိုးကြားကို ဆွေမျိုးမိတ် ဆွေအသိုက်အဝန်းတို့က အမေ နောက်အိမ်ထောင်ပြုလိုက်လို့ တမင်တကာ ခွတိုက်အရွဲ့တိုက်နေသူလို့ပဲ မှတ်ယူမှားခဲ့ကြပါသည်။ တကယ်တော့ လုပ်ချင်တာကို လုပ်ကိုလုပ်ရမှ မလုပ်ချင်တာကို မလုပ်ကိုမလုပ်ရမှ ဆိုတဲ့ ခေါင်းမာခြင်း တစ်ယူသန်ခြင်းနှင့် ဂျစ်တိဂျစ်ကန် အချိုးမပြေခြင်းဟာ သူ့ရဲ့မွေးရာပါ အခံဗီဇသာ ဖြစ်ပါသည်။





သူ အခု ဦးသက်ဆီ ရောက်လာတော့ ဦးသက်က ...

"မင်း အိမ်မှာ မင်းအမေနဲ့ ဘာဖြစ်ခဲ့လဲ နိုးကြား"

ဒီလိုပဲ တန်းမေးသည်။

"ကျွန်တော် အိမ်မှာနေချင်စိတ် မရှိလို့ပါ"

နိုးကြားကလည်း ဒါပဲဖြေခဲ့သည်။

ဦးသက် စိတ်ထဲမှာလည်း ကတောက်ကဆတ် ာစ်ခုခုတော့ ဖြစ်ခဲ့မည်။ နိုးကြား မကျေမနပ် ဖြစ်စရာ တစ်ခုခု ာော့ ရှိခဲ့မည်လို့ပဲ သူ့ဟာသူ အကြမ်းဖျဉ်း တွက်ချက်ယူဆလိုက် ာာ တစ်ခွန်းနဲ့ မေးမရတဲ့ နိုးကြားကို နောက်တစ်ခွန်းလည်း ာပ်မေးမနေတော့။

"အေး ... အေး၊ ဒါ ငါတို့ရဲ့ကျောင်းပဲဟာ၊ သူလည်း တစ်ပါးတည်းရယ်၊ မင်း ကြိုက်သလောက် နေလို့ရပါတယ်"

"ကျွန်တော် ဒီမှာရောက်နေတာကို အမေ့ကို လုံးဝမပြော ဘူးဆိုတဲ့ ကတိပေးပါ ဦးသက်၊ အမေသိသွားရင် ကျွန်တော် ဒီမှာ နေမှာမဟုတ်တော့ဘူး"

"အေးပါကွာ၊ မပြောပါဘူး၊ အန္တရာယ်ကင်း ဘေးကင်းနေ ရာရောက်နေတာပဲ၊ မဟုတ်တဲ့နေရာ ရောက်နေတာလည်း မဟုတ်ဘူး၊ မင်း မဟုတ်ကာ မကောင်းတာတွေ မလုပ် သရွေ့ ငါလည်း မင်းအမေဆီ အကြောင်းမကြားဘူး၊ မင်း အမေ စိတ်ပူပန်နေမှာ တစ်ခုကလွဲရင် မကောင်းတ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိတဲ့ ကိစ္စဆိုတော့ ငါ နှုတ်ပိတ်နေပါ့မယ်၊ ဒါပေမဲ့ မင်းအမေကို မင်းစိတ်ပြေရင်တော့ အိမ်ပြန် နိုးကြားရာ”

နိုးကြားက ထုံးစံအတိုင်း ဦးသက်ကို ပြုံးသာပြခဲ့သည်။ အမေ့ကို စိတ်ပြေရင် အိမ်ပြန်တဲ့။ အင်းပေါ့လေ။ ဘေးလူက ဒီလိုပဲ ယေဘုယျ မြင်ကာ ဒီလိုပဲ ပြောမှာပေါ့။ သူ့အဖို့ကတော့ ထွက်ခဲ့ပြီးကတည်းက အိမ်ပြန်စရာ အကြောင်းမရှိတော့ပါဘူး။

“နို့မို့ ငါ ဘာမှမပြောပါဘူး နိုးကြားရာ”

“……………”

“အခုက ငါကိုယ်တိုင်လည်း တခြားသွားနေမှာမို့ မင်းတစ်ယောက်တည်း ကျန်ခဲ့မယ်ဆိုတော့ အဆင်မပြေမှုတွေ ရှိမှာစိုးလို့၊ အိမ်ပြန်လိုက်ရင် ကောင်းမလားလို့ပါ”

“မပြန်ချင်သေးပါဘူး ဦးသက်ရာ၊ ကျွန်တော် အဆင်ပြေအောင် ကြည့်ကျက်နေပါ့မယ်၊ ဦးသက် ဘာမှနောက်ဆံမတင်းနဲ့၊ ဦးသက်လည်း ရှေ့အပတ်သွားမယ်ပေါ့”

“အေး … ဦးပဥ္စင်းလည်းသွား၊ ငါလည်းသွားပေါ့ကွာ”

“သွားသာသွားပါ ဦးသက်ရေ၊ ကျွန်တော် ယောကျ်ားပဲ၊ အသက်လည်း နှစ်ဆယ့်ငါးနှစ် ရှိပါပြီ၊ ကိုယ့်ပြဿနာကိုယ် ကြည့်ကျက်ဖြေရှင်းတတ်ပါတယ်”

“အေးလေ … ဒါဖြင့်လည်း ပြီးတာပဲ”





ဦးသက်က ထိုင်ရာက ထ,ကာ အင်္ကျီကြယ်သီး ဖြုတ်ချွတ်ရင်း …

“ငါ ရေချိုးလိုက်ဦးမယ်ကွာ၊ ဦးဇင်း ခရီးသွားဖို့ ရှာပြန်ဖို့ လိုတာလေးတွေ ဝယ်ပေးဖို့ ငါ့မှာထားတယ်၊ ငါ သိမ်ကြီးဈေးဘက် သွားလိုက်ဦးမယ်”

“ဟုတ်ကဲ့”

“မင်း ထမင်းအိုး တည်ထားလိုက်”

“ဟုတ်ကဲ့”

“ဆန်တောင် နည်းနည်းဝယ်ရဦးမယ်၊ ငါ ဝယ်လာခဲ့မယ်”

“ရှိပါသေးတယ် ဦးသက်ရဲ့၊ မဝယ်ခဲ့ပါနဲ့၊ နောက်မှ ကျွန်တော် ဝယ်မယ်”

ပြောသာ ပြောလိုက်ရသည်။ ကိုယ့်သေတ္တာထဲမှာ ရှိနေတဲ့ ငွေလက်ကျန်ကို စိတ်နဲ့ပဲ ရေတွက်ကြည့်ကာ နိုးကြား သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ ထွက်လာကတည်းကိုက ပိုက်ဆံကိစ္စကို ခေါင်းထဲမထည့်ဘဲ သူ့မှာ အသေးသုံးစုဆောင်းထားသလောက်လေးကိုပဲ ကောက်ထည့်ပြီး ထွက်လာတာ။

ဦးဇင်းဦးသောဘိတရော ဦးသက်ရော မရှိမယ့် နှစ်လ သို့မဟုတ် သုံးလတာ အချိန်ကာလအတွင်း သူ ထမင်းစားသောက်တဲ့ ငွေကြေးပမာဏ သူ့မှာမရှိပါ။ ရင်လေးလေးနှင့် သက်ပြင်းမောကြီးတွေကိုသာ လိုမ့်ချနေမိသည်။ ဦးသက် ရေချိုး



www.burmeseclassic.com

www.burmeseclassic.com



ချိုးပြီး ထွက်သွားသောအခါ နီးကြား တစ်ယောက်တည်းငိုငိုကြီး ကျန်ရစ်ပါသည်။

နာမည်နဲ့ မလိုက်ဖက်အောင် နီးနီးကြားကြားရှိ လိုက်တာမှ ငှငှငိုင်ငိုင်ကြီးသာ ထိုင်နေမိသည်။ ခဏနေမှ ထမင်း ချက်ထားဖို့ သတိရကာ မီးမွှေးဖို့ ဆန်ဆေးဖို့ ပြင်ဆင်သည်။ ထမင်းဟင်းချက်ဖို့အတွက် ထင်းချောင်းတွေ ဝယ်စရာမလိုပါ။ ဟိုနား ဒီနားက သစ်ကိုင်းခြောက် သစ်ခွေးဝါးခွေးတို့ကို လိုက် ရှာဖွေ ကောက်ယူစုပုံထားတဲ့ လောင်စာထင်းပုံ ရှိပါသည်။

နီးကြားက ထင်းမီးခိုး ကြပ်ခိုးစွဲကာ မည်းတူးနေ သော ထမင်းအိုးလေးကိုယူ ဆန်ထည့်။ အပြင်ဘက် အဖီကလေး အောက်က စဉ့်အိုးထဲက ရေကိုခပ်ကာဆေး။ ရေဖြည့်။ ထမင်းအိုး တစ်လုံးတည်းဖို့ ပြင်ရင်း အမေ့ကို သတိရလာမိပါသည်။ အမေ အိမ်မှာတုန်းက သူ ဘာများအိမ်အလုပ် ကူလုပ်ခဲ့ဖူးသလဲ။ ဆော် ကြော့။ ထမင်းလက်ဆေးစားပြီးလျှင် ပန်းကန်ပေကိုဆေးဖို့ ရေ ရာတောင်မပို့။ စားပွဲပေါ် ဒီတိုင်းထားရစ်တာ။

အစ်ကိုဖြစ်သူ "ရိုးသား"ကမှ ကိုယ်စားပြီးသား ပန်းကန် ကိုယ်အမြဲဆေးကျင့်ရှိတဲ့သူ။ ဒါကြောင့်လည်း သူ့ဇို တော့ လူတွေက "သားလိမ္မာ"တဲ့လေ။

❤ ✱ ❤





## ၂

"ဟယ် ... ဒီစင်ပေါ်က ငါ့ရဲ့ သီးစစ်စာရွက်ထပ်ကြီး ဘယ်ရောက်သွားလဲ"

အလန့်တကြား အော်ဟစ်လိုက်တဲ့ "ချိုးလေးကူ"ရဲ့ အသံကြောင့် မီးဖိုထဲက "ပုလဲသီ"က ပြေးထွက်လာပါသည်။

"ဘာလဲ ... ဘာလဲ"

"ဟင် ... ဘယ်ရောက်သွားလဲလို့"

"ဘာတွေလဲ"

"ငါ့သီးစစ်စာရွက်တွေ"

"ငါ ဘယ်သိမလဲ၊ ငါက ခုနကမှ ပြန်ရောက်တာ၊ ပြန် ရောက်ရောက်ချင်း အခု ညနေစာ ချက်နေတာ"

"မသိရင် ဘာလို့ပြေးလာသေးလဲ"



www.burmeseclassic.com

"သြော် ... နင့်အသံကြီး အလန့်တကြားကြောင့် ဘာတွေ ဖြစ်ကုန်ပြီလဲလို့ ပြေးလာရတာပေါ့ဟဲ့၊ ဒါကြောင့် နင့်ကို ရာဇာကပြောတာ၊ နာမည်ကသာ 'ချိုးလေးကူ'။ တကယ် အသံက 'ခွေးကြီးအူ'ဆိုတာ၊ အစစ် ... အစစ်၊ လန့်ပြီး တက်နိုင်တယ်၊ အေးအေးသက်သာ မပြောဘူး"

"ဟဲ့ ... အေးအေးသက်သာ ပြောစရာလား၊ ငါ့သီးစစ် အကြမ်းတွေ တစ်ထပ်လုံးကြီး ပျောက်ကုန်တာ"

"မသိဘူး၊ 'မိစိမ်း'လာမှ မေးတော့"

"မိစိမ်းက ဘယ်တော့လာမှာလဲ၊ ဘယ်သွားတာလဲ"

"မန်ကျည်းသီး မရှိလို့ သွားပြေးဝယ်တာ၊ ဒီနားလေး တင် အခုလာမှာ"

ချိုးလေးကူသည် အပြင်က ပြန်လာတဲ့ ဝတ်စုံကိုပင် မလဲနိုင်သေးဘဲ ဟိုလျှောက် ဒီလျှောက်လုပ်လိုက်၊ စားပွဲအံဆွဲတွေ ဗီရိုတွေ တစ်အိမ်လုံး ရှိသမျှ ဟိုဟာဆွဲ ဒီဟာဖွင့် လုပ်လိုက်၊ ခွေး နောက်ရှုပ်ဖွလိုက်၊ စားပွဲအောက် ကုလားထိုင်အောက် ကုန်းကွရှာ ဖွေလိုက်နှင့် ပျာယာခတ်နေပါသည်။

သူ့ပစ္စည်းတွေသာမက သူများပစ္စည်းတွေပါ လှန် လှောမွှေနှောက်နေတာမို့ ပုလဲသီက နောက်ကြောင်းမအေးသလို မီးဖိုခန်းပေါက်ဝဆီ ပြေးပြေးလာကြည့်ရင်း ...

"အောက်ထပ်မှာကော ... ဟဲ့"





"ဘာမှမရှိဘူး အောက်ထပ်မှာ"

"ခဏတဖြုတ် အထားမှားပြီး ရွှေ့ထားတာရော"

"ဘယ်သူမှ မရွှေ့ဘူး၊ အထားမှားစရာလည်း မရှိဘူး"

"စိတ်အေးအေးထားစမ်းပါ မိကူရယ်၊ နင့်မျက်နှာကြီးက လည်း"

"မနက်က အပြင်မထွက်ခင် ဒီစင်မှာရှိနေတဲ့ ပစ္စည်းက မွန်းလွဲပိုင်းမှာ မရှိတော့ဘူး ဆိုတာကို စိတ်မပူဘဲ ငါက ဘာလုပ်နေရမှာလဲ"

"ပျောက်မယ် မထင်ပါဘူးဟာ၊ ဟော ... အောက်ကသော့ ဖွင့်သံ၊ မိစိမ်း လာပြီ"

ချိုးလေးကူသည် သူကအရင်ဦးအောင် အောက်ထပ် ကို ပြေးဆင်းသွားလိုက်ကာ ...

"မိစိမ်း ... မိစိမ်း"

"ဘာလဲ"

"နင် ဒီနေ့ တစ်နေကုန် အိမ်မှာနော်"

"အေးလေ"

"ငါ့ ... ငါ့ သီးစစ်စိစာရွက်ထပ်ကြီးရော"

"တယ်ဟာလဲ"

"အပေါ်က စာအုပ်စင်ပေါ်မှာလေ၊ ကြွပ်ကြွပ်အိတ်အဝါ ထဲ ထည့်ထားတာ"

www.burmeseclassic.com



"ကြွပ်ကြွပ်အိတ်အဝါ !!"

"အေး"

"ရောင်းလိုက်ပြီလေ"

"ဘာ"

ချိုးလေးကူသည် မျက်လုံးလေးပြူးကာ ဘုတ်ခနဲ ခြေပစ်လက်ပစ်ပင် ထိုင်ကျသွားရပါသည်။

"နင် ... နင် နောက်မနေနဲ့နော် မိစိမ်း"

"ဟဲ့ ... နောက်စရာလား၊ အားအားယားယား၊ ခုပဲဈေးက ပြန်လာရတာ မောရတဲ့ကြားထဲ၊ နင့်ကို နောက်မလား"

"နင် ဘာလုပ်လိုက်တယ်"

"သတင်းစာတွေဝယ်တယ် ဗလာစာအုပ်တွေဝယ်တယ်ကွ ရောင်းလိုက်ပြီ"

"ဟင် ... နင် ... နင် ... ဘာလို့ရောင်းလိုက်ရတာလဲ"

"ဒီနေ့ သတင်းစာ ဂျာနယ်တွေ ရေဘူးလွတ်တွေ အစုတ် တွေ ရောင်းတယ်လေ၊ ဒီနေ့ရောင်းမှာ နင်တို့လည်းသိသား ပဲ၊ နင်တို့တောင် ငါ့ကို မှာသွား အပ်သွားသေးတာ၊ နင် နော် မိကူ၊ နင် ငါ့ကို လာစားနေတာ မဟုတ်လား"

"ဘာလို့ စားရမှာလဲ ငါက"

"ငါ့ကိုမနောက်နဲ့နော်ပြောပြီး နင်က လာနောက်နေတာ မဟုတ်လား"





"ဘာလို့ နောက်ရမှာလဲ၊ ငါက ဘာလို့ နောက်ရမှာလဲ၊ အဲဒါ အရမ်းအရေးကြီးတဲ့ ငါ့ရဲ့သီးစစ်စစ်စာမူကြမ်း"

"အာ ... သီးစစ်စစ်တွေ ဘာတွေ ငါမသိဘူး၊ ငါသိတာက နင် မနက်က အပြင်သွားခါနီး နေ့လယ်စက္ကူသည်လာရင် နင့်ကြွပ်ကြွပ်အိတ် အဝါထုပ်ကို ရောင်းလိုက်ဆို"

"ဘယ်ကလာ၊ ငါရောင်းခိုင်းတာ ကြွပ်ကြွပ်အိတ် အစိမ်း ထုပ်"

"လုံးဝမဟုတ်ဘူးနော်၊ နင် ပြောတာ ကြွပ်ကြွပ်အိတ်အဝါ ထုပ်ကို ထည့်ရောင်းလိုက်တဲ့"

"မဟုတ်ဘူး၊ ငါ ပြောတာ ငါအသိဆုံးပေါ့၊ ငါက အစိမ်း ထုပ်ကိုရောင်းလိုက်၊ အဝါထုပ်ကို လုံးဝမရောင်းနဲ့လို့ သေချာမှာတာ"

"မဟုတ်ဘူး၊ နင် မှားပြောတာ"

"ငါ မှန်တယ်၊ ငါက ငါ့ပစ္စည်း ငါသိတာ၊ မှားပြောပါ့ မလား"

"နင့်စိတ်က အဝါထုပ်ဟာ သီးစစ်စစ်ထုပ်လို့ အမှန်သိပေ မယ့် ပါးစပ်ဆိုတာက တလွဲထွက်တတ်တာပဲ၊ နင်ပြော တာက ကြွပ်ကြွပ်အိတ် အဝါထုပ်ကိုရောင်း ... ..."

"အဝါထုပ်ကို မရောင်းနဲ့လို့ ပြောတာ"

"မရောင်းတာကို မှာနေစရာလား၊ ရောင်းမှာကိုပဲ နင်မှာ တာ"

www.burmeseclassic.com



"ငါက မှားရောင်းမိမှာစိုးလို့ကို ထည့်မှာတာ"

"အာ ... မသိတော့ဘူးဟာ"

နှစ်ယောက်သား ကုန်းအော်ငြင်းခုန်နေကြသည်မှာ ကျွက်ကျွက်ကို ညံနေကာ ငြင်းရင်း ခုန်ရင်းပဲ အပေါ်ထပ်ကို တက်လာခဲ့ကြပါသည်။ ဟင်းချက်နေတဲ့ ပုလဲသီသည် နားတွေ အူနောက်လာကာ ...

"ဟာ ... တော်ကြတော့ဟာ၊ နှင်တို့ကလည်း တစ်ခါတည်း"

"ဒီမှာ ငါ့သီးစစ်စစ်တွေကို"

"သူ့ကိုယ်တိုင် ရောင်းခိုင်းတာ"

"ဘာရောင်းခိုင်းတာလဲ၊ နှင် နားကြားလွဲရင်တောင် ရောင်းခါနီး နည်းနည်းပါးပါးတောင် လှန်လှောမကြည့်ဘူးလား၊ ဒီစာတွေ မမြင်ဘူးလား"

"မြင်ပေမယ့် မသုံးရတော့တဲ့ အကြမ်းတွေပဲ ထင်တာပေါ့၊ နှင်က ရောင်းဆိုတော့"

"ဟဲ့ ... တော်ကြပါ ဆိုနေမှ၊ နားညည်းလိုက်တာဟာ၊ ကဲ ... ရောင်းပြီးသွားပြီ၊ ဘာမှလုပ်လို့မရတော့ဘူး၊ မေ့ပစ်လိုက်တော့ မိကူရာ"

"ဘာ"

ချိုးလေးကူက မျက်လုံးကြီးပြူးလာကာ တအားကုန် အော်တော့မလို ဟန်မူရာပေါက်လာလျှင် ...





"နှင် ကွန်ပျူတာရိုက်ထားတာတွေလေ၊ နှင် ပရင့်ဖတ်ဖို့ ထုတ်ထားတဲ့ အကြမ်းမဟုတ်လား၊ ဘာတွေ ဒီလောက် အသည်းအသန် ဖြစ်နေလဲ၊ ကွန်ပျူတာထဲကနေ နောက် တစ်စုံ ထပ်ထုတ်လိုက်ပေါ့၊ နှင်တို့ဌာနက ကွန်ပျူတာထဲ မှာပဲဟာ၊ စက္ကူဖိုးပဲ ထပ်ကုန်ရမှာပဲဟာ၊ ဖြေရှင်းလို့ရတဲ့ ကိစ္စတစ်ခုကို သူငယ်ချင်းချင်း ဒီလောက် အော်ဟစ်နေ ကြစရာလားဟာ၊ ဘယ်သူမှားမှား မှားပစေ၊ မှားရောင်း မိတာကိုမေ့ပြီး ဖြေရှင်းလို့ရတဲ့ နည်းလမ်းကိုပဲ လုပ်လိုက် တော့"

ပုလဲသီဟာ လေးယောက်ထဲမှာ လူကြီးဆန်ဆန်လေး ဖြစ်ကာ အားလုံးအပေါ် သဘောကောင်း အနွံအတာခံတတ်သူ။ အိမ်အလုပ် လုပ်စရာရှိရင်လည်း သူချည်းဒိုင်ခံတာဝန်ယူသူသာ။ ကျန်တဲ့သုံးယောက် ငြင်းခုန်ရန်ဖြစ်ကြရင်လည်း သူသာလျှင်ဒိုင်ခံ ချွန်ဖြေသူ။

"မရဘူး"

ချိုးလေးကူသည် တအားစိတ်ညစ် စိတ်ရှုပ်လာ၍ သံပြတ်နဲ့ "မရဘူး"တစ်ခွန်းသာ ကုန်းအော်လိုက်ပြီးတဲ့နောက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ဒလဟောကျလာကာ အသံပါ ဘဆက်ဆက်ထွက်လာပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်ပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မိကျ"

"ဘာဖြစ်လို့လဲ မိကျ"

"မရဘူး ... မရဘူး၊ ဒီသီးစစ်စ်ကြီး ဆုံးရှုံးသွားပြီ၊ လုံးဝပြန်မရတော့ဘူး"

"ဘာဖြစ်လို့လဲဟယ်၊ ကွန်ပျူတာထဲမှာရှိတာပဲ မဟုတ်လား"

"မရှိတော့ဘူး၊ ပျက်ကုန်ပြီ"

"ဟင်"

"ဒီမနက်ပဲ ဌာနကကွန်ပျူတာကြီး မားသားဘုတ်လောင်သွားတာ၊ ဘာတွေများ ပါကုန်လဲ၊ ဘာတွေ ပြန်ရနိုင်လဲ ချက်ချင်း ဖွင့်ချစစ်ကြည့်တော့ ဘာမှမရတော့ဘူး၊ အထဲမှာရှိသမျှတွေ အားလုံးပျက်ကုန်တယ်"

"ဟယ်"

"တီချယ် ဒေါ်သင်းသင်း ဆိုရင် ဒီနေ့ ထိုင်ကိုင်နေတာ၊ သူရေးထားတဲ့ စာတမ်းတစ်ခု လုံးဝကူးမထုတ်ထားရသေးလို့ ဒီမနက်ပဲ စီဒီထဲထည့်ထားမယ်ဆိုပြီး လုပ်နေတာ၊ ဘာမှ မလုပ်ရသေးခင် အားလုံးပျက်သွားပြီ၊ ငါကတော့ တော်ပါသေးရဲ့လို့ အောက်မေ့နေတာ၊ ငါပရုဖ်ဖတ်မလို့ အချောပြင်မလို့ Print out လုပ်လိုက်တာ တစ်ပတ်ပဲရှိသေးတော့ ကံသီသေလို့လို့ ခုပဲ ဌာနမှာ ပြောလာတာ"





"နှင် ... နှင် ... စီဒီလည်း ကူးမထုတ်ထားဘူးလား"

"ဟင့်အင်း၊ ငါကလည်း အချောမဖြစ်သေးဘူးဆိုပြီး"

"ဟယ် ... ဒုက္ခပါပဲဟာ"

"အေးဟယ် ... ဒါဆို သေပြီပေါ့"

ချိုးလေးကူက အသံကျယ်နှင့် တိုးငိုလိုက်ရင်း ...

"အေးပေါ့ ... သေပြီပေါ့၊ သေပါပြီ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ ငါ ကော်ပီလည်း ကူးမထားဘူး၊ နှင် မှားရက်လိုက်တာ မိစိမ်းရယ်"

"ငါ့စိတ်ထဲမှာ နှင် ရောင်းဖို့မှာသွားတာ ကြွပ်ကြွပ်အိတ် အဝါလို့ပဲ စွဲနေတာပဲဟယ်၊ ဒါပေမဲ့ ငါလည်း စိတ်မကောင်းပါဘူးဟယ် ... ဒုက္ခပါပဲ"

ချိုးလေးကူက သူ့ခုတင်နံဘေး စာအုပ်စင်အဆင့်တစ်ဆင့်မှာ ရှိနေတဲ့ ကြွပ်ကြွပ်အိတ် အစိမ်းရောင်ကို သွားဆွဲယူကာ ဖွင့်ပြီး အထဲက စာရွက်ထပ်တွေကို ဆွဲထုတ်သည်။

"ဒီမှာ တွေ့လား၊ ဒါတွေက မနှစ်က လက်ချာတွေ၊ အဟောင်းတွေ၊ ခုထိမပစ်ရသေးဘဲ တပုံ့ပုံ့နဲ့ ရှုပ်နေလို့ ငါ ရောင်းခိုင်းလိုက်တာ၊ ဒါလည်း ရောင်းချင်လို့ရယ်လို့ မဟုတ်ဘူး၊ နှင်က ဒီနေ့သတင်းစာဂျာနယ်တွေ ရောင်းမယ်၊ အိမ်ရှင်းမယ်လို့ ပြောလို့ ငါလည်းရောထည့်လိုက်မယ်လေ ဆိုပြီးတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



“အေးပါ မိကူရယ်၊ စိတ်ညစ်လိုက်တာ”

“ငါက ပိုညစ်တာ၊ ငါ ဘယ်လိုပြန်လုပ်ရမှာလဲ၊ တချို့အပိုင်းတွေက အကြမ်းမှတ်ထားတဲ့ အတိုအစတွေ ရှာရင် ထွက်ကောင်း ထွက်လာနိုင်ပေမယ့် ဟိုတစ်စ ဒီတစ်စတွေ၊ စာချောတောင် မစီရသေးတဲ့ အချက်အလက်တွေပဲ၊ ဘာပဲဖြစ်ဖြစ် အချိန်ပေးပြီး အပင်ပန်း ပြန်ခံပြီးရေးရင် ရတော့ ရနိုင်သေးတယ် ပြောရမှာ၊ အများစုက လုံးဝပြန်မရနိုင်တော့ဘူး၊ ငါ ဟိုးအစက ပြန်စရတော့မှာ၊ အကုန်အစက ပြန်လုပ်ရတော့မှာ”

ချိုးလေးကူက တရှိုက်ရှိုက်နှင့် မတိတ်နိုင်အောင် ငိုကြွေးနေပါသည်။ တကယ်ဒုက္ခရောက်ပြီမို့ အလုံးကြီး ဆို့သလို မောပြီး နင်နေပါတော့သည်။

“သွားပါပြီ ... သွားပါပြီ”

ဝင်းမြစိမ်းသည် သူက ရောင်းပစ်လိုက်မိသူမို့ သူ့တာဝန်မကင်းသလိုဖြစ်ကာ သူပါရောယောင် မျက်ရည်တွေဝဲလာပါသည်။ တကယ်တော့ သူ့မှာ အားရက်ကလေး အိမ်ရှင်းကာ အစုတ်ပလုတ်တွေ ချရောင်းပစ် ရှင်းလင်းပစ်ဖို့ တာဝန်ကိုယူတာ။ အဲဒီလိုရောင်းတဲ့နေ့ကျ ရတဲ့ပိုက်ဆံလေး နှစ်ထောင်လောက်ကို ညကျ လေးယောက်သား လက်ဖက်သုပ်တို့ ဘာတို့ တိုလီထွာလီ ဝယ်စားပစ်ကြတာပင်။





တာဝန်ယူ ရောင်းပေးတဲ့သူက ဟိုလူ့အစုတ်၊ ဒီလူ့အစုတ် အကုန်လိုက်ရှင်းပြီး ပင်လည်း ပင်ပန်းရပါသေးရဲ့။ ခုလို မှားယွင်းသွားတော့ (ကိုယ်ကမှားတာ မဟုတ်ဘဲ၊ မိကူပါးစပ်က လွဲပြောတာလို့ ဘယ်လိုထင်ထင်) ကိုယ့်မှာ အပြစ်မကင်းသလို တော့ ဖြစ်ရပြီ။

“မိစိမ်း ... နင် ဘယ်သူ့ဆီ ရောင်းတာလဲ၊ ဟိုအသား မည်းမည်း ဦးလေးကြီးလား”

လမ်းထဲလာနေကျ သတင်းစာစက္ကူသည်တွေထဲက ကိုယ်မြင်နေကြားနေ မျက်မှန်းတန်းနေတဲ့သူတွေ ရှိတာပဲမို့ ပုလဲသီက မေးကြည့်သည်။ နောက်တစ်ကြိမ် ဒီလူ လမ်းထဲပြန်လာတဲ့ အခါ ဘာပဲဖြစ်ဖြစ် မေးမြန်းစုံစမ်းကြည့်လို့ ရတာပေါ့။

“မဟုတ်ဘူး၊ ချာတိတ်ကလေး”

“ဘယ်ချာတိတ်ကလေးလဲ”

“ဆယ့်ခြောက် ဆယ့်ခုနစ်ပဲ ရှိသေးမယ်လေဟာ၊ နင်တို့ မြင်ဖူး မမြင်ဖူးတော့ ငါလည်းမသိဘူး၊ ဒီကောင်လေးက လမ်းထဲလာတတ်တာ မကြာသေးဘူး၊ အသားမည်းမည်း ဦးလေးကြီးက အလေးခိုးလွန်းလို့ ငါက ဒီကောင်လေးကို ခေါ်ရောင်းကြည့်တာ၊ ရုပ်လေးက ခပ်ရိုးရိုးလေးမို့လို့၊ တပြုံးပြုံးနဲ့ စကားပြောလည်း သွက်တယ်၊ ဟိုဦးလေးကြီး လောက် အလေးမခိုးဘူးဟ”



www.burmeseclassic.com

www.burmeseclassic.com

"သြော် ... အသားဖြူဖြူ ခေါင်းတုံးဆံပင်ပေါက်လေးနဲ့လား"

"အေး"

"မျက်နှာလေးက အလကားနေရင်း ပြုံးနေတာ"

"အေး ... နင် သိလား မိသီ"

"အေး ... အဲဒါ ဟိုဘက်လမ်းထိပ်က အသုပ်ရောင်းတဲ့ အဒေါ်ကြီးသားလေ"

"ဟုတ်လား"

"ဟုတ်တယ်၊ ငါနဲ့ အဲဒီအဒေါ်ကြီး ခင်တယ်လေ၊ တစ်ရက် သူ့ဆိုင်မှာ အသုပ်ဝယ်နေတုန်း သူ့သားရောက်လာလို့ မိတ်ဆက်ပေးသေးတယ်၊ သတင်းစာအဟောင်း ရောင်းစရာရှိရင် သူ့သားဆီ ရောင်းပါလို့တောင် ပြောသေးတယ်၊ ပြီးတော့ အဲဒီကောင်လေးကို လမ်းထဲလာတာ နှစ်ခါလောက် တွေ့ဖူးတယ်"

"အေး ... အဲဒါပဲ၊ ဖြူဖြူ ခေါင်းတုံးပြန်ပေါက်လေးနဲ့ မျက်နှာဝိုင်းဝိုင်းချိုချိုလေးပဲ မိသီ"

"ဒါဆိုရင် ပြန်ရနိုင်စရာလမ်းစရှိတယ် မိကူ၊ နင် စိတ်မညစ်နဲ့တော့၊ အသုပ်သည် အဒေါ်ကြီးကတစ်ဆင့် သူ့သားဆီ မေးပြီး ယိုက်လို့ရတယ်၊ သူတို့အိမ်ကို လိုက်ယူလို့ရတာပေါ့"





"ဟာ ... အဲဒါဆိုရင် အခုချက်ချင်း လိုက်မှဖြစ်မယ်၊ တော်ကြာ သူကအိမ်မှာမထားဘဲ ဒိုင်ကိုမြန်မြန်သွားရောင်းလိုက်ရင် ရောင်းလိုက်မှာ၊ များသောအားဖြင့်က နေ့ချင်းပဲ သွားရောင်းပစ်ကြတာဟ၊ အခုလိုက်ရအောင် မိသီ"

"ငါ ... ငါ့က ဟင်းချက်နေတုန်းကြီး"

"အာ ... ဟင်းက အရေးမကြီးပါဘူးဟာ၊ ငါ့သီးစစ်စ် စာရွက်တွေက အရမ်းအဖိုးတန်တယ်၊ တော်ကြာ စက္ကူပြန်ကျိုမယ့်ဆီတို့ ဘာတို့ ချက်ချင်း လက်လွှဲပစ်လိုက်ရင်ပြန်မရတော့ဘဲနေမယ်၊ လာ ... အခုသွားမယ်"

"အေး ... အေး ... ပြီးရော"

ပုလဲသီသည် ချက်လက်စဟင်းကို ဝင်းမြစိမ်းနှင့်စ်ခဲ့ပြီး ချိုးလေးကူနှင့် နှစ်ယောက်သား ကမန်းကတန်းအိမ် ထွက်လာခဲ့ကြပါသည်။ အသုပ်ဆိုင်က ဟိုဘက်က လမ်းထိပ်ာင် ဖြစ်သည်။ အသုပ်ကြိုက်လှပြီး အသုပ်သည်နှင့် မိတ်ဆွေ ခင်မင်နေတဲ့ ပုလဲသီကိုပဲ ကျေးဇူးတင်ရတော့မလိုပင်။

အသုပ်သည် အဒေါ်ကြီးက ချိုးလေးကူရဲ့ အငိုာကိုမြင်ကာ သူပါ စိတ်တွေလှုပ်ရှားလျက် ...

"လိပ်စာက အိမ်နံပါတ်(...)၊ သရဖီလမ်းထဲမှာ၊ ဒီကနေဆိုရင် ဟိုးနောက်ဘက် မီးရထားလမ်းဘက် ဆင်းချသွားရတာလေ၊ မဝေးလှပေမယ့် လမ်းလျှောက်ရင် မနီးဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားငှားသွားလိုက်၊ ဆိုက်ကားနဲ့သွား၊ အိမ်မှာ ဒီအချိန် ဆိုရင် ပြုံးချို ရှိဦးမှာ၊ ညကျမှ သူ ကျူရှင်သွားရမှာ"

"ကျေးဇူးပဲ ဒေါ်ဒေါ်ရယ်၊ လိုက်သွားလိုက်ဦးမယ်"

"သူ့ဒိုင်ကို သွားရောင်းပစ်ပြီဆိုလည်း ကိစ္စမရှိဘူး၊ ဒိုင် အိမ်ကလည်း အဒေါ်တို့နားတင်ရယ်ပါ၊ ဘုန်းကြီးကျောင်း တစ်ကျောင်း ရှိတယ်လေ၊ အဲဒါကို ကျော်သွားရင် သိပ် မသွားရဘူး၊ ဒေါ်ဒေါ်သားဆီ မရှိတော့ရင်တောင် ဒိုင်မှာ တော့ ရှိမှာပဲ၊ ဘာမှစိတ်မပူနဲ့၊ ပြန်ရမှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရယ်"

ချိုးလေးကူနှင့် ပုလဲသီသည် အဲဒီနားတင်ရှိတဲ့ ဆိုက်ကားဂိတ်မှ ဆိုက်ကားတစ်စီးငှားကာ အဒေါ်ကြီးပြောတဲ့ လိပ်စာဆီ ထွက်ခဲ့ကြပါသည်။ သူတို့ရဲ့ရပ်ကွက်ဟာ ထိုမြို့နယ် ရဲ့ မျက်နှာစာဘက်မှာဖြစ်ပြီး ကန်ထရိုက်တိုက်တွေများတဲ့ ရပ် ကွက်တစ်ခု ဖြစ်သော်လည်း တစ်မြို့နယ်ထဲကျသော အတွင်းဘက် ရပ်ကွက်ကျတော့ အတော်ကလေး မဖွံ့ဖြိုးသေးဘဲရှိသည်။

ကန်ထရိုက်တိုက်တို့ ဘာတို့နည်းပြီး အိမ်ကုပ် လေးတွေနှင့် လက်လုပ်လက်စားများတဲ့ ရပ်ကွက်ဖြစ်သွားသည်။ မြို့နယ်တစ်ခုတည်း၊ ရပ်ကွက်ချင်းခြားကာ အလယ်မှာဈေးရှိသည် ဟိုးနောက်ဘက်ယဲ ရောက်လေ ရထားလမ်း၊ ရထားဘူတာရုံ နှင့် တောကလေးနှင့်တူလေ။





ဆိုက်ကားဆရာကိုယ်တိုင်က ထိုရပ်ကွက်မှာပဲနေသူ ဖြစ်၍ အသုပ်သည် အဒေါ်ကြီးတို့အိမ်ကို ရှောရှောရှူရှူ ရောက် လာပါသည်။

"မောင်ပြုံးချို ... မောင်ပြုံးချို"

မွဲတဲတဲအိမ်ကုပ်ကလေးတစ်ခုရှေ့ရပ်ကာ မောင်ပြုံးချို ကို ခေါ်ရသည်။ အတော်ခေါ်ယူမှ အိပ်နေဟန်ရှိတဲ့ ချာတိတ်က လေးက နိုးပြီး အိမ်ထဲက ထွက်လာပါသည်။ ကောင်လေးက ပုလဲသီကိုလည်း သိပ်မမှတ်မိလှဘဲ ဇဝေဇဝါ ဖြစ်နေသည်။

"မောင်ပြုံးချို ... အစ်မတို့က (၁)ရပ်ကွက်ထဲကပါ၊ မင်း အမေနဲ့ ခင်တယ်၊ တစ်ခါတင် မိတ်ဆက်ပေးဖူးတယ်လေ၊ သတင်းစာအဟောင်း ရောင်းချင်ရင် မင်းဆီရောင်းပါလို့ အဒေါ်က ပြောဖူးတာ"

"ဪ"

"ဒီနေ့ အစ်မတို့လမ်းထဲ မောင်ပြုံးချို လာသွားသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အစ်မတို့တိုက်ကိုလည်း ဝင်တယ်၊ အစ်မတို့အခန်းက သတင်းစာတွေ စာရွက်ဟောင်းတွ ခေါ်ရောင်းလိုက်သေး တယ်"

www.burmeseclassic.com



"ဩော် ... သိပြီ ... သိပြီ၊ တိုက်အဝါကြီး မဟုတ်လား
အစ်မတစ်ယောက် ခေါ်ရောင်းတယ်၊ ဟုတ်တယ်၊ ဘာ
လို့လဲခင်ဗျာ ဘာမှားလို့လဲ"

"အစ်မသူငယ်ချင်းက အရေးကြီးတဲ့ စက္ကူတစ်ထုပ်
အဟောင်းတွေမှတ်ပြီး မှားရောင်းလိုက်မိလို့ပါ"

"ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ အရမ်းအရေးကြီးတဲ့ စာရွက်တွေ
လို့ သိသိချင်း ကမန်းကတန်း ထ,လိုက်လာကြတာ
မောင်ပြုံးချိုဆီ ရှိသေးတယ် မဟုတ်လား၊ အစ်မတို့ ပြ
ဝယ်ပါ့မယ်"

"ကျွန်တော့်ဆီ မရှိတော့ဘူးဗျ"

"ဟင်"

ချိုလေးကသည် ရင်ဘတ်လေးဖိကာ ဟိုက်ခနဲပြ
သွားရပြန်ပါသည်။ စိတ်အေးတော့မည်ကြံမှ မအေးရပြန်။ နှ
ရောဂါတောင် ရတော့မယ်ထင်သည်။ ရင်ထဲ ထိတ်ခနဲ ထိတ်
အပြောင်းအလဲ ဖြစ်ရသည်မှာ မောတောင်လာသည်။

"ကျွန်တော် ဒိုင်ကိုသွင်းလိုက်ပြီ"

"အဲ ... အဲဒီဒိုင်ကို လိုက်ပို့ပါ၊ ဒိုင်က မဝေးဘူးဆို၊ အ
ကြီးလို့ပါ မောင်လေးရယ်၊ မုန့်ဖိုးပေးပါ့မယ်၊ လိုက်ပြ
ပါနော်"





"မုန့်ဖိုးပေးဖို့ မလိုပါဘူး အစ်မရယ်၊ ဒီနားတင်ပါ၊ လာ
လေ၊ ကျွန်တော် လိုက်ပြပါ့မယ်"

မောင်ပြုံးချို ရှေ့ကဦးဆောင်သွားရာ နောက်သို့
ချိုလေးကနှင့် ပုလဲသီတို့ ခပ်သုတ်သုတ် လိုက်ခဲ့ကြပါသည်။
လမ်းက မြေလမ်းကြမ်းကြမ်း၊ အနည်းငယ် ကွေ့ကာချိုးကာ
လျှောက်လိုက်ပြီးသော် ...

"ဗျို့ ... ဦးကုလား"

"ဝေး"

"နေ့လယ်က ကျွန်တော် လာသွင်းတဲ့ စက္ကူပုံ ခဏပြပါ
ဗျာ၊ အရေးကြီးတာ ပါသွားလို့တဲ့ ပြန်ရှာကြည့်ချင်လို့ပါ"

"ရှာကြည့်လေ၊ အဲဒီရှေ့ဘက်ထောင့်က အပုံပဲ၊ ငါသိမ်း
တောင် မသိမ်းရသေးဘူး၊ အဲဒါ မင်းဆီကဟာတွေချည်း
ပဲ"

ဆေးပေါ့လိပ်တိုနှင့် စာအုပ်တစ်အုပ်ကို နံရံမှီဖတ်
ရင်း ဖိမ်ရှိနေပုံရတဲ့ ကိုကုလားက ပြုံးချိုရဲ့ပစ္စည်းပုံကို မေးငေါ့
ပြပါသည်။ စုံစီနဖာ တိုလီမုတ်စတွေ ရှုပ်ပွနေတဲ့ တဲခန်းကျဉ်း
ကျဉ်းလေး အပေါက်ဝက "ပြုံးချိုရဲ့အပုံ"ဆိုတဲ့ အပုံကြီးကို
ချိုလေးကနှင့် ပုလဲသီ မွှေနှောက်ရှာဖွေရပါတော့သည်။

ဖုန်တွေ ဖြေးတွေကို စိတ်ထဲမထည့်နိုင်အား၊ သတင်း
စာ ဂျာနယ်တွဆို တွန်းဖယ်ကာ လျှောက်လွှာစာရွက်ထပ်ဆိုရင်

www.burmeseclassic.com



ဆွဲလွဲဖြစ်ယဲ့ပြီး မူးနောက်အောင် ရှာရပါသည်။ အဲဒီနားကအပုံတင် အားမရ၊ နောက်နားက တစ်ပုံကိုပါ ကျော်ခွကာ ပယ်ပယ်နယ်နယ် လှန်လှောရှာနေကြတဲ့ အပျိုမလေးနှစ်ယောက်ကို ကိုကုလားက ကိုင်းကျိုးမျက်မှန်ပေါ်မှကျော်ကာ အံ့အားတသင့် ကြည့်ငေး နေပြီးမှ ...

"ဘာကိုလိုချင်ကြတာလဲ"

"ဒီနေ့ ကျွန်မတို့အိမ်က ပြုံးချို ဝယ်သွားတဲ့ စက္ကူဟောင်း ထဲမှာ အရေးကြီးတဲ့ စက္ကူတွေ စာရွက်တွေ ပါသွားလို့ပါ"

"ဪ ... သေချာ စစ်ကြည့်ပြီးမှ မရောင်းပဲကိုး"

"မဟုတ်ဘူးရှင့်၊ ကျွန်မက မရှိဘူး၊ ပိုင်ရှင်က ကျွန်မ၊ ရောင်းတာကတစ်ယောက်၊ မသိဘဲ မှားပြီးရောင်းလိုက်တာ"

ချွေးသံတရွှဲရွှဲတွင် ကြေးတွေ ဖုန်တွေ မဲသဲလာပြီ ဖြစ်တဲ့ ချိုးလေးကူက စိတ်လည်းပူ မောလည်းမော၊ မောသုံးတန် ကပ်ကာ ဟောဟဲဆိုက်နေတဲ့ကြားက အပြစ်တင်စကားကို ကြား ရလျှင် လုံးဝသည်းမခံနိုင်ကာ ခပ်ကက်ကက် ဖြေရှင်းပစ်လိုက် ပါသည်။

"စာရွက်က ခပ်ဖြူဖြူတွေ ဦးလေး ...၊ မတွေ့တော့ဘူး၊ ဦးလေး တခြားကို ပြန်များရောင်းလိုက်ပြီလား"

"ဘာမှမရောင်းရသေးဘူး"

"ကျွန်မ မတွေ့တော့ဘူး"





"ညည်းဟာက ဘယ်လိုဟာမျိုးတွေတုံး"

"စာရွက်ဖြူဖြူမှာ တစ်ဖက်က ကွန်ပျူတာရိုက်ထားတာ ရှင့်၊ ကျောဖက်က အလွတ်တွေ"

"ဪ ... စာရွက်ဖြူ အထပ်ခပ်ထူထူ၊ ဟောဒီလောက် ရှိမယ်"

ကိုကုလားက လက်ညှိုးလက်မနှင့် တိုင်းပြသည်။

"ဟုတ်တယ် ... ဟုတ်တယ်"

"စာမျက်နှာ သုံးရာလောက် ရှိလိမ့်မယ် ထင်တယ်"

"စာမျက်နှာ နှစ်ရာ့ရှစ်ဆယ်ရှိတယ်၊ အရေးကြီးတဲ့ စာတမ်း ရေးထားတာပါ၊ ဘယ်လိုမှ အဆုံးမခံနိုင်လို့ပါ၊ ဘယ်ရောက် သွားပြီလဲဟင်၊ ဘယ်လောက်ပဲ ပေးရ ပေးရ ပြန်ဝယ်ပါ့ မယ်၊ ဦးလေး ရောင်းလိုက်တဲ့နေရာကို ညွှန်ပါ"

"ဟိုစာရွက်တစ်ထပ် ထင်တာပဲ၊ အဲဒါ ဟုတ်ရင်တော့ ဒီနားက ဘုန်းကြီးကျောင်းဝင်းထဲမှာ၊ ဟောဟိုမယ်၊ ဟို ကျောင်းဝင်းထဲဝင်သွား၊ အထဲမှာ ဦးသောဘိတဇရပ်လို့ မေးလိုက်၊ အဲဒီကိုသွားလိုက်၊ နေ့လယ်က အဲဒီကလူတစ် ယောက် အဲဒီစက္ကူတစ်ထပ်ကို ဝယ်သွားတယ်"

"ရှင် ...၊ သူက ဘာလို့ဒီစက္ကူထပ်ကိုမှ ဝယ်သွားရတာလဲ"

"တစ်ဖက်လွတ်တွေ ဆိုတော့ သူ သုံးချင်တာ သုံးဖို့နေမှာ ပေါ့၊ အဲဒါတွေပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ တစ်ဖက်မှာ ဗြောင်၊ တစ်ဖက်မှာ အင်္ဂလိပ်လိုတွေ ရေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါပဲရှင့်၊ လှာ ... မိသီ သွားရအောင်"

ချိုးလေးကူသည် ကိုကုလားရော၊ ပြူးချိုရော သတိ လည်း မရတော့၊ နှုတ်လည်းမဆက်မိ။ ကိုယ့်ဖာနှင့်ကိုယ် စိတ် စောကာ မိသီလက်ကိုဆွဲ၍ ဘုန်းကြီးကျောင်းသို့ သပ်သုတ်သုတ် ပြေးလေသည်။ ကျောင်းပေါက်ဝမှာတင် ကလေးငယ်တစ်ယောက် နှင့်တွေ့၍ ...

"ဦးသောဘိတရဲ့ ဇရပ်က ဘယ်ဟာလဲ ကလေး"

"ဟိုဟာ"

ကလေးညွှန်ပြရာသို့ အပြေးတစ်ပိုင်း လျှောက်လာ သော ချိုးလေးကူတို့နှစ်ယောက်သားသည် ကျောင်းဇရပ်နံဘေး အဖီလေးအောက်နား၌ မီးဖိုကာ အိုးတည်ဖို့ ဟန်ပြင်နေတဲ့ လူ ခပ်သန့်သန့်ကို လှမ်းမြင်လိုက်ကြပါသည်။ လှမ်းမြင်လိုက်သည့် အချိန်မှာပင် ထိုသူလုပ်နေသည်မှာ စာရွက်ဖြူတစ်ရွက်ကို အရှည် လိုက်လိမ်ကာလိမ်ကာ မီးသေချာမစွဲမတောက်သေးသော ထင်းမီး ဖိုထဲ မီးစာအဖြစ် မီးထည့်မွေးလိုက်တာပင်။

"အင်"

ချိုးလေးကူသည် အဝေးက မြင်ရသည့် စက္ကူဖြူ တစ်ရွက် ဖြစ်ရုံနှင့် အဲဒါ သူ့သီးစစ်စစ်စာရွက်ပဲဆိုတာ အလိုလိုကို သိနေပါသည်။ သူ အပန်းတကြီး အပတ်တကုတ် ကြိုးစားပမ်းစား ပြုစုရေးသားထားတဲ့ သီးစစ်စစ်တစ်ရွက်ကို မီးမွေးဖို့ လောင်စာ





အဖြစ် သုံးပစ်နေတဲ့ လူ့အန္တကို ဒေါသတွေမွန်သီးဆို့နင်သွားပြီး လျှင် ...

"ဒီမှာ ... ဒီမှာ ... ဒီမှာ"

နီးကြားသည် မီးမွေးနေရာမှ ရုတ်တရက် မမျှော် လင့်တဲ့ အသံကြောင့် လန့်ဖျပ်ကာ မော့ကြည့်လိုက်ပါသည်။

"ရှင် ... ရှင် ... ဒါ ဘာလုပ်တာလဲ၊ ဘယ်လိုလုပ်လိုက် တာလဲ၊ အမလေး ... သေပါပြီ"

ချိုးလေးကူသည် ရင်ဘတ်ကို ရိုက်ကာ ထုကာ ဒေါသတကြီး ဝမ်းနည်းပက်လက် အော်ဟစ်လိုက်ပြီးလျှင် ထင်း ချောင်းတွေအကြား မီးစွဲတောက်လောင်နေသော စက္ကူဖြူအလိမ် အရှည်လေးကို ဆွဲထုတ်ယူကာ မြေကြီးမှာ ရိုက်ပုတ်ငြိမ်းသတ် သတ်။ ခြေထောက်နဲ့ နင်းဖိလိုက်ရင် မီးသေသွားမှာ သေချာပေ မယ့် ကိုယ်ခက်ခက်ခဲခဲ လုပ်ထားဟဲ့ ပညာရပ်စာရွက်စာတမ်းမို့ မိန်းကလေးပီပီ ခြေနှင့် မနင်းရက် မနင်းဝံ့ဖြစ်ကာ မြေကြီးမှာ သာ ပုတ်ပုတ်ပြီး ငြိမ်းနေရင်းက ဘေးမှာတွေ့တဲ့ ထင်းချောင်း တစ်ခုနှင့်ကောက်ပြီး ရိုက်ပစ်လိုက်မှ စက္ကူကမီးတောက်က ငြိမ်း သွားပါသည်။

မီးကြာကြာစွဲအောင် စက္ကူကို ခပ်ကျစ်ကျစ် လိမ် ကျစ်ထားတာမို့ တစ်ဝက်တစ်ပိုင်းလောက် မီးလောင်ပြီး ငြိမ်းသွား တဲ့ စက္ကူအလိမ်ကလေးကို ခပ်မြန်မြန်ဖြေပြီး ဖြန့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... သေပါပြီ၊ မိသိရေ ... ငါ့ဟာတွေ ကုန်ပါပြီ"

ပါးစပ်ကလည်းအော်၊ ငိုလည်းချလိုက်ချင်၊ ဒေါသတွေလည်းထွက်။ ချိုးလေးကူသည် ပြန့်သွားတဲ့စာရွက်ကို မီးမွှေးနေသူရှေ့ စာရွက်သံ တဖြန်းဖြန်းထွက်အောင် လက်တစ်ဖက်နှင့်ခါ လက်တစ်ဖက်နှင့်ရိုက်ကာ ...

"ဒီမှာ ...၊ ရှင် ဒီလောက်တောင် ပိုးစိုးပက်စက် လုပ်ရက်ရလား ဟင်၊ ဘယ်လိုလူစားလဲ၊ ပညာရပ်စာပေတွေရေးထားတဲ့ စက္ကူဖြူဖြူကလေးကိုများ လောင်စာလုပ်ဖို့ သုံးရက်တယ်၊ ဟင် ! ရှင် ဘယ်လိုလူစားလဲ"

နီးကြားက မျက်မှောင်ကုတ်ကာ ထ,ရပ်လိုက်ပါသည်။ မရပ်လို့မဖြစ်။ သူက မီးမွှေးနေတာမို့ ဆောင့်ကြောင့်ထိုင်ပုံစံလေးနှင့်။ အမျိုးသမီးက မတ်တတ်မို့ သူ့မှာ အပေါ်က အော်ဟစ်နေတာကို အောက်ကမော့ပြီး နာခံရသလို ဖြစ်နေပြီ။

"ဒီမှာကြည့်စမ်းပါ။ ဒါ ဘာစာတွေလဲဆိုတာ ရှင်နားလည်ရဲ့လား၊ အမလေးနော်၊ မကြုံဖူးပါဘူးရှင်၊ ဒီလိုအဖြစ်မျိုး"

နီးကြားသည် ထိုအမျိုးသမီးလက်ထဲကိုင်ပြီး တဆတ်ဆတ် တဖြန်းဖြန်း ယမ်းခါပြနေတဲ့ စာရွက်ကို ဘာမပြော ညာမပြော ဖျတ်ခနဲ ပြန်ဆွဲလုယူလိုက်ပါသည်။

"ဟယ်"





ချိုးလေးကူ နှုတ်ဖျားမှ "ဟယ်"ခနဲသာ ထွက်နိုင်လိုက်ပြီး ဒေါသအမျက် ချောင်းချောင်းထွက်လာတဲ့ နီမြန်းသောမျက်နှာသည် နီးကြားထံ ရှေ့တိုးနီးကပ် စေ့စေ့ကြည့်လိုက်ကာ ...

"ကျွန်မစာရွက် ပြန်ပေးပါ"

"ဘာမင်းစာရွက်လဲ၊ မင်းစာရွက် မဟုတ်ဘူး၊ ငါ့စာရွက်"

"ဘာ ...၊ ဘာ ..."

"ငါမီးမွှေးနေတာ၊ ငါ့မှာရှိလို့ ငါမွှေးနိုင်တာပေါ့၊ ဒါ ... ငါ့စာရွက်"

"အမယ်လေး ... အမယ်လေး၊ သူခိုးကလူဟစ်လို့၊ ဒီမယ် ... ဒါ ကျွန်မရဲ့စာရွက်၊ ရှင့်ဆီ ရောက်နေပေမယ့် ကျွန်မစာရွက်"

"လာရှုပ်မနေစမ်းနဲ့ကွာ၊ ငါ့ဆီရောက်နေတယ် ဆိုကတည်းက ငါ့စာရွက်ပေါ့"

"ရှင် ဒါဘယ်ကရလဲ၊ သတင်းစာစက္ကူဒိုင်က မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒါ ကျွန်မစာရွက်ပေါ့"

"ကျွတ် ... တစ်လုံးတည်းနဲ့ ကပ်ရှုပ်နေပြန်ပြီ၊ ကိုယ့်ဟာနဲ့ကိုယ်မှ စိတ်နဲ့ လူနဲ့ ရှုပ်ရတဲ့ကြားထဲ အသံက စာစာစာစာနဲ့ ရုပ်ကြီးက ဘီလူးမကောင်းကိုက်တဲ့ရုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

"ကြောက်စရာကြီး လာခြောက်နေပြန်ပြီ"

"ရှင် ... ရှင်"

ချိုးလေးကူသည် ဒေါသတွေ သီးနင်ကာ စိတ်လှုပ်ရှားကာနှင့်ပေါင်း၍ စကားမပြောနိုင်လောက်အောင် ထူပူပြီးဆို့နေပါသည်။

"ကျုပ်စာရွက်မို့လို့ မီးစာလုပ်တာ၊ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ သူများမီးရှို့နေတဲ့ စာရွက်ကို လုယူပြီး သူကပဲ ရန်တွေ့နေသေးတယ်၊ ကျွတ်"

"ဟင် ... ရှင်၊ ရှင် မီးရှို့နေတဲ့ စာရွက်ဟာ ဘယ်လောက်တန်ဖိုးရှိတဲ့ စာရွက်လဲဆိုတာ ရှင် ... ရှင် သိရဲ့လား၊ နားလည်ရဲ့လား၊ စာကော ဖတ်တတ်လား၊ ရင်နာလိုက်တာနော်၊ ကြိုးစားပမ်းစား ရေးထားတဲ့ သီးစစ်စ်စာရွက်ကို ဘာစာတွေလဲ ဆိုတာတောင်မှ နားမလည်နိုင်တဲ့ ဘုန်းကြီးရဲ့ ကပ္ပိယဆိုတော့ မီးမွှေးဖို့ လောင်စာလုပ်ပစ်တယ် ...

ရှင့်လုပ်ရပ်က ဘယ်လောက် နလပိန်းတုံး ဆန်တယ်ဆိုတာ ရှင် သိရဲ့လား ... ဟင်၊ စာရွက်တစ်ရွက်ရဲ့ တန်ဖိုးကို နကန်းတစ်လုံး နားမလည်တော့ ရန်တောင်ခံတွေ့လိုက်သေးတယ်၊ ရှင် ဘယ်နှရွက်တောင် မီးရှို့ပစ်ပြီးပြီလဲ"





"နှစ်ရွက်"

"အမလေး ... နှစ်ရွက်"

"မင်း ဘာဖြစ်နေတာလဲ၊ ရူးနေတဲ့အတိုင်းပဲ"

"နှမြောရကောင်းမှန်း မသိတဲ့လူကတော့ ရူးနေတယ်ထင်တာပေါ့၊ ကဲပါ ... ရှင့်လို ဘာမှနားမလည်တဲ့ တန်ဖိုးမသိတဲ့ လူစားမျိုးကို ရှင်းပြရတာ လေကုန်ပါတယ်၊ အာပေါက်ပါတယ်၊ လိုရင်းပဲ ပြောမယ်၊ နေ့လယ်က ရှင်ရလာတဲ့ အဲဒီစာရွက်အထပ် ကျွန်မ ပြန်လိုချင်တယ်"

နိုးကြားက ဒေါသရောင်တွေ တငြီးငြီးတောက်လောင်နေ (ပ)င်းပြောင်နေတဲ့ မျက်နှာလှလှကလေးကို တစ်ခဏ စိုက်ကြည့်နေ(ခဲ့)သည်။ ဒါဟာ သီးစစ်စ် (သို့မဟုတ်) ပညာရပ်ဆိုင်ရာ စာတမ်း(တ)စ်ခုခုဆိုတာ သူ သိပါသည်။ သို့ပေမယ့် ဘာပဲဖြစ်ဖြစ် စက္ကူ(ထူ)ကောင်းသည်ကို ရောင်းပစ်လိုက်ပြီးတဲ့ ပစ္စည်းတစ်ခုဟာ အဟောင်း(ပ)း သုံးဖို့ပဲလို့ နားလည်ပါသည်။

ထမင်းချက်ဖို့ မီးမွှေးမယ်လုပ်တော့ ထင်းချောင်း(တွေ)က ရှိပေမယ့် ထင်းရှူးဆီချောင်းက မရှိ။ ထင်းက ဘယ်လိုမှ (မီး)ခွဲဘဲ ဖြစ်နေသည်။ ဒီကျောင်းလေးမှာလည်း မီးစာသုံးဖို့ ဘာ(စာ)တိအစမှ မရှိ။ စက္ကူစုတ်တောင်မရှိ။ ဦးဇင်းရဲ့ စက္ကူတွေ စာ(ရွ)က်တွေလည်း ယူမသုံးရဲ။ သတင်းစာစုတ် ဂျာနယ်စုတ်လည်း (မ)ရှိ။


www.burmeseclassic.com

www.burmeseclassic.com

လောင်စာ အရေးပေါ်လိုအပ်နေတာမို့ နေ့လယ်ကမှ ရလာတဲ့ စက္ကူတစ်ထပ်ထဲကပဲ ယူသုံးလိုက်ဖို့ ခေါင်းထဲဝင်လာတာ။ ဒါကလွဲရင် တခြားမီးရှို့စရာ လောင်စာမရှိတာမို့ စက္ကူနှစ်ရွက်ယူကာ မီးမွှေးပစ်လိုက်တာပါ။ တန်ဖိုးထားတဲ့ လူဘက်ကကြည့်တော့ တန်ဖိုးကြီးနေမှာ ဖြစ်ပေမယ့် သူ့ဘက်ကကြည့်တော့ စက္ကူဟောင်းသည်ထံက စွန့်ပစ်လိုက်တဲ့ စက္ကူတစ်ထပ်ပဲ။

"ဒီ ... ဒီလိုပါရှင်၊ ကျွန်မ ပြောပါရစေ"

ပုလဲသီက တင်းမာနေတဲ့ သူတို့နှစ်ယောက်ကြား လက်ကလေး တကာကာနှင့် ကြားဝင်လာပါသည်။

"မပြောနဲ့၊ နားလည်တယ်၊ ဒီလောက် ဆွေ့ဆွေ့ခုန်ရလောက်အောင် တန်ဖိုးကြီးတယ်ဆိုရင် ဘာဖြစ်လို့ စက္ကူသည်ဆီ ရောင်းစားလိုက်တာလဲ"

"ကျွန်မ မရှိတုန်း နောက်တစ်ယောက်က အိမ်ရှင်းရင်းက မှားရောင်းလိုက်တာ"

"တန်ဖိုးကြီးတဲ့ဟာကြီးကို ကြုံရာပစ်ထားလို့ပေါ့"

"ဒီမှာ ... ရှင် အပိုတွေ ပြောမနေနဲ့၊ ကျွန်မစာရွက်ထပ် ပြန်ပေးပါ၊ စာမျက်နှာ နှစ်ရာ့ရှစ်ဆယ်ရှိတယ်၊ ရှင့်ဟာလည်း မဟုတ်ဘဲနဲ့၊ ကျွန်မကို ခုပြန်ပေး"

"ခင်ဗျား တယ်ခက်ပါလား၊ သူ့ဟာ ငါ့ဟာ ဆိုတဲ့ ပိုင်ဆိုင်မှုကို ဘယ်လိုခွဲခြားနေတာလဲ"



"ကျွန်မကိုယ်တိုင် ကွန်ပျူတာထဲက ပရင့်ထ်အောက်ထိ လုပ်ထားတာ၊ ကျွန်မဟာ၊ ကျွန်မကိုယ်တိုင် ရေးထားတဲ့ စာ"

"အဲဒါကို အမှန်ပဲရောင်းရောင်း မှားပြီးပဲရောင်းရောင်း၊ တခြားတစ်ယောက်ကို ရောင်းလိုက်ပြီ၊ အဲဒီအတွက် တန်ဖိုးသင့်ငွေကို ခင်ဗျားတို့ ယူထားပြီးပြီ"

"မှားရောင်းပါတယ်ဆိုမှ၊ ဒီမဖြစ်စလောက် ငွေလေးနဲ့ ဒီသီးစစ်စ်ကို ရောင်းစားစရာလား၊ အရူးလား"

"ခင်ဗျားတို့ ရောင်းလိုက်တာတစ်ဆင့်၊ ခင်ဗျားတို့ရောင်းလိုက်တဲ့ ချာတိတ်လေးက ဒိုင်ကိုလာပြန်ရောင်းတယ်၊ နှစ်ဆင့်နော်၊ အဲဒီဒိုင်ကနေပြီး ကျုပ်က သုံးချင်ရာသုံးဖို့ တစ်ဆင့် ပြန်ဝယ်လာတာ၊ သုံးဆင့်၊ ကဲ ... သုံးဆင့်ပြောင်းပြီးတဲ့ စက္ကူဟောင်းကို ကျုပ်က မီးပဲမွှေးမွှေး၊ အီးပဲကုန်းကုန်း"

"တောက် ... ရှင်နော်"

"ကျုပ်လည်းပဲ သုံးဖို့ဝယ်လာတာ"

"ကဲ ... ကဲ ... ရှင် ဘယ်လောက်ပေးပြီး ဝယ်ခဲ့လဲ၊ နှစ်ဆပေးမယ်၊ ပြန်ပေးပါ"

နီးကြားက ခေါင်းကိုမော့လှန်ကာ ရယ်လိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အဟားဟား ... နှစ်ဆတဲ့၊ ကျုပ် ဝယ်လာရတဲ့ဈေးက ရာဂဏန်းလေးပါပဲဗျာ၊ နှစ်ဆတဲ့လား၊ တန်ဖိုးကြီးလှတဲ့ စာရွက်တွေအတွက် ခင်ဗျား ပြန်ဝယ်လိုက်ရတာ မွဲများသွားပါဦးမယ်"

"ဆယ်ဆပေးမယ်၊ ရှင်မကတ်သတ်နဲ့၊ ရှင်မီးမွေးဖို့အတွက် စာရွက်စုတ်တွေ လက်ဆောင်ထပ်ပေးဦးမယ်"

"ဘယ်ရမလဲဗျ၊ မရဘူး၊ ဆယ်ဆလည်း နည်းတယ်"

"ဘာ"

"ခင်ဗျား ဆွေ့ဆွေ့ခုန် ဆတ်ဆတ်တုန်နေလောက်အောင် ဖြစ်နေတဲ့ ဒီစာရွက်တွေအတွက် ခင်ဗျားသုံးမယ့်ငွေဟာ ထောင်ဂဏန်းပဲလား၊ နည်းပါတယ်ဗျာ"

ချိုးလေးကူက မျက်လုံးဝိုင်းလေး နှစ်ဖက်ကို မှေးစူ ကျဉ်းယူလိုက်ရင်း လက်နှစ်ဖက်ကို ဟန်ပါပါပိုက်လိုက်လျက် –

"ကဲ ... ရှင် ဘယ်လောက်ယူမလဲ ... ပြော၊ နားလည်ပြီ၊ ရှင်က အခု ကျွန်မကို ငွေညှစ်နေတာ"

"ဒါပေါ့၊ ခင်ဗျား နားလည်လွယ်သားပဲ"

"အဟင်း ...၊ ရိုးနေပါပြီ၊ အူယားဖားယား ဆွေ့ဆွေ့ခုန် ပြမိတာ ကျွန်မ အမှားပဲ၊ ဒီမှာ ကပ္ပိယ၊ ရှင် ဘယ်လောက် လိုချင်လဲ၊ မြန်မြန်ပြော"





"မြန်မြန် မပြောနိုင်ဘူး၊ ဒါ အရေးကြီးတယ်၊ ကျုပ်ဘဝ အတွက် ဘာလိုအပ်သလဲ၊ ဘယ်လောက် လိုအပ်သလဲ ဆိုတာ သေချာစဉ်းစားရဦးမယ်၊ ငွေညှစ်တယ် ပြောပြော ဘာပြောပြော၊ ပြန်ရရင် ခင်ဗျားအဖို့လည်း တန်ဖိုးမဖြတ် နိုင်အောင် အကျိုးကျေးဇူးရှိတာ သေချာတယ်၊ ဒီတော့ ဒါကို ပြန်ပေးရတဲ့ ကျုပ်ဟာလည်း အကျိုးကျေးဇူးကို ခံစားထိုက်တယ် ...

ကျုပ်လည်းပဲ ဒါကို ငွေနဲ့ ဝယ်လိုက်တာလေ၊ အလကား ကျုံးလာတာမဟုတ်ဘူး၊ အပြန်အလှန် အကျိုး ပြုသင့်တယ်"

"ကဲ ... ကြာပါတယ်၊ ရှင် ဘယ်လောက်လိုချင်တာလဲ. မြန်မြန်ပြောပါ ကပ္ပိယ"

"ကပ္ပိယလို့ မခေါ်နဲ့၊ နာမည်ရှိတယ်"

"ဟုတ်လား ... ဩော်"

ချိုလေးကူက သူ့ကို ချဉ်ချဉ်နှင့် တမင်ငေါ့ပါသည်။

"ကျုပ်နာမည် နိုးကြား"

"ဘယ်လို"

"နိုးကြား ... ခင်ဗျား နားကောင်းရဲ့လား"

"နားကောင်းပါတယ်၊ No –ကျား ဆိုတော့ ဘာလဲ ကြောင် လား၊ ကြွက်လား၊ ရှင်က"



www.burmeseclassic.com

www.burmeseclassic.com



နိုးကြားက နှုတ်သီးကောင်းလှချာပါ။ ရန်စွာလှတဲ့ အမျိုးသမီးကို ခပ်တည်တည်ပဲ စိုက်ကြည့်နေလိုက်ပါသည်။ သနား စရာကောင်းအောင် အေးအေးချမ်းချမ်းကလေး ပြောဆိုလာပြန် တောင်းခဲ့မယ်ဆိုရင် နိုးကြားက ဒီစာရွက်ထပ်ကို အသာတကြည် ပြန်ပေးလိုက်ရုံပင်။ ကိုယ့်အတွက် တန်ဖိုးမရှိလှဘဲ သူ့အတွက် က တန်ဖိုးမဖြတ်နိုင်ဘူးလေ။

ကိုယ်ပေးခဲ့ရတဲ့ ကျပ်သုံးရာလေးဟာလည်း (ကိုယ် တိုင်က မွဲနေပေမယ့်) ဘာမှမရှိတဲ့ မဖြစ်စလောက်ငွေပါ။ တကယ် ဆို သူက နူးနူးညွတ်ညွတ် ခယယလေး လာပြန်တောင်းပေါ့။ နိုးကြားကလည်း 'ဩော် ... ပြန်ယူပါဗျာ"လို့ ကြည်ကြည်ဖြူဖြူ ပြန်ပေးလိုက်။ ဒီလိုဖြစ်ရမှာ။

ခုတော့ ဒီအမျိုးသမီး လေလုံးကလည်းထွား၊ လူကို လည်းနှိမ်၊ စွာကလည်းစွာ၊ သဟောက်သဟနဲ့ ရင့်ကလည်း ရင့် သေးသည်။

"ကဲ ... ရှင် ဒီနေ့ စဉ်းစားလို့ ပြီးမလား"

"ပြီးတယ်"

"ဒါဖြင့်ပေး၊ ကျွန်မစာရွက်တွေ၊ ရှင် လိုက်ခဲ့၊ အခုကျွန်မ မှာ ပိုက်ဆံများများ မပါဘူး၊ အိမ်ကိုလိုက်ယူ"

"အိမ်လိုက်ယူဖို့ မလိုပါဘူး။ ကျုပ်ကလည်း ခင်ဗျားကို စာရွက်အားလုံး ပြန်မပေးလိုက်နိုင်သေးဘူး"





"ဘာရှင့်"

"ဒီစာရွက်အားလုံးပေါင်း စာမျက်နှာ နှစ်ရာ့ရှစ်ဆယ်ရှိ တယ်"

"ဟုတ်တယ်"

"အခု မီးမွှေးတာ ရှေ့ဆုံးက Index နှစ်မျက်နှာပါ အရေး မကြီးလောက်ပါဘူး၊ ဒီတော့ စာရွက်နှစ်ရာ ခုနစ်ဆယ့် ရှစ်ရွက်အထိ ကျန်သေးတယ်"

"ဟုတ်တယ်၊ တစ်ဖက်လွတ်ဆိုတော့ နှစ်ရာ့ခုနစ်ဆယ့်ရှစ် ရွက် ရှိရမယ်"

"ဒီတော့ ခင်ဗျားကို တစ်နေ့ကိုသုံးရွက် ပြန်ပေးရင် ရက် ကိုးဆယ်ကျော်၊ သုံးလကျော်ရင် အရွက်စေ့ပြန်ရမယ်"

"ဘာ"

"မအော်နဲ့ဗျာ၊ နားအူတယ်၊ ကျုပ်ပြောတာ ရှင်းရှင်းလေး၊ နားမလည်ဘူးလား၊ ခင်ဗျားကို တစ်နေ့သုံးရွက်ပြန်ပေး မယ်၊ ရက်ကိုးဆယ်ကျော်မှာ အားလုံးပြန်ရမယ်၊ ရက်ကိုး ဆယ်ပြည့်တဲ့နေ့မှာ ကျန်တဲ့စာရွက် အကုန်ပေးလိုက်မယ် ဗျာ"

"ရှင် ရူးနေလား"

"မရူးပါဘူး"

"အဲဒါ ဘာသဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘောလဲဆိုတော့ ခင်ဗျား ကျွန်တော့်ကို ဘစ် ထမင်းနှစ်နပ်ကျွေးရမယ်၊ ညစာစားပြီးရင် သုံးရွက်ပေးမယ် ခင်ဗျား ကျုပ်ကို ထမင်းသုံးလကျွေးရမယ့် သဘောပဲ"

"ဘာ ... ရှင် ... ရှင် ... ရူးနေလား၊ ကျုပ်ကောပြည့်ရဲ့ လား"

"ပြည့်တယ်၊ ဒါ ခင်ဗျားဆီက ကျုပ်လိုချင်တဲ့ အဖိုးအခ တန်ရာတန်ကြေးပဲ"

"တောက်"

ချိုးလေးကူက နီးကြားကို ရူးနူးရဲရဲ စိမ်းစိမ်းဝါးဝါး စိုက်ကြည့်ရင်း တောက်တစ်ချက် ပြင်းပြင်းခေါက်ပစ်လိုက်ပါသည်။

"ကျုပ်တို့ ဒီနားက ထမင်းဆိုင်လေးမှာ အသားဟင်းမ ဟုတ်တဲ့ဟင်း၊ မှိုစ်ကြော်တို့၊ ပဲပြုတ်တို့၊ ပဲသီးကြော်တို့ အဲလိုဟင်းမျိုးနဲ့ ထမင်းစားရင် သုံးရာပဲကျပါတယ်၊ ဈေး သိပ်သက်သာပါတယ်၊ ညမနက်ဆိုတော့ ခြောက်ရာပေါ့၊ သူများကို ထမင်းကျွေးနိုင်းပြီး ဈေးကြီးတာကြီးတွေ မဟား ဒယား မစားပါဘူး၊ ဒီဆိုင်မှာပဲ ခင်ဗျား ငွေရှင်းရုံပဲ၊ သဘောတူလား"

ချိုးလေးကူသည် အစားကောင်းလည်း မက်ကာ ပါးစပ်နဲ့အစားလည်းမပြတ် တသွတ်သွတ် စားသောက်နေတတ် တဲ့သူမို့ သူ့နောက်ဆက်တွဲစကားကြားလျှင် အံ့အားတသင့်နှင့်





ငံ့တောင်နာချင်သလိုလို ဖြစ်သွားပါသည်။ ထမင်းတစ်ပွဲသုံးရာ ဘဲ။ ကြားဖူးပါဘူး။ မှိုစ်ကြော်နဲ့၊ ပဲပြုတ်ကြော်နဲ့၊ ပဲသီးကြော်နဲ့ ဘဲ။ စိတ်ညစ်လိုက်တာ။

"ခင်ဗျား စဉ်းစားချင် စဉ်းစားဦး"

"မစဉ်းစားဘူး၊ တစ်ရက် ခြောက်ရာ၊ တစ်လသောင်းရှစ် ထောင်၊ သုံးလငါးသောင်းလေးထောင်၊ ငါးသောင်းခွဲပေါ့၊ ဟုတ်လား၊ အခုဘစ်ခါတည်းပေးမယ်၊ ကျွန်မ စာရွက် အားလုံး အစုံအလင် ခုချက်ချင်းပေး"

နီးကြားက ချိုးလေးကူကို စေ့စေ့ကြည့်ပြီးလိုက်ပါ သည်။

"မရဘူးဗျ၊ လိုချင်တာတစ်ခုကို အဲလောက် အလွယ်တကူ ရနိုင်သလား၊ ကျုပ်ကလည်း ငွေငါးသောင်းခွဲ လိုချင်တာ မဟုတ်ဘူး၊ သုံးလထမင်းစရိတ် ငြိမ်းချင်တာ၊ ကျုပ်ပြော တဲ့အတိုင်း တစ်နေ့ သုံးရွက်စနစ်နဲ့ပဲ သွားမယ်"

"ချိုးလေးကူ"အံကို တင်းတင်းဖိကြိတ်ကာ ခြေတစ် ဖက် ဆောင့်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



၃

ချိုးလေးကူသည် ခပ်လှမ်းလှမ်းက မှောင်ရိပ်ထဲရှိ ကာ ဆက်တိုက်ကိုက်ခဲနေတဲ့ ခြင်တွေကို တဖတ်ဖတ်နှင့် ဟိုရိုက် ဒီရိုက် ရိုက်နေရပါသည်။ လက်မောင်းတွေ ကျောတွေ ခြေသလုံး တွေသာမက မျက်နှာကိုပါတက်ကာ ခြင်ကခဲသေးသည်။

ရပ်ကွက်စုတ်စုတ်ကုပ်ကုပ်ကလေးဖြစ်ရာ စီးပွားရေး အခြေအနေနှင့် တိုက်ရိုက်အချိုးကျတဲ့ လူနေမှုအဆင့်၊ စားဝတ် နေမှု၊ ကျန်းမာရေး ပညာရေးအသိ အားလုံးမှာလည်း နိမ့်နိမ့်ဝါး ပါးရှိနိုင်တဲ့ ဤနေရာမျိုးမှာ လမ်းတွေကလည်း မကောင်း မြောင်းတွေကလည်း ပြည့်လျှံပုပ်၊ ချုံပုတ်တွေ မြက်ဖုတ်တွေထ ရှုပ်၊ ခြင်တွေက နိအောင်း။ လာသမျှလူ ပွဲကြီးပွဲကောင်းလို့ ခြင် တွေက သဘောထားပုံပင်။

ခုတော့ ရပ်နေရတာ။ မတ်တတ်ရပ်နေတော့ ခြင် က ပိုကိုက်သည်။ လမ်းလျှောက်နေရင် တော်ဦးမှာ။





"တောက် ... မြန်မြန်လေး မျိုဆို့ပြီးစီးတော်မူပါ"

ချိုးလေးကူရဲ့ အစွဲ့တိုက် မေတ္တာပို့သံကြောင့် ဘေး မှာ အဖော်ပါလာတဲ့ ဝင်းမြစိမ်းက "ဟိ"ခနဲ ရယ်သည်။

"မိကူရယ်၊ အေးအေးဖြောင့်ဖြောင့် စားရှာပါစေ"

"မိစိမ်းနော် ... အိမ်ကထွက်လာတုန်းကတော့ ဒီလောက် လက်ပေါက်ကတ်သတ်တဲ့သူ့ ရုပ်မြင်ဖူးအောင် ကြည့်ထား ဦးမယ်ဆို၊ မြင်လည်းပြီးရော လေသံက ပြောင်းသွားပြီ၊ ဟယ် ... ရုပ်ကလေးက အသန့်လေး ဘာလေး ညာလေး နဲ့"

"သြော် ... ငါပြောတာက သူ့ရုပ်ဟာ လူတစ်ဖက်သားကို ညစ်ပတ်မယ့်ရုပ်လည်းမဟုတ်၊ သူများကို ရိတ်လိုက်မယ်၊ လိုးလိုက်မယ်ဆိုတဲ့ ရုပ်လည်းမဟုတ်၊ အဲဒါကို ဆိုလိုတာ ပါ၊ အကြောင်းတစ်ခုခုရှိလို့သာ ဒီလိုလုပ်တာ နေပါလိမ့် မယ်"

"ဘယ်က မညစ်ပတ်ရမှာလဲ၊ လူညစ်ပတ်၊ တကယ်ဆိုရင် အဲသလို စက္ကူဖြူချောကို အသစ်တစ်ထုပ် ငါ သူ့ကိုဝယ် ပေးလိုက်မယ်၊ သူက အဲဒီဟာပြန်ပေး၊ ဒါဆိုရင်တရားမျှတ ပြီပေါ့၊ သူ့အတွက် ဘာမှတန်ဖိုးမကြီးဘဲ ငါ့အတွက် တန်ဖိုးတအားကြီးတဲ့ ပစ္စည်းမှန်းသိလို့ မရ,ရအောင် ညှစ်တာ၊ ကြည့်စမ်း ထမင်းသုံးလ ကျွေးရမတဲ့၊ မသာ

www.burmeseclassic.com

www.burmeseclassic.com



ရေစာ၊ မျိုးနေဆိုနေတာ မနင်ဘူးလား မသိဘူး၊ ငါတစ်စက်မှ စေတနာမရှိတဲ့ ထမင်းဟင်း”

“ဟယ် ... မိကူရယ်၊ နောက်ဆုံးတော့ ကျွေးနေရမှာပဲဟယ်၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အကုသိုလ်ဖြစ်အောင် မလုပ်စမ်းပါနဲ့”

“ဖြစ်ဖြစ်ဟယ်၊ စေတနာမှ မပေါက်ကာ၊ သထာမှမသထာတာ”

“ငွေညှစ်ချင်တာ သက်သက်ဆိုရင် ပိုက်ဆံတစ်ပုံတည်း ငါးသောင်းခွဲ ပေးမယ်ဆိုတာကို သူ ယူလိုက်မှာပေါ့”

“တွတ်တူပဲလေ၊ ငါ့ကိုပါ ညှစ်ချင်တာ၊ မှတ်ဟဲ့ဆိုပြီး လက်ဆင်ပေးချင်တဲ့ အချိုးလည်း ပါတယ်”

“ဒါပေမယ့် နင် စဉ်းစားကြည့်စမ်း၊ သူဟာ တစ်နပ်သုံးရာတန်ထမင်းကို စားတယ်၊ သူများက ကျွေးရတော့မှာဆိုပြီး မဟားဒယား မစားဘူး”

ချိုးလေးကူက မြင်နေရတဲ့ ထမင်းဆိုင်ကုပ်လေးဆီ မျက်စောင်းရွယ်ရင်း ...

“ထမင်းဆိုင်ကလည်း စုတ်ပြတ်သတ်နေတာပဲ”

“ဒီနားတစ်ဝိုက်က ကူလီတို့ ပျံကျတို့စားတာဟဲ့၊ သူ့ရုပ်လေးနဲ့ ထမင်းဆိုင်နဲ့ မတန်လိုက်တာဟယ်”

“နင်ကလည်း ဒီရုပ်ပဲ ပြောမဆုံးဇာအောင် စွဲမက်နေတယ်”





“ရုပ်က ဘယ်လောက်သန့်လဲ၊ မျက်နှာပေါ်မှာလည်း မာန်တစ်မျိုး၊ လူကလည်း ဂျစ်ကန်ကန်နဲ့”

“ဟုတ်ပါ့ ... နားရင်းအုပ်ချင်စရာလေ”

ချိုးလေးကူကတော့ မှန်းမှန်းနှင့် အကောင်းကိုမပြောနိုင်။ ကိုယ်ဘာမှမတတ်နိုင်တဲ့ သကာလ သင်းကမ်းလှမ်းတဲ့ သုံးလ ထမင်းအနပ်ခြောက်ဆယ်နဲ့ စာမျက်နှာ နှစ်ရာခုနစ်ဆယ့်ရှစ်မျက်နှာကို လဲလှယ်ဖို့ လက်သင့်ခံလိုက်ရပါသည်။

ဒီတော့ သူက ဘယ်လိုပြောသလဲဆိုတော့ ...

“ကျုပ် ထမင်းစားပြီးတိုင်း ခင်ဗျား လာရှင်း”

“ဘာ ... ကြည့်လည်းပြောပါဦး၊ ရှင့်မှာ ဦးနှောက်ရှိရဲ့လား၊ ကျွန်မက နေ့လယ်တစ်ခေါက် ညနေတစ်ခေါက် ရှင်ပွဲတော်တည်ပြီးတိုင်း လာစောင့်ရှင်းရလောက်အောင် အားမလား”

“ဘယ်လိုပင်ဖြစ်စေ တစ်နေ့ကို စာရွက်သုံးရွက် သုံးရွက်ယူဖို့ အနည်းဆုံးတစ်ခေါက်တော့ ခင်ဗျား လာရမှာပဲမဟုတ်လား”

“တစ်လစာ တစ်ခါတည်း ရှင်းလိုက်ရင် ပြီးသွားမယ့်ကိစ္စကို ရှင်ကတ်သတ်တာ”

“ခင်ဗျားက တစ်လစာ တစ်ခါတည်းရှင်းရင်လည်း ကျုပ်ကတော့ နေ့စဉ်တစ်နေ့သုံးရွက်ကျပဲ ပေးမှာ”

“တောက်”



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်ကို မလာနိုင်ရင် နေ့လယ်စာကို ဆိုင်မှာမှတ်ခိုင်းထားမယ်၊ ညစာကျရင်တော့ ခြောက်ရာလာပေါင်းရှင်း"

"ရှင် ဘယ်အချိန် ပွဲတော်တည်မယ် မျိုဆို့မယ် မသိဘဲ ကျွန်မက ဘယ်လိုလာရမှာလဲ ၊ ကျွန်မရောက်ရင် ရှင်က မစားရသေးတာတို့ ရှင်က စောစားပြီး ကျွန်မက မရောက်သေးတာတို့ ဖြစ်နေရင်ကော"

"ကျုပ် ညနေခြောက်နာရီတိတိ အမြဲထမင်းထွက်စားမယ်၊ ထမင်းစားတာ ဆယ်မိနစ်ပဲကြာတယ်၊ ခင်ဗျား ကျုပ်စားလို့မပြီးခင် ရောက်ပစေ၊ ပြီးရင် ငွေရှင်း၊ ကျုပ် ထမင်းစားပြီးရင် ဘုန်းကြီးကျောင်းကိုပြန်ပြီး သုံးရွက်ယူပေးမယ်၊ ကျုပ်ထမင်းစားပြီးတဲ့အထိ ခင်ဗျား ရောက်မလာဘူးဆိုရင် အဲဒီနေ့အဖို့ စာရွက်သုံးရွက် မရဘူး၊ ဒါပဲ"

"တောက်"

ချိုးလေးကူမှာ ဒေါသတွေ တလိပ်လိပ် တနင့်နင့် တသိပ်သိပ်နှင့် တအင်အင် အသံထွက်တဲ့အထိ အလုံးဆို့နေသည်။ ဒီနေ့ ပထမဆုံးနေ့ ခြောက်နာရီလောက် ဘုန်းကြီးကျောင်းနားအရောက် ဆိုက်ကားနှင့်လာခဲ့တာ။ သူကလည်း ကျောင်းဝင်းထဲကအထွက် ချိုးလေးကူကိုမြင်လျှင် ...

"အချိန်မီ ရောက်သားပဲ၊ စောင့်ဦးဗျာ၊ စားပြီးမှ လာရှင်း"



ပြောပြီး ထမင်းဆိုင်ဆီ လျှောက်သွားတော့တာ။ နောက်နားက ပါလာပြီး သူ ဆိုင်ထဲဝင်စားနေတော့ ချိုးလေးကူဘို့က မလှမ်းမကမ်းကရပ်ကာ သင်းထမင်းစားနေတာကိုစောင့်နေရတော့သည်လေ။ ဆောင်းတွင်း နေအဝင်စောတာမို့ မှောင်တရီဖျိုးနေပြီ။ ခြင်ကကိုက်ပြီပေါ့။

"တောက် ... ငါ ဒီအတိုင်း သုံးလတိတိ ဝဋ်ကြီးဝဋ်ငယ်ခံရမယ်လို့တော့ မဖြစ်သေးဘူး မိစိမ်း၊ ဒေါသသင့်ပြီး အသက်တိုလိမ့်မယ်"

"ငါပြောမယ် မိကူ"

"ဘာပြောမှာလဲ ... ပြော"

"နင် ဒီလူကို ဘုတိုက်လို့ မရဘူးထင်တယ်"

"ဘုမတိုက်တော့ ဘာလုပ်ရမှာလဲ၊ သူ့ကိုမြင်တာနဲ့သွားလေးဖြဲပြီး ကနွဲ့ကလျ ပတ်ချွဲနပ်ချွဲ လုပ်ရမှာလား"

"အဲသလောက်ကြီးလည်း မလိုဘူးလေ၊ ကောင်းကောင်းမွန်မွန် ဆက်ဆံပြီး ခင်မင်သွားအောင် လုပ်သင့်တယ်၊ ဒီလူ့ပုံစံကို ငါသိတယ်၊ ငါ့ဘကြီးတစ်ယောက် ပုံစံမျိုးပဲ၊ သူ့ကို သနားအောင်ပြော၊ ဝဋ်ကြီးဝဋ်ငယ်ခံပြီး နှင်းနှိပ်ပေးလိမ့်မယ်၊ အန်တောင်ကျွေးလိမ့်မယ်၊ သူ့ကို မာရေကျောရေလုပ်လို့ကတော့ ဘာကြီးဖြစ်နေနေ သူက အဆတစ်ရာ ခွတိုက်ပြီ မှတ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် … သူက ဒီပုံစံရှိတာနဲ့ပဲ ဘေးလူမှန်သမျှက သူ့ကို အကြိုက်လိုက်ပြီး အလိုက်အထိုက် ပေါင်းရတော့မှာလား၊ သူ့စိတ်နဲ့ သူ့ကိုယ်ကို လူတိုင်းက လိုက်ညှိပေးနေရမှာလား"

"ကင်းကင်းနေနိုင်ရင်တော့ ဘာမှလိုက်ညှိပေးနေစရာမလိုဘူးလေ၊ နင်က ကင်းကင်းမှ မနေနိုင်တာ"

"ဘာ … ငါက ဘာကြောင့် ကင်းကင်းမနေနိုင်ရမှာလဲ"

"အမလေး အော်လိုက်တာ၊ ငါကသဘောရိုး ပြောတာပါဟယ်၊ နင်က အထအန လိုက်ကောက်မနေနဲ့၊ နင်ကသူ့ဆီက လိုချင်တာ ရစရာ မျှော်လင့်စရာ ရှိတယ်လေ၊ ဒီတော့ ဘယ်ကင်းကင်းနေလို့ရမလဲ"

"အို … ငါ့ရင်ထဲမှာ ဒီလောက် စိတ်တွေတို ဒေါသတွေထွက်နေတာ အလိုက်အထိုက် ညှိပေးမနေနိုင်ဘူး၊ သင်းကို မြင်တာနဲ့ ပြေးကုတ်ဆွဲချင်နေတာ"

"နင် ကုတ်ဆွဲတာနဲ့ သူကလည်း နင့်စာရွက်တွေ ဆုတ်ဆွဲပြီသာမှတ်"

ဒါတော့ ဟုတ်သည်။

ချိုးလေးကူလည်း ဒီတိုင်းယုံကြည်သည်။ သူ့မျက်နှာက မှုန်တေတေနဲ့ရယ်။

"ငါဟယ် … မြင်ရတာ စိတ်ထဲ တစ်မျိုးကြီးပဲ မိကူရယ်"





"ဘာကိုလဲ"

"သူစားနေတာ ပဲပင်ပေါက်ကြော်နဲ့ တူတယ်နော်"

ချိုးလေးကူသည် မြင်နေရပြီး ရင်ထဲတစ်မျိုးကြီးဖြစ်နေတာကို မဖြစ်အောင် မသိလိုက် မသိဘာသာနေကာမှ မိစိမ်းက ဖွင့်ပြောနေတာမို့ စိတ်ညစ်သွားပါသည်။ ဆိုင်ကုပ်လေးထဲမှာ ဒန်သာသာ စတီးအတု ပန်းကန်ပြားနှင့် ထမင်းတစ်ပွဲ၊ ရှေ့မှာ စတီးတုပန်းကန်ပေါက်စလေးနှင့် ပဲပင်ပေါက်ကျော်တစ်ချက်။ ပြီးတော့ ရေနွေးကြမ်းကရား အလိန်အပိန်နှင့် ရေနွေးကြမ်းခွက် အပွဲအရွှဲ။ ဒါကိုပဲ သူ့မှာ ငုံ့ကာသောက်ကာ။

ဟုတ်တော့ဟုတ်ပါရဲ့။ သုံးလထမင်းကျွေးရတော့မည်ဆိုတဲ့ တောင်းဆိုချက်ကို ချိုးလေးကူက မလိုက်လျောမဖြစ်လိုက်လျောရတော့မည်ဆိုလျှင် သူ ဒီထက်သပ်ရပ်တဲ့ ထမင်းအနပ်မျိုးကို Offer လုပ်လို့ရပါသည်။ ချိုးလေးကူတို့ လမ်းထဲမှာအပေါဆုံး ထမင်းဆိုင်သည် များသောအားဖြင့် အဆောင်သူ အဆောင်သားတို့ အားထားကြတဲ့ဆိုင်။ ထမင်းဖြူတစ်ပွဲ နှစ်ရာ။ အသားဟင်းတစ်ပွဲ လေးရာ။ စုစုပေါင်း ခြောက်ရာ။

အဲသလောက်ကို သူ ကမ်းလှမ်းရင်လည်း ချိုးလေးကူလိုက်လျောရတော့မှာပင်။

ဒီသီးစစ်စစ်တွေ လုံးဝပျောက်ပျက် ဆုံးရှုံးသွားခဲ့ပြီဆိုပါက အစကအဆုံး ခရီးကအစပြန်ထွက် လိုအပ်သမျှမျိုးစုံး



www.burmeseclassic.com

www.burmeseclassic.com

မျိုးစိတ်တွေ ပြန်ရှာ ပြန်ခွဲစိတ် စမ်းသပ် ဆိုလျှင် ခုကုန်ကျခဲ့ပြီး သလောက်နီးဝါး လေး,ငါး,ဆယ်သိန်း ပြန်ကုန်ကျမှာဖြစ်တဲ့ အပြင် ဒါကိုအကုန်ခံနိုင်တယ်ထား၊ အချိန်နှင့် ခွန်အားကို ပြန်မသုံးချင်တော့တာက ကိုယ့်ဘက်က အဓိကအားနည်းရှုံးနိမ့်မှုပါ။

ဒါကြောင့် ဒီလူပြောသမျှ လိုက်လျောရတော့မှာ။ ခုတော့ သူက ငွေညှစ်သလိုလည်း လုပ်သေးရဲ့။ ထမင်းစားတော့လည်း စိတ်ဆင်းရဲစရာ တစ်နပ်သုံးရာတန်။

"ငါတို့ပုံစံတွေကလည်း ဒီတစ်နပ်သုံးရာဆိုင်က ထမင်းကိုတောင် သူများစားနေတာ လာမျှော်နေရတဲ့ဘဝ ဖြစ်နေပြီဟဲ့"

ပထမဆုံးအကြိမ်အဖြစ် ချိုးလေးကူက အပြုံးလေးပွင့်ကာ ရယ်ရွှန်းဖတ်ရွှန်း ပြောမိပါသည်။

"ဟဲ ... ဟိုမှာ ပြီးပြီ ပြီးပြီ"

"ဟင် ... ပြီးပြီလား၊ အေး ... ပြီးပုံပဲ"

"ဒီဘက်လှည့်ကြည့်နေတယ်လေ၊ သွား ... သွား ... ပိုက်ဆံသွားရှင်း"

"အာ ... ငါတစ်ယောက်တည်းကြီး၊ နင်ပါလိုက်ခဲ့"

"ဟာ ... နင်ကလည်း သွားပါဟာ"

"မရဘူးဟာ၊ နင်ကလည်း ဒီအထိတော့ ပါလာပြီးမှ လာဆို"





ချိုးလေးကူက ဝင်းမြစိမ်း လက်ကို အတင်းဆွဲ၊ ဝင်းမြစိမ်းက ယက်ကန် ယက်ကန်နှင့် ဆိုင်လေးဆီ ရောက်လာသည်။ ချိုးလေးကူက အသင့်ထုတ်ကိုင်ထားတဲ့ ပိုက်ဆံခြောက်ရာကို နီးကြားထံ ကမ်းလိုက်ရင်း ...

"ရော့"

"ဘာလဲ"

"ခြောက်ရာ"

"ကျုပ်က ဆိုင်ရှင်မဟုတ်ဘူး၊ ကျုပ်ဆီလာပေးမနေနဲ့၊ ဟိုမှာဆိုင်ရှင်ဆီသွားရှင်း"

"တောက်"

"ဒေါ်ဂျမ်း ဒီမှာ ပိုက်ဆံရှင်းမယ်၊ ယူလိုက်ပါ"

"မင်းထမင်းဖိုးလား"

"ဟုတ်ကဲ့၊ နောက်လည်း ညနေတိုင်း ညနေတိုင်း ကျွန်တော်စားထားတဲ့ နှစ်နပ်စာ သူပဲ လာလာရှင်းလိမ့်မယ်၊ ဒေါ်ဂျမ်းမှတ်ထားနော်"

"အင်း ... အင်း"

နီးကြားရဲ့အသံကျယ်ကျယ်ကြောင့် ဆိုင်စုတ်စုတ်ထဲက လူစုတ်စုတ်တို့ဟာ ချိုးလေးကူနှင့် ဝင်းမြစိမ်းတို့ဘက် အထူးတဆန်း လှည့်ကြည့်ကြပါသည်။ ပိုက်ဆံရှင်းပြီးလျှင် ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထဲကထွက်သွားပြီဖြစ်တဲ့ နီးကြား နောက်က နှစ်ယောက်
အပြေးတစ်ပိုင်း ပြန်လိုက်လာခဲ့ရသည်။ နီးကြား ခြေလှမ်းကျဲ
ကို ပြေးလိုက်ကာမှ အတော်ကျပါသည်။

နီးကြားက ကျောင်းလေးနားမရောက်ခင် နောက်
လှည့်၍ ...

"ဒီမှာရပ်နေ"

ချိုးလေးကူတို့ ရပ်လိုက်ကြရသည်။ ကျောင်း
မှာ ဘုန်းကြီးတစ်ပါး။ ကျောင်းဆောင်အဖီလေးမှာ အဘိုးကြီး
ယောက်။

"မင်းသားက သူ့ကို ကပ္ပိယခေါ်လို့ စိတ်ဆိုးသေး
လေ"

"ကပ္ပိယက ဟိုအဘိုးကြီး ဖြစ်မှာပေါ့"

"သူက ကပ္ပိယသားလား မသိဘူး"

"နယ်ကနေ လာမှီခိုနေတာလည်း ဖြစ်နိုင်တာပဲ၊ သူ့
နဲ့ သူလာရင်း ဘုန်းကြီးကျောင်းမှာ ကပ်နေတာမျိုး
"မသိပါဘူး၊ သူ့ဟာသူ ဘာဖြစ်ဖြစ်"

နီးကြားက ကျောင်းပေါ်က ပြန်ဆင်းလာပါသည်
လက်ထဲမှာပါလာတဲ့ စာရွက်ဖြူဖြူလေးတွေကို ချိုးလေးကူ
အငမ်းမရ ကြည့်မိသည်။



"ရော့"

"ဟို ... ဟို ... ရှင် တကယ်ပဲ သုံးရွက်တည်း ပေးမှာ
လား"

"ဒါ သဘောတူပြီးသားလေ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ..."

"ပြောပြီးသားစကား လာမပြင်နဲ့၊ ကဲ ... ပြန်တော့"

နီးကြားက ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွား
တာမို့ ...

"ဒီမှာ"

ဝင်းမြစိမ်း ပြောသလို အချိုသတ်ပေါင်းမလားရယ်
လို့ စိတ်ကိုလျှော့လျှော့လေးထားပြီး စကားလေး ပြေပြေပြစ်ပြစ်
ပြောကြည့်တဲ့ ချိုးလေးကူဟာ ခပ်ပြတ်ပြတ်သာ ပြန်ဆက်ဆံခံရ
တာမို့ ဒေါပြန်ပွလာကာ အသံကပြန်ပြီးဆောင့်အောင့်ထွက်လာ
သည်။ နီးကြားက ရပ်တန့်လှည့်ကြည့်ကာ ...

"ဘာလဲ"

"ရှင် ဒီလိုပဲ တကယ်လုပ်သွားတော့မှာလား"

"ဒါ သဘောတူထားကြပြီးသားလေ"

"ကျွန်မ သုံးလံစောင့်ဖို့ စိတ်မရှည်ဘူး"

"ဒါဖြင့်လည်း အသစ်ပြန်ရေးလိုက်"

"ရှင် ... ရှင် မလွယ်မှန်းသိလို့ မဖြစ်နိုင်မှန်းသိလို့ တမင်
ပေါ့ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … ခင်ဗျား ဘာဖြစ်လို့ အလကားနေရင်း
ကုန်ခံနေတာလဲ"

"ကျွန်မ တစ်မျိုးပြောင်းညိုကြည့်ချင်တယ်"

"မညိုနဲ့ဗျာ"

"ရှင် ဘယ်လိုလုစားလဲ၊ ကတ်သီးကတ်သတ်နဲ့"

နီးကြားသည် စိတ်ထဲမှာ ရယ်ချင်စိတ်တွေ တ
လိပ်ပေါက်ဖွားလာတာကို မျက်နှာပေါ်မထင်ဟပ်အောင် မ
အောင့်ကြိတ်ထားရင်း …

"ကဲ … ပြောဗျာ၊ ပြော … ပြော … မြန်မြန်ပြော"

"ရှင် ဒီနေ့ ထမင်းစားနေတာ တွေ့တယ်၊ ပဲပင်ပေါ
ကြော်နဲ့၊ ဘာမှလဲ ဖွယ်ဖွယ်ရာရာ မရှိဘူး"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ဒီလိုလုပ်ပါလား။ တစ်နပ်သုံးရာတန်စားမယ့်အစား
နပ်ကို တစ်ထောင်လောက်တန်တာလေး ကောင်းကော
မွန်မွန် ဖွယ်ဖွယ်ရာရာ စားပါ၊ စာရွက်တွေကိုလည်း
လနဲ့အပြီးအပြတ် ပြန်အပ်လိုက်ပေါ့၊ ကျွန်မအဖို့ဆို
တစ်ရက်နှစ်ထောင်နဲ့ တစ်လခြောက်သောင်းဆိုတော့
တောင်ကုန်ပါသေးတယ်၊ ရှင်လည်း ဖွယ်ဖွယ်ရာရာ
စားရ၊ ကျွန်မလည်း တစ်လနဲ့ပြန်ရ"



နီးကြားက ခပ်တွေ့တွေ့လေး တစ်ချက်ပြုံးလိုက်ပါ
သည်။

နဖူးပြင်ပေါ် ဆံပင်နွေယိုင်ယိုင်လေးတွေ ဖရိုဖရဲဝဲ
နေတဲ့ နီးကြား မျက်နှာဟာ အသားအရေ ဖြူဝင်းဝင်း မျက်ခုံး
မျက်လုံး စိမ်းမှောင်မှောင်တို့နှင့် နှုတ်ခမ်းပုံသဏ္ဌာန်က လေးကိုင်း
ညို ကွေးတွန့်တွန့်နှင့် မဆိုတရို့သဏ္ဌာန်ရှိသည်။ အဖြူရောင်တီ
ရှပ်နှင့် နက်ပြာရင့်ပုဆိုးတစ်ထည် ဝတ်ထားရုံနှင့် သူ့ပုံသဏ္ဌာန်
က လင်းထွက်နေကာ ပေါ်လွင်နေတာ။

မှုန်ကုပ်ကုပ် မှိန်တုတ်တုတ်နှင့် မပေါ်မလွင်ပျောက်
နေတဲ့ ရုပ်ဆင်းသဏ္ဌာန်မျိုး။ အဲဒီရုပ်ရည်နှင့် မှုန်တေတေလုပ်
နေတာကိုက တစ်မျိုးကြည့်ကောင်းလှပြီ။ ခုလိုခပ်တွေ့တွေ့လေး
ပြုံးလိုက်တော့ ချိုးလေးကူနှင့် ဝင်းမြစိမ်းမှာ အမှတ်တမဲ့ သတိ
ထက်လွတ် တငေးတမော ဖြစ်သွားကြရပါသည်။

"ကျွန်တော် ဖွယ်ဖွယ်ရာရာလည်း မစားချင်ပါဘူး၊ လိုလည်း
မလိုပါဘူး။ ဒါပေမဲ့ ခင်ဗျားက စေတနာတွေ သိပ်ပိုနေလို့
တစ်ထောင်တန်ဆိုင် စားပါဆိုရင်တော့ ငြင်းစရာမလိုဘူး
ထင်ပါတယ်၊ စာရွက်တွေကတော့ သုံးလက သုံးလပဲ၊
တစ်နေ့သုံးရွက်ပဲ၊ ကျုပ်က ဒီထက်ပိုပေးမှာ မဟုတ်ဘူး"

"ရှင် သိပ်ကတ်တဲ့လူ"

"ကတ်တယ်ဆိုလည်း ကတ်တယ်ပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင် သုံးလအတွင်း ထမင်းစားစရာ အလုပ် မရှိ အကိုင်မရှိ ဘိုင်ပြတ်ပြီး ငတ်နေတာမို့လို့လား၊ ဟုတ် လား"

"ဟဲ့"

ဝင်းမြစိမ်းက ချိုးလေးကူကို တံတောင်ဆစ်နှင့် တစ်ချက် ဘောတိုက်တွက်လိုက်ပါသည်။ ဒါကို နိုးကြားကမြင် ပြီး ပှမ်းကြည့်တာမို့ ဝင်းမြစိမ်းက သွားဖြဲလေးနှင့် မျက်နှာချို သွေး ပြုံးပြလိုက်ပါသည်။

"ခင်ဗျား ဦးနှောက်ပြေးသားပဲ၊ အင်းလေ ... သီးစစ်စ်ရေး နေတယ်ဆိုတော့ အမ်ဒဲ့ခက်စ်စီတောင် တက်နေတဲ့ဦးနှောက် ပဲဟာ၊ ပြေးပြီပေါ့၊ ဟုတ်တယ်ဗျ၊ ကျုပ်ကိုသုံးလတိတိ ထမင်းကျွေးထားဖို့ ဟာကာလိုတယ်၊ ခင်ဗျားက ဘယ် လောက်ကောင်းတာကြီးကျွေးကျွေး ဟိုတယ်ပဲ တက်ကျွေး ကျွေး၊ တစ်လပဲ ကျွေးမယ်ဆိုရင် နောက်ထပ်နှစ်လအတွက် အခက်အခဲ ရှိတယ် ...

ခင်ဗျားအတွက် ပိုကုန်ကုန် လျော့ကုန်ကုန် ကျုပ် အတွက်က သုံးလထမင်းစားရဖို့ ပိုအရေးကြီးတယ်၊ သုံး လတောင်မှ တောင်းဆိုရတာဆိုတော့ ကျွေးရမွေးရမယ့်သူ မျက်နှာကိုလည်း ထောက်ရမှာပေါ့ဗျာ၊ မျက်နှာပျက်လောက် အောင် စေတနာကွက်လောက်အောင် အကောင်းစားတွေ စားနေဝါးနေလို့ ဘယ်ဖြစ်ပါ့မလဲ ...





ပဲပင်ပေါက်ကြော်နဲ့ စားလည်း ဗိုက်ပြည့်တာပဲ၊ ထမင်းစားတယ် ဆိုတာလည်း ကျုပ်အတွက်တော့ အသက် ဆက်ဖို့ အသက်ရှင်သန်ဖို့ လိုအပ်လို့ အဟာရဖြည့်ပေးတဲ့ သဘောပါပဲဗျာ"

ချိုးလေးကူသည် အေးအေးချမ်းချမ်း ပြုံးမဲ့မဲ့လေး ပြောနေတဲ့ နိုးကြားကို မျက်စောင်းရွယ်ရင်း ...

"ရှင့်အသက်က ဒီသုံးလပြီးရင် ရှင်ဖို့ မလိုအပ်တော့လို့ လား"

"အဟားဟား"

နိုးကြားရဲ့ ခေါင်းမော့ လှန်ရယ်လိုက်ပုံကို ချိုးလေး နှင့် ဝင်းမြစိမ်း ငေးမောသွားရပြန်ပါသည်။

"သုံးလကျော်ရင်တော့ တခြားအစီအစဉ်တစ်ခု ရှိပါတယ်"

"အဲဒီအစီအစဉ်က အခုမရှိဘူးလား"

"မရှိဘူးဗျ"

"ရှင့်ကို ပိုက်ဆံတစ်ချီတည်း ပုံပေးဖို့ကျတော့လည်း ရှင် က လက်မခံဘူး၊ ဒီတော့ ရှင် ငွေယူမထားချင်ရင်လည်း မယူနဲ့၊ ကျွန်မ သုံးလအထိ ထမင်းကျွေးသွားမယ်၊ စာရွက် တွေကိုတော့ အားလုံး အရင်ပြန်ပေးလိုက်လို့ မဖြစ်ဘူးလား"

"အာ ... ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲဗျာ၊ ဘာကိုမှ ဘယ်သူ့ ကိုမှ ကျွန်တော် အယုံအကြည် မရှိဘူး၊ ခင်ဗျား စိတ်ဆိုး ချင်လည်းဆိုး"



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ရှင် ဘာဖြစ်လို့ သုံးလ ထမင်းစားဖို့ ခက်နေတာလဲ"

"... ... ..."

"ဆိုလိုတာက ရှင် အလုပ်မရှိဘူးလား၊ ဘာမှမလုပ်ဘူးလား"

နီးကြားက ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"လခရတာကို အလုပ်လို့ ခေါ်ရင်တော့ ကျွန်တော် ဘာအလုပ်မှ မလုပ်ဖူးဘူး"

"လခမရတာ ဘာလုပ်လဲ"

"ခင်ဗျား အခံတော်စပ်စုတာပါလား"

"ဟုတ်တယ်ရှင်၊ စပ်စုတယ်၊ ရှင် ဖြေနိုင်ရင်ဖြေ မဖြေနိုင်ရင်နေ"

နီးကြားက သက်ပြင်းတစ်ချက်ချကာ ...

"ကျွန်တော် ပန်းချီဆွဲတယ်"

"ပန်းချီကားတွေကို ရောင်းတယ်ပေါ့ ! အဲသလိုလား"

"တစ်ခါတစ်ရံတော့ ရောင်းရတာပေါ့လေ"

"အခုရော ပန်းချီဆွဲပြီး ရောင်းလို့မရလို့လား"

"ခင်ဗျား စကားပြောပုံက ကန်စွန်းရွက်သည်လိုလို ငရုတ်သီးမှုန့်သည်လိုလို ဖြစ်နေတယ်၊ အရောင်းအဝယ်နဲ့ အနုပညာကို အဲသလို တွဲစပ်ပြီးပြောတော့ ဘယ်နားထောင်ကောင်းမလဲ၊ ပန်းချီကား ဆိုတာကလည်း ဈေးထဲမှာ



ပုံပြီး ခင်းပြီး ရောင်းလို့ရတာမှ မဟုတ်ဘဲ၊ ခုလောလောဆယ်လည်း ကျွန်တော် မဆွဲဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်မပါလို့ ခံစားမရလို့"

"ဒါဖြင့် ရှင့်ရဲ့ခုချိန်ထိ ဘဝရပ်တည်လာမှုကို ဘယ်သူတာဝန်ယူထားခဲ့တာလဲ"

"ကျွန်တော့်အမေပေါ့ဗျာ"

"အခုရော"

"ခင်ဗျား တော်တော် အမေးထူတယ်၊ အိမ်ကနေတောင် ကြိုစဉ်းစားလာသလား မသိပါဘူး၊ ကျွန်တော့်အကြောင်းကို တော်တော်စိတ်ဝင်စားသလား"

"ဒါပေါ့ရှင် ကိုယ်သုံးလထမင်းကျွေးရမယ့် လူတစ်ယောက်အကြောင်းကို စိတ်ဝင်စားသင့်တာပေါ့"

"ကျွတ်"

"ရှင့်အသက်အရွယ်က ကျွန်မတို့နဲ့ မတိမ်းမယိမ်းလောက်ပဲ ရှိမှာပါ၊ ကြီးလည်းတစ်နှစ် ငယ်လှတစ်နှစ်ပေါ့၊ ကျွန်မကိုလည်း ခုချိန်ထိ မိဘကကျွေးမွေးထောက်ပံ့ဆဲပါ၊ ကျွန်မက မိန်းကလေးဖြစ်တာတစ်ချက်၊ ကျောင်းဆက်တက်နေဖြစ်သေးတာတစ်ချက်၊ ဒါကြောင့် မိဘကျွေးတာစားနေရတုန်း၊ ရှင်ကရော"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အမေကျွေးတာစားတုန်း၊ ထမင်းပေါ့ဗျာ၊ ကိုယ့်အသုံးစရိတ်တော့ ကိုယ်ကြံဖန်ရှာဖွေတာပေါ့၊ အခု အမေ့အရိပ်အာဝါသက ကျွန်တော် ထွက်လာတာ၊ ဒါကြောင့် အမေ့ထမင်း ပြန်စားလို့မရတော့ဘူး"

"ရှင့်ဟာရှင် ရှာမစားနိုင်သေးရင် ဘာဖြစ်လို့ အမေ့အရိပ်အာဝါသက ထွက်လာတာလဲ"

"အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့်လို့ပဲ ရောချပြီး ဖြေရမှာပဲ၊ ကျွန်တော့်မှာ ခိုင်လုံတဲ့အကြောင်းပြချက်ရှိပါတယ်၊ အကြောင်းပြချက်တွေကို အနှစ်ချုပ်ပြီး အတိုဆုံးပြောရရင် အမေ့ကို ဒုက္ခမပေးချင်တာပါ"

ဒီစကားပြောရင်း အံနည်းငယ် နွမ်းလျှသွားသော နီးကြားရဲ့ ရုပ်သွင်ကို ချိုးလေးကူက အကဲခတ်နေမိပါသည်။ ကိုယ့်အကြောင်းနဲ့ကိုယ်မို့သာ သူ့ကို အမြင်ကတ် ခေါ်သဖြစ်ရပေမယ့် ဒီလူဟာ သူ့ဟာနဲ့သူ နဂိုအခံကတော့ မုန်းစရာလူတစ်ယောက် မဟုတ်နိုင်ပါ။ သူ ထမင်းရှာမစားနိုင်သေးတာကိုလည်း မရှက်မကြောက် ကြေညာနေလိုက်သေး။

တကယ်ဆို သူ့အသက်အရွယ်နဲ့ လုပ်မယ်ဆို အလုပ်တွေပြည့်လို့ပေါ့။ အလုပ်သာမရွေးဘူးဆိုရင် ပညာနဲ့လုပ်စားမနေဘူးဆိုရင် လက်ဖက်ရည်ဆိုင် စားပွဲထိုးတို့ ဘာတို့ ဆိုင်ဝန်ထမ်းအလုပ်မျိုး ဆိုတာကတော့ ပညာမတတ်လှတဲ့ ယောကျ်ားလေး





တစ်ယောက်အဖို့တောင် ရဖို့မခဲယဉ်းလှတဲ့ အလုပ်မျိုးတွေပါ။ ညစောင့်တို့ လုံခြုံရေးတို့။ ဘာအလုပ်မဆို လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးရှိရင် အလုပ်လက်မဲ့ ဖြစ်နေစရာ ဘာအကြောင်းမှမရှိပါဘူး။ သူလို ခြိုးခြိုးခြံခြံ စားနိုင်ပုံနဲ့ တစ်နေ့စားစရိတ် ခြောက်ရာဆိုတာ ဘယ်လိုရှာရှာ လောက်ငနိုင်ပါသည်။

သူ့ရုပ်သူ့ရည်ဟာလည်း အပျင်းအဖျင်းပုံစံ မပေါက်လှပါဘူး။ ဉာဏ်အမြော်အမြင်ရှိတဲ့ ရုပ်ရည်ပါ။ ခြုံငုံကောက်ချက်ချရရင်တော့ ဒီလူဟာ စိတ်ဓာတ်ကျစရာ အဖြစ်အပျက် အခြေအနေတစ်ခုကို ကြုံရပြီး စိတ်ပျက် စိတ်လေနေတဲ့ သဏ္ဌာန်ကို ဆောင်နေသည်။ လောလောဆယ် သုံးလလောက်အတွင်းတော့ စိတ်ကို လွှတ်ထားပြီး ခပ်လေလေ ခပ်ပေါ့ပေါ့ နေဦးမည့်သဘောပဲလား။

မပြေလည်မှု တစ်ခုခု ရှိကိုရှိလိမ့်မည် ဖြစ်သော နီးကြားကို အမြင်ကတ်တဲ့စိတ်တွေ ဖွတ်မိုတ်မျိုချရင်း ချိုးလေးကူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ကဲ ... ပြီးရော၊ နက်ဖြန် ဒီအချိန်လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရာဇာ"

ပုလဲသီက အပေါ်ထပ် လှေကားထိပ်မှ ကုန်းအော်လိုက်ပါသည်။

"ရာဇာ ... ထမင်းစားမယ်"

"လာမယ်၊ စောင့်ဦး"

"မစောင့်နိုင်တော့ဘူး၊ နင့်ကို စောင့်နေကြရတာ အူလိမ်နေပြီ၊ ဟင်းချန်ထားမယ်၊ နင့်ဟာနင် နောက်မှစားတော့"

"နေပါဦးဆို၊ ဟင်းချန်ထားရင် မကောင်းတဲ့ အတုံးတွေချည်း ချန်ထားတာ၊ ခုပဲ လာမယ်၊ စောင့်နေ"

ထမင်းစားပွဲမှာ အသင့်ခူးထားပြီးသော ထမင်းပန်းကန်တွေ ရှေ့ချလျက် ရာဇာ့ကို စောင့်နေရတဲ့ ချိုးလေးကူနှင့် ဝင်းမြစိမ်းတို့ မျက်နှာတွေမှာ စူပုပ်နေပြီးလျှင် ...





"ယောကျ်ားလေး သူတစ်ယောက်တည်းဖြစ်ပြီး သိပ်ဗိုလ်ကျတယ်၊ သိပ်တစ်ကိုယ်ကောင်းဆန်တာပဲ"

"အေးလေ ... သူ့ပဲ မ,နေရတယ်၊ သူ့သဘောချည်းပဲ၊ အဲဒါ နင် သည်းညည်းခံလွန်းလို့ မိသီ၊ အကျင့်ကပျက်နေပြီ"

"မွေးကတည်းက စွဲလာတာဆိုတော့ အကျင့်ပျက်ကြီးကို ခုမှတော့ မပြင်တတ်တော့ဘူးဟေ့၊ နင်တို့ဆာရင်စားသာစား၊ အလကား၊ စောင့်မနေနဲ့"

"နင်ရော"

"ငါတော့ စောင့်လိုက်ရတော့မှာပေါ့ဟယ်၊ တော်ကြာရင် ငါ့ကိုကျ သူက ရန်လုပ်မှာ"

"ငါတို့လည်း တူတူမှပဲ စားပါတော့မယ်ဟာ"

ရာဇာညီနှင့် ပုလဲသီသည် အမြွှာမောင်နှမဖြစ်ပါသည်။ အမြွှာသာဆိုပေမယ့် ရုပ်ချင်းလည်း တစ်စက်မှမတူ၊ စိတ်ချင်းလည်း တစ်စက်မှမတူ။ ပုလဲသီက စိတ်ကောင်း သဘောကောင်း ရှိသလောက် သူ့မောင် ရာဇာညီက အလွန်တစ်ကိုယ်ကောင်း ဆန်လှပါသည်။

ချိုးလေးကူ၊ ဝင်းမြစိမ်း၊၊ ပုလဲသီတို့ဟာ တနသ်ာရီတိုင်းက မြို့ကြီးတစ်မြို့မှာ ဇာတိချက်မြှုပ် ဖြစ်ခဲ့ကြပေမယ့် တစ်



www.burmeseclassic.com

www.burmeseclassic.com



မြို့တည်းနေကြတုန်းက မရင်းနှီးခဲ့ကြပေ။ တက္ကသိုလ်လာတက်ရင်း [illegible] ခင်ခင်သွားကြတဲ့ မေကျာတူသူငယ်ချင်းတစ်စု ဖြစ်ပါသည်။ တစ်နှစ်ကတည်းက အဆောင်တူတူ ရှာဖွေငှားပြီး နေကြတာ။ အဲဒီနှစ် မကုန်ခင်ပင် ဒီတိုက်ခန်းပိုင်ရှင်ဖြစ်တဲ့ ချိုးလေးကူရဲ့အစ်မတစ်ဝမ်းကွဲက သူ့ယောက်ျားနှင့် စင်ကာပူကို လိုက်ပါသွားရမှာမို့ ဒီတိုက်ခန်းနှစ်လွှာကို ငှားရစ်ခဲ့မည်စီစဉ်ရာ သူတို့အုပ်စုက ငှားထားလိုက်တာပင်။

ညီအစ်မတစ်ဝမ်းကွဲမို့ အစ်မကလည်းစိတ်ချ၊ ချိုးလေးကူတို့ကလည်း အစ်မလျှော့ပေးတဲ့ဈေးနဲ့ နှစ်လွှာလုံး နေနိုင်တာကို သဘောကျ။ အဲဒီအခါ အဆောင်မှာပင် နေနေတဲ့ ပုလဲသီရဲ့မောင် ရာဇာညီကိုပါ သူတို့မိဘတွေက အတူလာပေါင်းနေစေလိုသည်။ မြို့မှာ မိဘချင်း ကမ်းလှမ်းပြောဆို သဘောတူလိုက်ကြတဲ့အတွက် ရာဇာညီပါ ဒီကိုရောက်လာတာ။

အိမ်ငှားခကို လေးနဲ့စား၊ ပုလဲသီနှင့် ရာဇာညီက နှစ်ပုံ၊ ချိုးလေးကူ တစ်ပုံ၊ ဝင်းမြစိမ်း တစ်ပုံ။ စားစရိတ်ကိုလည်း ထည့်။ ယောက်ျားလေးက ရာဇာတစ်ယောက်တည်းမို့ ရာဇာကို အောက်ထပ်မှာ သီးသန့်နေစေလိုက်ပါသည်။ အပေါ်မှာ မိန်းကလေးသုံးယောက် အိပ်တဲ့အပြင် ချက်တော့လည်း အပေါ်မီးဖိုမှာ၊ စားတော့လည်း အပေါ်ထမင်းစားခန်းမှာ။





ရာဇာက အောက်ထပ်မှာ ရှုပ်ရှုပ်ပွေပွေ ပေပေရေရေ လာမချက်နဲ့လို့ ရာဇာသံပစ်ထားသည်။ ချိုးလေးကူတို့က မကျေနပ်လှပေမယ့် ပုလဲသီကို ချစ်ခင်တော့ ဘာမှမပြောတော့ပါ။ တစ်ခါတစ်ရံတော့ အောက်ထပ်ဧည့်ခန်းကို သူတို့ပါ ဆင်းသုံးသည်။

ရာဇာက ဆေးတက္ကသိုလ်ကျောင်းသား။ ချိုးလေးကူက ကျောင်းပြီးတော့ အမ်မ်အက်စ်စီ ဆက်တက်ခွင့်ရသည်။ ဝင်းမြစိမ်းကလည်း မပြန်ချင်တော့ တရုတ်စာတို့ ကွန်ပျူတာတို့ ဒီဇိုင်နာသင်တန်းတို့ ဟိုတက်ဒီတက် ရှာကြံတက်နေသူ။ ပုလဲသီကိုတော့ သူ့မိဘကကို ပြန်မလာခိုင်းတာ။ သူတို့သားငယ်အဆိုး ရာဇာ့ကို ချက်ပြုတ်ကျွေးဖို့ လူမရှိလို့ မဖြစ်ရာ တစ်ရက်တည်းမွေးပြီး အစ်မဖြစ်နေရတဲ့ ပုလဲသီက အနွံတာခံ အပင်ပန်းခံကာ မောင်အတွက် ဆက်နေရပါသည်။

ပုလဲသီကလည်း ရန်ကုန်မှာ ချိုးလေးကူတို့ ဝင်းမြစိမ်းတို့နှင့် အတူဆက်နေရတာကို ပျော်ပါသည်။ အားလပ်နေတာမို့ ဝင်းမြစိမ်း အဖော်ရအောင် ဒီဇိုင်နာသင်တန်းကို အတူလိုက်တက်နေပါသည်။ ဒီဇိုင်နာသင်တန်းနေ့ ဆိုရင် သူတို့နှစ်ယောက် အတူသွားကြသည်။ ကျန်ရက်တွေမှာတော့ ဝင်းမြစိမ်းက သူ့ရဲ့ တခြားသင်တန်းတွေတက်။ ပုလဲသီက အိမ်မှာနေ၊ ဈေးဝယ်၊ ချက်ပြုတ်။



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူက သီးစစ်စ်လုပ်နေတာ ပြီးသလောက် နီ-နီ-ရှိုးရှိုး ကျောင်းကိုသွားတဲ့ရက်သွား၊ နားတဲ့ရက်နား။ အားလုံးအား ပြည့်နဲ့ချောင်လည်တဲ့ မိဘတွေက ဆင်းသက်လာသော ကလေးတွေပီပီ လိုသလောက်ပိုက်ဆံ မြို့ကိုမှာရုံပင်။ မိဘကလည်း မှာလိုက်လျှင် မပို့မရှိ။ စက်လှေပိုင်၊ လုပ်ငန်းပိုင်၊ စီးပွားရေးသမားတွေ။ ငွေအတွက် ပူရပင်ရတယ်ရယ်လို့ မရှိကြပါ။

"ဘာဟင်းလဲ"

"ပုစွန်ငါးဆုပ်"

"နင် ရေထဲက တက်ဦးမှာလား မိသီ"

အောက်ကတက်လာပြီး မေးလိုက်တဲ့ ရာဇာက ဟင်းကို နှာခေါင်းရှုံ့သည်။

"အောင်မာ ... ပုစွန်ငါးဆုပ် လုပ်ရတာ ဘယ်လောက် လက်ဝင်တယ် ထင်လဲ"

"ဒါဖြင့် ဘာလို့လုပ်သေးလဲ"

"အဆန်းတကြယ် စားရအောင်ပေါ့ဟဲ့၊ ကြက် ဝက် ငါး ပုစွန် ဒါပဲရှိတာ"

"ဆိတ်သားရှိသေးတယ်"

"ဆိတ်သားကို မိကူ မကြိုက်ဘူး၊ ညှီလို့တဲ့"

"မိကူ မကြိုက်တာနဲ့ ငါတို့ကပါ မစားရတော့ဘူးပေါ့၊ ငါလည်း Sea food မကြိုက်ဘူး"





ချိုလေးကူက ထမင်းဝိုင်းကို ဝင်တာနှင့် ရစ်နေသော ရာဇာကို မျက်စောင်းရွယ်လိုက်ပါသည်။ အမြင်ကိုကတ်တယ်။

"ဆိတ်သားချက်ပေးလိုက်စမ်းပါ မိသီရယ်၊ အဲဒီနေ့ ငါ ကြက်ဥကြော်နဲ့ စားပါ့မယ်၊ နင့်မောင်က ပေါရိသာဒ လက်သစ်၊ အသားစားကျူးတယ်"

"အောင်မာ၊ ရေထဲကဟာစားလည်း အသားပါပဲ၊ နင်တို့လည်း သားစားကျူးတာပဲ"

"ငါပြောတာက သားကြီး ငါးကြီးကို ပြောတာ"

"ဘာမှမဆိုင်ဘူး၊ ပုစွန်လည်း အသားပဲ၊ သက်သတ်မလွတ်ဘူး၊ ရေထဲကဟာတွေ နင်တို့ကကြိုက်တယ်၊ ကုန်းပေါ်က ဟာတွေ ငါကကြိုက်တယ်၊ ဒါပဲကွာတယ်"

"Sea food စားတာ ခေတ်မီတယ်"

"ဘာမှမဆိုင်ဘူး"

"အသီးအရွက်စားတာ ပိုခေတ်မီတယ်ဖေ့"

"ဒါဖြင့် နင် အသီးအရွက်ပဲစား မိစိမ်း"

ရာဇာတစ်ယောက်တည်း ကျန်သုံးယောက်ကို ဒိုင်ခံ ရန်ကျင်ဘက် ပြောနေတာပင်။

"ငါတော့ အသားမပါဘဲ ထမင်းမစားတတ်ဘူး၊ စားတတ်တဲ့လူစား"

ဝင်းမြစိမ်းက ရုတ်တရက် သတိရသွားသလို ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ _ ဝိုးသိ၊ ဒီနေ့လေ သိလား၊ ဟိုတစ်ယောက် ထ

စားတာ ခဝဲသီးဟင်းနဲ့ သိလား"

"ဟုတ်လား"

ရာဇာနှင့် စကားနိုင်လုပြောနေတာမို့ ခပ်တင်းတ

လေးရှိနေတဲ့ ချိုးလေးကူ မျက်နှာဟာ ဝင်းမြစိမ်း စကားကြေ

ညိုသွားကာ ခေါင်းပါငုံ့ကျသွားပါသည်။ ကိုယ်မသထားဘဲ

နေခဲ့ရတာဖြစ်တဲ့တိုင် ဒီလူ ဒီလိုချည်းပဲ စားသောက်နေတာ

တစ်နေ့ထက်တစ်နေ့ ရင်ထဲမကောင်းသလို ဖြစ်လာနေခဲ့ပါသည်

"အဲဒီတစ်ယောက်လည်း ကိုယ်ခန္ဓာထဲမှာ ဘာပရိုတိန်း

ရှိမှာမဟုတ်ဘူး၊ ဒုက္ခပဲ"

"ဘယ်တစ်ယောက်လဲ"

ရာဇာက ဝင်မေးလိုက်တာပင်။

ရာဇာက ယောကျ်ားလေးတစ်ယောက်မို့ နီးကြ

ကိစ္စကို သူတို့အသိပေးမထားပါ။ ဟိုကလည်း ဂျစ်ကန်ကန်

ရာဇာကလည်း ပေကတ်ကတ်ရယ်။ ချိုးလေးကူ ကိုယ်တိုင်

မကျေမချမ်း အင်တင်တင်နဲ့ လိုက်လျောခဲ့ရတဲ့ကိစ္စကို ရာဇာ

လည်း မကျေနပ်တာမျိုး ရှိနိုင်ကာ ပြဿနာတွေ ဘာတွေ ဖြ

ချင်ဖြစ်လာနိုင်တာကို စဉ်းစားမိ၍ အစကစပြီး ဘာတစ်လုံး

ပြောမထားပါ။

"ငါ့အသိ"





"နင့်ဘဲလား မိစိမ်း"

"ကျွတ် ... ဘယ်ကငါ့ဘဲရမှာလဲ၊ အသိပါဆို"

"နင်က ငါ့အသိ ဘာညာနဲ့ လျှို့ဝှက်သလိုလို လျှိုသလိုလို

လုပ်နေတော့ နင့်ဘဲလို့ ထင်တာပေါ့"

"ဘာမှမဆိုင်ဘူး"

"နင့်ဘဲက ဒါဆို vegetarian ပေါ့"

"ရာဇာနော်"

"ကိုယ်ထဲမှာ ပရိုတိန်း မရှိဘူးဆို"

"ဟုတ်တယ်၊ သူက အသားမစားဘူး"

"ခပ်မွဲမွဲ ထင်တယ်"

ဘာတိုမဆို ဆေဖန်ပြစ်တင်ကာ မကောင်းတဲ့ဘက်

ပြောဆိုလေ့ရှိသော ရာဇာသည် ခုလည်းပဲ ပီသလေးနှင့်ဘေး

ပြောလိုက်တဲ့စကားက ကွက်တိ ထိမှန်နေ၍ ချိုးလေးကူ

နှာကလေး ပျက်သွားပါသည်။

"နင် သူများတကာကို ဒီလိုနှိမ်မပြောပါနဲ့ ရာဇာရယ်"

ချိုးလေးကူ စကားကြောင့် ဝင်းမြစိမ်းနှင့် ပုလဲသီ

ချိုးလေးကူဘက် ငဲ့ကြည့်ကြပါသည်။

"ဟုတ်တယ် သူက မွဲတယ်၊ ဒါကြောင့် သူနဲ့ တန်ရာတန်

ရာ သတ်မှတ်ပြီး အသီးအရွက်နဲ့ပဲ ထမင်းစားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိကုဘဲလား၊ မိစိမ်းဘဲလား၊ နှစ်ယောက်လုံးနဲ့ သိနေပါလား"

"နှင့်အစ်မနဲ့လည်း သိတာပဲ၊ ဘယ်သူ့ဘဲမှ မဟုတ်ဘူး၊ ရှိုးရိုးအသိ၊ နင် လျှောက်ပြောမနေနဲ့"

"နင်တို့သုံးယောက်စလုံး လူမွဲတစ်ယောက်နဲ့ ခင်နေတာပေါ့ ဟုတ်လား၊ နင်တို့ပုံစံတွေနဲ့ ဒီလူမွဲနဲ့ ဘယ်နားသွားတွေ့ ခင်လာကြလဲ၊ အံ့ဩစရာကြီး ... ဟား ဟား"

ချိုးလေးကူက ရာဇာ့ကို မျက်စောင်းထိုးရင်း ထမင်းပိုင်းက ထ,လိုက်သည်။

"နင် ပြီးပြီလား မိကူ"

"ပြီးပြီ"

"မိစိမ်းလည်း ထမင်းကုန်နေပြီ၊ ဒါဆို ငါ ဒီငါးဆုပ်တုံး ယူလိုက်ပြီ၊ အဲဒီ မိသီဟာ ငါးဆုပ်ကို ဆယ်တုံးချက်ထားတယ်၊ ရှစ်တုံးမဟုတ်ရင် ဆယ့်နှစ်တုံးချက်ပေါ့၊ ဒါမှအစေ့တည့်မှာပေါ့၊ ခုတော့ မျက်နှာတွေ ကြည့်နေရတယ်"

"ဘယ်လိုချက်ချက်လေ၊ ခုလည်း ပိုတဲ့နှစ်တုံး နင်စားတာပဲ မဟုတ်လား၊ တိတိကျကျ ချက်ထားရင် နင် သူများထက် ပိုမစားရမှာစိုးလို့ တမင်တကာ အတုံးပိုချက်ထားတာပါ ရှင်ဘုရင်ရေ၊ ဒီတော့မှ နင် ကျေနပ်တာ မဟုတ်လား"

"ပိုတာ ငါ့ဖို့ဆိုရင် ပြီးတာပဲ"





"ခုနကတော့ ရေထဲက မတက်လို့ဆို၊ Sea food မကြိုက်ဘူးဆို"

"ဒါပဲရှိတော့လည်း ဒါပဲပေါ့"

ဟင်းပိုစားရ၍ ရာဇာ့မျက်နှာက ကြည်ကြည်သာသာရှိပါသည်။ သူများထက် ပိုမရလျှင် မကျေနပ်တာ ရာဇာ့အကျင့်။ အရာရာမှာ ဓိဇာကလည်းကြောင်သည်။ ဓိဇာကြောင်ပေမယ့် ကိုယ်တိုင်တော့ ဘာမှမလုပ်။ အစ်မအားကိုးနှင့် အခွင့်ထူးခံသည်။ မိသီဟာ သူ့အတွက် ကလေးထိန်း အိမ်ဖော်ကြီးလို ဖြစ်နေတော့တာပင်။

ယောက်ျားလေးတန်မယ့် ဟိုလိုဖြစ်ပြန်ပြီ၊ ဒီဟာ မဟုတ်သေးဘူးနှင့် ပစိပစပ်ကလည်း များလှသည်။ ဒီရွယ်တူ ယောက်ျားလေးတစ်ယောက်နှင့် အနီးကပ် အတူနေရလို့ထင်သည်။ ချိုးလေးကူတို့ သူငယ်ချင်းသုံးယောက်လုံး တစ်ကိုယ်ကောင်းဆန်တဲ့ ယောက်ျားဆိုတာတွေကို စိတ်ကုန်ကာ တစ်ယောက်မှကို ရည်းစားမရှိကြပါ။

နေ့စဉ်နဲ့အမျှ မြင်နေ တွေ့နေ ရင်ဆိုင်နေ မတည့်နေရသော ရာဇာ့ အချိုးအချိုတ်တွေကို စိတ်ကုန်ရလွန်းတာကြောင့် ယောက်ျားလေးတိုင်းဟာ ဒီလိုချည်းဖြစ်မှာပဲလို့ စိတ်ပျက်လက်ပျက် ဆင်ခြင်သုံးသပ်မိတာကြောင့် သုံးယောက်လုံးဟာ အပျိုကြီးဖြစ်လုနီးနီး။ ချက်ပြုတ်လျှော်ဖွပ်တင်မက မီးလုံးကျွမ်းတာ၊ ရေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ချင်တာ၊ ဘုံပိုင်ပျက်တာ၊ သောစင်ပေါက်မှာ ထမင်း[illegible] [illegible] သေဖြင့်သော ယောက်ျားလေး လုပ်သင့်တဲ့အလုပ်[illegible] [illegible] သူ ဝင်မလုပ်။

"မိသီ ... ဒီမှာ ဘုံပိုင်ပျက်နေပြီ"

"မိသီ ... ငါ့စားကြည့်စားပွဲပေါ်က မီးချောင်းလာလဲပေးစမ်း"

နိုင်းစရာ အစ်မရင်းက ရှိနေတော့ ချိုးလေးကူ[illegible] ဝင်းခြံစိမ်းကိုပါ အားနာနေဖို့ မလိုဘဲ အစ်မခေါင်းပဲတပ်ပြီး နိုင်း[illegible] လိုက်ရုံ။ ရာဇာ့ကိုက မွေးရာပါ ဗီဇစိတ်ကိုက တစ်ကိုယ်ကောင်း ဆန်တဲ့ သဘောရှိတာကြောင့်လည်း ပါသည်။ ကျောင်းမှာလည်း သူငယ်ချင်းတွေနှင့် တအားရင်းရင်းနှီးနှီး ပြေပြေလည်လည်မရှိ[illegible] သူ့ကိုဆို ယောက်ျားလေးချင်းပင် နှာခေါင်းရှုံ့ စိတ်ပျက်ချင်တာ ဖြစ်သည်။

"မိသီ ... ငါ့ရဲ့အောက်ထပ်က အိမ်သာကမှတ် နက်ဖြန် တိုက်ထားပေးဦး"

ချိုးလေးကူက နားကြားပြင်းကတ်ကာ ...

"နင့်ဟာနင် ရေချိုးတုန်း တစ်လက်စတည်း တိုက်ပါလား၊ နင့်မှာ လက်မပါလို့လား၊ နင် သုံးထားတဲ့ အိမ်သာခွက် အစ်မက လိုက်တိုက်ပေးရမှာလား၊ ရွံသာကိုနိတယ်"

"အာ ... ငါ့မှာစာကျက်စရာတွေ အများကြီး၊ စာမေးပွဲ ရှိတယ် မအားဘူး၊ နင့်ကို မတိုက်ခိုင်းပါဘူး မိအူရယ်"





"တောက် ... ရာဇာနော် ... ဘာမိအူလဲ"

"ချွေးကြီးအူလေ၊ တစ်ဆိတ်ရှိ အူနေတာပဲ၊ နင့်ကိုခိုင်းတာ လည်း မဟုတ်ဘဲနဲ့"

"နင် ရေသာခိုတစ်ကိုယ်ကောင်းဆန်လို့ စိတ်တိုလို့ပြော တာ၊ နင့်အစ်မကတော့ နင့်ကို ဘယ်တော့မှ ပြောမှာမ ဟုတ်ဘူး"

"နင့်လိုအစ်မမျိုး ရထားရင်တော့ သေပြီဆရာပဲ၊ နင် မနာလိုမရှိနဲ့၊ ငါ့မှာ ပင်ပင်ပန်းပန်း အလုပ်တွေ လုပ်ရမယ့် ဓာတာ မပါဘူးဟ၊ မွေးကတည်းက ငါ့ဝေယျာဝစ္စလုပ်ဖို့ မိသီကို ဘုရားက ထည့်ပေးလိုက်တာ ကြည့်ပေါ့"

ပြောပြောဆိုဆို ဆင်းသွားတဲ့ ရာဇာ့ကို အားလုံး မျက်စောင်းကိုယ်စီထိုးကာ ကျန်ခဲ့ကြပါသည်။

"အဲဒါ နင်ပဲ ဖျက်ဆီးထားတာ မိသီ"

"ထားလိုက်စမ်းပါဟာ၊ ရာဇာ့အကြောင်းကို၊ ဟို နီးကြားနဲ့ ဘာထူးသေးလဲ၊ သတင်းထူး မရှိဘူးလား မိကူ"

"သူက အင်္ဂလိပ်စာနဲ့ ဘွဲ့ရထားတယ်"

"ဟုတ်လား ... ! ဘွဲ့ရ ! ဟုတ်လား"

"ဟုတ်တယ်ဟ၊ အခု အဲဒီနားက ကလေး လေး,ငါး ယောက်ကို သူက စာပြနေတယ်၊ သချ်ာနဲ့ အင်္ဂလိပ်စာ သင်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ နင်တို့ တွေ့ခဲ့တာပေါ့"

"တွေ့ခဲ့တာတော့ မဟုတ်ဘူး၊ ငါတို့အိမ်မှာ အဝတ်လျှော်တဲ့ ဒေါ်မြိုင်ရဲ့ ကလေးလည်း ပါတယ်၊ ဒေါ်မြိုင်က အဲဒီနားပဲနေတာ၊ သူနဲ့ဆုံလို့ ပြောပြတာဟ"

"အဲဒီကရတဲ့ ကျူရှင်လခဝင်ငွေလေးတော့ ရှိတယ်ပေါ့နော်"

"ငါတောင် ဒေါ်မြိုင့်ကို အဲဒါ မေးကြည့်တာ၊ ကျူရှင်က မပေးရပါဘူးတဲ့၊ အလကား သင်ပေးတာတဲ့"

"ဟင် ... သူ့လည်း ပိုက်ဆံမရှိဘဲနဲ့နော်၊ ယူရင်ပြီးရော၊ နည်းနည်းပဲ ဖြစ်ဖြစ်ပေါ့၊ သူလည်း အဆင်ပြေတာပေါ့"

"ကလေးမိဘတွေက ပေးဖို့စီစဉ်ပေမယ့် သူက လုံးဝမယူဘူးတဲ့၊ ငါတောင် သူ့ကို တိုက်တွန်းကြည့်သေးတယ်၊ သူက ပြောတယ်၊ ဒီကျောင်းမှာ နေခွင့်ရလို့ ဘုန်းကြီးကို ကျေးဇူးဆပ်တဲ့ သဘောလည်း ပါတယ်တဲ့၊ ပိုက်ဆံမယူပါဘူးတဲ့၊ အပ်နှံမှု မကြီးတာတဲ့၊ လက်ဖက်ရည်ဆိုင်ရှင်ရဲ့ သားပါတော့ လက်ဖက်ရည် အလကားသောက်ရတယ်တဲ့၊ ဆိုက်ကားသမားရဲ့ကလေးပါတော့ သူ တစ်နေရာသွားချင်ရင် အဲဒီဆိုက်ကားက အလကားပို့တယ်တဲ့"

"ဟား ဟား ... ဟန်ကျနေတာပေါ့၊ ပျော်စရာကြီး"





ပုလဲသီကို သဘောတကျ ရယ်နေသလို ပြောနေတဲ့ ချိုးလေးကူကလည်း ပြုံးနေမိပါသည်။ ဆယ့်ငါးရက် အရက်နှစ်ဆယ်အတွင်းမှာ မမျှော်လင့်ဘဲ ရင်းနှီးခင်မင်စပြုခဲ့ကြပြီလေ။ ပုလဲသီက အိမ်အလုပ်နှင့်မို့ အလိုက်နည်းကာ ဝင်းမြစိမ်းက အဖော်လိုက်တာများသည့်အတွက် ပြေပြစ်နူတ်ချိုသော ဝင်းမြစိမ်းကြောင့် သူတို့ အရင်းနှီး လွယ်ကူမြန်ဆန်ခဲ့ရတယ် ထင်ပါသည်။

နိုးကြားရဲ့အကြောင်းတွေကို များများစားစား အတွင်းကျကျတော့ မသိရသေးပေမယ့် ချိုးလေးကူ သိသလောက်မှာ နိုးကြားသည် အပြင်ပန်း ဂျစ်ကန်ကန် မြင်ရသလောက် အတွင်းထဲက ဂျစ်မကန် ခက်မထန်ပေ။ သူ့အတွင်းစိတ်ဟာ ကိုယ်နဲ့တူတယ်လို့ ချိုးလေးကူက ထင်မိသည်။ ခေါင်းမာတာချင်းလည်း တူသည်။

ဒါကို စိတ်ထဲစွဲပြီး တစ်ယူသန်မိရင် မမိုက်မသုန် ဒါဆိုဒါပဲ စွဲစွဲမြဲမြဲ ဆုပ်ကိုင်နေတတ်တာမျိုး။ ကိုယ်ဆုပ်ကိုင်ထားတဲ့အရာဟာ မှားသွားပြီလို့ သိရင်တောင် ဝန်ခံနောက်ဆုတ်လိုက်ဖို့ထက် ကိုယ်ခံရမယ့်ဒဏ် လည်စင်းခံလိုက်မယ့်စိတ်ဓာတ်။ ပြီးတော့ လူတစ်ဖက်သားကို သနားကြင်နာလွယ်တာ။

ရုတ်တရက် အပေါ်ယံကြည့်လျှင် မာကျောတယ်ထင်ရပြီး အထဲမှာတော့ နှလုံးသားနူနယ်ညွတ်ပျောင်းကြတဲ့သူတွေ။ ဒေါသဖြစ်လွယ် စိတ်ပြေလွယ်။ နာကျင်လွယ် ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လွယ်။ ဒါတွေက သူနှင့် စကားပြောဆိုရင်း သူ့စကားထဲ မပါပေမယ့် ကိုယ့်ဘာသာ အကဲခတ်ဝေဖန်မိတာတွေပါ။

သူ့မှာအမေရှိပြီး အမေ့အကြောင်းလည်း သိပ်တော့ မပြောလှပေမယ့် ဒီအမေကို သူ တမြတ်တနိုး ချစ်တယ်လို့လည်း ချိုးလေးကူ သိနေသည်။ ကျန်တဲ့နောက်ကြောင်းတွေတော့ များများစားစား မပြောပါ။ သိကျွမ်းကြတာ တစ်လမပြည့်ခင် နီးကြား နှာစေးချောင်းဆိုးပြီး ဖွေ့ဖွေ့ဖျားနေတာ နှစ်ခါတောင်ရှိပြီမို့ ချူချာပုံရတဲ့သူပင်။

ဒီနေ့ ချိုးလေးကူတို့ ဘုန်းကြီးကျောင်းဆီ ရောက်သွားတော့ သူ ညနေဘက် ကလေးတွေ စာသင်နေတာ မလွှတ်သေးပေ။ အမှန်ဆိုရင် အချိန်တိကျချင်တဲ့ နီးကြားက ခြောက်နာရီမထိုးခင် ကလေးတွေကို ဖြန့်လွှတ်ပြီးနေကျပါ။ ဒါပေမဲ့ ဒီနေ့တော့ ဆယ်တန်းကျောင်းသူမ, တစ်ယောက် လာဂျိကျနေတာ။

သူဂျိကျနေတော့ ကလေးတွေကို ပေးထားတဲ့စာတွေလည်း အချိန်မီမပြီး။ ချိုးလေးကူတို့ ရောက်သွားချိန်မှာ ဆယ်တန်းကျောင်းသူရော ကလေးတွေရော ဘုန်းကြီးကျောင်း သေးသေးလေးပေါ်မှာ ကျပ်သပ်နေသည်။ ကောင်မလေးက ထူးထူးမော်တဲ့။ ဆယ်တန်းတစ်ခါကျပြီးသား။ သူ့စကားထဲ ပါသလောက်ထဲမှာ သူ့အမေဟာ ဒီနားတစ်ဝိုက်မှာပဲ ကုန်စုံဆိုင်ဖွင့်ထားပြီး နီးကြားနှင့်လည်း အထိုက်အလျောက် ခင်မင်တာ သိရသည်။





ဆရာချင်း။ သမီးချင်းထပ်ကာ မနှစ်က သူကျတဲ့ အင်္ဂလိပ်စာကို သင်ပေးခိုင်းနေတာ။

"ကျွန်တော် အဲသလောက်ကြီး အချိန်မရတော့ဘူး၊ ကလေးတွေနဲ့တင် အချိန်တော်တော်ပေးရလှပြီ၊ အချိန်မပိုတော့ဘူး၊ ပြီးတော့ ဆယ်တန်းလည်း ကျွန်တော် မသင်ချင်ဘူး၊ တော်ကြာ ကျွန်တော့်ဘက်က လိုတာရှိသွားလို့ ကျောင်းသားဘက်မှာ ရသင့်သလောက် မရမှာစိုးတယ်၊ သင်နေကျကျူရှင်တွေမှာပဲ သွားတက်ပါ"

အဲဒီကိစ္စ အငြေအခြင်း ဖြစ်နေတုန်း ချိုးလေးကူတို့ ရောက်သွားတာ။ စိတ်တွေကျဉ်းကျပ်ပြီး ရှုပ်နေတဲ့ နီးကြားဟာ ချိုးလေးကူနှင့် ဝင်းမြစိမ်းတို့ကိုတွေ့တော့ မျက်နှာက ထွက်ပေါက်တစ်ခုရသလို ဝင်းလက်တောက်ပကာ ကျောင်းပေါ်ကို အတင်းထိုင်ခိုင်းတော့တာပင်။

မိန်းကလေးနှစ်ယောက် ရောက်လာတော့ ထူးထူးမော် ဆိုတဲ့ ကောင်မလေး အနည်းငယ်ရှိန်ကာ ကိုယ်ရှိန်တန့်သွားပါသည်။ တစ်ခွန်း နှစ်ခွန်းလောက်ပဲ ဆက်ပြောပြီး နောက်မှ ပြန်လာတော့မယ်လို့ နှုတ်ဆက်ပြန်သွားတော့တာ။ အဲဒီတော့မှ နီးကြားက ...

"ခဏနော် ... ကလေးတွေကို ကျွန်တော် အခုပဲ လက်စသတ်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



**ဒီတစ်ရက်ပဲ** နီးကြားဘက်က နောက်ကျသွားပါ **သည်။ ရှေ့ရက်**တွေတုန်းက ချိုးလေးကူတို့ လုံးဝမစောင့်ရပါ။ **ဒီနေ့မှပဲ** **က**လေးတွေကို ပြီးစီးအောင် ခဏစောင့်ပေးရင်းက **နောက်**တတ်ရာရာလေး နည်းနည်းပါးပါး ပြောဖြစ်တာ။ အဲဒီတော့မှ နီးကြားဟာ အင်္ဂလိပ်စာနှင့် ဘွဲ့ရပြီးခဲ့တာ သိရသည်။

နီးကြားက ပဲခူးက ဆိုတာ သိရသည်။ ဘုန်းကြီးရဲ့ ဦးလေး ကပ္ပိယလုပ်ပေးနေတဲ့ ဦးသက် အဆက်အစပ်နဲ့ ရန်ကုန်ကိုလာတော့ ဒီမှာပဲ တည်းခိုနေထိုင်တာ သိရသည်။ သူရောက်တာ နှစ်လနီးပါးရှိပြီ ဆိုပေမယ့် ဒီကြားထဲ ဘာကိစ္စမှလဲ ဆောင်ရွက်လုပ်ကိုင်ပုံမရ။ ဘာအတွက် ရန်ကုန်ကို ရောက်လာတာလဲ မသိရ။

ရောက်ကတည်းက ဟုတ်တိ ပတ်တိ မယ်မယ်ရရ ဘာမှမလုပ်ကာတော့ ထင်ရှားနေသည်။ ဒီနေ့လည်း သူ့ အအေးမိကာ နှာစေးချင်ချင် ဖြစ်နေပြီး အဖျားသွေးရှိနေခဲ့သည်။

"ကိုနီးကြား သိပ်နေမကောင်းရင် ခေါက်ဆွဲပြုတ်တို့ ကြေးအိုးပြုတ်တို့ စသည်ဖြင့် စားမလား။ ထမင်းစားချင်ရဲ့လား"

ဝင်းမြစိမ်းက နှုတ်သွက် နှုတ်ချိုလေးနှင့် လောကွတ်ပျူငှာပြုပါသည်။

"နေပါစေ၊ မစားပါဘူး"





ချိုးလေးကူက ခပ်သွက်သွက်ငြင်းတဲ့သူ့ကို ရုတ်တရက်ပင် ကြေးအိုးဝယ်တိုက်ချင်တဲ့ စေတနာပေါက်လာကာ ...

"ဘာလို့လဲ၊ အားနာလို့လား"

"မဟုတ်ပါဘူး၊ မသောက်ချင်လို့ပါ"

"ဘာလို့ မသောက်ချင်တာလဲ၊ ကြေးအိုးမကြိုက်တာလား"

နီးကြားက ချိုးလေးကူကို ပြုံးပြီးကြည့်သည်။

"ခင်ဗျားက နှိုက်နှိုက်ချွတ်ချွတ် မေးရတာကို ဝါသနာကိုပါတာနော်၊ အတင်း၊ မကြိုက်ဘူးလို့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ တကယ်ကို မစားချင်တာပါ၊ ကျွန်တော့်အတွက် ထမင်းစားရတာ တာဝန်တစ်ရပ်လိုပါပဲဗျာ၊ ဟက်ဟက်ပက်ပက် မရှိလှပါဘူး"

နီးကြား အဲသလိုပြောလိုက်တဲ့ ဟန်မူရာက လောကကြီးမှာ ခါတ်ပျက်နေတဲ့၊ စိတ်ဓာတ်ကျနေတဲ့ပုံစံ လုံးလုံးပေါက်နေသည်။ သူစားသောက်နေတဲ့ ထမင်းနဲ့ ဟင်းကကော ဘာများ ဟက်ဟက်ပက်ပက် ရှိစရာဖြစ်နေလို့လဲ။ ချိုးလေးကူက စိတ်မကောင်းစွာ ...

"ထမင်းစားရတာ အသက်ရှင်ရပ်တည်နိုင်ဖို့ တာဝန်တစ်ခုလိုလည်း ဖြစ်တာမှန်ပေမယ့် ထမင်းစားနေခြင်းအပေါ် ပျော်ရမယ်"

"အဟင်း ...၊ ပျော်ရမယ် ! "



www.burmeseclassic.com

www.burmeseclassic.com



နိုးကြားက ပြုံးပါသည်။

"တရုတ်အဆိုအမိန့်တစ်ခု ရှိတယ်၊ ထမင်းစားရတာကို ပျော်မှ အာဟာရဖြစ်တယ်၊ ဆေးသောက်တာကိုတောင် ပျော်မှ အာနိသင် ထက်မြက်တယ်"

"ကျွန်တော် ကြားဖူးပါတယ်၊ လူမှာ စိတ်ကအရေးကြီး တယ်ဆိုတဲ့ သဘောမျိုး ဆိုလိုတဲ့ အဆိုအမိန့်ပါ၊ ဟုတ်တယ်ဗျ၊ ကျွန်တော့်အဖို့ ထမင်းစားရတာကို မပျော်ဘူး"

"ဟင်"

ထိုစကားဟာ ချိုးလေးကူရဲ့ရင်ကို ထိခိုက်သွားစေခဲ့ပါသည်။ ထမင်းစားရတာကို မပျော်ဘူးတဲ့။ သူ့မျက်နှာကလည်း ဒီစကား အလိမ်အညာ မဟုတ်တာ ပေါ်လွင်နေပါသည်။ သူ ဘယ်ပျော်နိုင်ရှာပါ့မလဲ။ သူ့ဟာသူ ရှာဖွေစားသောက်နေရတာမှ မဟုတ်တာ။ သူ့အစွမ်းအစနဲ့သူ ရှာဖွေစားသောက်ရတဲ့ လူတစ်ယောက်ဆိုရင်တော့ သူ့ထမင်းတစ်နပ်အတွက် သူတျေနပ် ဂုဏ်ယူနိုင်မှာပေါ့။

"ကိုနိုးကြားကလည်း ဘယ်လိုကြီး ပြောတာလဲ၊ လူဆိုတာ မပြေလည်မှုတွေရှိလည်းပဲ အခိုက်အတန့်ပေါ့၊ တစ်သက်လုံးတော့ ဘယ်သူမှ မပြေမလည် ဖြစ်မနေပါဘူး"

နှစ်သိမ့်စကားလေးမျိုးတွေ ပြောတတ်တဲ့ ဝင်းမြစိမ်းက အားပေးသလိုလေး ပြောလိုက်နိုင်ချိန်မှာ ချိုးလေးကူကတော့





ဘာမှမပြောနိုင်ပါ။ ရင်ထဲမှာ သိပ်မကောင်းဘဲ ငိုင်နေမိသည်။ စိတ်ထဲမှာ အလိုလို ဆွေးမြည့်မြည့်ကြီး ဖြစ်လာမိပါသည်။

"ကျွန်တော်က မပြေလည်ဘူးလို့ ဝင်းမြစိမ်း ထင်လို့လား"

သူတို့ချင်း နာမည်တွေ ဖလှယ်သိကျွမ်းပြီးကြပါပြီ။

"မသိဘူးလေ၊ မပြေလည်တာ တစ်ခုခုတော့ ရှိမယ်လို့ ထင်မိတာပဲ"

"အေးဗျာ၊ ကျွန်တော် ချိုးလေးကူဆီက တစ်နေ့ထမင်းနှစ်နပ်စားပြီး စာရွက်သုံးရွက်ချင်း သုံးရွက်ချင်း ပြန်ပေးမယ်လို့ အပေးအယူ ကမ်းလှမ်းခဲ့မိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော် ရှက်လည်းရှက်တယ်၊ စိတ်လည်းပျက်တယ်၊ အဲဒီတုန်းက အဲဒီစိတ်နဲ့ ပြောခဲ့တာက အခုစိတ်နဲ့ကျတော့ နေသာထိုင်သာ မရှိဘူး"

ချိုးလေးကူက နိုးကြားကို ပြုံးပြမိရင်း ...

"ရှင် ဘယ်လိုမှ မနေနဲ့၊ ကျွန်မတို့ အသီးသီး စိတ်တို ဒေါသဖြစ်ပြီး ပေါက်ကွဲနေကြတုန်းက အတွေးတွေကတစ်မျိုးပေါ့၊ ခုတော့ ကျွန်မစိတ်ထဲမှာ ကျွန်မတို့ Game တစ်ခု ကစားနေကြသလိုမျိုး ဖြစ်လာတယ်၊ ဒီဂိမ်းမ်နဲ့ နေသားကျနေပြီ"

နိုးကြားက ခေါင်းညိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သုံးလကြာတဲ့အခါ Game over ဖြစ်သွားမှာပေါ့၊ ပွဲပြီး ပြီပေါ့နော်၊ ပွဲပြီးသွားတော့လည်း ပြီးတာပဲပေါ့ဗျာ"

အဲဒီနောက်တော့ သူတို့ ထမင်းဆိုင်ဘက် ထွက်လာခဲ့ကြပါသည်။ နီးကြား ထမင်းစားတုန်း ချိုးလေးကူတို့နှစ်ယောက်ဟာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်သည်။ သူ့ဆိုင်ထဲလည်း ဝင်မထိုင်ချင်။ သူ ခဝဲသီးဟင်းလေးနဲ့ ထမင်းစားနေတာကိုလည်း မျက်စိရှေ့မှာ ကြည့်မနေ မြင်မနေချင်ပါ။ ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေခဲ့ရသည်။

ငွေရှင်းပြီး ပြန်ထွက်လာကြချိန်မှာ ...

"ရှင် ဆေးခန်းပြဦး"

ခပ်တိုးတိုး တိုက်တွန်းမိသည်။ သူက ဘာမှပြန်မပြော။ ဆေးခန်းပြမှာလည်း မဟုတ်တာ ချိုးလေးကူ သဘောပေါက်နေသည်။ ဆေးခန်းကို ကိုယ်တိုင်ခေါ်သွားပြပေးချင်တဲ့အထိ ရင်ထဲ ကရုဏာဖြစ်တွန်းလာခဲ့မိပါသည်။

❤ ✱ ❤



# ၁

နီးကြားက သူ့ရှေ့မှာ ထိုင်နေတဲ့ ကိုမြအောင်ကို တစ်ချက်ကြည့်ရင်း ...

"လက်ဖက်ရည်လေးပဲ တိုက်ရတာကို စိတ်မကောင်းဘူးဗျာ၊ ဒီထက်ပိုပြီး ကိုမြအောင်ကို ကျွေးမွေးချင်တာ"

"လက်ဖက်ရည်ပဲ တော်ပါပြီကွာ၊ မင်းရတာကော ဘယ်လောက်များ ရှိလို့လဲ"

တကယ်တော့ ကိုမြအောင်ဟာ နီးကြားနှင့် တိုက်ရိုက်ရင်းနှီးခဲ့တဲ့သူတော့ မဟုတ်။ ပဲခူးမှာတုန်းက သူနဲ့ ပန်းချီဆွဲဖော်ဆွဲဖက် ဇော်ကြီးနဲ့ ရင်းနှီးတာ။ ပဲခူးမှာတုန်းက ဇော်ကြီး မိတ်ဆက်ပေးထားလို့ သိကျွမ်းကာ နှစ်ခါ သုံးခါ ဆုံဖူးကြသည်။ နေ့ကုန်ကိုယ့်အကြီးနဲ့ တစ်ခေါက်လာလည်တုန်းလည်း ကိုမြအောင်ခေါ်သွားလို့ ပန်းချီပြခန်းတစ်ခုကို ရောက်ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ ဒီပန်းချီပြခန်းဟာ ကိုမြအောင်နဲ့ ဘယ်လိုပတ်သက်တယ် မသိ။ သူ ရှယ်ယာပါသလား၊ သူပိုင်တာလား၊ တာဝန်ခံလား၊ ဘာမှမသိ။ သူ့ခြေ သူ့လက်တော့ ဖြစ်နေတာ တွေ့ရတာမို့ စိတ်ထဲက အားကိုးအားထား အထင်တော့ ကြီးခဲ့သည်။ ခုလည်း ရန်ကုန်ဘက်လာခဲ့တော့ ကိုမြအောင်နှင့် ဆက်သွယ်ကာ သူ့ပြခန်းမှာ ကားတွေတင်လိုက်ဦးမည်ရယ်လို့ ရည်ရွယ်ခဲ့ပါသေးသည်။

ဖော်ကြီးကတော့ ပန်းချီဆွဲခြင်းအလုပ်ကို ခေတ္တရပ်နားပြီး မလေးရှားကို ဂျော့ဘ်နှင့် ထွက်သွားခဲ့ပြီ။ နိုးကြားရန်ကုန်ရောက်ပြီး တစ်ပတ်ဆယ်ရက်မှာ ကိုမြအောင်ဆီ ရောက်သွားခဲ့တော့ အရင်ပြခန်းမှာပင် တွေ့ရပါသည်။ ပြပွဲမဟုတ်ဘဲ ပုံမှန်ကားတွေ တင်ထားတာလောက်ပဲမို့ သူလည်းအားလပ်နေသည်။

အဲဒီကျမှပဲ ဒီပြခန်းဟာ ကိုမြအောင်လည်းမပိုင်၊ ရှယ်ယာလည်းမပါ၊ တာဝန်ရှိသူ စီစဉ်သူလည်း မဟုတ်ဘဲ ပြခန်းပိုင်ရှင် နာမည်ကျော် ပန်းချီဆရာရဲ့တပည့် ကိုမြအောင်ဟာ ဒီပြခန်းရဲ့ကိစ္စအဝဝ ပြေးလွှားဆောင်ရွက်ရတဲ့ လက်တိုလက်ရည် တစ်ယောက်သာဖြစ်တာ သိခဲ့ရပါသည်။ လူပျို[illegible] ပြခန်းမှာပဲ နေ၊ စား၊ အိပ်။ ပြခန်းကိုစောင့်ရှောက်ရတဲ့သူ။





ဒီပြခန်းဟာ နိုင်ငံခြားသားကြိုက် ပန်းချီဆရာကျော်တစ်ယောက် ပိုင်ဆိုင်ပြီး တင်ထားတဲ့ကားတွေဟာ သူလို နိုင်ငံတကာ ထိုးဖောက်နိုင်တဲ့ နာမည်ကျော်တွေရဲ့ ကားတွေချည်းပင်။ ပထမအကြိမ် နိုးကြား ရောက်ဖူးတုန်းက ပြပွဲသီးသန့်ကျင်းပနေတဲ့အချိန်မို့ ကိုမြအောင်ကား နှစ်ကားပါ တင်ထားတာတွေ့ခဲ့ရပေမယ့် ပုံမှန်ရက်တွေမှာတော့ ကိုမြအောင်ရဲ့ကားဟာ ချိတ်ဆွဲထားခွင့်တောင် မရရှာ။ အခန်းငယ်တစ်ခုထောင့်က အပုံအထပ်ထဲမှာသာ ကွယ်လျှိုးပျောက်ဆုံးနေသည်။

ဒီတော့ ကိုမြအောင်ဟာ နိုးကြား မျှော်လင့်ထားသလို နိုးကြားရဲ့ကားတွေကို ပြခန်းမှာပဲ ပြမပေး တင်မပေးနိုင်၊ ပြပွဲလုပ်လျှင်လည်း နိုးကြား ဘယ်လိုမှ မတိုးနိုင်တာကို ခုမှပဲ နားလည်သဘောပေါက်ရပါသည်။ နိုးကြား ဆွဲထားတဲ့ ကားတွေထဲက ရန်ကုန်ကိုထွက်အလာမှာ ဖြုတ်လိပ်ပြီး ယူလာတဲ့ ငါးချပ်ဟာ ကိုမြအောင်ရဲ့ ပြခန်းမှာ တင်ခွင့်မရတော့ သေတ္တာထဲမှာသာ တပုံ့ပုံ့တအိပ်အိပ်။

ခုတော့ ကိုယ့်အနေအထားဟာ အတော်ကို ကျပ်တည်းပြဿနာတက်လာပြီမို့ ထိုကားငါးလိပ်ကို ကိုမြအောင်ထံ ယူသွားကာ တနည်းနည်းနဲ့ ထွက်အောင်ရောင်းပေးဖို့၊ ငွေဖန်တီးပေးဖို့ ကိုယ့်အခက်အခဲကို ပြောပြကာ အကူအညီ တောင်းရပါသည်။ အပေါင်းအသင်း စိတ်ရှိတဲ့ ကိုမြအောင်ဟာ ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



ငါးလိပ်ကို ယူထားလိုက်ပြီး ဒီနေ့တော့ နီးကြားကိုပါ လာခေါ်ကာ ဗိုလ်ချုပ်ဈေးက ဆိုင်တစ်ဆိုင်ကို သွားတာပင်။

ကိုမြအောင် ကြိုပြောထားပြီးမို့ ထိုဆိုင်က ကားငါးကားကိုကြည့်ကာ သုံးကားကို တစ်ကားငါးထောင်နှုန်းနှင့် ဝယ်ယူလိုက်ပါသည်။

"ရှုခင်းတွေ မရေးနဲ့၊ ပန်းတွေ ဘာတွေမရေးနဲ့၊ ဘုန်းကြီးကိုရင်တွေရေး၊ ပြီးရင် ပြကြည့်၊ ကျွန်တော်တို့က နိုင်ငံခြားသား အားထားရောင်းရတော့ သူတို့က ရှုခင်းတွေ၊ ပန်းတွေ၊ တိမ်တွေ၊ မြစ်ဆိပ်တွေ မကြိုက်ကြတော့ဘူးဗျ"

ကိုမြအောင်ရော နီးကြားပါ ဆိုင်ရှင်ရဲ့စကားကို မချိပြုံးလေးတွေနှင့် ခေါင်းညိတ်ကြရပါသည်။ ဘာပဲဖြစ်ဖြစ် နီးကြား ငွေတစ်သောင်းခွဲတော့ ရလာပါသည်။ ဆိုင်ရှင်မဝယ်တဲ့ ကားနှစ်လိပ်ကို ပြန်ယူလာခဲ့ရသည်။

"မင်း ဆေးတို့ ကင်းဗတ်စ်တို့ ဝယ်ဦးမလား"

"ပါလာသေးတယ် ကိုမြအောင်"

"အေးကွာ၊ ဒီလိုပေါ့၊ ငါလည်း ငွေလိုရင် ဒီကိုပြေးရောင်းရတာပဲ၊ တစ်ကားတလေပေါ့၊ ကိုယ့်လက်မှတ်နဲ့ ပြပွဲတင်နိုင်တဲ့ အနေအထားမှ မရှိသေးဘဲ"

"ကျွန်တော် နားလည်ပါတယ်၊ ပြီးတော့ အခုလည်း ကိုမြအောင် မျက်နှာနဲ့မို့ ကျွန်တော့်ဆီက ဝယ်လိုက်တာဗျ၊





သူတို့မှာ ဝယ်မယ်ဆို ရောင်းချင်တဲ့လူတွေ နည်းမှာမဟုတ်ဘူး၊ ကျွန်တော်ချည်း လာရောင်းရင် ဝယ်မှာမဟုတ်ဘူး၊ ဝယ်ရင်လည်း ငါးထောင်လောက်တောင် ပေးချင်မှာ မဟုတ်ဘူးဗျ"

"မင်းကို သူတို့ပေးလိုက်တဲ့ကတ် ပါတယ်မဟုတ်လား၊ နောက်ကို ဖုန်းလှမ်းဆက် မေးကြည့်ပေါ့ကွာ။ သူတို့ပြောတဲ့ပုံတွေ ရေးရင်တော့ သူတို့ ဝယ်ဖို့များတာပေါ့။ ဒီလိုပဲပေါ့ နီးကြားရာ၊ စိတ်ဓာတ်မကျပါနဲ့၊ တဖြည်းဖြည်း ကြိုးစားတိုးရမှာပေါ့"

"စိတ်ဓာတ်မကျပါဘူး ကိုမြအောင်၊ အမှန်အတိုင်းပြောရရင် တစ်ကားငါးထောင်နဲ့ ရောင်းရတာကိုတောင် ပျော်နေတာပါ၊ နည်းနည်း သိမ်ငယ်တာလေးတော့ ရှိတာပေါ့ဗျာ၊ ကိုမြအောင်ကို ကျေးဇူးတင်ပါတယ်"

သူတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးထဲက လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်မှာ ဝင်ထိုင်ဖြစ်ကြတာဖြစ်သည်။ ကိုမြအောင်ကို နီးကြားက လက်ဖက်ရည်တိုက်သည်။ ဘာစကားမှ သိပ်မပြောဖြစ်ဘဲ ငူငူငေါင်ငေါင် ထိုင်နေကြပါသည်။

အဲသလို ထိုင်နေတုန်း မြင်ကွင်းထဲကို တစ်စုံတစ်ယောက် ဝင်လာတာ။ အင်း ...။ တစ်စုံတစ်ယောက် မဟုတ်ပါ။ နှစ်စုံနှစ်ယောက်။ ချိုးလေးကူနှင့် ဘေးမှာ ရွယ်တူလောက်လူရွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဒြီး၊ နိုးကြားတို့ ထိုင်နေတဲ့ တံတားထောင့် လက်ဖက်ရည်ဆိုင် သေးနှင့် မျက်နှာချင်းဆိုင် မျက်စောင်းထိုးလောက်ရှိမယ့် အထည် ဆိုင်တစ်ဆိုင်မှာ ပိတ်စတွေ ကြည့်နေကြတာဖြစ်သည်။

ချိုးလေးကူသည့် မိုးပြာရောင်ဖျော့ဖျော့ အပေါ် အောက် ဝတ်စုံလေးပေါ်တွင် ဖြူဆွတ်ဆွတ် ဆွယ်တာလက်ရှည် လေးတစ်ထည် ရင်ဘတ်ကြယ်သီးဖြုတ်၍ ခြုံထားပါသည်။ လက် ရှည်လက်ကလေးကို တံတောင်ဆစ်အထိ ဆွဲတင်ထားကာ စလင်း ဘက်နက်အိအိလေးနှင့် ဒေါက်ဖိနပ်လေးကလည်း အနက်ပြောင် ပြောင်လေး။

နိုးကြားက အငေးကြီးငေးကာ လှမ်းကြည့်နေမိသည်။ ချိုးလေးကူဟာ စေ့စေ့စပ်စပ် သေသေချာချာ ကြည့်လေ အကြည့် ခံလေ လှလေ မိန်းကလေးမျိုး။ မာန်လေးတစ်မျိုးရှိသော သူမ မျက်ဝန်းများရဲ့နောက်ကွယ်ထဲ၌ ကြင်နာနူးညံ့တတ်ခြင်းတစ်မျိုး ပုန်းလျှိုးနေတာကို နိုးကြား ခံစားတွေ့ရှိသည်။

ဘေးက လူရွယ်က ဘေးလွယ်အိတ် တစ်လုံးကို တစောင်းလွယ်ထားကာ ကိုယ်နှင့်အံ့တိ ခေတ်ဆန်ဆန် တီရှပ် အနက် လက်ရှည်အကျပ်နှင့် အောက်ကတော့ အိတ်တွေကြိုးတွေ နှင့် ပုံဆန်းလှတဲ့ စစ်ရောင်ဘောင်းဘီပွတစ်ထည် ဝတ်ထားသည်။ ပုံစံမြင်တာနှင့် ဝတ်စားသုံးဖြုန်းနိုင်တဲ့သူ ဆိုတာ သိသာထင်ရှား လှပါသည်။





"ဒါ တစ်ကိုက် ဘယ်လောက်လဲဟင် အစ်မ"

"ခြောက်ထောင့်ငါးရာ ညီမလေး"

"ခြောက်ထောင့်ငါးရာဆိုရင် လုံချည်ဆိုရင် သောင်းသုံး ထောင် ဖြစ်နေပြီ၊ နင် ခုနဝယ်လာတဲ့ အိတ်ကလည်း နှစ် သောင်းနှစ်ထောင်တောင်၊ သုံးသောင်းခွဲရှိပြီ၊ တအားများ နေပြီ"

ဘေးက ဝင်ပြောလိုက်တဲ့ ရာဇာ့ကိုကြည့်ကာ ဆိုင် ရှင်ပင် ဘာဆက်ပြောရမယ်မသိ ကြောင်နေသည်။

"နင် ဘာဖြစ်နေတာလဲ ရာဇာ၊ ကပ်စေးကုပ်ကောင်"

"သုံးသောင်းဆို တော်ပြီပေါ့၊ ဒါဆို ငါတို့ တစ်ယောက် တစ်သောင်းထည့်ရမှာ၊ ဟစ်သောင်းထက် ထပ်ကျော်မနေနဲ့ တော့၊ တစ်ယောက် တစ်သောင်းဆိုရင် ငါနဲ့ မိသီက နှစ် သောင်းတောင် ကုန်တယ်"

"နင်ဟာလေ ယောကျ်ားလေးတစ်ယောက် ဖြစ်ပြီး တွက် တွက်ချက်ချက် ကုတ်ကုတ်ကတ်ကတ် သိပ်နိုင်တာပဲ၊ နင့်ဘောင်းဘီတစ်ထည်ကျတော့ ငါးသောင်းဆိုလည်း နင် မနှမြောဘူး"

"ဒါ ငါဝတ်ဖို့လေ၊ အခုက သူများကို မွေးနေ့လက်ဆောင် ပေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိစိမ်းကို ပေးရမှာလေ၊ နင်တို့က မောင်နှမနှစ်ယောက်မို့ နှစ်သောင်းပေးရသလို မွေးနေ့ကျတော့လည်း နင်တို့နှစ်ယောက်မွေးနေ့ကို ငါတို့က တစ်ခုတည်းပေးလို့လား၊ နှစ်ခုပေးရတာ၊ အဲဒီကျ ငါတို့က နှစ်ယောက်တည်းစုရတာ၊ အဲဒါကိုလည်း ထည့်တွက်ဦးနော်"

"တော်ပြီလေဟာ၊ ရှစ်ထောင်တန် တစ်ခုခု ထပ်ဝယ်လိုက်ပါ"

"နည်းနည်းပိုသွားလည်း ဘာဖြစ်တုန်းဟယ်၊ ဒီအစလေးက ခုနစယ်တဲ့ မီးခိုးရောင်အိတ်လေးနဲ့ တအားလိုက်လို့ပါ"

"ရှုပ်တယ်ဟာ နင်ကလည်း၊ သိတယ် ... နင့်ချည်းပဲလွှဲလိုက်ရင် နင်မဟားဒယား အများကြီးတွေ ဝယ်လာမှာမြင်လို့ ငါပါလိုက်လာတာ"

"ရာဇာနော်၊ နင် သိပ်ကိုစိတ်ကောင်းမရှိတာပဲ၊ ငါနင့်လိုယောကျ်ားလေး တစ်ခါမှမတွေ့ဖူးဘူး၊ ဘယ်သူ့အပေါ်မှကိုစေတနာမရှိဘူး"

"ဘာဖြစ်လဲ အဲဒီတော့"

အင်း ...၊ ဝတ္ထုရုပ်ရှင်တွေထဲမှာ ဆိုရင်တော့ ရာဇာနေရာမှာရှိတဲ့ ယောကျ်ားလေးဟာ ချိုးလေးကူကို ကြိုက်ရင်ကြိုက် ဝင်းမြစိမ်းကို ကြိုက်ရင်ကြိုက်၊ ရင်ခုန်ဇာတ်လမ်းတွေ နှီးစပ်ပေါက်ဖွားလာဦးမည်။ ခုတော့ နှီးစပ်မှုကြောင့်ပဲ ပိုအော့ကြောလန်ရကာ





ချိုးလေးကူတို့ ဝင်းမြစိမ်းတို့ကလည်း ရာဇာ့ကို ရင်ခုန်ဖို့ဝေးလို့။ ရာဇာကလည်း သူတို့နှစ်ယောက်ကိုဆိုရင် နည်းနည်းကလေးတောင်မှ မရိုးသားစိတ် မမွေးတဲ့အပြင် စေတနာတောင်မရှိ။

ခင်တော့ ခင်မင်ကြကာ ခင်မင်လွန်းတာကြောင့်ပဲ အားနာပါးနာမှုလည်း မရှိကြတော့ပါ။ ဘာမဆို ပြောထွက် ဆိုထွက် ပြောရက် ဆိုရက် ဖြစ်နေမှတော့ ဘယ်မှာလာပြီး ရင်ခုန်စရာရှိဦးမလဲ။ သူ့ရင်မခုန်တဲ့အပြင် သူ့ကြောင့် တခြားယောကျ်ားလေးတွေကိုတောင် ရင်ခုန်ဖို့ တွန့်သလို ဖြစ်နေသေးတာ။

"သူ့သာ ရည်းစားရရင်တော့ ဘယ်လိုနေမယ် မသိဘူး"

"ရည်းစားမထားအားဘူး၊ ရည်းစားရရင်တော့ ... လာထားငါ့ကိုချည်း ဝယ်ပေး။ ငါက ဝယ်ပေးရတာ ဝါသနာကိုမပါဘူး"

"မှန်းစရာကြီး"

ချိုးလေးကူသည် တခြားအစလေးတွေ ကိုင်ကြည့်ဈေးမေး လုပ်နေသေးသော်လည်း ခုနက အစကလေးကိုပဲ စိတ်ထဲ သဘောကျနေတာမို့ ...

"ရာဇာ ဟိုဟာလေးပဲ ယူကြပါစို့ဟယ်"

"အာ ... နင်ကလည်းဟာ"

"လှလို့ပါ"

ရာဇာက ခေါင်းကိုကုတ်ရင်း ရှုံ့မဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဟာ၊ ငါးထောင်ပိုသွားတယ် မဟုတ်လား၊ နင်တစ်ထောင်ပဲထည့်၊ ငါ နှစ်ထောင် မိသီနှစ်ထောင် ထည့်မယ်"

မိသီရော ရာဇာရောဟာ အိမ်က သီးသန့်စီခွဲပို့တဲ့ စရိတ်ထဲကနေ ကိုယ့်အချိုးကျတွေ ကိုယ်ထည့်ဝင်ကာ ကိုယ်သုံးချင်တာ ကိုယ်သုံးကြတာပါ။

"ကဲဟာ ... ဝယ်ဟာ ... ဝယ်ဟာ ... နားငြီးလိုက်တာ"

ချိုးလေးကူ ပြုံးမြမြလေး ဖြစ်သွားကာ ဆိုင်ရှင်အစ်မကို လက်ညှိုးညွှန်လျက် ...

"အစ်မ ဒါလေးပဲ နှစ်ကိုက်ဖြတ်ပေးပါနော်"

စကားတွေကို ဘာမှမကြားသာပေမယ့် အမူအရာလေးတွေကို နီးကြားက မျက်တောင်မခတ် ငေးကြည့်နေမိသည်။ ပုံစံက ချိုးလေးကူက ဟိုကောင့်ကို ဒီပိတ်စလေး ပူဆာနေသလိုပဲ။ ဟိုကောင်ကလည်း ဝယ်မပေးချင်လို့ ငြင်းနေပုံပေါက်သည်။ ချိုးလေးကူကလည်း အတင်းအကျပ် ရှုပုပ်ပြော၊ နောက်ဆုံးတော့ ဟိုကောင်က စိတ်မရှည် လက်မရှည်နှင့် "ယူကွာ"လုပ်လိုက်တာ။

တောက် ... ဒီကောင်။ ချိုးလေးကူလို အပြစ်ဆိုစရာမရှိအောင် လှပကြော့ရှင်းတဲ့ မိန်းကလေးမျိုးကို တွဲထားရပြီးတော့များ။ သူကဖြင့် ဝတ်စားထားနိုင်တာကလွဲရင် မျက်စိကမှေးမှေး၊ လူက ရှိုက်ကုန်းကုန်းနဲ့။ သူတို့နှစ်ယောက်ပုံစံက ဘာလဲ၊ ရည်းစားလား။ ဒီကောင်က လိုက်နေတုန်းတော့ မဖြစ်နိုင်။ လိုက်နေတုန်းဆိုရင် ဒီကောင် ခယနေရမှာပေါ့။





ရည်းစားဖြစ်တာ သက်တမ်းတွေရင့် ရိုးအီနေတာလား၊ ဒါမှမဟုတ်ရင်တော့ ဘာမှမဟုတ်ကြတဲ့ ရိုးသားတဲ့အပေါင်းအသင်းပဲ ဖြစ်လိမ့်မည်။

"ခုခေတ်ကောင်မလေးတွေမှာ အဲဒီလို လှပုံမျိုးလေး ရှားသွားပြီနော်၊ ကြည့်လိုက်ရင် ဂျင်းဘောင်းဘီ အတိုတွေ အရှည်တွေနဲ့ စကဝင်တိုတွေနဲ့၊ ဒါလေးက ရင်ကိုငြိမ်းချမ်းစေတယ်ကွာ"

လူပျိုကြီး ကိုမြအောင်က နီးကြား ကြည့်နေမိတဲ့ ချိုးလေးကူကိုပဲ လှမ်းပြီးငေးနေကာ သူ့စိတ်ထဲက ခံစားချက်တစွန်းတစ်စ ထွက်လာသည်။

"ဒါပေမဲ့ကွာ မင်းကြိုက် နိုးကြိုက်၊ ငါတို့လိုပန်းချီဆရာ အမွဲများနဲ့ လားလားမှ မထိုက်ပါကွာ"

နီးကြားက ကိုမြအောင် စကားကို ဘာမှမတုံ့ပြန်ဘဲ ပြုံးနေလိုက်ပါသည်။ သူနဲ့ ချိုးလေးကူရဲ့ ဆုံစည်းမှုမှာ အမြဲတမ်း ရပ်ကွက်ထဲ သူတို့ရဲ့ ဘုန်းကြီးကျောင်းအနီးတစ်ဝိုက်မှာသာ။ ခုတစ်ခါပဲ အပြင်လောကမှာ တခြားတစ်နေရာမှာ ဆုံဖူးသေးသည်။ ချိုးလေးကူက ဒီလူက ဒီလူပဲ ဖြစ်ပေမယ့် တခြားတစ်နေရာမှာ တွေ့ရတဲ့အခါ စိတ်ထဲမှာ တစ်မျိုးလေး အဆန်းတကြယ် ခံစားလှုပ်ခတ်ရသည်။ သူ့ရင်ထဲ ပူနွေးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်က သူ့ရင်ကို လှုပ်ခတ်လိုက်ဖို့နွေးထွေးစေသည်မှာ သူ့ဘဝတစ်လျှောက် မှတ်မှတ်ရရ ဤတစ်ကြိမ် ပထမဆုံး။ ဆယ်ကျော်သက်ရွယ်လောက်က ဘာရယ်မဟုတ် အမှတ်မထင် ရင်ခုန်သွားရတာမျိုးကို မဆိုလို။ အခု က ရင်ထဲနွေးပူပြီး တလှိုက်လှိုက် တနင့်နင့် ခံစားစူးကျင်နေရဘာ။

အမေရေ ... ကျွန်တော် ကောင်မလေးတစ်ယောက်ကို အမှတ်မထင် စွဲလမ်းမိပြီထင်တယ်။ ဝမ်းနည်းစရာကောင်းလိုက်တာဗျာ။

"ကဲ ... နီးကြားရေ၊ ငါတို့လည်း လမ်းခွဲကြစို့"

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကို့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူးကွာ၊ လမ်းညွှန်ပေးရတာလောက်ပဲဟာ၊ ငါတို့က ဘဝတူတွေပဲကွာ၊ မင်း လိုတာရှိလည်း လာခဲ့လေ။ ဒီကို မင်းဟာမင်းပဲ လာပြပြီး ရောင်းချင်လည်းရောင်း၊ အဆင်ပြေသလိုလုပ်၊ ကိုယ်ဆွဲချင်တာလေးလည်းဆွဲ စီးပွားလည်းရှာပေါ့ကွာ၊ ဒါပဲရှိတာပဲ"

"ဟုတ်ကဲ့ပါ အစ်ကို"

ကိုမြအောင်က ဆိုင်ထဲက အရင်ထွက်ခွာသွားပါသည်။ နီးကြားက ရှေ့ဆိုင်မှာ မပြီးသေးဘဲ ချိုးလေးကူကို လှမ်း





ကြည့်နေမိဆဲပင်။ တစ်စပြီးတစ်စ ရွေးချယ်လိုက် ဖြတ်လိုက်လုပ်နေလိုက်တာ။ ဘာတွေများ ဒီလောက်တောင် ဝတ်ဖို့လိုနေလို့လည်း ချိုးလေးရယ်။

ပဲခူးမှာတုန်းကတော့ သူတို့မိသားစုဟာ အလွန်တရာ အချမ်းသာကြီး မဟုတ်ခဲ့သည့်တိုင် ပြည့်စုံပါသည်။ အမေ့ခင်ပွန်းကလည်း စီးပွားရေး ကောင်းပါသည်။ ဆန်ကုန်သည်အေးအေးချမ်းချမ်း လူတစ်ယောက်။ သူတို့ညီအစ်ကိုနဲ့ဆိုလည်း ဘာပြဿနာမှမရှိ။ သူ့ဟာနဲ့သူကို စကားလေးလုံးကွဲတဲ့သူ မဟုတ်။ နေတတ်ထိုင်တတ်တဲ့ အစ်ကိုဖြစ်သူ "ရိုးသား" နဲ့ဆိုရင်တော့ ဦးလေးက ခင်ခင်မင်မင် ရှိပါသည်။

နီးကြားကိုသာ တစ်ခါတစ်ရံ အမေ့ကို ပြန်ရစ်နေတဲ့အခါ သူ ဝင်ပြောရလည်းခက်၊ စိတ်တွေလည်းရှုပ်ပြီး ခပ်ရှိန်ရှိန်ရှိသည်။ ပြဿနာထိပ်တိုက် ဘာမှမဖြစ်အောင်တော့ ဦးလေးက သိသိသာသာ ရှောင်သည်။ နီးကြားကလည်း မသိမသာ ရှောင်သည်ဖြစ်ရာ ဘာပြဿနာမှ မရှိပါ။ ဦးလေးကျေးဇူးဟာ ဘာပဲဖြစ်ဖြစ် သူတို့အပေါ်ရှိသည်။

ဒါကိုသိပေမယ့် နားလည်သဘောပေါက်ပေမယ့် နီးကြားက မသိလိုက် မသိဘာသာပဲ နေသည်။ သူက ရင်ထဲက ခံစားချက် အလုံးစုံကိုလည်း ထုတ်ပြတတ်တဲ့သူ မဟုတ်။ ဦးလေးကို ယူလိုက်တဲ့အတွက် အမေ့အပေါ် သူ စိတ်လည်းမကွက်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှမဖြစ်ဘူးဆိုတာ အမေဟာ သိမယ်လည်းမထင်၊ ယုံမယ်လည်း မထင်။ အမေသည် သူ အိမ်ထောင်ပြုလိုက်တာကို သားငယ် နိုးကြား မကျေနပ်ဘူးဆိုပြီး သူ့ကိုယ်သူ အမြဲ Guilty ဖြစ်နေသည်။

အမေ ဦးလေးကို ယူလိုက်လို့သာ သူတို့မညှိုးမငယ် နေနိုင်ခဲ့ကြတာပေါ့။ ဦးလေးမ,တည်ပေးတဲ့ ငွေရင်းငွေနှီးနဲ့ ရိုးသား က လက်ဖက်ရည်ဆိုင်ကြီးဖွင့်ကာ အဆင်တွေ ပြေနေတဲ့အချိန် မှာ နိုးကြားကတော့ အဲသလို ကမ်းလှမ်းဖို့ လက်ခံဖို့ အားနာ မျက်နှာပူကာ ကိုယ့်ဟာကိုယ် ကွန်ပျူတာဒီဇိုင်းလေးတွေ လုပ်လိုက်၊ ကျူရှင်စာအုပ်ဖုံးဒီဇိုင်း၊ ဝတ္ထုစာအုပ်ဖုံးဒီဇိုင်းလေးတွေလုပ်လိုက်၊ ပန်းချီကားလေး ချောက်တိချောက်ချက် ရောင်းလိုက်။ ကိုယ်သုံး ဖို့ မုန့်ဖိုးလေးလောက်ရအောင်တောင် မနည်းရှာဖွေနေရပါသည်။

အမေကမှာလို့ ထင်ပါရဲ့၊ ရိုးသားက သူ့ကိုမကြာ ခဏပိုက်ဆံပေးပါသည်။ "ဟော့ကောင် နိုးကြား၊ ရော့ ...၊ သုံးဖို့ ယူထား"ဒါပဲပြောကာ ပေးတတ်တာရဲ့နောက်ကွယ်မှာ အမေ့တိုက် တွန်းမှု ပါကိုပါမည်ကို နိုးကြား သိနေပါသည်။

သူဟာ ရိုးသားလို လောကကြီးနှင့် ဇလိုက်ဇလျော ဘာကြောင့် မနေတတ်ပါလိမ့်။ သူ ရန်ကုန်ထွက်မလာခင် တစ် လလောက်က ရိုးသားမင်္ဂလာဆောင်သည်။ သူ့ကောင်မလေးခေါ် လာပြသည်။ ဦးလေးနှင့် အမေ့ထံ ခွင့်ပန်သည်။ ဦးလေးနှင့်အမေ





က လိုက်တောင်းရမ်းပေးကြပါသည်။ ရိုးသားရဲ့ မင်္ဂလာကိစ္စကို ဦးလေးရော အမေပါ တက်တက်ကြွကြွ ဆောင်ရွက်ကြသည်။

နိုးကြားသာ ကြားက မျက်နှာတွေ ပူနေသည်။ သူ သာဆိုရင် ဦးလေးကို မိန်းမတောင်းပေးဖို့ မင်္ဂလာဆောင်ပေးဖို့ ပူဆာထွက်မှာ မဟုတ်ဘူးဆိုတာ သေချာသည်။ အဲဒါဟာ မာန လား၊ ငဲ့ညှာအားနာစိတ်လား သူ့ဟာနှင့်သူတောင် မဝေခွဲတတ် တော့။ ဦးလေးထံမှ ရိုးသားကိစ္စအတွက် ငြိုငြင်မှုကို မတွေ့ရပေ မယ့် နိုးကြားကတော့ အားနာနေမိတာပင်။

ဒီတာဝန် ဦးလေးကို မပေးသင့်ဘူးလို့ အားနာနာ နှင့် တွေးနေမိသည်။ ရိုးသား မင်္ဂလာမဆောင်မီ ရက်တွေအတွင်း သူ နေမကောင်းခဲ့ပါ။ ပဲခူးမှာတင် ဆေးခန်းပြလို့ မပြီးဘဲ ရန်ကုန် ထိအောင်တောင် စစ်စရာရှိတာတွေ သွားစစ်ခဲ့ရသေးသည်။ သူ့ကို စိတ်ပူပန်နေခဲ့တဲ့ အမေ့မျက်နှာကိုတော့ ခုထိ တအားကို သတိ ရတာပင်။

ရိုးသားကလည်း သူ့အပျော်နှင့်သူ။ ညီမလေး နွေးနွေးဟာ ရှစ်တန်းကျောင်းသူပဲ ရှိသေးတာမို့ ကလေးစိတ်မ ချောက်သေးကာ ဘာမှသိပ်မသိတတ်ရှာပါ။ ယောက်မတစ်ယောက် ရတာ အိမ်သားတစ်ယောက်တိုးတာကို ပျော်ရွှင်မြူးကြွနေသည်။ သူ့ကိုဆိုရင် ခပ်ရှိန်ရှိန် ဘာသိဘာသာနေတဲ့ ဦးလေးကလည်း ဘာသိဘာသာနေမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားဟာ မိန်းမကို အိမ်ပေါ်ခေါ်လာဖို့လည်း ဦးလေးကို ပြောထွက်တာပင်။

"ဦးလေး ကျွန်တော့်အခန်းမှာပဲ ကျွန်တော်တို့လင်မယား နေမယ်နော်"

"ဒါပေါ့၊ အခန်းများ ကျဉ်းနေမလား၊ ဟိုဘက်ခန်းက စာကြည့်ခန်းပဲ၊ နံရံဖြုတ်ပြီး ချဲ့ချင် နည်းနည်းချဲ့ပါလား၊ ခုတင်ကလည်း ဆိုက်ကြီးဝင်လာမယ်၊ ဗီရိုလည်းတစ်လုံးတော့ အသစ်ပိုလာမှာ မဟုတ်လား"

မင်္ဂလာမဆောင်မီ နှစ်ပတ်အတွင်း အပြီးအစီး တက်သုတ်ရိုက်ကာ အခန်းပြင်ချဲ့လိုက်သေးသည်။ ဒါကိုလည်း နီးကြား မပါဝင်နိုင်ခဲ့ပါ။ နေထိုင်မကောင်း မအီမသာ ဖြစ်နေခဲ့တာကိုး။ သူများတွေကတော့ နီးကြားဟာ ရိုးသား မင်္ဂလာကိစ္စကို ကျေမှကျေနပ်ရဲ့လားတောင်မှ ထင်ကောင်းထင်နိုင်သည်။ သူက လည်း ဘာသိဘာသာ နိုင်လှခဲ့တာကိုး။

မရိုးအပေါ်လည်း ဟက်ဟက်ပက်ပက် ခင်ခင်မင်မင် မဆက်ဆံခဲ့မိ။ အရင်ကတည်းက ခပ်တန်းတန်းဟာ ရိုးသားနဲ့ယူပြီး အိမ်ပေါ်ပါလာတော့လည်း ဆက်ဆံရေး တိုးတက်ပြောင်းလဲမလာ။ မရိုးခများတော့ သူ့ရဲ့မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ကာ ကွက်ကြည့် ကွက်ကြည့် ရှိရှာသား။ သူတစ်ယောက်ပဲ အိမ်မှာ တိတ်ဆိတ်ငြိမ်သက်နေတာမို့ သူ့ကို မရိုးလည်း မရဲမဝံ့ရှိသည်။





သူလည်းပဲ ငါ့မတ်က ဘယ်လိုလူလဲ တွေးမှာပင်။ သူ့စိတ်တွေကတော့ မရှင်မလန်း နောက်ကျိနေတာမို့ အမေက သူ့မျက်နှာကို အရိပ်ကြည့်ကာ ...

"သားလေး ... နေလို့ကောင်းရဲ့လားဟင် သားလေး၊ နည်းနည်း နွမ်းနယ်သလားလို့"

"ကောင်းပါတယ် အမေကလည်း၊ တစ်ခါနေမကောင်းဖြစ်မိရင် အမေက ဆက်ပြီးစိုးရိမ်လို့ ပူပန်လို့ မပြီးတော့ဘူး၊ ဖြစ်တုန်းဖြစ်ပြီး အချိန်တန်ရင် ပျောက်ပြီပေါ့"

သူ့ဘက်ကတော့ ဘု။

"ဒါဖြင့် သားလေး ဘာဖြစ်နေလဲ"

"ဘာဖြစ်လို့လဲ၊ အမေကလည်း ပြဿနာပဲ"

"ရိုးသားရဲ့ မိန်းမကိုများ မင်း မကြည်ဖြူတာ မကြိုက်တာ ရှိလို့လား၊ ဒါမှမဟုတ် သူတို့လင်မယား အိမ်မှာနေတော့ သားအနေရ အထိုင်ရများ ကျဉ်းကျပ်လို့လား"

"အမေကလည်း ... အစစအရာရာ လိုက်ပူနေတာပဲ၊ တစ်ခုခု ဖြစ်နေမယ်ပဲ ဘာဖြစ်လို့ ထင်နေရတာလဲ အမေရာ၊ သားဟာသား နေတတ်သလိုပဲ နေတာပါ၊ ဘာမှမဖြစ်ဘူး၊ အမေ အဲသလို အရိပ်တကြည့်ကြည့် လိုက်မေးနေရင် ပိုစိတ်ရှုပ်တယ်၊ ပိုကျဉ်းကျပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘုစကားတို့အတွက် အမေ စိတ်မကောင်းဖြ
သွားတာ သူ ရိပ်မိခဲ့ပါသည်။ ဘာကြောင့်များ အမေ့ကို ပြေ
ပြစ်ပြစ် မတုံ့ပြန်ခဲ့မိပါလိမ့်။ ဒီထက် နားခံသာအောင် ပြောဆို
လည်း ရပါလျက်နှင့်။ သူ့ကို တယုတယ ဂရုတစိုက် လိုက်လု
နေတာကိုက သူ့စိတ်ကို ပင်ပန်းမွန်းကျပ်စေခဲ့တာ။

သူ အိမ်ကထွက်သွားတော့မယ် ဆုံးဖြတ်တော
ဘယ်သူ့ကိုမှ မပြောပါ။ ကျိတ်သာ စီစဉ်နေတာ။ ဒါပေမဲ့
ခြားတဲ့ အာရုံတစ်မျိုးကို အမေ ရပုံရပါသည်။ သူ့ကိုချည်းအ
တကြည့်ကြည့် လုပ်နေသည်။ အလစ်မပေးသလို ဖြစ်နေခဲ့သည်
သူ ထွက်လာခဲ့တဲ့ နေ့ကတော့ အိမ်မှာ အမေမရှိပါ။ အမေန
ဦးလေးက အလှူတစ်ခု သွားနေသည်။ ရိုးသားတို့ လင်မယ
ကလည်း မရီးရဲ့မိဘအိမ်ကို ခဏသွားကြသည်။

အိမ်မှာ နွေးနွေးနှင့် အိမ်အလုပ်သမားပဲရှိသည်
သူ အိတ်ဆွဲကာ ထွက်လာတာ တွေ့တော့ နွေးနွေးက ...

"ကိုလေး ဘယ်သွားမလို့လဲ"

"အပြင်ခဏပါ"

"အိတ်ကြီးက ဘာလဲ"

"အိတ်ကြီးက ငါ့သူငယ်ချင်းအိတ်၊ ပေးစရာရှိလို့"

"မုန့်ဝယ်ခဲ့ ကိုလေး"

"အေး ... အေး"





ဘာသံသယမှ မဝင်ဘဲ မုန့်မှာနေတဲ့ ညီမငယ်ကို
ခေါင်းတစ်ချက်ပုတ်ရင်း ရင်ထဲမှာ ပြင်းထန်စွာ စိတ်မကောင်း
ဖြစ်မိသည်။ ရင်တွေနာကျင်မိသည်။ အိမ်ကို မိသားစုကို အပြီး
အပိုင် ခွဲခွာခဲ့ပြီဆိုတာ သူတစ်ယောက်တည်းပဲ သိတာမို့ အရမ်း
ကို ဝမ်းနည်းပြီး တပ်ထားတဲ့ နေကာမျက်မှန်အောက်မှာ မျက်ရည်
တွေတွေ ကျခဲ့ရပါသည်။ လူရှင်းတဲ့ တစ်နေရာမှာရပ်ပြီး မျက်
ရည်တွေကို အရင်ကုန်အောင်သုတ်ပြီးမှ ထပ်မကျတော့ဘူးဆိုမှ
ဘားဂိတ်ကို လာခဲ့ရသည်။

ခုတော့ ချိုးလေးကူကြောင့် သူ့ရင်ထဲမှာ နွေးရှိန်းတဲ့
ဝေဒနာတစ်မျိုး ခံစားရရာက အမေ့ကိုသတိရ၊ အဲဒီကတစ်ဆင့်
အိမ်ကိုသတိရ။ ဒီအရွယ်ကြီးဆိုတော့လည်း လူပျောက်ကြော်ငြာ
တို့ အမြန်မြန်လာပါတို့ ဘယ်ထည့်တော့မလဲ။ အိတ်ကြီးဆွဲထွက်
သွားတာ နွေးနွေး တွေ့တာမို့ တမင်တကာ ထွက်သွားတာဆိုတာ
ကိုလည်း သိကြမှာပင်။

ကျိတ်ပြီးတော့တော့ နားစွင့်ရှာဖွေကြမှာပင်။ နီးကြား
ကုန်သွားတိုင်း ဇော်ကြီးနဲ့။ ဇော်ကြီး အမျိုးအိမ်က ရန်ကုန်မှာ
ရှိသည်။ ဒါကို ရိုးသား သိနိုင်သည်။ ဇော်ကြီးကလည်း မလေးရှား
သွားပြီဆိုတာ အမေတို့ ရိုးသားတို့ သိသည်။ ဇော်ကြီးအမျိုးအိမ်
သွားစုံစမ်းကြလျှင်လည်း ဇော်ကြီးအမျိုးအိမ်က ဘာမှပြောနိုင်မှာ
မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးက ထွက်သွားတာ ကြာပြီဖြစ်တဲ့ ဦးသက်ကို နိုးကြားနဲ့ ဆက်စပ်ပြီး သူတို့ လုံးဝစဉ်းစားမိမှာမဟုတ်သေး။ ဦးသက်ထံများ နိုးကြား သွားမလားလို့ ထည့်ကိုစဉ်းစားမိမှာ မဟုတ်။ ဦးသက် ရှိနေတဲ့ ဘုန်းကြီးကျောင်းကိုလည်း ရိုးသားတို့ မသိ။ စုံစမ်းရှာဖွေကြရင်တောင် အဆက်အစပ်ရမှာမဟုတ်။

အကြောင်းကစ်ခုခုကြောင့် ထွက်သွားပြီး စိတ်ပြေ လက်ပျောက်ရှိရင် ပြန်လာလိမ့်မယ် ဆိုတာမျိုးလည်း တွက်ကောင်း တွက်ထားကြပေလိမ့်မည်။ နိုးကြားက ခပ်ငယ်ငယ်ကတည်းက အိမ်ကိုခွာ၍ ရန်ကုန်ကို သူငယ်ချင်းတွေနှင့် ပါသွားလိုက်၊ ရှမ်း ပြည်နယ်ဘက် ပါသွားလိုက်၊ တောင်ကြီး–ကလောတွေ အလည် သွားလိုက်နှင့် မကြာမကြာ သွားလာတတ်မြဲမို့ နိုးကြား အိမ်က ထွက်သွားတာဟာ အထူးတဆန်းကြီးတော့ မဟုတ်ပါ။

နိုးကြား တွက်ဆထားသည်မှာ သုံးလေးလလောက် အထိတော့ အိမ်က တအားစိတ်ပူကြမှာ မဟုတ်သေး။ ဒီထက် ကြာလှလာမှ ဘာများဖြစ်နေသလဲ၊ သတင်းမကြား. ဘာမကြား ဘေးအန္တရာယ်မှ ကင်းရဲ့လား ပူလာကြလိမ့်မည်။ အင်း အဲသလောက်ကြီးလည်း မကြာလောက်ပါဘူး။

နိုးကြား ဘာလုပ်သွားတယ်ဆိုတာ တစ်နေ့တော့ သူတို့ သိကြမှာပါ။ ဒါတွေကို ကြိုတွေးမနေချင်ပါဘူး။ ဒါကြောင့် လည်း တမင်ကို ထွက်လာတာ။ သံဃာစဉ် ဖြတ်ချင်တာ မိသားစုကို သံဃာစဉ်ဖြတ်လာပါတယ်ဆိုမှ မထင်မှတ်တဲ့ ထက်





နေရာမှာ မမျှော်လင့်တဲ့ အဖြစ်အပျက်မျိုးနဲ့ ကောင်မလေးတစ် ယောက်ကို သံဃာစဉ်တွေလာပြီး ရစ်ပတ်နှောင်ဖွဲ့နေမိသည်မှာ ဘယ်ရေစက်ဘဝက ဝဋ်ကြွေးပါလဲလို့ပဲ ပြောရမလား။

ဘယ်ရေးဘဝက ရေစက်ပါလဲ လို့ပဲ ပြောရမလား သိတော့ပါ။

ခဏအကြာမှာတော့ နိုးကြားရဲ့ မြင်ကွင်းရှေ့မှာရှိ နေတဲ့ ချိုးလေးကူနှင့် လှုငယ်ကလေးတို့ဟာ အထည်ဆိုင်ကနေ ထွက်ခွာသွားပါပြီ။ ချိုးလေးကူ လက်ထဲမှာ အိတ်တွေ အိပ်တွေ အထုပ်တွေ။ ဘေးကကောင်ကတော့ လွတ်လွတ်လပ်လပ်ပင်။ ဘာအိတ်မှ ကူဆွဲဖော်မရ။ ဘယ်လိုကောင်လဲကွာ။ လောကွတ်က လေးတောင် မလုပ်ဘူး။ နိုးကြားသာ ချိုးလေးကူနံဘေးက ခုလို လျှောက်တွဲလိုက်ပါခွင့် ရမယ်ဆိုရင် ဘာအလေးအပင်မှ ချိုးလေးကူ သယ်မပိုးရပါဘူး။ သူချည်းပဲ သယ်မှာပေါ့။

ကိုယ့်ရဲ့အရူးတွေးနဲ့ကိုယ် နိုးကြားက တစ်ယောက် တည်း ပြုံးနေမိပြီးမှ လက်ဖက်ရည်ဆိုင်က ငွေရှင်းကာ ထ,ခဲ့ပါ သည်။ သူ မောင်ထော်လေးလမ်းထိပ်မှာ ဗိုလ်ချုပ်လမ်းကို ဖြတ် ကူးတော့ ချိုးလေးကူနှင့် ဟိုကောင်လေးပါသော အငှားကားက ရှေ့က ဖြတ်မောင်းသွားပါသည်။

ချိုးလေးကူက သူ့ကို တွေ့ပုံမရပါ။

❤ ❋ ❤



www.burmeseclassic.com

www.burmeseclassic.com



၆

"ဟယ် ... ဘုန်းကြီးကျောင်းက တံခါးတွေ ပိတ်ထား
တယ်"

ဝင်းမြစိမ်း ပြောမှ သူတို့သုံးယောက်လုံး ဘုန်းကြီး
ကျောင်းဆောင်လေးရဲ့ တံခါးတွေ ပိတ်ထားတာကို သတိပြုမိကြ
ပါသည်။ မီးတွေလည်း မှောင်မည်းလို့။

ဒီနေ့အဖို့ ချိုးလေးကူ၊ ဝင်းမြစိမ်း၊ ပုလဲသီ သုံး
ယောက်စလုံး ပါလာသည်။ ဒီနေ့ ရာဇာ အိမ်ပြန်နောက်ကျမည်
မှာထား၍ အိမ်မှာ ပုလဲသီတစ်ယောက်ပဲ ကျန်မည့်အတူတူ ပုလဲသီ
ပါလိုက်လာခဲ့တာ။ သူတို့ ကျောင်းနားအထိ ကပ်လာခဲ့ကြပါသည်။

"သူ ဘယ်သွားလို့လဲ မသိဘူး"

"အေးလေ ... ထမင်းစားချိန်ကြီးကို"



"ဟဲ့ ... ဟဲ့ ... ဟိုနားက ကွပ်ပျစ်ပေါ်မှာ ကောင်လေး
တစ်ယောက်"

ကျောင်းရဲ့နံဘေးအဖီအောက်က ကွပ်ပျစ်လေးမှာ
ကလေးတစ်ယောက် ထိုင်နေပါသည်။ ကလေးကလည်း သူတို့ကို
ကြည့်နေသည်။

"ဟိတ် ... ကလေး၊ ကိုနီးကြား ရှိလား"

"မရှိဘူး"

"ဘယ်သွားလဲ"

ကောင်လေးက လက်ညှိုးလေး တစ်နေရာထိုးလိုက်
ပြီးမှ ဟိုဝဲဒီဝဲဝေ့ကာ ...

"ဘယ်လဲတော့ မသိဘူး"

"မင်းက ဘယ်သူလဲ"

"သားက သူ့တပည့်"

"မှောင်ကြီးထဲမှာ ဘာထိုင်လုပ်နေတာလဲ ကလေး"

"ညွှံသည်လာမှာမို့လို့ စောင့်နေတာ"

"ဘယ်က ညွှံသည်လဲ"

"အစ်မ ချိုးလေးကူ"

"အဲ ... အဲဒါ ... အစ်မပဲ၊ အစ်မပဲ"

ချိုးလေးကူက သူ့ရင်ဘတ်လေး သူပုတ်ကာ ကမန်း
ကတန်း ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မက ချိုးလေးကူလား"

"အင်း ... ဟုတ်တယ်၊ ကိုနီးကြားက ဘာမှာသွားလဲ"

ကောင်လေးက ပထမဦးစွာ သူ့ဘောင်းဘီအိတ်ထဲမှာချထားတဲ့ စာရွက်ခေါက်ကလေး တစ်ခုကို အရင်ယူကာ ချိုးလေးကူကို လှမ်းပေးလိုက်သည်။

"ဘာလဲ ... ဒါ"

"စာ"

"တစ်မျိုးပါလား၊ စာတစ်တန် ပေတစ်တန် ဘာတွေရေးပြီး ဘယ်ကိုသွားနေပါလိမ့်"

ချိုးလေးကူက ကလေးငယ်လက်ထဲမှ စာကို လှမ်းယူ၍ ခပ်မြန်မြန် ဖွင့်ဖတ်လိုက်ပါသည်။ မှောင်မည်းနေ၍ စာရွက်ကို မဖတ်နိုင်။

"မှောင်လိုက်တာ ဘာမှမမြင်ရဘူး"

"ဒီမှာ ... ဒီမှာ ... လက်နှိပ်ဓာတ်မီးပါတယ်"

ပုလဲသီက လက်နှိပ်ဓာတ်မီးနှင့် စာရွက်ကို ထိုးပေးလိုက်ပါသည်။

"ချိုးလေး ...

ဒီနေ့ ထမင်းဖိုးရှင်းဖို့ မလိုပါ။ မနက်စာလည်း စားမထားလို့ ရှင်းသွားစရာ မလိုပါဘူး။ နောက်ထပ်လည်း အနည်းဆုံး ဆယ်ရက်၊ ကျွန်တော့်ကို ထမင်းကျွေးစရာ





မလိုပါဘူး။ ကျွန်တော့်အတွက် ထမင်းစရိတ်နည်းနည်းရလာလို့ပါ။

နောက်ဆယ်ရက်ပြည့်ပြီး နောက်တစ်ရက်ကျမှပဲ လာခဲ့ပါ။ ဒီဆယ်ရက်စာ စာရွက်တွေအပြင် ခင်မင်အားနာမှုနဲ့ နောက်ထပ် လက်ဆောင်အပိုပါ တစ်ခါတည်း ပေးခဲ့ပါတယ်။

နီးကြား"

ချိုးလေးကူက ကလေးကိုကြည့်ကာ ...

"မင်းဆရာ စာရွက်တွေ ပေးသွားလား သား"

"ဟုတ်ကဲ့ ... ဒီမှာ"

ချိုးလေးကူက ကောင်လေးထံမှ စာရွက်ထပ်ကို လှမ်းယူစဉ် ပုလဲသီနှင့် ဝင်းမြစိမ်းက နီးကြားရဲ့စာကိုယူကာ ခေါင်းချင်းဆိုင်ပြီး ဖတ်နေကြပါသည်။ ချိုးလေးကူက စာရွက်အထပ်ကို တဖျပ်ဖျပ် ရေတွက်လိုက်ရင်း ...

"ဟယ် ... အရွက်ငါးဆယ်တောင်"

ချိုးလေးကူ မျက်နှာက ပြုံးမြသွားပါသည်။ ကိုယ်ပိုင်တဲ့ ကိုယ့်စာရွက်တွေ ပြန်ရတာကိုပဲ လက်ဆောင်ပစ္စည်းရသလို ခုန်ဆွဆွ ပျော်နေမိပါသည်။

"ငါးဆယ်တောင် ! ပွတာပေါ့"

"ပွတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူက ဘာလဲ၊ ခရီးထွက်သွားတာမျိုးလား"

"မသိဘူးလေဟာ၊ ကလေးကိုမေးကြည့်"

ဝင်းမြစိမ်းက မကျေမနပ် မျက်နှာကလေး ညိုပါသည်။ အကြောင်းကတော့ မနက်ဖြန်ဟာ ဝင်းမြစိမ်းမွေးနေ့။ မွေးနေ့မှာ ဝင်းမြစိမ်းက အတူနေသူငယ်ချင်းလေးယောက် အတူတူ စားသောက်ဆိုင်တစ်ခုခုမှာ စားဖို့စီစဉ်ထားသည်။ ခါတိုင်းနှစ်တွေကလည်း တစ်ယောက် မွေးနေ့ပွဲမှာ ကျန်တဲ့သုံးယောက်ပါ ခေါ်ကာ တစ်နေရာမှာ မွေးနေ့ရှင်က ကျွေးနေကျထုံးစံ။

ဒီနှစ်မှာတော့ ဝင်းမြစိမ်းဟာ နိုးကြား အပေါ် စေတနာတွေပေါက်ကာ နိုးကြားကိုပါ တစ်နေရာမှာ ကျွေးမည်လို့ စီစဉ်ထားပါသည်။ လေးယောက်အတူတူထဲမှာတော့ နိုးကြားကိုပါခေါ်ကာ ငါးယောက်လုပ်လို့မဖြစ်။ ရာဇာ ရစ်မှာကို အားလုံးသိသည်။ ဒီတော့ မနက်ပိုင်းမှာ သူငယ်ချင်းလေးယောက်။ ညနေပိုင်းမှာ ရာဇာ မပါဘဲ သူတို့သုံးယောက်နှင့် နိုးကြား အပြင်တစ်နေရာကို ထွက်စားကြမယ်လို့ ရည်ရွယ်စီစဉ်ထားပါသည်။

ဒီနေ့ နိုးကြားနှင့်တွေ့လျှင် ဒါကိုပြောမလို့။ ခုတော့ သူကမရှိ။

"သားတို့ ဒီနေ့ ကျူရှင်မသင်ဘူးလား"

"သင်တယ်၊ ဒီနေ့ စောလွှတ်လိုက်တာ"

"မင်းဆရာက ဘယ်သွားတာလဲ"





"ဘယ်မှတော့ မသွားဘူး"

"ဘယ်မှတော့ မသွားဘူးဆိုတာ ဘာလဲကွ၊ ဘာကိုပြောတာလဲ"

"သားလည်း မသိဘူး"

ချိုးလေးကူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပါသည်။ ကလေးရဲ့ဖြေပုံကတစ်မျိုး။ ကြည့်ရတာ ဘယ်မှသွားပုံမပေါ်ဘဲ ဒီနားတစ်ဝိုက်မှာတင် ရှိနေတယ်ထင်ပါသည်။

"သားတို့ဆရာ နေကောင်းသွားပြီလား"

"ကောင်းတယ် ထင်တယ်"

"ဆေးခန်းတွေ ဘာတွေ ပြလား၊ သား သိလား"

"သား မသိဘူး"

"ဆရာ စာသင်တာ ရှင်းလားသား"

"ဟုတ်ကဲ့"

"ဆရာက ရိုက်တတ်လား"

"မရိုက်ဘူး"

"ဟဲ့ ... မိကူ၊ ကလေးကို ဘာတွေသွားစားနေတာလဲ၊ လျှောက်မေးနေတယ်၊ ဘာမှမဆိုင်တာတွေ ပြောမနေနဲ့၊ သူ့ကို ငါ့ ဖိတ်ချင်တယ်၊ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူက ကလေးရဲ့မျက်နှာကို စေ့စေ့စိုက်ကြည့်နေရင်းမှ ...

"သြော် ... မှတ်မိပြီ၊ မှတ်မိပြီ၊ သားက ဒေါ်မြိုင့်သား မဟုတ်လား"

"ဟုတ်ကဲ့"

"သြော် ... သူက ဒေါ်မြိုင့်သားလား"

"အေး ... ဟိုတစ်နေ့က ဒေါ်မြိုင် ပြထားတာ မှတ်မိနေတာလေ"

"သား ... မင်းတို့အိမ် ဘယ်မှာလဲ"

"ဒီဘုန်းကြီးကျောင်းရဲ့ ဟိုဘက်အနောက်မှာပဲ"

"လာ လိုက်ပြ၊ အန်တီတို့ လိုက်လည်မယ်၊ ဒေါ်မြိုင်နဲ့လည်း စကားပြောရအောင်"

"အမေ့ကို ဒီခေါ်ခဲ့ရမလား"

"မခေါ်ခဲ့ပါနဲ့၊ မင်းတို့အိမ်ကိုပဲ လိုက်စကားပြောမယ်"

"အိမ်မှာ ဧည့်သည်ရှိတယ်"

"ဘယ်သူလဲ၊ မင်းဆရာ ဦးနိုးကြားလား"

"ဟို ... ဟို ... ဟိုဟာ"

ရှစ်နှစ်သား ကလေးလေးဟာ လူကြီးသုံးယောက်ကြားမှာ ဂျာကလည်ရိုက်ကာ ဘာမှဆက်မပြောတတ်။ ကလေး





လေးတစ်ယောက်တည်း သော့ပိတ်ထားတဲ့ကျောင်းမှာ စောင့်ခိုင်းထားတာမို့ ဒီကလေးနေအိမ်ဟာလည်း ဒီနားနီးရမည်၊ မသိမသာ တစ်နေရာက ပုန်းကွယ်ပြီးတော့တောင် အခြေအနေကို ကြည့်နေနိုင်သည်ဆိုတာ မှန်းဆနိုင်ပါသည်။

ဒေါ်မြိုင့်သား ဖြစ်နေပြီး အိမ်လိုက်ခဲ့မယ် ဆိုတာကို ကလေးက မလိုက်စေချင်တဲ့ပုံစံ ရကတည်းက နိုးကြား အဲဒီအိမ်မှာ သွားထိုင်စောင့်နေသလားလို့ အလိုလို ထင်လိုက်မိတာပင်။ စာရွက်ကို လက်တစ်ဖက်က ရင်မှာပိုက်၊ နောက်လက်တစ်ဖက်က ကလေးလေးရဲ့ပခုံးကိုဖက်လျက် ဒေါ်မြိုင့် အိမ်လေးရှေ့ ချိုးလေးကူ ရပ်လိုက်မိချိန်မှာတော့ အိမ်ရဲ့ရှေ့ဘက် အဆင့်ကလေးမှာ ခြေတွဲလွဲချ ထိုင်နေတဲ့ နိုးကြားဟာ ကယောင်ကတမ်း လှုပ်ရှားမှုပျက်သွားပါသည်။

ချိုးလေးကူက ရောင်ဖယ်ဖယ် ဖြစ်သွားတဲ့ သူ့မျက်နှာကိုကြည့်ကာ ပြုံးမိရင်း ...

"ရှင် ထမင်းစားပြီးပြီလား ကိုနိုးကြား"

"မစားရသေးပါဘူး"

"ဘယ်မှာစားမှာလဲ၊ ဟိုဆိုင်မှာပဲလား"

နိုးကြားက ခပ်ပြုံးပြုံးကလေး လာမေးနေတဲ့ ချိုးလေးကူကိုကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီနေ့ ထမင်းမစားတော့ဘူး၊ ခေါင်းလည်းနည်းနည်းမူးချင်သလို ဖြစ်နေလို့ ခဏနေမှ လက်ဖက်ရည်ဆိုင်မှာ ခေါက်ဆွဲပြုတ် သွားသောက်မယ်၊ လက်ဖက်ရည်ဆိုင်က ခေါက်ဆွဲထုပ်ပြုတ်ပေးတယ်"

"ဆရာ ... သား ဒီအန်တီတွေကို ဆရာ ဒီအိမ်မှာရှိတာ မပြောပြဘူး၊ သူတို့က အမေ့ဆီ လိုက်လာတာ"

"အေး ... အေး၊ ရပါတယ် သားရဲ့"

ထိုစဉ် အိမ်အတွင်းထဲမှ ဒေါ်မြိုင် ထွက်လာကာ...

"ဟင် ... မမိကျူတို့ မမိစိမ်းတို့ မမိသီတို့ပါလား"

ဒေါ်မြိုင့်မှာ နာမ်စားတွေဟာ အမြဲရယ်ရသည်။ မိကျူ မိစိမ်း မိသီတို့ရှေ့မှာ သူက "မ"တပ်လိုက်သေးတော့ ခေါ်သံတွေက လျှာလိပ်နေတတ်သည်။

"ဩော် ... ဖိုးလုံးနဲ့ ပါလာကြတာလား၊ ဆရာစာပေးခိုင်းတဲ့ ညွှန့်သည်ဆိုတာ မမိကျူတို့ကိုး"

ဒေါ်မြိုင်က နီးကြား ပြောထားသလောက် ဘာသိထားတယ် မသိပါ။ ချိုးလေးကူတို့ကလည်း ရှင်းပြမနေတော့ပါ။ တီရှပ်အပေါ်မှ ရှပ်အင်္ကျီလက်ရှည်တစ်ထပ်ကို ကြယ်သီးတစ်ဝက်လောက်ထိတပ်ပြီး ထပ်ဝတ်ထားတဲ့ နီးကြားကိုကြည့်ရင်း ...

"ရှင့်ကိုကြည့်ရတာ ဖြူဖပ်ဖြူရော် ဖြစ်နေတယ် ကိုနီးကြား"





"မဟုတ်ပါဘူး၊ နေမကောင်းပြီးကာစမို့ အားသိပ်မရှိလို့နေပါလိမ့်မယ်"

"အားက ဘယ်လိုလုပ် ရှိနိုင်မှာလဲ၊ အဲဒီ ကိုနီးကြားက ဖြတ်ကတတ်ဆန်း စားသောက်နေပြီးတော့"

"ဖြစ်ကတတ်ဆန်းတောင်မှ သူ ကျွေးလို့"

"အမယ် ... ကျွန်မက အဲဒီဆိုင်မှာ စားပါလို့ တစ်ခွန်းမှမပြောမိဘူးနော်၊ စားပုံသောက်ပုံစနစ်နဲ့ နှန်းထားတန်ဖိုးကိုရှင်ပဲ သတ်မှတ်ဈေးဖြတ်တာ၊ ရှင့်စကားကိုပဲ ကျွန်မက လိုက်နာခဲ့တာပါနော်"

"ဟုတ်ပါတယ်၊ အဲဒီဆိုင်မှာကျွေးလို့ စားရတယ်ဆိုတဲ့သဘော မဟုတ်ပါဘူး၊ အဲဒီဆိုင်မှာ စားနေရတာတောင်မှ ကျွေးထားမယ့်သူရှိလို့ဆိုတဲ့ သဘောကိုပြောတာပါ"

"ရှင် ဘယ်ကပိုက်ဆံရလို့လဲဟင်"

လုံးဝအားမနာဘဲ တဲ့တိုးဆန်လွန်းလှတဲ့ ချိုးလေးကူမေးပုံကို နီးကြား သဘောကျပါသည်။ သူမဟာ ရှင်းရှင်းဖြောင့်ဖြောင့်သမားလေး။

"ကျွန်တော် ပန်းချီသုံးကား ရောင်းလိုက်ရတယ်၊ တစ်ကားကို ငါးထောင်နဲ့"

"ဟင် ... ပန်းချီကားတစ်ချပ်က ငါးထောင်ပဲရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ကြားခဲ့လို့သိပါလို့ ချိုးလေးရဲ့၊ နို့မို့ရင် ရောင်းတောင် ရောင်းရမှာ မဟုတ်ဘူး"

နီးကြားထံက လွှတ်ခနဲ "ချိုးလေး"ဆိုတဲ့ ခေါ်လိုက်သံကြောင့် ချိုးလေးကူက တစ်မျိုးလေး ရင်ထဲလှုပ်ရှားသွားပါသည်။ ခုနကစာထဲမှာလည်းပဲ "ချိုးလေး"တဲ့။ အဟင်းဟင်း။ ရယ်ရတယ်။ သူ့စိတ်ထဲမှာ အဲသလို ခေါ်လိုက်ဖို့ ဘယ်တုန်းကတည်းက ကြံရွယ်ထားတာပါလိမ့်။ အကြိမ်ကြိမ်များ ရေရွတ်လေ့ကျင့်ပြီးသားလား။ နှုတ်က ဒီလောက် ရှောရှောရှုရှု နားထောင်ကောင်းအောင် ထွက်လာတာလေ။

နီးကြားက သူခေါ်လိုက်မိတာကို သူ့ဟာနှင့်သူတောင် သတိပြုလိုက်မိပုံ မရဘဲ ...

"ရတဲ့ပိုက်ဆံထဲက ကျွန်တော့်တစ်ကိုယ်ရည်သုံး ပစ္စည်းတချို့ ဆပ်ပြာတို့ သွားတိုက်ဆေးတို့၊ နောက် ခေါက်ဆွဲထုပ်လိုမျိုး အခြောက်အခြမ်းလေးတွေ နည်းနည်းပါးပါး ဝယ်လိုက်သေးတော့ နောက်ဆယ်ရက်လောက်တော့ ကျွန်တော် ခင်ဗျားဆီက ထမင်းမစားလို့ရတယ်"

ချိုးလေးကူက စာရွက်ထပ်ကို ရင်မှာအပ်ကာ ပွေ့ထားရင်း ...

"တစ်သောင်းခွဲလေးနဲ့ ဝယ်တာခြမ်းတာတွေအပြင် ဆယ်ရက်စားဖို့လည်း ကျန်သေးတယ်။ ဟုတ်လား"





"ဟုတ်ကဲ့"

"ဒီဆိုင်ကဟာပဲ စားမယ်ပေါ့"

"ဟုတ်ကဲ့"

ချိုးလေးကူက နီးကြားကို အတန်ကြာ စူးစိုက်ကြည့်နေပြီး ...

"ရှင် ဘာအကြောင်းကြောင့် ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ် ဒုက္ခခံပြီး လာနေနေတာလဲဟင်"

နီးကြား နှုတ်ပိတ်သွားရသည်။ ခပ်ဘွင်းဘွင်းနဲ့ တစ်လုံးပြီးတစ်လုံးကို ပစ်သွင်းနေတော့တာပဲ။

"စပ်စုခွင့်မရှိပေမယ့် အရမ်းအံ့အားသင့်မိလို့ပါ၊ ကိုနီးကြားရဲ့အခြေအနေက ဒီလောက် နိမ့်နိမ့်ပါးပါးကြီး မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်"

ဝင်းမြစိမ်းနှင့် ပုလဲသီက ဒေါ်မြိုင်နှင့် စကားလက်ဆုံကျနေကြ၍ နီးကြားနှင့် ချိုးလေးကူရဲ့ သိပ်မကျယ်လှတဲ့ လေသံတွေကို အလွယ်နှင့်တော့ ကြားနိုင်မည်မဟုတ်။

"ရှင့်မှာနောက်ကြောင်းတစ်ခုရှိတယ်"

"... ... ..."

"အဲဒါကို ကျွန်မ သိချင်တယ်"

"ဘာဖြစ်လို့ သိချင်ရတာလဲ ချိုးလေး။ မသိချင်ပါနဲ့"

www.burmeseclassic.com



"ရှင်ရှင်ထွေးထွေး အပြစ်မကင်းတာတွေ မပါဘူး မဟုတ်
လားဟင်"

"အဲသလိုဟာတွေ မပါပါဘူး"

"မိသားစုအရေးကိစ္စလိုဟာမျိုးပဲလား"

"အဲသလိုသဘောမျိုးပါပဲ ချိုးလေး"

"အရင်က နေထိုင်ခဲ့ရတဲ့ အခြေအနေ အနေအထား
ဒီလောက်ကြီး မနိမ့်ကျနိုင်ဘူးလို့ ကျွန်မ ထင်တယ်၊ ရှင်
ရဲ့လက်ချောင်းတွေ ခြေချောင်းတွေ"

နီးကြားသည် ကိုယ့်ခြေလက်တွေကိုပင် ကိုယ်ကြည့်
လိုက်မိသည်။

"ရှင် နေထိုင်ပြောဆိုပုံ၊ စားသောက်ပုံ၊ ရှင့်ရဲ့ တည်ငြိမ်တဲ့
ဣန္ဒြေတို့ ဘာတို့ အားလုံးဟာ အဆင့်အတန်းတစ်ခုကို
ပြနေတယ်၊ ရှင် ဒီလိုဒုက္ခခံပြီး လာနေနေရအောင် ရှင့်
ပြဿနာက ဖြေရှင်းလို့ မရလို့လားဟင်"

နီးကြား မဖြေနိုင်ဘဲ အပြုံးတစ်ချက်နှင့် ခေါင်းငုံ့
ထားမိသည်။

"အင်း ... ကျွန်မ ဘာဖြစ်လို့ ဒီလောက်ကြီး စွက်ဖက်
စပ်စုနေမိပါလိမ့်"

ချိုးလေးကူက ရုတ်တရက် မျက်လုံးလေးမှိတ်ပြီး
ညည်းညူလိုက်ပါသည်။





"ရပါတယ်၊ ဘာပြောပြော ရပါတယ် ချိုးလေး၊ မပြောနိုင်
တာကတော့ ကျွန်တော့် အခက်အခဲပါ၊ ဒါပေမဲ့ ချိုးလေး
ကြိုက်တာပြောလို့ ရပါတယ်၊ စေတနာနဲ့ ပြောနေတယ်
ဆိုတာလည်း ကျွန်တော် သိပါတယ်"

"ဟုတ်တယ်၊ ရှင့်ကို ဦးဦးဆုံး အမြင်ကတ်တာ၊ နောက်
တော့ အံ့သြလာတယ်၊ ပြီးတော့ ခင်လာတယ်၊ ခုတော့
ဖြစ်နိုင်ရင် ကူပြီးဖြေရှင်းပေးချင်စိတ် ပေါက်လာတာပါ"

BURMESE CLASSIC .com

အလေးအနက် ပျော်ဝင်နေတဲ့ စေတနာ ကရုဏာတို့
က ချိုးလေးကူရဲ့စကားထဲမှာ ထင်ထင်ရှားရှား သိသိသာသာ
ပေါ်လွင်နေရာ နီးကြား ရင်ထဲနင့်ပြီး အလွန်ပင် ထိခိုက်သွားမိ
ပါသည်။ မဖြေရှင်းချင်ပါနဲ့ ချိုးလေးရယ်။ မင်း ဖြေရှင်းပေးလို့
လည်း မရနိုင်တဲ့ ပြဿနာမျိုးပါ။

"ကိုနီးကြား"

"ဗျာ"

"ရှင် ကျွန်မ သီးစစ်စ်အတွက် ငါးပုံတွေ ဆွဲပေးမလား"

"ဗျာ"

"ကျွန်မ ပုံတွေဆွဲရဦးမှာ၊ ပုံတွေမပြီးသေးဘူး၊ ပုံတွေက
အပြင်မှာ ဓာတ်ပုံရိုက်ထားတဲ့ ဓာတ်ပုံတွေတို့၊ တချို့
ပုံနှိပ်စာအုပ်ထဲမှာ Print လုပ်ထားတဲ့ ဓာတ်ပုံတွေတို့၊
အဲဒါတွေကို ကြည့်ဆွဲရမှာ၊ ငါးပုံတွေ၊ ငါးမျိုးစုံရဲ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပုံတွေ၊ ပါးဟက်တွေ၊ အရိုးဖွဲ့စည်းပုံတွေ၊ အို အများကြီးပဲ၊ ကျွန်မက ပုံဆွဲတဲ့အားညံ့တယ်၊ ပုံဆွဲဖို့အတွက် ပုံဆွဲဆရာက ငှားကိုငှားရမှာ၊ အဲဒါ တကယ်ပြောတာ ရှင့်ကို သက်သက်မဲ့ ဆွဲခိုင်းတာ မဟုတ်ဘူး။ တစ်ယောက် ယောက် ရာရ ငှားရမယ့်တူတူ ရှင့်ကိုဆွဲခိုင်းရင် ရှင်က လည်း ဆွဲပေးမယ်ဆိုရင် နှစ်ဦးနှစ်ဖက် အဆင်ပြေမလား လို့ပါ"

နိုးကြားက ခဏငိုင်သွားမိသည်။

"ဒါ အေးအေးဆေးဆေး လုပ်နေလို့ရတဲ့ အလုပ်ပါ၊ အဲဒီ အလုပ်ကရှင့်အတွက် အဆင်ပြေတယ်ဆိုရင် ကျောင်းက သိုးစစ်စစ်သမားတွေထဲက အလုပ်အပ်မယ့်သူ နောက်ထပ် လေး,ငါးယောက် ကျွန်မ ခေါ်လာပေးနိုင်သေးတယ်"

"ကျေးဇူးတင်ပါတယ် ချိုးလေး၊ ကျွန်တော် ဆွဲပါ့မယ်"

"ဟုတ်ပြီ"

ပြုံးပြီး ကျေနပ်ကျူးရင့်လိုက်တဲ့ ရုပ်လေးကို နိုးကြား ချစ်စနိုး ဖြစ်မိသည်။

"ဘာတွေ ဈေးတည့်နေကြလဲ"

"အရမ်းကို အဆင်ပြေနေတာ၊ ပုံတွေဆွဲဖို့"

"ကိုနိုးကြား ... စိမ်းတို့ကိုလည်း ပုံနည်းနည်း ဆွဲပေးဦး"

"ဘာပုံလဲ"



ချိုးလေးကူက "အပိုတွေ"ဆိုတဲ့ပုံမျိုးနဲ့ ဝင်မေးတာ ဖြစ်သည်။

"ငါတို့ ဒီဇိုင်းသင်တန်းက တစ်ပတ်ကို ဝတ်စုံဒီဇိုင်းနှစ်ပုံ သုံးပုံ အနည်းဆုံး ဆွဲတင်ရတယ်၊ အမှတ်ပေးတယ်၊ ငါရော မိသီရော ဒီတစ်ပတ်လည်း ဒီပုံမျိုး၊ နောက်တစ် ပတ်လည်း ဒီပုံမျိုး၊ ထူးမခြားနားတွေချည်းပဲ ဖြစ်နေလို့ အပြောခံခံနေရတာ၊ အဲတော့ပဲ ... ဟဲ ဟဲ"

"နင်တို့နှစ်ယောက်ကလည်းလေ၊ ပန်းချီဆရာကို ငါးပုံဆွဲ ခိုင်းတဲ့သူနဲ့ အင်္ကျီပုံ ဆွဲခိုင်းတဲ့သူနဲ့"

"ရပါတယ်၊ ကျွန်တော် ဆွဲပေးမယ်"

"နောက်တစ်ခု ရှိသေးတယ်"

"ပြောပါ ဝင်းမြစိမ်း"

"မနက်ဖြန် ကျွန်မ မွေးနေ့၊ ကျွန်မခင်တဲ့သူတွေကို မုန့် ကျွေးမလို့၊ အဲဒါ အခု ကိုနိုးကြားကလည်း သိပ်နေမကောင်း ချင်သေးသလိုဆိုတော့ ကြေးအိုးတိုက်မယ်၊ နက်ဖြန်ညနေ ကို ကျွန်မ ကြေးအိုးလိုက်တိုက်မယ်၊ အဲဒါ လုံးဝမငြင်းရ ဘူးနော်"

နိုးကြားက ခင်မင်စရာကောင်းတဲ့ မိန်းကလေးသုံး ယောက်ကို ကြည့်နေမိပါသည်။ ကြည့်ရင်းလည်း ရင်ထဲမှာကြည်နူး ခင်မင်ခြင်းနှင့် ပြုံးနေမိသည်။ တချို့သော အဖြစ်အပျက်တွေဟာ

www.burmeseclassic.com



ဘဝမှာ တော်တော်နောက်ကျပြီးမှ ဘာကြောင့် ဖြစ်ပျက်ရတာလဲ။ သူတို့နဲ့တွေ့ဖို့ရှိခဲ့ရင်လည်းစောစောကလေး ပေးတွေ့ခဲ့ပါတော့လား။

"ကျွန်တော် တစ်ယောက်တည်းလား၊ တခြားလူတွေရော ပါသေးလား"

"ရှင်တစ်ယောက်တည်း၊ စိမ်းတို့သုံးယောက်နဲ့ ရှင်နဲ့ပဲ၊ တခြားလူ မပါဘူး"

"ကျွန်တော့်ကို အဲသလို သီးသန့်ကြီး လိုက်ကျွေးမှာ အားနာစရာကြီး၊ ခင်ဗျားတို့ကို ကြည့်ရတာ ကျွန်တော် ဒီထမင်းဆိုင်လေးမှာ ထမင်းစားနေတာကို တော်တော်မျက်စိစပါးမွေး စူးနေကြတယ် ထင်တယ်"

"မမိကူရယ်၊ ကျွန်မလည်း ဆရာ့ကိုပြောပါတယ်၊ ကျွန်မအိမ်မှာ ညစာဖြစ်ဖြစ် မနက်စာဖြစ်ဖြစ် တစ်နပ်စားပါလို့၊ နောက်ထပ်တစ်နပ်ကိုကျွေးမယ့် ကလေးမိဘကလည်း အဆင်သင့် ရှိပါတယ်၊ ကျွန်မတို့လည်း ဆင်းရဲကြပေမယ့် အဲဒီထက်တော့ ဖွယ်ဖွယ်ရာရာလေး စားလို့ဖြစ်မှာပါ ...

အဲဒီဆိုင်မှာ တော်တော်မပြေလည်တဲ့သူတွေ စားကြတယ်ဆိုပေမယ့် ဆရာ့လောက် နေ့စဉ်ရက်ဆက် စားတဲ့သူတော့ ရှိကိုမရှိဘူး၊ အဟုတ်ပြောတာ၊ ကိုယ်မပြေလည်တဲ့နေ့၊ ပိုက်ဆံမရှိတဲ့နေ့လောက် လာဖောက်စားကြတာ၊





နည်းနည်းပြေလည်ရင် ဒီထက်ကောင်းတာ သွားစားကြတာပဲ၊ ဆရာပဲ မညည်းမညူ လနဲ့ချီ စားနိုင်တယ် ...

ကျွန်မတို့ ကလေးမိဘတွေက ကျွေးမယ်ဆိုတာကို လက်ခံရင် အဆင်ပြေတာပေါ့၊ ဆရာကလည်း လခမှမယူဘဲနဲ့၊ ဖိုးလုံးတို့တွေ စာရလာကြတယ် မမိကူရဲ့၊ စာတော်လာတယ်၊ ဦးဇင်း ပြန်လာလို့သိရင် သိပ်ဝမ်းသာမှာ၊ ဦးဇင်းက အစကသင်ပေးတာလေ၊ ဦးဇင်းက ထစ်ခနဲရှိ စိတ်ကတိုတော့ လက်ကပါတော့ ကလေးတွေက အတင်းလွှတ်တာတောင် မသွားချင်ကြဘူး၊ ဆရာနဲ့မှ ပာန်ကျနေတာ၊ ဆရာ့ကို ကျေးဇူးသိပ်တင်တာ"

"ဘယ်လောက်ပဲ ကျေးဇူးတင်တင် ဒေါ်မြိုင်၊ ကိုနီးကြားကို ကျွန်မလက်ကလုပြီးကျွေးဖို့ စဉ်းစားမနေနဲ့၊ ကျွန်မကသူ့ကို ထမင်းကျွေးခွင့် သုံးလပါမစ်ကျပြီးသား၊ ဟင်း ဟင်း"

"ဒါဖြင့် သုံးလပြီးရင်တော့ ကျွန်မနော် ဆရာ"

ဒေါ်မြိုင် အတည်ပေါက် ဝင်ဦးနေတာမို့ ရယ်ကြရပါသည်။

"သွားကြစို့လား၊ ကိုနီးကြား ဆာနေတော့မယ်"

"မဆာပါဘူး၊ ရပါတယ်"

"မရနဲ့လေ၊ ဗိုက်လေးဖြည့်ပြီးရင် ဆေးလေး ဘာလေးသောက်လိုက်ဦးနော်၊ ရှင့်ကြည့်ရတာ အားဆေးသောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုမယ်ထင်တယ်၊ လူကအားသိပ်ရှိပုံ မရဘူး၊ နေသိပ်မကောင်းရင် အစားအသောက် အနေအထိုင် ဂရုစိုက်ရတယ်၊ ရှင့်ကို ဒီထမင်းဟင်းမျိုးပဲ ဆက်မစားဖို့ ကျွန်မတောင်းဆိုပါရစေ ...

ဆယ်ရက်ကျော်ရင် ကျွန်မတို့ ဆိုင်ပြောင်းကြစို့နော် ! ”

နီးကြားက မတ်တတ်ထရပ်ရင်း ရင်ထဲကြည်ကြည်နူးနူးနှင့် ပြုံးသာပြုံးနေမိသည်။ ချိုးလေးကူနှင့် “ထမင်းကျွေး စာရွက်ပေး” အပေးအယူ လုပ်ခဲ့မိတာကို မျက်နှာပူ အားနာနေပါတယ်ဆိုမှ။

“ဒါတွေ အများကြီးအတွက် ကျေးဇူးပဲ”

ချိုးလေးကူက ရင်မှာအပ်ထားသော စာရွက်ထပ်ကို ပြကာ ထပ်ပြောလျှင် နီးကြားသည် မချိပြုံးကလေးနှင့် ခေါင်းငုံ့နေမိပါသည်။

❤ ❋ ❤





# ၇

မတွေ့ကြတဲ့ရက်တွေအတွင်းမှာ နီးကြားသည် ရင်ထဲဟာလျက် နေမထိ ထိုင်မသာ ဖြစ်ကာနေသည်။ တစ်နေ့တစ်နေ့ ပျင်းပျင်းနှင့် ဗိုလ်ချုပ်ဈေးကလူကြီး ဆွဲခိုင်းတဲ့ပုံမျိုးတွေ ထိုင်ဆွဲကာနေသည်။ ဓာတ်ပုံရိုက်ထားသလို တစ်ပုံနှင့်တစ်ပုံ ဆင်တူတွေ။ စက်ရုံကနေ ပုံလောင်းပြီး အပ်ချမတ်ချ ညီညီညာညာ ထွက်လာသလို ဒီလိုပုံမျိုးတွေ ထုတ်လုပ်နေတဲ့သူဟာ အနုပညာသမားရယ်လို့ ခေါ်လို့ရသေးလား။

အရင်တုန်းကသာဆို သူ လုံးဝဆွဲဖြစ်မည် မဟုတ်သည့် ဒီပုံတွေကို “ငွေ”မျက်နှာတစ်ခုကြောင့် ဆွဲရသည်။ ငွေကို အရေးမပါဘူးလို့ ဘယ်သူပြောချင်သလဲ။ နီးကြား အတွက်တော့ အခုအချိန်မှာ ငွေဟာ အရမ်းကို အရေးပါနေသည်။ ဒီငွေရှိမှ သူဟာ ချိုးလေးကူရဲ့ထမင်းကို မစားဘဲနေလို့ရမှာ။



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုတုန်းက ထမင်တကာ ညစ်ကျယ်ကျယ်နှင့် ကိုယ့်အခက်အခဲကိုယ် ဖြေရှင်းရာလည်းကျအောင် တောင်းဆိုခဲ့တာ ဖြစ်ပေမယ့် သူနဲ့ ကိုယ့်အကြား ရင်းနှီးမှုစတင်ကတည်းက ဒါကိုရှက်မိပြီ။ ချိုးလေးကူကို ရင်ထဲမှာ ငြိတွယ်စွဲလမ်းမိပြီလို့ သေချာတဲ့အခါမှာတော့ ကိုယ့်ထမင်းဖိုးကို သူလာရှင်းနေတဲ့အဖြစ်ကြီးကို လုံးဝရပ်ဆိုင်းပစ်လိုက်ချင်ခဲ့ပြီ။

လုံးဝ ဒီပုံစံကြီး ရှေ့မဆက်ချင်တော့။ အဲဒီလိုရပ်တန့်လိုက်ဖို့အတွက် ကိုယ့်ထမင်းဖိုး ကိုယ်ရှင်းဖို့ ငွေလိုသည်။ ထမင်းဖိုးကလွဲပြီး ခုချိန်မှာ ဘာအပိုမှမသုံးတဲ့ နီးကြားမှာ တခြားကုန်စရာငွေ မရှိပါ။ ဘယ်လိုပဲဖြစ်ဖြစ် ထမင်းဖိုးလောက်ငရုံတော့ သူ ငွေရှာရမည်။

လက်မှတ်ထိုးထားတဲ့ ဆင်တူရိုးမှား ပန်းချီခြောက်ကားနှင့် သူ ဗိုလ်ချုပ်ဈေးကို ရောက်သွားတော့ ...

"ဟား ... မြန်လိုက်တာကွာ၊ မင်းချည်းပဲဆွဲတာ ဟုတ်ရဲ့လား၊ သူများပါ ဆွဲခိုင်းတာလား"

"ဘယ်သူမှ မဆွဲခိုင်းပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပဲ ဆွဲတာ"

"အေး ... မေးရတာ တခြားကြောင့်တော့ မဟုတ်ဘူး၊ မင်းလက်ရာတွေကို ကြိုက်ကြတယ်၊ ဟိုတစ်နေ့က သုံးပုံစလုံး မရှိတော့ဘူး၊ ငါတောင် ကိုမြဓအောင်ဆီ ဆက်သွယ်





မလို့ စဉ်းစားနေတာ၊ မင်းကို ထပ်ပို့ခိုင်းမလို့လေ၊ မင်းရဲ့ အရင်လက်ရာအတိုင်း ဆိုရင်တော့ ငါက ယူမယ်၊ သူများပါ ဆွဲခိုင်းလာရင်တော့ နည်းနည်း ကြည့်ရဦးမယ်လေ၊ ဒါကြောင့် မေးတာ"

"အစ်ကို ကြည့်လိုက်ပါ၊ ကျွန်တော်ပဲ ဆွဲထားတာပါ"

"အေး ... ဒါဆိုရင်တော့ ဒီခြောက်ကားလုံးလည်း ငါယူထားမယ်၊ ထပ်လည်းဆွဲခဲ့ဦး၊ နောက်တစ်ပတ်လောက်လာပို့လှည့်လေ၊ ဒီပုံမျိုးကတော့ ရောင်းထွက်နေဦးမှာပဲ၊ အခုအချိန်က ဒါတွေပဲ စိတ်ဝင်စားပြီး ဝယ်နေကြတယ်၊ နောင် ဘယ်တော့မှ အီသွားမယ် မသိဘူး၊ အီသွားတော့လည်း နောက်တစ်ပုံပေါ့ကွာ"

"ဟုတ်ကဲ့"

ဒီလိုနှင့် နီးကြား လက်ထဲမှာ ငွေစကြေးစလေးနှင့် ဖြစ်လာပါသည်။ ချိုးလေး ကျွေးတဲ့ထမင်းကို မစားတော့ဘူးရယ်လို့လည်း သူ ဆုံးဖြတ်လိုက်ပါသည်။ ဒီကြားထဲမှာ သူ့ကို ဒေါ်မြိုင် သတင်းဖြန့်ဝေမှုကြောင့် ဘယ်သူတွေ ဘယ်လိုသဘောထားကြ ထင်မြင်ကြတယ် မသိ။ ထမင်းချိုင့်ပို့တဲ့သူကပို့၊ ဟင်းလာပို့တဲ့သူကပို့၊ အိမ်ကို အတင်းခေါ်ကျွေးတဲ့သူကကျွေး။

"ထမင်းဟင်းတွေ မပို့ကြပါနဲ့ဗျာ၊ ကျွန်တော်က ဘုန်းကြီးကျောင်း နေနေပေမယ့် ဘုန်းကြီးမှ မဟုတ်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆွမ်းပို့တာမှ မဟုတ်တာ ဆရာရယ်၊ ထမင်းပို့တာပါ"

"အားနာပါတယ်ဗျာ၊ မလုပ်ကြပါနဲ့၊ ကျွန်တော်က ကလေးတွေကို စေတနာသက်သက်နဲ့ပဲ သင်ပေးတာပါ၊ ဘာအဖိုးအခမှ မယူချင်ဘူးဗျာ"

"ကျွန်မတို့ကလည်း အဖိုးအခပေးတဲ့သဘော မဟုတ်ပါဘူး ဆရာ၊ ဆရာ့လိုပဲ စေတနာနဲ့ ဆရာစားစေချင်လို့ ပို့ပေးတာပါ"

သူ့မှာငြင်းမရ ပြုမရ။

နိုးကြားသည် စာသင်ချိန်နှင့် ထမင်းစားချိန်ကလွဲရင် ပန်းချီကားတွေပဲ ထိုင်ဆွဲနေပါသည်။ ညမိုးချုပ်မှာတော့ တစ်နေ့တစ်ကြိမ် မပျက်မကွက် ချိုးလေးကူတို့အိမ်ဘက် လမ်းလျှောက်ထွက်ပါသည်။ ချိုးလေးကူတို့အိမ်ကို ဒေါ်မြိုင့်ထံက သူသိထားသည်။ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်တစ်လုံးရဲ့ ညာဘက်ခြမ်း သုံးထပ်နဲ့ လေးထပ်မြောက်ဟာ ချိုးလေးကူတို့နေတဲ့အခန်း။

အဝေးက လမ်းလျှောက်လာကတည်းက တိုက်ရဲ့ အဲဒီအထပ် ဝရန်တာတွေဆီ မျှော်၍ကြည့်လာမိကာ ရင်ထဲကတုန်ကယင် ဖြစ်လာခဲ့မြဲ။ များသောအားဖြင့် ချိုးလေးကူကို မတွေ့ရပါ။ ချိုးလေးကူဟာ ဝရန်တာမှာ ထွက်ရပ်လေ့ သိပ်မရှိ။ သုံးထပ်ရဲ့ဝရန်တာမှာတော့ လူတစ်ယောက် ညတိုင်းလိုလိုထွက်ရပ်နေတတ်သည်။





"အောက်ထပ်မှာ ကိုရာဇာ နေတာ၊ ကိုရာဇာက မမိသီနဲ့ အမြွှာမောင်နှမ ဆရာရဲ့၊ သူတို့အားလုံး တစ်မြို့တည်းဇာတိတွေ"

ဒေါ်မြိုင်ကို မေးကြည့်တော့ ဒေါ်မြိုင်က ရှင်းပြသည်။ ဟိုတစ်ခါ ဗိုလ်ချုပ်ဈေးထဲမှာ ချိုးလေးကူနံဘေး ပါလာတဲ့သူဟာ အဲဒီ "ရာဇာညီ"ဆိုတဲ့သူပဲပေါ့။ နိုးကြား မှတ်မိပါသည်။ ဒီတော့ အဲဒီလူနဲ့ ချိုးလေးကူဟာ ချစ်သူတွေ ဘာတွေမဟုတ်၊ ငယ်သူငယ်ချင်းတွေပဲဆိုတာ သိရတော့ ကိုယ့်ဘာသာကျိတ်ပြီး ကြည်တွေနူးနေမိသေးသည်။

တစ်ရက်ပဲ ချိုးလေးကူကို အပေါ်ထပ် ဝရန်တာမှာ တွေ့ရသည်။ ချိုးလေးကူနှင့် ပုလဲသီ နှစ်ယောက် ရပ်နေကြတာဖြစ်သည်။ အဝေးကတည်းက လှမ်းကြည့်လာတဲ့ နိုးကြားကတော့ အဝေးကတည်းက မြင်နေပါသည်။ ရင်တွေ ပံရမ်းပတာခုန်ကာ ဒူးတွေတောင် ညွတ်ခွေလာသလား ထင်မိသည်။

ညမှောင်မှောင်ထဲ ဝရန်တာမီးလုံး နီကျင်ကျင်ကလေးလောက်နဲ့ မည်းမည်းရိပ်ရိပ်လေးပဲ မြင်ရတဲ့ ပုံရိပ်ကလေးကတောင် သူ့ရင်ကို လှုပ်ရှားစေလှပါသည်။ လမ်းကိုကြည့်မလျှောက်နိုင်ဘဲ လေးထပ်ဝရန်တာကိုသာ အာရုံစိုက်လာမိ၍ ခလုတ်တွေဘာတွေလဲတိုက်လို့။ တိုက်အောက်ရောက်ခါနီးလောက်မှာ ချိုးလေးကူရဲ့ ဦးခေါင်းက သူ့ရှိရာဘက် လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နီးကြားက ခေါင်းငုံ့ချလိုက်ပါသည်။

ချိုးလေးကူတို့ တိုက်ရှေ့မှာ မီးချောင်းတပ်ဆင်ထားတဲ့ ဓာတ်တိုင်ကလည်း ရှိသေးတော့ လင်းနေရာ သူ့ကို ချိုးလေးကူ တွေ့သွားတော့မှာမလွဲ။ သူကတော့ ခေါင်းကိုငုံ့ချကာ ကိုယ့်ကိုစွနှင့်ကိုယ် သွားနေတဲ့ပုံ။ ဒီတိုက်မှာ ချိုးလေးကူတို့ နေကြတယ်ဆိုတာကိုပဲ မသိသလိုလို။ လုံးဝထပ်မော့မကြည့်တော့။

တိုက်ကိုကျော်လာတော့ သူ ကျောခိုင်းရာအရပ်မှာ ချိုးလေးကူ ကျန်ရစ်သည်။ သူ့ကိုလိုက်ကြည့်နေကြမှာပဲလို့ နီးကြား သိနေပါသည်။

"ဟယ် ... ဟိုဟာ ကိုနီးကြား မဟုတ်လား" လို့ သူငယ်ချင်းနှစ်ယောက် ပြောနေကြလိမ့်မည်။ သူကတော့ မမြင်ချင်ယောင်ဆောင်ခဲ့ရတာ ရင်တွေတောင် ခုန်နေပါသည်။

ဆယ်ရက်အထိတော့ ချိုးလေးကူဟာ သူ့ဘက်ကို ရောက်လာမှာ မဟုတ်တော့။ လာချင်ရင်တောင် လာစရာအကြောင်းမှ မရှိတာ။ ဆယ်ရက်ပြည့်လို့ ရောက်လာတဲ့အခါ သူမထံက ထမင်းမစားတော့ဘူးလို့ ပြောပြရင်း ကျန်နေတဲ့ သီးစစ်စာရွက်တွေ အကုန်လုံးကို သူမ စိတ်ချမ်းသာသွားအောင် ပေးလိုက်ချင်ပါသည်။

ဒါပေမဲ့ အဲသလိုသာဆိုရင် နီးကြားနဲ့ ချိုးလေးကူတို့ရဲ့ တွေ့နိုင်ဆုံနိုင်စရာ အခွင့်အရေးဟာ ဘယ်မှာရှိတော့မှာလဲ။





ဘယ်လိုအကြောင်းပြချက်နဲ့ တွေ့စရာရှိသလဲ။ တစ်နေ့သုံးရွက်နှုန်းပဲ ဆက်ပေးနေရင် ကောင်းမလား။ ဘာဆက်လုပ်ရမှလဲဆိုတာ စဉ်းစားမရနိုင်အောင်ရှိရင်း နေ့ဆက်ရက်ဆက် ချိုးလေးကူကို လွမ်းဆွတ်နေခဲ့ပါသည်။

❤ ❋ ❤

"ငါတို့ ဒီနေ့ညနေ ကိုနီးကြားဆီ သွားရမယ် မဟုတ်လား"

ရေချိုးပြီး ထွက်လာရင်း မေးလိုက်တဲ့ ချိုးလေးကူကို ဝင်းမြစိမ်းက မျက်ခုံးပင့်ကာ ကြည့်ရင်း ...

"ဒီနေ့က ဆယ်ရက်မြောက်နေ့ မဟုတ်ဘူးလား"

"အင်းလေ ... ဆယ်ရက်လေ"

"သူက ဆယ်ရက် မကျေးနဲ့ ပြောထားတာဆိုတော့ ဒီနေ့ကလည်း နင်ကျွေးစရာမလိုတဲ့နေ့ထဲ အကျုံးဝင်တယ် မဟုတ်လား"

"ဒါပေမဲ့ ဆယ်ရက်ဆိုတော့ ..."

ရှေ့ဘာဆက်ပြောရမယ် မသိတော့ဟန်နှင့် နှုတ်ဆိတ်သွားတဲ့ ချိုးလေးကူကို ဝင်းမြစိမ်းက မသိမသာလေး အကဲခတ်သည်။ ဟိုတစ်နေ့က မိသီပြောတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ဒီစာရွက်လေးတွေပဲ ထုတ်ကြည့်လိုက် ပြန်ထည့်လိုက် အရိပ်တကြည့်ကြည့်နဲ့ ပွတ်သပ်နေတာ၊ မိက္ခလုံးဝမရှိဘူးဟ၊ သူ့ဆီမှာ ဒီလိုအမူအရာမျိုး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးဘူး၊ အရင်တုန်းက ဒီသီးစစ်စ်စာရွက်ထုပ်ကို ဒီလောက်ကို အမြတ်တနိုး မရှိပါဘူး၊ ကြွပ်ကြွပ်အိတ်ကြီးနဲ့ထည့်ပြီး ထိပ်ကစုချည်ထားပြီး ဖိုသီဖတ်သီပဲဟာကို၊ အခုမှ ပြန်ရတဲ့စာရွက်လေးတွေ ထည့်ထားတဲ့ File အိတ်ကအစ ထောင်ကျော်ပေးရတဲ့ အကောင်းစားအိတ်လေးနဲ့၊ လှလှပပ ယုယုယယ ဖုန်တောင်အတက်မခံဘူး၊ ငါထင်တာတော့ မိက္ခ ကိုနိုးကြားကို ရိုးရိုးသားသား မဟုတ်တဲ့ သံယောဇဉ်မျိုး တွယ်နေပြီထင်တယ်"

မိသီတင် ထင်တာမဟုတ်။ ဝင်းမြစိမ်းလည်း ထင်သည်။ သူက ပိုတောင်သိသေး။ ကိုနိုးကြားဆီသွားရင် ချိုးလေးကူနဲ့ ဝင်းမြစိမ်းသွားတာက များတာလေ။ ဟိုကျ ကိုနိုးကြားကို စကားပြောတဲ့အခါ ရှန်းတောက်လက်ဖြာနေတဲ့ ချိုးလေးကူရဲ့ မျက်ဝန်းစိုက်စိုက်ကလေးတွေကို ဝင်းမြစိမ်းက ပိုပြီး မြင်တွေ့ထားရတာပါ။

သူတို့ထဲမှာ ချိုးလေးကူ ပုံစံဟာ ဆတ်တောက်တောက် ဂျစ်ကန်ကန်ကလေးမို့ နူးညံ့ညွတ်ပြောင်းတဲ့အခါ ပိုပြီး သိသာထင်ရှားနေပါသည်။ ချိုးလေးကူသည် အင်္ကျီလဲလှယ်ဝတ်





ဆင်ပြီးသွားတဲ့အခါ သူ့ရဲ့ ခေါက်ခုတင် အစွန်းကလေးမှာ ထိုင်လိုက်ရင်း ယောင်ချာချာပုံစံလေးနှင့် ...

"ဒါဖြင့် နက်ဖြန်မှ သွားရမှာပေါ့နော် မိစိမ်း"

သူ မေးပုံက ဒီကိစ္စကို ဝင်းမြစိမ်းကပဲ ဆုံးဖြတ်ရမှာလိုလို။ အပြင်ကရောက်လာပြီး ညနေခြောက်နာရီအတွက် ရည်ရွယ်ကာ ရေမိုးချိုး သနပ်ခါးလေးလိမ်းထားသော ချိုးလေးကူကို ဝင်းမြစိမ်းက ရယ်လည်းရယ်ချင် ကြင်လည်းကြင်နာစွာကြည့်လျက် ...

"နင် ဒီနေ့သွားချင်လည်း သွားလို့ရတာပဲပေါ့၊ သွားလို့မရစရာမှမရှိဘဲ၊ သူနဲ့တွေ့တော့ သူက ဒီနေ့မကျွေးနဲ့ ဦးဆိုလည်း ပြီးရောပေါ့ ပြန်ရုံပေါ့"

သူတစ်ပါးဆန္ဒကို လိုက်လျောပေးတတ်မြဲ သဘောကောင်းလေးဖြစ်သော ဝင်းမြစိမ်းက ခုလည်း ချိုးလေးကူ နေသာထိုင်သာရှိအောင် သူ ဆန္ဒရှိသလိုလုပ်နိုင်အောင် ဖေးကူတဲ့စကားမျိုးပဲပြောလိုက်ပါသည်။

"ဟုတ်တယ် မိစိမ်းရယ်၊ ငါက ဒီနေ့ သွားလိုက်ချင်တာ"

"သွားပေါ့ဟဲ့"

"ဘာဖြစ်လို့လဲ သိလား ..."

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါလေ နှစ်ရက်ရှိပြီ သိလား၊ သူ့ကို အိပ်မက်မက်နေတာ၊ အိပ်မက်ထဲမှာ သူက ခုလို ရိုးရိုးကုပ်ကုပ်လေး ဝတ်စားပြီး တော့မဟုတ်ဘူး၊ ဘယ်လိုတွေမှန်းမသိဘူး၊ တခမ်းတနား ဝတ်ထားတာ၊ အရမ်းကို အရောင်ထွက်နေတာ၊ ဒါပေမဲ့ မျက်နှာကတော့မကောင်းဘူး ညှိုးနေတာ၊ အဲသလို ခပ်ဆင် ဆင်ပဲ နှစ်ရက်ဆက်တိုက် အိပ်မက်မက်တော့ စိတ်ထဲမှာ ငါ တစ်မျိုးကြီးဖြစ်နေလို့ဟ"

"နှင့်အိပ်မက်ကြီးကလည်းဟာ၊ ငါတောင် တစ်မျိုးကြီးဖြစ် လာပြီ၊ မျက်နှာကညှိုးနေတာဆိုတော့ ဝမ်းနည်းစရာကြီး"

"ဟုတ်တယ်၊ သူ့မျက်နှာဖြစ်နေပုံက ခရီးဝေးပဲ ထွက်သွားရ တော့မှာလိုလို၊ တအားညှိုးနွမ်းတာ၊ ငါ အဲဒီမျက်နှာကို မြင်တော့ အရမ်းစိတ်မကောင်းဘူးဟာ"

"မိကျူရယ်၊ ပြောလေဆိုးလေ၊ ငါ ရင်တောင်တုန်လာပြီ၊ ခဏနေ ငါတို့သွားမယ်လေဟာ၊ ခုပဲ ငါးနာရီကျော်နေပြီပဲ"

ချိုးလေးကျူ မျက်နှာလေးက ကြည်လင်သွားပါသည်။

"ဟဲ့ ... ငါလည်း လိုက်မယ်လေ"

မီးဖိုထဲက တရှဲရှဲသံတွေကြားမှာ ပုလဲသီရဲ့အသံက ဖောက်ထွက်လာသည်။

"နင်တို့ နှစ်ယောက်က ငါ့တော့မခေါ်ဘူး"





"ရာဇာ လာရင် သော့ဖွင့်ဝင်ရရင် ပွမ်းညံ့ပွမ်းညံ့ လုပ်နေဦး မှာမို့လို့လေ"

"ရာဇာ မိုးချုပ်မယ်၊ သူ့သူငယ်ချင်းတစ်ယောက်မွေးနေ့ လိုက်ကျွေးမှာတဲ့၊ ညစာတောင် မစားဘူး မှာထားတာ"

"ဒါဖြင့် လိုက်ခဲ့ပေါ့"

ပုလဲသီရဲ့ ချက်ရေးပြုတ်ရေးတွေ လက်စသတ်တဲ့ အခါ သူတို့သုံးယောက်ထွက်လာပါသည်။ နီးကြားတို့ ရပ်ကွက်ကို သူတို့ လမ်းလျှောက်လျှင် ဆယ့်ငါးမိနစ်လောက်ကြာမည်။ ဆိုက် ကားစီးရင် ငါးမိနစ်လောက်။ အမြဲတမ်း လမ်းပဲလျှောက်သွားဖြစ် ပါသည်။ ဘုန်းကြီးကျောင်းရဲ့အဝင်ဝကို ခပ်လှမ်းလှမ်းကတည်းက မြင်သာသည်။

အဝင်ပေါက်ဝကို အဝေးက လှမ်းကြည့်လိုက်လျှင် နီးကြားနေတဲ့ ကျောင်းလေးရဲ့ဘေးအဖီတစ်ခြမ်းကို မြင်ရသည်။ ချိုးကျူလေးက အဝေးကတည်းက ကျောင်းလေးကိုမြင်ရအောင် သမ်းဘေးဆွင်းလျှောက်ရင်း ကြည့်နေ၍ မြောင်းထဲကျမလိုတောင် ဖြစ်ရသည်။

"ဟဲ့ ... မိကျူရယ် သည်းလွန်းပိုလွန်းတယ်ဟယ်၊ ခဏနေ ရောက်မယ့်ဟာ၊ အဝေးကတည်းက မမြင်မြင်ရအောင် ဘေးဆင်းလျှောက်နေလိုက်တာ၊ မြောင်းပုပ်ထဲ ကျတော့ မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဟဲ့၊ ကျောင်းတံခါးတွေပိတ်ထားတယ်ထင်လို့ ကြည့်တာပါ"

"ဟုတ်လား"

အနီးကိုကပ်လာတော့ ကျောင်းတံခါးတွေ ပိတ်ထားတာ သေချာသွားပါသည်။ တံခါးတွေ ပိတ်ထားတာကို ကျောင်းဝင်းအပြင်ကတည်းက သေချာသွားပေမယ့် ကျောင်းလေးနားအထိ ဆက်လျှောက်လာခဲ့မိသေးသည်။

ဒီညနေ ပြန်တွေ့ရတော့မည် ထင်ထားခဲ့ပြီး မျှော်လင့်ချက်နှင့်လာခဲ့တာ၊ ခုလို မျှော်လင့်ချက်လွဲနေတော့ ချိုးလေးကူ ရင်ထဲ မောဟိုက်ပြီး နင့်လာလေသည်။ အဲဒီလိုဆိုရင် သူ့စိတ်က မရတော့ပြီ။ ဒီနားတစ်ဝိုက် မတွေ့တွေ့အောင် လိုက်ရှာချင်စိတ်ပေါက်လာခဲ့ပြီ။ မရတော့ဘူးဖြစ်လာရင် ပိုလိုချင်လာတတ်တဲ့ ချိုးလေးကူရဲ့ (ကောင်းသလား မကောင်းသလား မသိတဲ့) အကျင့်။

"ကျူရှင်စောပြီးသွားတယ် ထင်တယ်"

"အေး ... ထမင်းစားဖို့ တစ်နေရာရာကို ထွက်သွားပြီဖြစ်မှာပေါ့"

"ဟိုဆိုင်ထဲတော့ မတွေ့ခဲ့ဘူး၊ မရှိဘူး၊ ကြည့်ခဲ့တယ်"

ဟိုထမင်းဆိုင်လေးက ဘုန်းကြီးကျောင်းမရောက်ခင် အရင်ဖြတ်လာရတဲ့ နေရာပေါ်မှာ။ ဝင်းမြစိမ်းနှင့် ပုလဲသီက အပြန်အလှန် ပြောနေကြရင်း ...





"နက်ဖြန်မှပဲ လာတော့ပေါ့ဟယ်"

"ခဏနေကြဦးဟယ်၊ ဒေါ်မြိုင်တို့အိမ်ဘက်သွားရအောင်"

"ဘာလုပ်ဖို့လဲ"

"ဘာမှမလုပ်ပါဘူး၊ ဒီလိုပဲ ခဏသွားချင်စိတ်ဖြစ်လာတာ"

ပုလဲသီနှင့် ဝင်းမြစိမ်းက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ရင်း ပုလဲသီက ...

"အေး ... သွားရင်လည်း သွားပေါ့၊ လာလေ"

သုံးယောက်လျှောက်လာကြရင်း ...

"တကယ်တော့ သူပြောတဲ့ ဆယ်ရက်ထဲမှာ ဒီရက်လည်း အကျုံးဝင်တာ မိကူရဲ့၊ သူက ဒီနေ့ နင်လာမယ်ထင်မှာ မဟုတ်ဘူး"

ချိုးလေးကူသည် ဘာမှန်းမသိ ရင်ထဲပူနေသည်။ ဘုန်းကြီးကျောင်းကိုပတ်ကာ နောက်ဘက်ထဲကိုရောက်လျှင် ဒေါ်မြိုင်တို့အိမ်ရောက်လာပါသည်။ အိမ်ရှေ့မှာထိုင်နေတာက နိုးကြားစာသင်ပေးတဲ့ကောင်လေးရဲ့ အထက်က အကြီးမလေးဖြစ်သည်။ ဒီကောင်မလေးလည်း နိုးကြားထံ တက်တယ်တော့ထင်သည်။

"သမီး ... ဒေါ်မြိုင် ရှိလား"

"အမေ အပြင်သွားတယ်"

"ကြာမှာလား သမီး၊ ဒီနားတင်လား"

"ကြာမှာ၊ ဟော ... ဟိုမှာ ပြန်လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူ့အမေကို ပြေးကြိုသည်။ ချိုးလေးကူတို့ ရပ်ကြည့်စောင့်နေကြစဉ် ...

"မမိကူတို့ ဆရာ့သတင်းကြားလို့ လာတာလား"

ဒေါ်မြိုင် ခပ်လှမ်းလှမ်းကပင် အော်မေးလိုက်တဲ့စကားသံတွင် ချိုးလေးကူသည် ဒိန်းခနဲမြည်သွားသလို နားတွေပါအူကာ ခေါင်းနပန်းကြီးသွားလေသည်။ ရင်တွေဘောက်ဘက်ခတ်အောင် ခုန်လှုပ်လာကာ မောသလိုဖြစ်၍ ရင်ဘတ်လေးကို လက်လေးနှင့်ဖိလိုက်မိကာ ဘာမှ သွက်သွက်လက်လက် မမေးနိုင်ဘဲရှိစဉ် ဝင်းမြစိမ်းက ...

"ကိုနိုးကြားလား ဘာဖြစ်လို့လဲ ဒေါ်မြိုင်"

"ဆေးရုံတင်ရတာလေ၊ ခုပဲ ကျွန်မ ပြန်လာတာရော၊ ကျွန်မက ဒီညနေ ထမင်းပို့လိုက်တယ်၊ မနက်က ကုန်စုံဆိုင်က မသင်းမော် ပို့ပေးတယ်၊ နက်ဖြန်မနက်ကိုတော့ လက်ဖက်ရည်ဆိုင်က ဦးစံအိ၊ ညနေကို ဆိုက်ကား ..."

"ဒေါ်မြိုင် သူ ဘာဖြစ်တာလဲ"

ဒေါ်မြိုင့်လက်ကို ရှေ့တိုးဖမ်းဆုပ်ကိုင်ပြီး မေးလိုက်တဲ့ ချိုးလေးကူရဲ့လက်တွေက အေးစက်နေ၍ ဒေါ်မြိုင် တွန့်ခနဲဖြစ်သွားရပါသည်။ ချိုးလေးကူသည် ရုတ်တရက် အာခေါင်တွေခြောက်ကာ ရင်ထဲမော၍ ရေငတ်လာသည်။





"ကျွန်မတို့လည်း မပြောတတ်ပါဘူး မမိကူရယ်။ မနေ့ညနေကတည်းကပဲလေ၊ ဒီကောင်မလေးတွေကို စာသင်ရင်း ဘာလုပ်ဖို့ထ,လဲ မသိဘူး၊ အထမှာ အုန်းခနဲနေအောင် ပစ်လဲကျတာတဲ့၊ ကျောင်းလေးတောင် သိမ့်သိမ့်ခါသွားတာပဲတဲ့၊ ပြီးတော့ ခေါ်မရဘူး၊ သတိမရဘူး ဖြစ်နေတာ၊ ကလေးတွေ အော်ကြတာ ကြွက်ကြွက်ညံနေတော့ အိမ်နီးပါးချင်းတွေလည်း ကြား၊ ဟိုဘက် ကျောင်းလေးတွေက ဦးဇင်းတွေ ကိုရင်တွေလည်းကြားပြီး ပြေးလာကြနဲ့ ...

အားလုံး ကောက်ပွေ့ပြီး ဆိုက်ကားပေါ် ခက်ခက်ခဲခဲတင်ပြီး ဒီဘက်လမ်းမတန်းက ဆရာဝန်ဆီ ပြေးကြရတာပေါ့၊ အဲဒီဆရာဝန် ဆေးရုံကြီးကိုသွားခိုင်းတာ၊ သူပါလိုက်ပေးပါတယ်။ အဲဒါ ဟိုကျတော့ ဆေးရုံတန်းပြီးတင်ထားလိုက်တာပဲ၊ ဘယ့်နှယ်လုပ်မလဲ မမိသိရယ်၊ သူ့လူခံမှမရှိဘဲနဲ့ ကျွန်မတို့ပဲ တစ်ယောက်တလက် ထမင်းပို့ကြသွားကြည့်ကြပေါ့ ...

ဒီက ကပ္ပိယကြီးက သူနဲ့အမျိုးလားဘာလား သေချာမသိပါဘူး၊ သူက မြို့ထဲက သူငယ်ချင်းအိမ်သွားနေတယ်ဆိုတာ လိပ်စာကို ဦးစံအိက သိတော့ သွားအကြောင်းကြားပေးပါတယ်၊ မရှိကြဘူးလေ၊ သူငယ်ချင်းနဲ့ ဘယ်ကိုဆိုလဲဘုရားဖူးထွက်နေကြတယ်တဲ့၊ ပြန်မရောက်သေးဘူးတဲ့၊ အိမ်စောင့်လေးက ပြောလိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



တခြားလည်း ဘယ်သူ့အကြောင်းကြားရမှန်း မသိပါဘူး၊ ကျွန်မကလည်း ဒီနေ့ မမိကူတို့ဆီ လာတဲ့ရက်မဟုတ်လို့ပေါ့၊ နက်ဖြန်မှလာမှာဆိုတော့ လာမှပဲ အကျိုးအကြောင်း ပြောပြဦးမယ်ကြံတာ”

ချိုးလေးကူတို့သုံးယောက်သားသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြောင်တက်တက်လေးတွေဖြစ်ကာနေသည်။ ချိုးလေးကူ မျက်နှာက အားလုံးထဲမှာ အကြီးအကျယ်အပျက်ယွင်းဆုံး။ ငိုချင်သလိုလို ဖြစ်ကာနေမိသည်။

“မိကူ … နက်ဖြန်ကျတော့ ငါတို့ သွားကြည့်ကြတာပေါ့”

“ဒီညရော !…”

“ဒီညတော့ ဘယ်ရတော့မလဲ”

“ဘာဖြစ်လို့လဲ”

“ဟာ … မရဘူး … မရဘူး မမိကူ၊ နည်းနည်းနောက်ကျရင် အပေါက်ဝစောင့်တွေက အတင်းပဲအော်ထုတ်တာ၊ မနေ့က ကျွန်မတို့ကလည်း တအုပ်ကြီး တမကြီး မသိနားမလည်နဲ့ မဟုတ်လား၊ ဟိုရပ်တတ်ရပ်တတ် ဒီမော့တော့မော့တော့နဲ့ အပြုံလိုက်ကြီးရှုပ်နေတာပေါ့၊ အအော်ခံလိုက်ရတာဆိုတာလေ၊ လူတွေတပြုံကြီး ဘာလုပ်တာလဲတဲ့၊ ဧည့်ချိန်ကုန်ပြီ ပြန်ပြန်ဆိုပြီး ငေါက်တာ …





ကျွန်မတို့ကလည်း စိတ်ပူကြတော့ မပြန်ချင်။ ဆူခံလိုက်ရတာ မမိစိမ်းရယ် သိလား၊ ဒီညနေတော့ ကျွန်မက တစ်ယောက်တည်း ဆိုတော့ ကြောက်တယ်၊ အဖော်နဲ့ အငေါက်ခံရတာက တော်သေးတယ်၊ တစ်ယောက်တည်း အငေါက်ခံရရင် ဘာလုပ်ရမှန်းသိမှာမဟုတ်ဘူး၊ သူတို့က ခြောက်နာရီ ဧည့်သည်ချိန်ကုန်တယ်ပြောထားတော့ ကျွန်မက ငါးနာရီခွဲတာနဲ့ ပြန်ခဲ့တာပဲ”

“ကိုနီးကြား အခြေအနေက ဘယ်လိုဖြစ်နေသလဲဟင်”

“အကောင်းပဲတော့၊ မနေ့ကသာ ထိတ်ကြလန့်ကြရတာ၊ မနက်ကလည်း လန်းလန်းပဲလို့ မသန္တာမော် ပြောတာပဲ၊ ဒီညနေလည်း ဆရာက လှဲတော့လှဲနေတာပေါ့လေ၊ မုလင်းက ချိတ်ထားသေးတာကိုး၊ လူကတော့ ပြောနိုင်ဆိုနိုင်ပဲ၊ ကျွန်တော့်ကြောင့် တစ်ရပ်ကွက်လုံး ဒုက္ခတွေများကုန်ပြီတဲ့ ပြောသေးတာ …

ဘာဒုက္ခများရမှာလဲ ဆရာရယ်၊ ကိုယ့်သားသမီးတွေကို ပညာသင်ပေးနေတဲ့ဥစ္စာ၊ အလှည့်ကျ ထမင်းတစ်နပ်တလေ ပို့ကြရတာလည်း ဘာအပန်းကြီးသလဲလို့ ကျွန်မကပြောရတယ်၊ ဆရာက စိတ်ကောင်းပုံမပေါ်ဘူး၊ မျက်နှာလည်း ညှိုးနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမြစိမ်းသည် ချိုးလေးကူရဲ့ အိပ်မက်ဆိုတာ
သွားသတိရလိုက်ကာ ချိုးလေးကူကို ဖျတ်ခနဲကြည့်လိုက်သည်
မျက်ရည်ကြည်ရစ်လည်၍ ရွှန်းစိုတောက်ပနေတဲ့ မျက်ဝန်းကြ
ဖြင့် ဒေါ်မြိုင့်ကို စိုက်ကြည့်ကာ နားထောင်နေပုံမှာ စိတ်မကောင်း
ချင်စရာဖြစ်၍ ပုလဲသီကိုတောင် မသိမသာ တံတောင်နှင့်တွက်
ပြလိုက်မိပါသေးသည်။

"မမိကူတို့ ဆရာ့မိဘဆွေမျိုးတို့၊ ဆရာ့ဇာတိတို့သိလား"

"ဟင့်အင်း ... မသိပါဘူး ဒေါ်မြိုင်ရယ်"

"ဆရာက ရန်ကုန်ကမဟုတ်တာတော့သိတယ်၊ ဘယ်ကမှန်း
မသိဘူး၊ ဘယ်သူ့အကြောင်းကြားပေးရမလဲလို့ ဦးစံအိ
တို့ကမေးပါတယ်၊ သူက မလိုပါဘူးတဲ့၊ အကြောင်းကြား
စရာမရှိပါဘူးတဲ့၊ ဒီတော့ တစ်ကောင်ကြွက်လား၊ ဘယ်လို
လဲ နှိုက်နှိုက်ချွတ်ချွတ်လည်း မမေးဝံ့တာနဲ့ ဒီတိုင်းနေရတာ"

"အဲဒါကို မေးကြည့်ရမှာပေါ့"

"မမိကူတို့ သွားမေးကြည့်ပါဦး၊ ဩော် ... ဒါနဲ့ မေ့တော့
မလို့"

"ဘာလဲ ဒေါ်မြိုင်"

"ဆရာက ကျွန်မကို ကျောင်းသော့ပေးလိုက်တယ်၊ သော့
ဖွင့်ပြီး အရှေ့ခန်းရဲ့ထောင့်နားမှာ သူ့သေတ္တာရှိတယ်တဲ့၊
အဲဒါကို ဖွင့်လိုက်ရင် စာရွက်ဖြူတစ်ထပ်တွေ့လိမ့်မယ်တဲ့၊





ပလတ်စတစ်အိတ်နဲ့ သိုးသန့်ထည့်ထားတာတဲ့၊ အဲဒီစာရွက်
တစ်ထပ်လုံးကို မမိကူကို ပေးလိုက်ပါတဲ့"

ချိုးလေးကူသည် ရင်ထဲမှာ ဆွေးနင့်နင့်ဖြစ်သွားရပါ
သည်။

"ရှိသမျှ အားလုံးပေးခိုင်းတာလား"

ဝင်းမြစိမ်းက ဝင်မေးသည်။

"ဒါမှမဟုတ် ဘယ်နှရွက်ပေးလိုက်လို့ မှာသလား"

"အားလုံးပေးခိုင်းတာပါ မမိစိမ်းရဲ့၊ ပလတ်စတစ်အိတ်ကို
မဖွင့်နဲ့တဲ့၊ တစ်ရွက်မှကျမကျန်စေနဲ့တဲ့၊ သေချာဂရုစိုက်ပြီး
ပေးတဲ့၊ အဲဒါ ခုတစ်ခါတည်းယူသွားလိုက်ပါလား၊ ကျောင်း
သော့ ကျွန်မ လိုက်ဖွင့်ပေးမယ်"

ဤသို့ဖြင့် ဒေါ်မြိုင်နှင့် ချိုးလေးကူတို့သုံးယောက်
သားသည် နီးကြားနေတဲ့ ဘုန်းကြီးကျောင်းကလေးကို ရောက်လာ
ခဲ့ကြပါသည်။ ချိုးလေးကူတို့မှာပါတဲ့ လက်နှိပ်ဓာတ်မီးနဲ့ ဒေါ်မြိုင့်
မှာပါတဲ့ ဖယောင်းတိုင်မီးနဲ့ နှစ်ခုလုံးသုံးကာ မှောင်မှောင်မည်းမည်း
ထဲ သော့ဖွင့်ပြီး ကျောင်းလေးထဲဝင်ကြသည်။

"ဒီမှာ ... ဒီမှာ သေတ္တာတွေ့ပြီ"

ဖစ်ဖစ်ရှုံ့ရှုံ့ထားတဲ့ သေတ္တာဟာ အပေါ်စားမဟုတ်။
သေတ္တာကိုဖွင့်လိုက်တဲ့အခါ ထွက်လာတဲ့ အသုံးအဆောင် အဝတ်
အထည်အချို့ကို ချိုးလေးကူ စိတ်ဝင်တစားစိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ရိတ်ဂျုတ်ကအစ အကောင်းစား ဂျစ်လက်ဆဲင်ဆော သူကတော့ သူ့သေတ္တာကို မိန်းမပျိုကလေးတွေပါ ဝိုင်းကြည့်နေကြတယ့် ထင်မှာမဟုတ်။ ဒေါ်မြိုင်တစ်ယောက်ပဲ ဖွင့်မယ်ထင်နေမှာ။

ဆေးရုံတက်ရတယ်ပဲထား။ ဆေးရုံကဆင်းတဲ့အခါ သူကိုယ်တိုင်ပဲပေးရင်လည်း ရရက်သားနဲ့ ဘာကြောင့် အဆောတလျင် ဒေါ်မြိုင်နဲ့ ပေးခိုင်းရတာလဲ။ အားလုံး တစ်ခါတည်းပြန်ပေးတော့မယ့်ကိစ္စမှာ ကိုယ်တိုင်ကိုယ်ကျ မျက်နှာချင်းဆိုင် ပြန်ပေးရတယ်ဆိုရင် ချိုးလေးကူ့အဖို့ရော ပိုစိတ်ချမ်းသာစရာမကောင်းဘူးလား။ သူ့အဖို့ရော ပိုကြည်နူးစရာ မဖြစ်ဖူးလား။

သေတ္တာရဲ့ အဖုံးအတွင်းဘက်မှာ အချပ်လိုက်အပြန့်လိုက်ထည့်ထားတဲ့ ပန်းချီကားတွေကို ပုလဲသီနှင့် ဝင်းမြစိမ်းတို့ တဟယ်ဟယ်နှင့် သဘောတွေကျနေခိုက် ချိုးလေးကူသည် အကျႌတစ်ထည် အစွန်းအောက်ကထွက်နေတဲ့ ဒိုင်ယာရီစာအုပ်မည်းမည်းကလေးတစ်ခုကို လှမ်းယူလိုက်မိပါသည်။

ဒေါ်မြိုင်လည်း ချိုးလေးကူတို့လူသိုက်ကို ငေးသာကြည့်နေတော့သည်။ မကိုင်နဲ့ မလုပ်နဲ့လို့ ဟန့်ရလောက်တဲ့အနေအထားလည်း သူ့၌မရှိတာအပြင် ပိုင်ရှင်မရှိတုန်း သူ့သေတ္တာဖွင့်တဲ့အခါ သေတ္တာထဲကပစ္စည်းတွေ ဟိုကိုင်ဒီကိုင်မလုပ်သင့်ဘူးဆိုတာကိုပင် ဒေါ်မြိုင် တွေးမိပုံမရပါ။





“ဟယ် ... ကိုနီးကြားက ပန်းချီဆွဲတာ တကယ်တော်တာပဲ”

ဝင်းမြစိမ်းတို့ ကြည့်နေတဲ့ ပန်းချီကားအချပ်လိုက်တွေကို ဒေါ်မြိုင်ကလည်း အံ့သြဘနန်း ဝင်ကြည့်နေရင်း ...

“အဲဒါ ဆရာ ဆွဲတာပေါ့ ဟုတ်လား”

သူတို့တစ်ဖက်မှာ စိတ်ဝင်စားနေခိုက် ချိုးလေးကူက မှတ်တမ်းစာအုပ်မည်းမည်းကလေးကို တစ်ရွက်ချင်းလှန်ဖတ်နေမိသည်။ သူ ရေးလိုတဲ့နေ့စွဲကိုသာတပ်ကာ ရေးထားတာမျိုး။ အဖြစ်အပျက်တွေ။ ခံစားချက်တွေ။ နောက်တစ်ရွက်ကျ ငွေရေးကြေးရေးစာရင်းမျိုးလည်းပါရဲ့။ လူနံမည်နှင့် ဖုန်းနံပါတ် တွဲမှတ်ထားတာမျိုးလည်းပါရဲ့။

အမေ။ ရိုးသား။ နွေးနွေး။ ဦးလေး။ ဒါတွေက သူ့မှတ်တမ်းရဲ့ အဓိကဇာတ်ကောင်များပင်။ အဖြစ်အပျက်တို့ဟာ နွေးနွေးတွေးတွေးပင်။ စိတ်ညစ်စရာ စိတ်ဆင်းရဲစရာ အရုပ်ဆိုးတဲ့ အဖြစ်အပျက်မျိုးတွေ မတွေ့ရ။ သူ့အမေဟာ နောက်အိမ်ထောင်ပြုလိုက်ပြီး သူ့ညီမလေး နွေးနွေးကို မွေးလာတာ။

အမေကို သက်သက်မဲ့ ဂျီတိုက်ပြီး ရစ်လိုက်တဲ့အဖြစ်အပျက်မျိုးတွေတော့ပါသည်။ တကယ်တော့ အဲဒါ သူ သက်သက်မဲ့ စကန်တာ။ သက်သက်မဲ့ ဆိုးတာသာ။ သူ့အမေကို သူ ဘယ်လောက်ချစ်တယ်ဆိုတာ သူ့မှတ်တမ်းကလေးမှာ သိသာလှပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အစ်ကို ရိုးသားဆိုသူဟာ နီးကြားထက်တော့ ပေါ့ဆော့ ပါးပါး လိုက်လျောညီထွေ အဆင်တပြေနေတတ်တဲ့သူပင်။

ချိုးလေးကသည် အားလုံးကို တက်သုတ်ရိုက်ကာ ခပ်ရှမ်းရှမ်းဖတ်သွားရင်းက စိတ်ဝင်တစားရှိမိတဲ့ အကြောင်းအရာ အဆက်အစပ်တို့ကိုဆိုလျှင် နှစ်ခါသုံးခါ ပြန်ထပ်ဖတ်ကာ စိတ်ထဲမှတ်မှတ်သားသား အာရုံစိုက်ထားမိသည်။

"………

ပဲခူးတင်စစ်လို့မပြီးဘူးတဲ့။ ရန်ကုန်ဆေးရုံကြီးအထိ သွားစစ်ရမယ်။ ပြရမယ့်ဆရာဝန်ကြီးကို ညွှန်လိုက်တယ်။ ဒေါက်တာဦးကျော်ခင်။ ရိုးသား မင်္ဂလာဆောင်ရက်နီးမှ နေမကောင်းက လာဖြစ်နေသေးတယ် ………"

"………နွေးနွေးက မုန့်ဝယ်ခဲ့တဲ့။ ညီမလေးရဲ့ခေါင်းလေး ကိုပုတ်ရင်း ရင်ထဲမှာ ဆို့ကျင့်လာတယ် ………"

"အမေ့ကိုလွမ်းတယ် ………"

"……… အမေ၊ ရိုးသား၊ ညီမလေး နွေးနွေး၊ ပြီးတော့ အားလုံးရဲ့ကျေးဇူးရှင် ဦးလေး။ အားလုံးကို သတိရနေတယ်။ ငါ့သားလေးက ဘယ်တော့ လူကြီးဖြစ်မှာလဲလို့ စိတ်ပျက် လက်ပျက်ပြောပါဦးလား အမေ။ ကျွန်တော်လေ လူကြီးဖြစ် နေပါပြီ။ ကလေးလို မတွေးတော့ပါဘူး။ ဘယ်သူ့ကိုမှ လဲ ဒုက္ခမပေးချင်တော့ဘူး အမေ ………"





"………ကိုမြအောင်ရဲ့ ပန်းချီခန်းမှာ တင်လို့မရဘူးတဲ့။ ပါလာတဲ့ ပိုက်ဆံနည်းနည်းကလေးက ကုန်တော့မယ်။ ဟိုးဘက်လမ်းမတန်း ထမင်းဆိုင်က ထမင်း ၂၀ဝိ/-၊ ဟင်း ၄၀ဝိ/-။ ဈေးကြီးတယ်။ ဒေါ်ဂျမ်းဆိုင်မှာ အဝစား မှ သုံးရာပဲတဲ့ ………"

"……… စကားပြောတာ တင်စီးမောက်မာလွန်းတော့ သည်းညည်းခံချင်စိတ် တစ်စက်မှမရှိဘူး။ တစ်လောကလုံး ကို နာကြည်းစိတ်ပျက်နေတဲ့လူတစ်ယောက်ကို ငွေစကား လာမပြောစမ်းပါနဲ့။ ငါ့အတွက် အရေးကြီးတာက ငွေမဟုတ် ဘူး။ မသေခင် ထမင်းနပ်မှန်အောင်စားရဖို့ကွ ………"

"……… ချိုးလေး ……… ကမ္ဘာကြီးရပ်တန့်သွားခါနီးမှ ကျွန်တော့် အနား ဘာကြောင့်ရောက်လာခဲ့ပါသလဲ။ ဘာ ကြောင့်များ ရှိသမျှ အချိန်ကလေး အတောအတွင်းမှာ ကျွန်တော့်နှလုံးသားကို ပူနွေးလှုပ်ရှားစေနေသေးတာလဲ ချိုးလေးရယ်"

"……………"

ချိုးလေးကသည် စာအုပ်မည်းမည်းကလေးကို ဖျတ် ခနဲပိတ်ကာ ရင်ဘတ်မှာအပ်ထားလိုက်သည်။ ရင်ထဲမှာ နှလုံးခုန် သံက ဒိန်းဒိုင်းနှင့် အကျယ်ကြီး မြည်ဟည်းလို့ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောက်တရားတစ်ခုက ရင်ထဲမှာ အဆောတလျင် ပေါက်ဖွား လာကာ လူခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံစိမ့်ပျံ့သွား၍ ကျောရိုး တစ်လျှောက်စိမ့်ခြကာ ကြက်သီးမွေးညင်းလေးတွေ ထ,လာ သည်။ ငိုချလိုက်ချင်တဲ့ခံစားချက်တစ်မျိုးက ရင်ထဲဖြောင်းဆန်လာ သည်။

"မိကူ"

"မိကူ ..."

ပုလဲသီနှင့် ဝင်းမြစိမ်းက ချိုးလေးကူရဲ့ လက်မောင်း တစ်ဖက်တစ်ချက်ကို လာကိုင်လှုပ်လိုက်ကြပါသည်။

"နင် ဘာဖြစ်တာလဲ"

"ငါ ... ငါ ရင်တွေအရမ်းတုန်လာလို့"

"ဘာဖြစ်လို့လဲ"

ချိုးလေးကူက ခေါင်းလေးတစ်ချက်ယမ်းကာ ထိုင် နေရာမှ ထ,ရပ်လိုက်ပြီး ...

"သွားကြစို့"

"သေတ္တာပိတ်လိုက်ရတော့မလား မသိဘူး"

"ပိတ်လိုက်ပါ ဒေါ်မြိုင်"

"ဒီမှာ နင့်စာရွက်တွေလေ၊ နင့်လက်ထဲက စာအုပ်က ဘာလုပ်တာလဲ"





"အဲဒါပါ ငါ ယူသွားမလို့၊ ဖတ်စရာတွေ ရှိသေးတယ်၊ ဒေါ်မြိုင် ဒီစာရွက်ထပ်နဲ့ ဒီစာအုပ်လေး ယူထားတယ်နော်၊ ဒါပဲနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"မနက်ဖြန် ကိုနိုးကြားဆီ ကျွန်မတို့သွားမှ ဒီစာအုပ်လေးပါ ယူထားတာ ပြောပြလိုက်ပါ့မယ်"

"ရပါတယ် မမိကူကလည်း၊ ယူစရာရှိတာယူပေါ့"

ချိုးလေးကူသည် သီးစစ်စစ်စာရွက်ထပ်တွေကိုလည်း ဖတ်မဝင်စားတော့။ သီးစစ်စစ်တွေကို ဝင်းမြစိမ်းက ကိုင်လာသည်။ ချိုးလေးကူ လက်ထဲမှာ ခနစာအုပ်မည်းမည်းလေးသာ။ အိမ်ကျ ပါလေးကို ခေ့ခေ့စပ်စပ်ထပ်ဖတ်ဖို့ပဲ စိတ်စောကာ ရင်တွေ တဖျပ် ဖျပ် တလှုပ်လှုပ် တုန်ယင်မောဟိုက်နေသည်။

ဝမ်းနည်းပူဆွေးစရာ အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ တော့မယ်လို့ ဝမ်းနည်းအားငယ်စွာ ထင်ယောင်နေမိပါသည်။

❤ ❋ ❤



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို အိမ်မှာခေါ်ထားချင်တယ်"

နှုတ်ခမ်းထူထူကလေးနှစ်လွှာကြားမှ ခပ်ပြတ်ပြတ် သားသားထွက်ပေါ်လာတဲ့ ချိုးကူလေးရဲ့စကားကြောင့် ပုလဲသီနှင်း ဝင်းမြစိမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပါသည် ချိုးလေးကူလို နှုတ်က ယတိပြတ် ဒီလိုစကားမျိုးမပြောမိကြတာ ကလွဲလို့ ဆေးရုံပေါ်က ပိန်ချုံးဖြူရော်နေတဲ့ နီးကြားရုပ်သဏ္ဌာန် ကို အတူတကွ မြင်ထားကြရတဲ့သူတို့နှစ်ယောက်လည်း ဘယ်ထို မျှားကူညီလုပ်ကိုင်ပေးရရင်ကောင်းမလဲဆိုတာ အသီးသီးတွေးတော အဖြေရှာနေမိကြတာပင်။

"ငါက ငါ့ဆန္ဒကိုပြောတာပါ။ ဒါပေမဲ့ နင်တို့နှစ်ယောက် ကန့်ကွက်ရင်တော့ မခေါ်ပါဘူး"





"သူက မိန်းကလေးတစ်ယောက်ဆိုရင် ဘာမှစဉ်းစားနေ စရာမရှိဘူး မိကူ၊ ယောကျ်ားတစ်ယောက် ဖြစ်နေတာကို စဉ်းစားနေတာ"

"တစ်ခုတော့ရှိတာက ငါတို့လေးယောက်ဟာ ကျောင်းသူ ကျောင်းသားတွေဆိုတာလည်း ဒီမှာသိကြတာပဲ၊ ရာဇာက သူ့ဟာသူ အောက်ထပ်မှာနေတာ ဆိုတာလည်း တိုက်က သိကြတာပဲ၊ နင်နဲ့ရာဇာ အမြွှာမောင်နှမ ဆိုတာလည်း သိတဲ့သူသိကြတာပဲ၊ ပြီးတော့ ဟိုဘက်ခြမ်း အပေါ်ဆုံးလွှာ ကလည်း ယောကျ်ားလေးတွေ အဆောင်စုငှားနေကြတဲ့ အခန်းပဲ၊ ဒီလမ်းထဲမှာ ဒီလိုသဘောနဲ့နေကြတာတွေလည်း မရှားတော့ အထူးတလည် ရုပ်ဆိုးစရာ မရှိဘူးလို့လည်း ငါ ထင်လို့ပါ"

"အောက်ထပ်မှာ ရာဇာနဲ့ ထားမယ်ပေါ့"

"ဒါပေါ့၊ အောက်ထပ်မှာထားမှာပေါ့ မိစိမ်းရဲ့၊ လိုအပ်ရင် နင်တို့စိတ်ထဲ ပိုပြီးလုံခြုံချင်ရင် အပေါ်ထပ်အောက်ထပ်ကူး တဲ့ လှေကားရဲ့အံဖုံးကို ပြန်တပ်လိုက်ရုံပဲ၊ မမညိုတို့ အစ က တပ်ထားတာ၊ နောက်မှရှုပ်တယ် ဖွင့်ရပိတ်ရကြာတယ် ဆိုပြီး ဖြုတ်ပြီး အောက်ထပ်က နောက်ဖေးဝရန်တာမှာ ထောင်ထားတာလေ၊ ပတ္တာလေးပြန်တပ်လိုက်ရုံပဲ၊ ဖွင့်ထား ချင်လည်း ကြိုးနဲ့ဆွဲပြီး အပေါ်က ချိတ်ထားလိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အရေးမကြီးပါဘူး၊ တပ်ရလည်း လွယ်ပါတယ်"

"ဘယ်ဟာက အရေးကြီးလဲ"

"ရာဇာ"

"အေးဟဲ့ ... ရာဇာ့ကို ဘယ်လိုပြောမလဲ မိကူ၊ ရာဇာ သိတဲ့အတိုင်း ဘာလဲ ညာလဲနဲ့ ရစ်လိမ့်မယ်ထင်တယ်"

ချိုးလေးကူက မျက်လွှာချကာ တစ်ခဏ ငြိမ်သက် နေပါသည်။ နီးကြား လာမိခိုနေတဲ့ ဦးသက် ဆိုတဲ့ ကပ္ပိယ လည်း အထက်မြန်မာပြည်ဘုရားဖူးဆိုပြီး ဘယ်လိုမှ ဆက်သွယ် လို့မရ။ ဘုန်းကြီးကျောင်းအိုလေးထဲမှာ တစ်ယောက်တည်း ဘယ် လုပ်ပြီးထားမလဲ။

ခေါင်းမာလှတဲ့ နီးကြားဟာ အရာတော်တော်များများ ကို ဘူးချည်းခံနေသည်။ ဆေးရုံကို နှစ်ကြိမ်ရောက်ပြီးပြီမို့ စကား တွေလည်း အများကြီး ပြောပြီးပြီ။ မေးခွန်းတွေလည်း အများကြီး မေးပြီးပါပြီ။ ပထမတော့ နီးကြားက သူ ဖြေချင်မှဖြေကာ သူ မဖြေချင်တာတွေကိုမဖြေ။ သူ မလုပ်ချင်တာကိုလည်း ခေါင်းမာ တွင်ခါငြင်းသည်။ ကိုယ့်ထက်တောင်မှ ခေါင်းမာပါသေးလား ကရုဏာဒေါသော ဖြစ်ရပါသည်။

ဒီမိန်းကလေးတွေဟာ သူနှင့် သူစိမ်းတွေပါ။ သူ ကိုယ်ရေးကိုယ်တာနှင့် မသက်ဆိုင်ပါ။ ဒါကြောင့် သူ့ရောဂါအ





ပတ်သက်တာ ဘာမှပြောခွင့်မပြုပါလို့ သူက ဆရာဝန်ဆရာမများ ကို တောင်းဆို နှုတ်ပိတ်လိုက်သည်။ သူ့ရဲ့ ဆေးရုံမှတ်တမ်း Chart စာရွက်များကိုလည်း သူ့ခေါင်းအုံးအောက်ထဲ ဖိအိပ်လို့။

အဲဒီနေ့က အံ့လည်းသြ၊ သူ လုပ်ပုံကိုမုန်းလည်းမုန်း ဒီလည်းစိုးရိမ်နှင့် ချိုးလေးကူသည် ကော်ရစ်ဒါအပြင်ဘက်ကို အပြေးထွက်သွားကာ တိတ်တိတ်မျက်ရည်နိုးကျခဲ့ရသည်။ ဒီလူ သူစိမ်းတစ်ယောက်အတွက် မျက်ရည်ကျခဲ့ရပါသည်။

သူ ဒီလိုလုပ်ကတည်းက သူဟာ ရိုးရိုးသာမာန် သေးသေးမွှားမွှားရောဂါမျိုး မဟုတ်တော့ဘဲ စိုးရိမ်ဖွယ်ရောဂါကြီး ထစ်ခုခုဖြစ်တာကို ချိုးလေးကူတို့အားလုံး ရိပ်မိကြပါသည်။ အဲဒီ ရောဂါကြီးကြောင့်ပဲ သူ မိသားစုကို စွန့်ခွာလာတာလို့လည်း ဆက်စပ်တွေးကြည့်မိရပါသည်။

ဒီလောက်တောင် သူ အစီအစဉ်ချကာ မိသားစုကွယ် ရာကိုတောင် ရှောင်ထွက်ခဲ့တယ် ဆိုကတည်းက သူ့ရောဂါဟာ ကုရခက်ခဲတဲ့ သေနိုင်တဲ့ရောဂါမျိုးဆိုတာလည်း ချက်ချင်းမှန်းဆ မိပါသည်။ ဒါကြောင့်လည်း ရင်မှာ အပြင်းအထန် နာကျင်ဝမ်း နည်းရတာ။ သိကြတာ ဘာမှမကြာလှသေးတဲ့ ဤလူသူစိမ်းတစ် ယောက်အတွက် ချိုးလေးကူ ရင်ထဲဖြစ်နေခဲ့ရတဲ့ ပူပန်သောကကို ဘယ်ပြနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာလည်းကောင်းလှပါရဲ့။ သံယောဇဉ်ငြိတွယ်ခြင်းဟာ ဆန်းကြယ်လှပါသည်။ သူ့ဘက်ကလည်း ချိုးလေးကူကို ဘယ်လောက်သံယောဇဉ်တွယ်နေခဲ့တယ်ဆိုတာ သူ့မှတ်တမ်းကလေးက သက်သေခံနေပြီ။ ကမ္ဘာကြီးရပ်တန့်သွားခါနီးမှ ကျွန်တော့်အနား ဘာကြောင့်ရောက်လာခဲ့ရပါသလဲဆိုတဲ့ သူ့လက်ရေးလေးကို မမေ့။ ဘယ်တော့မှကို မမေ့နိုင်။

ပထမတစ်ရက် သွားကြည့်တုန်းက ဝမ်းတွေနည်းရင်တွေနာ၊ ပူပန်သောကတွေနှင့် အိမ်ပြန်ရောက်တော့ မရှက်နိုင်မကြောက်နိုင်ဘဲ ချုံးပွဲချငိုမိပါသည်။ ချိုးလေးကူ ငိုတော့ ဝင်းမြစိမ်းနှင့် ပုလဲသီ မျက်ရည်စမ်းစမ်းဖြစ်ရသည်။ ချိုးလေးကူ မရှက်နိုင်တော့ပါ။

လူတစ်ယောက်ကို သံယောဇဉ်တွယ်မိတယ် အဲဒါဘာဖြစ်သလဲ။

"မိကူ တိတ်ပါဟာ၊ စိတ်မကောင်းဖြစ်ပေမယ့် သူ့ဘာသူ့ကုသိုလ်နဲ့သူ ဖြစ်နေပြီပဲ၊ တတ်နိုင်သလောက် အကူအညီပေးကြတာပေါ့ဟာ"

ပုလဲသီတို့က ဖျောင်းဖျသည်။ ချိုးလေးကူ ရင်ထဲကိုလည်း သူတို့မြင်သည်။ ချိုးလေးကူမှာ ဒီလိုခံစားမှုမျိုး ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးတာ။ နီးကြားကို သံယောဇဉ်နှောင်တွယ်နေပြီဆိုတာ သိကြပါသည်။ ဒါပေမဲ့ မသိသလိုလေးသာ ဘာမှ ဖွင့်မပြောဘဲနေ





သည်။ ဖွင့်ပြောခြင်းအားဖြင့် တရားဝင် အသိအမှတ်ပြုသလို အတည်ကြီးလို ဖြစ်မသွားစေလိုပါ။ ဖွင့်မေးရင် ချိုးလေးကူက ငြင်းကွယ်မှာမဟုတ်။

ဒီတော့ နီးကြားအပေါ် ကြင်နာကရုဏာသက်တာ၊ နီးကြားအတွက် ခံစားရတာဟာ ချိုးလေးကူတစ်ယောက်တည်းမှ ထူးခြားပြီး ဖြစ်နေတာမဟုတ်ဘဲ သူတို့ပါ စိတ်မကောင်းရ သနားကြင်နာရတယ် ဆိုတာကို ဖွင့်ပြထားလိုက်ပါသည်။ ချိုးလေးကူရင်ထဲ ဘယ်လိုပဲရှိနေပါစေ အပြင်မှာတော့ နီးကြားအပေါ် ပွင့်ပွင့်လင်းလင်း ငြိတွယ်ပတ်သက်သွားတာမျိုး အဖြစ်မခံနိုင်ပါ။

ဘာပဲဖြစ်ဖြစ် ရှေ့လည်းဆက်လို့ရမှာမဟုတ်တဲ့တူတူ ကူညီကြတယ်ဆိုရင်တောင် ရိုးရိုးသာမန်မိတ်ဆွေသူငယ်ချင်းလိုသာ ကူညီတာမျိုးပဲ ဖြစ်စေချင်သည်။

ဝင်းမြစိမ်းက ပုလဲသီကို တိုးတိုးကျိတ်မေးခဲ့ပါသေးသည်။

"ဟဲ့ ... အေအိုင်ဒီအက်စ်တော့ မဖြစ်နိုင်ပါဘူး ထင်ပါတယ်နော်"

"ငါလည်း အတိအကျမသိနိုင်ပေမယ့် ပုံပန်းသဏ္ဌာန်ကြည့်ရတာတော့ မဟုတ်လောက်ပါဘူး၊ အဲဒီလူကလည်း တစ်မျိုးဟယ်၊ သူ့ရောဂါကို ပေးမသိဘူး"

"အဲဒီတည်းက သေကိုသေရမယ့်ရောဂါပဲ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကင်ဆာပေါ့"

"အဲဒါမျိုးပဲ ဖြစ်မှာပဲလေ"

သူတို့ချင်းကျိတ်ပြောသလို နှုတ်ဆိတ်နေတဲ့ ချိုးလေးကူလည်း တစ်ယောက်တည်း ရင်ထဲမှာ ကျိတ်ပြီးကောက်ချက်တွေချနေမှာပင်။

စိတ်တွေ ညှိုးချုံးလွန်းလို့သာ စကားမပြောချင်ဘဲ ငြိမ်နေတာ ရင်ထဲတော့ ဗလောင်ဆူနေရှာလိမ့်မည်။

ဒုတိယနေ့သွားတဲ့အခါမှာတော့ ချိုးလေးကူသည် အဖျားသွေးရှိတဲ့ နီးကြား စားဖို့ သူကိုယ်တိုင် ပြုတ်ယူလာတဲ့ ကြက်သားဆန်ပြုတ်ကိုတိုက်ရင်း ...

"ဆုံးဖြတ်ချက်တစ်ခုဆိုတာ ဆုံးဖြတ်တဲ့သူအတွက် သူ့ရင်နဲ့ရင်းပြီး အခက်အခဲကြားထဲက ဆုံးဖြတ်ရတာမျိုးလည်း ဖြစ်ကောင်းဖြစ်မယ်၊ သူ့အတွက်လည်း ပင်ပန်းဆင်းရဲရတယ် ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ ဒီဆုံးဖြတ်ချက် ဘာကြောင့်ချလိုက်သလဲ ဘာမှသိခွင့်မရလိုက်ဘဲ ဘုမသိဘမသိ ကိုယ်လုပ်သွားတာကို ငြိမ်ကြည့်နေရတဲ့ ဘေးလူတွေအတွက် ပိုပြီး ပင်ပန်းဆင်းရဲတယ် ကိုနီးကြား"

နီးကြားက ဆန်ပြုတ်ပန်းကန်ကို ကိုင်ကာ သူ့ဟာသူ သောက်နေရင်း ...





"အရမ်းစားလို့ကောင်းတာပဲ ချိုးလေး၊ ချွေးတောင်စို့လာတယ်၊ အဖျားကျသွားပြီ ထင်တယ်"

"ရှင့်မိသားစုလည်း ဘယ်လောက်ခံစားရမလဲ၊ ကျွန်မတို့တောင် ခုလောက်ခံစားရတာ"

"ကျွန်တော့်အတွက် ဘာမှမခံစားပါနဲ့ ချိုးလေးရယ်၊ ကျွန်တော့်အတွက် ဘယ်သူမှမခံစားရစေချင်တာ ကျွန်တော့်ဆန္ဒပဲ"

"ဒါပေမဲ့ ရှင် လုပ်ပုံက ပိုတောင်ခံစားရစေတယ်၊ ခံစားချက်ကို ပုံမှန်ထက်ကို ပိုပြင်းထန်စေတယ်"

"ချိုးလေး"

ချိုးလေးကူက မျက်ရည်လည်လာခဲ့သည်။ မျက်ရည်လည်တာကိုလည်း မဖုံးကွယ်ပါ။ သိရင်သိပါစေ။ အရေးမကြီးတဲ့ အရာလေးတွေအတွက် ထည့်တွက်မနေနိုင်တော့လောက်အောင် အချိန်ကို လုယက်ရမယ်လို့ ချိုးလေးကူ နားလည်ထားပါပြီ။ ကမ္ဘာကြီးရပ်တော့မယ်လို့ သူ ပြောထားတာ။ ကမ္ဘာကြီး ဘယ်တော့ရပ်မှာလဲ။ ဘယ်လောက်မြန်မြန် ရပ်တော့မှာလဲ။ သူ့အိမ်ကို စွန့်ခွာခဲ့ပြီဆိုကတည်းက သိပ်မဝေးလှတော့ပြီ ဆိုတာကိုတော့ မှန်းဆကြည့်လို့ရပါသည်။

"ရှင့်ရဲ့မှတ်တမ်းလေးကို ကျွန်မ ဖတ်တယ်"

"ဟာ ... ချိုးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အရမ်းခံစားရတယ်"

ချိုးလေးကူက မျက်တောင်လေးတွေ ပေကလတ်လုပ်ကာ မျက်ရည်ကျမလာအောင်တော့ ထိန်းပါသည်။ နိုးကြားက ခေါင်းငုံ့သွားပြီး ...

"အဲဒီမှာ ရေးထားတာတွေအတွက် ဆောရီးပါ ချိုးလေး၊ ကျွန်တော် ..."

"ဟင့်အင်း ... ဆောရီးလုပ်တာ နောက်ကျသွားပြီ၊ ကျွန်မ ရှင့်ရင်ထဲကို မြင်လိုက်ရပြီးပြီ၊ မြင်ခွင့်ရလိုက်ပြီး တအားစိတ်ဆင်းရဲ ကြေကွဲရပြီးပြီ"

"ချိုးလေး"

နိုးကြားလည်း မျက်ရည်လည်လာခဲ့ပါသည်။

"တစ်ခုတောင်းပန်ချင်တာက သံယောဇဉ်ရှိတဲ့ သူတွေကို ပစ်ပြေးပြီး အဝေးကြီးသွားတာမျိုး နောက်တစ်ကြိမ် ထပ်မလုပ်တော့ဖို့ပါ"

ချိုးလေးကူသည် စကားပြောရင်း မသိမသာထွက်လာတဲ့ ရှိုက်သံလေးတွေကို မျိုချရသည်။

"ရှင် ဆုံးဖြတ်တာမှားတယ်ထင်တယ် ကိုနိုးကြား၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူးဆိုတဲ့စိတ်က ရှင့်အတွက် ရှင် မှန်ချင်မှန်နေမှာဖြစ်ပေမယ့် တစ်ဖက်သားအတွက် စဉ်းစားပေးပါဦး၊ ရှင့်အမေဆိုရင် သူ့သားလေး သူ ဒီလောက်ခွင့်





လွှတ်ပြီးချစ်တဲ့ သားငယ်လေး နောက်ဆုံးအချိန်နီးနေပြီဆိုရင် သူ အနီးဆုံးနေချင်မှာပေါ့၊ သူ့ရင်ထဲ အချိန်ပြည့် ထွေးပွေ့ထားချင်မှာပါ"

"အမေ ငိုတာ ကျွန်တော် မမြင်ရက်ဘူး၊ အမေ ခံစားစိတ်ဆင်းရဲနေရတာကို မကြည့်ချင်ဘူး၊ ချိုးလေး ... ချိုးလေး ငိုတာလည်း ကျွန်တော် မမြင်ပါရစေနဲ့"

ချိုးလေးကူက မျက်တောင်လေးတွေ ပုတ်ခတ်ရင်း တဲ့တွေးတွင်တွင်မျိုချကာ ...

"ကျွန်မ မငိုဘူးလို့ ကတိပေးပါတယ် ကိုနိုးကြား၊ ရှင် ဘာရောဂါဖြစ်နေတယ်ဆိုတာ ကျေးဇူးပြုပြီး သိခွင့်ပေးပါနော်၊ ကျွန်မ တကယ်မငိုပါဘူး ကိုနိုးကြား"

နိုးကြားသည် ချိုးလေးကူရဲ့ နီမြန်းမြန်းမျက်နှာလေးကိုကြည့်ရင်း ...

"ကျွန်တော် နောက်ဆုံးအချိန်နားမှာရှိနေတယ်လို့ ချိုးလေးကူကို ဘယ်သူပြောလဲ၊ ဘယ်လိုလုပ်သိလဲဟင်"

"မသိဘူး၊ ကျွန်မ အလိုလို သိနေတယ်၊ ကမ္ဘာကြီးရပ်တော့မယ့်ဆိုတာကိုလည်း ဒီလိုပဲ အဓိပ္ပာယ်ဖော်မိတယ်၊ ရှင့်မှာ အဖော်အလျော် မိတ်ဆွေကောင်း ခုချိန်မှာ လိုအပ်ပါတယ် ကိုနိုးကြားရယ်၊ ကျွန်မကိုပြောပါ၊ ကျွန်မ မငိုပါဘူး၊ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နီးကြားက သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်ပါသည်။ ရှပ်လက်ရှည်ရဲ့ လက်မောင်းတစ်ဖက်ကို လိပ်တင်ကာ လက်ဖျံလက်မောင်းတို့မှာ နှစ်နေရာရှိနေတဲ့ သွေးကင်းပြောက် အနီကွက်တို့ကို ချိုးလေးကူ မြင်အောင်ပြသည်။ ရှပ်အင်္ကျီရင်ဘတ်က ကြယ်သီးနှစ်လုံးဖြုတ်ပြီး ဆွဲဟပြသည်။ ဖြူဖွေးနေတဲ့ ရင်ညွန့်နေရာ လည်ပင်းစောင်းနေရာတို့မှာလည်းပဲ အနီကွက်လေးတွေ။

ချိုးလေးကူက မျက်လုံးဝိုင်းစက်ကာ အသက်မရှူဘဲ စိုက်ကြည့်နေရင်း ...

"ဒါမျိုးအနီကွက်လေး ရှင်နဲ့ ကျွန်မသိတဲ့နေ့ ရန်ဖြစ်ကြတုန်းက ရှင့်မှာရှိခဲ့တယ်၊ အဲဒီတုန်းက ရှင့်လက်မှာ နောက်တစ်ပတ်ကျတော့ ပျောက်သွားတယ်၊ အခု ထပ်ထွက်နေပြန်ပြီ"

"ဟုတ်တယ်"

"အဲဒါ ဘာဖြစ်လို့လဲ"

"မနေ့က မနက်ပိုင်း ချိုးလေးတို့ မလာခင် သွေးတစ်လုံးသွင်းရတယ်၊ ဒီနေ့လည်း နေ့လယ်လောက်ကျရင် သွေးတစ်ပုလင်း ထပ်သွင်းရဦးမယ်"

"ဘာ ... ဘာဖြစ်လို့လဲဟင်"

"ချိုးလေး ကျွန်တော် သွေးကင်ဆာဖြစ်နေတာပါ"





ချိုးလေးကူသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်ခုံးနှစ်ဖက်ကိုပင့်တင်ပြီး အတန်ကြာငြိမ်နေသည်။ အော်င့်ကြိတ်ထားသည်။ မငိုဘူး။ ကတိပေးထားတယ်။ ငိုလို့မရဘူး။ ငိုခွင့်မရှိဘူး။ သွေးကင်ဆာဖြစ်ဖြစ် ဘာဖြစ်ဖြစ် ရင်ထဲမှာ ဘာပဲဖြစ်သွားသွား မငိုနဲ့။ သူ ဝမ်းနည်းသွားလိမ့်မယ်။

ကိုယ့်ကိုယ်ကိုယ် ကျိတ်အားပေးရင်း ဘာစကားမှ မဆိုဘဲ ခပ်တည်တည်ကြီးငြိမ်ထိုင်နေတဲ့ ချိုးလေးကူကိုကြည့်ရင်း နီးကြား ရင်ကွဲပက်လက်ဖြစ်ရသည်။ ဘာကြောင့် ဒီလိုလူမျိုးကို မျက်စိလည်လမ်းမှားပြီး သံယောဇဉ်လာတွယ်ရသလဲ ချိုးလေးရယ်။

"ကျွန်တော် ရန်ကုန်ရောက်တာ နှစ်လကျော်ရှိပြီ၊ စပြီးသိတာဆိုရင် သုံးလခွဲကျော် လေးလနီးပါးရှိမယ်၊ ရိုးသားမင်္ဂလာဆောင်မတိုင်ခင်ကတည်းက သိခဲ့တာ၊ သိတဲ့အချိန်တုန်းကတော့ ဆရာဝန်ကြီးပြောပြတာက အချိန်မှီ ရိုးတွင်းခြင်ဆီ မလဲနိုင်ရင် ခြောက်လ ဒါမှမဟုတ် သူ့ရဲ့အောက်"

ချိုးလေးကူသည် ခပ်တည်တည် ခါးမတ်မတ်နှင့် တောင့်တောင့်လေး ထိုင်နေရာမှ ကိုယ်ခန္ဓာလေး ဆတ်ဆတ် ဆတ်ဆတ် တုန်လာပါသည်။

"ချိုးလေး"

"ဘာမှမဖြစ်ပါဘူး ကိုနီးကြား၊ ဆက်ပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးတွင်းခြင်ဆီလဲဖို့ဆိုတာ မိသားစုထဲမှာလည်း ကိုယ်နဲ့ ကိုက်ညီတာပါဦးမှ၊ ပါပါစေဦး နိုင်ငံခြားမှာသွားပြီး အေး အေးဆေးဆေး ဆေးကုသရမယ့်အနေအထားလေ၊ အဲဒီငွေ အင်အား ကျွန်တော်တို့မှာ မရှိပါဘူး"

ချိုးလေးကူသည် အံ့လေးကြိတ်ကာ ...

"ခဏလေးနော် ကိုနိုးကြား"

"ချိုးလေး"

ချိုးလေးကူက ဆတ်ခနဲထ,ကာ ကော်ရစ်ဒါဆီထွက် ပြေးသွားပါသည်။ အတန်ကြာမှ နိုးကြားခုတင်အနားကို ဝင်းမြ စိမ်း ရောက်လာသည်။ ဝင်းမြစိမ်းနှင့် ပုလဲသီက ချိုးလေးကူရဲ့ 'နှစ်ယောက်ချင်း နှစ်ကိုယ်ချင်း ရအောင်မေးမယ်' ဆိုတဲ့ စကား ကြောင့် ကော်ရစ်ဒါဘက်မှာရှောင်နေကြတာ။ ဝင်းမြစိမ်း မျက်နှာ ကလည်း ပျက်နေသည်။

မျက်လုံးတွေစိုစွတ်နေတဲ့ နိုးကြားကိုကြည့်ကာ ရင် တွေနာပြီး ခေါင်းတွေတောင် မူးနောက်လာသည်။

"ဝင်းမြစိမ်း ချိုးလေးရော"

"အပြင်မှာပါ၊ မိသီ ရှိပါတယ်"

"ငိုနေပြီလား"

"သူ စိတ်မကောင်း ဖြစ်သွားတာပါ"

နိုးကြားက အဝေးကိုငေးရင်း ...





"အချိန်တိုတိုကလေးကြားက သံယောဇဉ်ကလည်း အစိုင် အခဲနဲ့ဖွဲ့တည်လာတာပဲနော်၊ ချိုးလေး သနားပါတယ်၊ ကျွန်တော်က အမေတို့ ရိုးသားတို့ ညီမလေးတို့ကိုလည်း အဲသလိုခံစားရမှာ သိပ်စိုးတာ"

"ဘာပဲဖြစ်ဖြစ် သူတို့ သိချင်မှာ ကိုနိုးကြားရယ်၊ အချိန်မီ သိခွင့်မပေးတာ ရက်စက်လွန်းရာကျပါတယ်"

"တစ်ယောက်နဲ့ တစ်ယောက် အမိပ္ပာယ်ဖွင့်ကြတာ ဘယ် တူမလဲဗျာ"

"ရှင်က ခေါင်းမာလွန်းပါတယ်၊ ရှင့်အမေ ရင်ကွဲလိမ့်မယ်"

"သိရရင်လည်း ရင်ကွဲမှာပဲ မဟုတ်လားဗျာ"

"ဘယ်လိုမှ မရတော့ရင်တောင် ကိုယ်ချစ်တဲ့သူကို ကိုယ့် ရင်ခွင်ထဲထားပြီး ပြုစုခွင့်တော့ ရချင်ကြသေးတာပေါ့"

"အဲဒီကာလတစ်လျှောက်ကြီး ခံစားနေရမှာလေ၊ ချိုးလေး ကိုလည်း တကယ်တော့ မပြောချင်ဘူး၊ ချိုးလေးက တစ်စွန်းတစ်စကို စာအုပ်ဖတ်ပြီး မှန်းဆနိုင်နေတာရယ်၊ ပြီးတော့ ကျွန်တော့်ဆီက မသိရရင် ဘယ်နည်းနဲ့ သိရသိရ သိရအောင်လုပ်တော့မယ်ဆိုတာ သိနေတာရယ်၊ ဒီလိုစိတ် ပျက်စရာအခြေအနေကို ကြားသိလိုက်ရင် သူ့ဟာသူနောက် ဆုတ်ရှောင် ထွက်သွားလိုက်နိုင်စေချင်တဲ့ မျှော်လင့်ချက် ထားမိတာရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပြောပြလိုက်မိတယ်၊ ကျွန်တော်ကလွဲရင် ဒုတိယသိတဲ့သူဟာ ချိုးလေးပဲ၊ အခုတွေ့လား၊ ပြောမိတာ မှားသွားတယ်၊ ချိုးလေး ခံစားသွားရပြီ"

"ခံစားကာမှ ခံစားရပစေတော့ ရှင်ပြောကိုပြောရမှာပေါ့ ကိုနီးကြား၊ ဆရာဝန်က ဘာပြောသေးလဲ"

"ဆရာဝန်ကခြောက်လ၊ ခြောက်လအောက်၊ ကံကောင်းရင်လည်း ခြောက်လအထက်ပေါ့၊ အဲသလို မှန်းဆတယ်၊ အခုဆိုရင် လေးလပြည့်ခါနီးပါးရှိပြီ စ,သိတာ၊ တခြားလည်း ဘာမှလုပ်လို့မရဘူးလေ၊ ခြင်ဆီမလဲနိုင်ရင် ဒီတိုင်းပဲနေပေါ့၊ ဖြစ်လာတဲ့ နောက်ဆက်တွဲလက္ခဏာလေးတွေကိုပဲ ကုပေါ့"

"ဘယ်လိုတွေ ခံစားရလဲဟင်"

"အမြဲကတော့ မကြာမကြာ ကိုယ်ငွေ့ငွေ့ပူပြီး ဖျားနေတတ်တာပဲ၊ ဟိုးအရင်ကဆို အမေက ကျွန်တော့်ကို အသားပူတဲ့ကောင်လေးတဲ့၊ တကယ်က ပူနေတာက အဖျားသွေးရှိနေတာ၊ နှာစေးချောင်းဆိုး အမြဲခဏခဏဖြစ်တယ်၊ အဲဒါဆရာဝန်ကပြောတော့ ကူးစက်ရောဂါ ခံနိုင်ရည်မရှိတာတဲ့၊ နှာစေးချောင်းဆိုးကျတော့ ပတ်ဝန်းကျင်မှာ တအားကူးလွယ်တော့ ကျွန်တော့်ကို အမြဲကူးနေတာပဲလေ၊ အမေက ခဏခဏအအေးမိတယ် ထင်နေတာ"





"နောက်ဘာဖြစ်သေးလဲ"

"အားမရှိဘူး၊ မောနေတာပေါ့၊ အင်အားချည့်နဲ့တဲ့သဘောပေါ့ဗျာ၊ မူးတယ်၊ ဒီအပြောက်အကွက်တွေ ပေါ်ပေါ်လာတတ်တယ်၊ အရိုးတွေနာတယ်ဗျ၊ ဒီအရိုးတွေအဆစ်တွေဆိုရင် ကိုင်ကြည့် ထောက်ကြည့်ရင် နာနေတယ်၊ ဒါလောက်ပါပဲဗျာ"

ဒါလောက်ပါပဲဆိုတဲ့ သူက ပိုးဟပ်ဖြူလို ဖြူရော်ပြီးလုပ်နေသည်။ သူ့ကို ဝင်းမြစိမ်းတို့ စတွေ့ဖူးတုန်းကထက် ပိန်လှီသွားပါသည်။ ရောဂါကတစ်ဖက် ဖြစ်ရတဲ့ကြားထဲ စားပုံသောက်ပုံက အားရှိချင်စရာတစ်စက်မှမရှိတာ။ အဲဒီနေ့က ပြန်လာပြီးတဲ့နောက် ငေးငိုင်မှိုင်တွေနေတဲ့ ချိုးလေးကူဟာ နောက်တစ်နေ့မှာ နီးကြားကို ခေါ်ယူထားချင်တဲ့စကား စ,တာဖြစ်ပါသည်။

သူတို့နှင့် မကြာခင်ကမှသိကျွမ်းရတဲ့ လူငယ်တစ်ယောက်ဟာ နောက်ထပ် လပိုင်းလေးအထိပဲ အသက်ရှင်ရတော့မည်ဆိုတာ မယုံနိုင်သလို အိပ်မက်လို ဖြစ်နေကြပါသည်။ ဘာမှကျန်လှတော့တဲ့ တိုတောင်းလှတဲ့အချိန်လေးအတွင်းမှာ သူ့ဘဝကို သက်သောင့်သက်သာ ရှိသွားစေလိုတဲ့ စေတနာတော့ အားလုံးထံမှာရှိကြပါသည်။

"ရာဇာ့ကို ငါ့ရဲ့ ငယ်သူငယ်ချင်းလို့ ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးတိတ်နေတဲ့ ချိုးလေးကူထံမှ အသံထွက်လာတာကြောင့် ဟိုတွေးဒီတွေး ငေးနေတဲ့ ဝင်းမြစိမ်းနှင့် ပုလဲသီ အာရုံပြန်ဝင်စားလာရပါသည်။

ချိုးလေးကူက မဖြစ်ဖြစ်တဲ့ အကြောင်းပြချက်တစ်ခုခုကို ဖျစ်ညှစ်ကြိုးစားဖန်တီးပြီး မရမကခေါ်ယူထားဖို့ ဆန္ဒရှိကြောင်း ရိပ်မိရပါသည်။

"ရာဇာက ယုံပါ့မလား"

"သူ ယုံတာမယုံတာ ငါနဲ့ မဆိုင်တော့ဘူးလေ၊ ငါက အကြောင်းရင်းလေး တစ်ခုခု ပြနိုင်ဖို့ပဲလိုတာပါ၊ သူလည်း ယုံချင်မှ ယုံမှာပေါ့"

"ငါတို့က တစ်မြို့တည်းမွေးလာကြတာမဟုတ်လား၊ ဒါကြောင့်ပါ"

"မွေးကတည်းက ငါတို့ ခင်ကြတာတော့ မဟုတ်ဘူးလေ၊ ဟိုမှာနေတုန်းကတောင် ခေါ်ပြော နှုတ်ဆက်ရုံလောက်ပဲ၊ ရန်ကုန်ရောက်မှ သေချာခင်ကြတာမဟုတ်လား၊ သူ မသိနိုင်တဲ့ ငယ်ဘဝတုန်းကပေါ့ဟာ"

"ကဲ ... နင့်သူငယ်ချင်းထားလိုက်တော့၊ ဘာကြောင့် ဒီလိုခေါ်ထားသလဲ ဆိုတာရော"

"သူ နေမကောင်းဘူး၊ တော်တော်ကျန်းမာရေးချို့ယွင်းနေတယ်၊ လိုအပ်ရင် ရောဂါကို ထုတ်ပြောလိုက်မယ်ဟယ်၊





သူ့မိဘတွေက အဝေးမှာ၊ ဥပမာ နိုင်ငံခြားသွားနေကြတယ်ဟာ၊ ဒီတော့ သူငယ်ချင်းချင်း လိုအပ်နေချိန်မှာ ကူညီစောင့်ရှောက်ဖို့ ငါ့မှာ ဝတ္တရားရှိတယ်၊ ဒီတော့ ရာဇာလည်းရှိတဲ့အတွက် အောက်ထပ်မှာ ခေါ်ထားလိုက်မယ်လို့"

ဝင်းမြစိမ်းရော ပုလဲသီပါ ချိုးလေးကူကို ငေးကြည့်နေလိုက်ကြပါသည်။ ဖူးရောင်မို့အစ်နေတဲ့ မျက်လုံးတွေကိုကြည့်ကာ အဲ့အားလည်းသင့်၊ စိတ်လည်းမကောင်း။ နီးကြားကို သူတို့လည်း ခင်မင်သည်။ သူတို့လည်း စိတ်မကောင်းဖြစ်သည်။ အချိန်ပိုင်းပဲ ခံတော့မှာဆိုတဲ့အထိ သိရတဲ့အခါ တုန်လှုပ်ခြောက်ခြားရတာလည်း အမှန်ပါ။

ဒါပေမဲ့ ချိုးလေးကူ ခံစားနေရသလောက်ကြီး ရင်ကွဲပက်လက်ဖြစ်မနေတာတော့ အမှန်ပင်။ ချိုးလေးကူ ရင်ထဲက ခံစားချက် အတိမ်အနက်ကို ကောင်းကောင်းကြီးခန့်မှန်းနိုင်ရပါတော့သည်။

"နော် ... သူငယ်ချင်းတို့"

"........."

"ခေါ်ထားပါရစေ၊ ခေါ်ထားလိုက်ကြရအောင်၊ တတ်နိုင်သမျှ သက်သောင့်သက်သာ ရှိအောင် ကူညီရအောင်ပါ၊ ဒီကြားထဲမှာ သူ့ကို အနီးကပ် ချော့မော့ဖျောင်းဖျမယ်၊ သူ့မိသားစုကို ပြန်တွေ့ခိုင်းမယ်၊ ဆေးရုံတက်သင့်တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



သွေးထပ်သွင်းသင့်တဲ့အချိန်တွေမှာ အစီစဉ်တကျလုပ်ဖြစ်အောင် ဆေးက တိုက်တွန်းကြပ်မတ်ပေးဖို့လိုအပ်နေတယ်၊ ဆေးရုံကိုပြန်ပြီး သွေးသွင်းရမယ်ဆိုတာ သိရဲ့သားနဲ့ ရောဂါအဖြေသိကတည်းက ခုအထိ သွေးတစ်ကြိမ်မှမသွင်းခဲ့ဘူး ...

မှုးလဲလို့ ဆေးရုံရောက်မှ သူ့ဟစ်စ်ထရီသိမှ ခုမှပဲ သွေးစသွင်းရတယ်ဟာ၊ ဘယ်လောက်တောင် သူ့ကိုယ်သူ ပစ်စက်လခတ်ပစ်ထားတယ်ဆိုတာ တွေ့တယ်မဟုတ်လား၊ နောင်ကိုလည်း သူ Pale ဖြစ်လာရင် သွေးသွင်းဖို့ လိုအပ်လာရင် ဆေးရုံတက်ပြီးသွင်းနေရဦးမှာ၊ သူတစ်ယောက်တည်းနေရင် သူ ဒါတွေ လုံးဝလုပ်မှာမဟုတ်ဘူး ...

လူတစ်ယောက်ဟာ သေခါနီးအချိန်မှာ ဒီလိုကြီးအထီးကျန်ပြီး ကျောထောက်နောက်ခံမရှိ၊ ဖေးမပြုစုသူမရှိ ကုသစရာ ပိုက်ဆံမရှိ နည်းလမ်းမရှိ ဒီအတိုင်း ချေးသေဝက်သေ သေသွားသင့်သလားဟာ"

"အေးပါဟာ"

"အေးပါ ဟုတ်ပါတယ်၊ ငါတို့လည်း စိတ်မကောင်းကြပါဘူးဟာ၊ သူ့ကို ငါတို့ရဲ့အစ်ကိုတစ်ယောက် မောင်တစ်ယောက်လိုသဘောထားပြီး အားပေးဖေးမကြတာပေါ့ဟာ၊ ကုသိုလ်ရပါတယ်"





"ငါလည်း ရာဇာ့ကို ဝိုင်းကူပြောပါမယ်၊ ပြီးတော့ ဒီအိမ်ကမိကူ အစ်မအိမ်ပဲဟာ၊ မိကူက လူတစ်ယောက် ထပ်တင်ချင်တာ ရာဇာက ဇွတ်ကြီးတော့ ကန့်ကွက်လို့ဘယ်ရပါ့မလဲ"

"အဲလို ငါ့အစ်မအိမ်ဆိုတဲ့ သဘောထားနဲ့ ငါ တင်ချင်တဲ့လူ တင်ခွင့်ရှိတယ်ဆိုတဲ့ သဘောမျိုးကြီးတော့ မသက်ရောက်ချင်ဘူး၊ အားလုံး စိတ်တူကိုယ်တူ စောင့်ရှောက်ချင်တာမျိုးပါဟာ"

"ငါတို့ သဘောပေါက်ပါတယ်၊ ရာဇာက ငွိငွမ်လုပ်နေရင် ပြောတာ၊ အဲဒါဆိုရင် သူ ငြင်းမရအောင် ပိတ်ပြောပစ်လိုက်မယ်လို့"

"သူက ဆေးရုံကဆင်းချင်ရင် ဆင်းခွင့်ရှိပြီ၊ ဟိုမှာ သူ့ကို သွေးသွင်းတာကလွဲရင် တခြားဘာမှ ကုသနေတာမှမဟုတ်ဘဲ၊ အားလေး ဘာလေးရှိအောင် အနားလေး ဘာလေးရအောင်လောက်ပဲ ဆေးရုံပေါ်တင်ထားတာပဲ၊ ဆင်းချင်ရင် ပြောပြီးဆင်းလို့ရပြီတဲ့၊ ဒါဖြင့် ငါတို့ သူ့ကို ဆေးရုံကနေသွားကြိုလိုက်ကြတော့မယ်လေ"

ချိုးလေးကူကို သူငယ်ချင်းနှစ်ယောက် ကြင်နာစွာမြှုး၍ ခေါင်းညိတ်ပြလိုက်ရပါသည်။

❤ ❋ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဒီမှာ ဘေစင်မှာ ထမင်းစေ့တွေကွာ၊ ကိုနီးကြား အဲဒါ ခင်ဗျားပဲ ဖြစ်လိမ့်မယ်"

နောက်ဖေးထဲက ရာဇာ့ အော်သံဟာ ရှေ့ခန်းမှာ ပုံထိုင်ဆွဲနေတဲ့ နီးကြားထံကိုသာမက အပေါ်ထပ်ကိုလည်း လှိမ့်ပြီးတက်လာပါသည်။ နီးကြား ဆေးရုံကနေ ဒီအိမ်ကို ဆင်းလာတာ တစ်ပတ်ကျော်ပြီ။ ကြိုထင်တဲ့အတိုင်း ရာဇာဟာ သိပ်သဘောမတွေ့လှပါ။ ဒါပေမဲ့ သူလိုပဲ ခေါင်းမာရေကျောရေရှိတဲ့ ချိုးလေးကူရဲ့ ငယ်သူငယ်ချင်းမို့ ကူကိုကူညီရမယ်လို့ ချိုးလေးကူက ယတိပြတ်ပြောတော့ သူ ငြင်းလို့မရ။

"ဟုတ်တယ် … ဟုတ်တယ်၊ ကျွန်တော်ဗျ၊ ကျွန်တော် လာလုပ်မယ် ကိုရာဇာ"

"လာလုပ်ဖို့ပဲ ပြောတာ၊ ဘယ်သူကမှလ် လုမလုပ်ဘူး"





ရာဇာဟာ ဘယ်သူနဲ့ပဲ စကားပြောပြော လေကဒ်အချိုးပင်။ အမြဲပင် စကားကို ရိုက်ပေါက်ပြောတတ်တာ။ ရာဇာကလည်း အလွယ်နှင့် မကြည်ဖြူသလို နီးကြားကလည်း အလွယ်ကလေး ခေါင်းညိတ်လက်ခံခဲ့တာတော့မဟုတ်။ အားလုံး အတင်းအကျပ် ဝိုင်းတောင်းဆိုကြလို့သာ။ တန်ဖိုးရှိလှတဲ့ အချိန်တိုတိုကလေးတွေအတွင်းမှာ ဘာမှအတိုက်အခံ အဖုအထစ်မဖြစ်လို့ဆော့ပဲ အရာရာဟာ အများစုစိတ်ချမ်းသာချင်စရာ ပြေပြစ်ရောရှုပါစေတော့ဆိုတဲ့ သဘောတစ်ခုနှင့်ပဲ နီးကြားက ခေါင်းညိတ်လိုက်ဆော့တာပါ။

ခေါင်းညိတ်ပြန်တော့လဲ …

"ရာဇာပြောတဲ့စကားတွေကို ဒီဘက်နားကဝင်ရင် ဟိုဘက်နားကထုတ်၊ ဟိုဘက်နားကဝင်ရင် ဒီဘက်နားကထုတ် ဂရုမစိုက်နဲ့သိလား"

ဒီကထဲက ရာဇာဟာ သည်းခံရမည့်စရိုက် ဆိုတာရိပ်မိသည်။ အရေးမကြီးပါ။ နီးကြားအတွက် ခုအချိန်မှာ လူတစ်ယောက်ကို သည်းခံပေါင်းဖို့လည်း ဘာမှပြဿနာမရှိတော့ပါ။ အချိန်တိုင်းဟာ အဖိုးတန်လှ၍ လှပနေစေချင်သည်။

ရာဇာသည် ရောက်လာတဲ့ နီးကြားကို မပ်တန်းတန်းခင်။ ရှိုးနဲ့မိုးနဲ့ စတိုင်နဲ့ သူ့လိုလူစား မဟုတ်ပဲ ရိုးရိုးစင်းစင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားနေထိုင်တဲ့ နီးကြားကို အထင်ကြီးပုံလည်းမရ။ ကြည့်ရှုသာ ယနေ့ ရှမ်းခန်း၊ အိမ်သာနှင့်ပတ်သက်၍လည်း ဟိုလို ဒီလို အပြစ်ရှာမြည်တွန်တာ အကြိမ်ကြိမ်ရှိခဲ့ပြီ။

ရာဇာက ထမင်းစားရင် အပေါ်ထပ်တက်စားခဲ့ဆေမယ့် နီးကြားကျတော့ သူစိမ်းဖြစ်နေသည်။ ရာဇာနှင့်ကျတော့ သူငယ်ချင်းလိုမဟုတ်ဘဲ မောင်နှမတွေလိုပဲ ဖြစ်နေရာ ထမင်းစားပွဲကနေ ပါးတေားရှင်းလေးပဲကွယ်ပြီး မမြင့်တမြင့် မြင်နေရတဲ့ ချိုးလေးကူတို့ရဲ့ အိပ်ရာတို့ မှန်တင်ခုံတို့ကို ဘယ်လိုမြင်မြင် ဘာမှကိစ္စမရှိပေမယ့် နီးကြားနှင့်ကျတော့ အစိမ်းသက်သက်ဖြစ်နေ၍ ကိုယ့်အိပ်ရာအိပ်ခင်း နေရာထိုင်ခင်းကို လှမ်းမြင်နေရတာ မသင့်တော်ဘူးထင်သည်။

ဒီတော့ နီးကြားကို အောက်ကိုပဲထမင်းပို့၍ ထမင်းပွဲပြင်ကျွေးသည်။ ပစ္စည်းစုံရှိတဲ့ အစ်မတို့အိမ်မှာ အောက်မှာခင်းပြီး ထိုင်စားရတဲ့ စားပွဲဝိုင်းအနိမ့်လည်းရှိတာပင်။ ထမင်းစားခါနီးကျ အဲဒီစားပွဲဝိုင်းကို ဟိုးညှော်ခန်းနေရာမှာပဲခင်း။ ထမင်းဟင်းကို အပေါ်ထပ်ကနေပြင်ဆင်ပြီး ဗန်းနဲ့သယ်ချလာ၊ အောက်ကျတော့ စားပွဲမှာပြင်ကျွေး။

ရာဇာ့ကိုပါ အောက်မှာပဲ စားခိုင်းတော့ ...

"ဟာ ... ငါ အောက်မှာထိုင်မစားတတ်ဘူးဟာ"





"ရာဇာကလည်း ကိုနီးကြားတစ်ယောက်တည်းဖြစ်နေမှာ၊ အဖော်ရအောင်ပေါ့"

"တစ်ယောက်တည်းစားတော့ရော သူက ဘာဖြစ်သွားမှာလဲ၊ သူလည်း အဖော်မလိုချင်ပါဘူး၊ နင်တို့ကပဲ ကြားကကဲပြီး အားနာနေတယ်၊ တစ်ယောက်တည်းစားတော့ ဘာဖြစ်လဲ မိသိရယ်"

ခွတ်ပင် သူက အပေါ်ထပ်တက်စားသည်။ နီးကြားကလည်း ရာဇာ ကျေနပ်ရင်ပြီးရော သူ နေချင်သလို နေပါစေလို့ ကျိတ်ပြီးမှာပါသည်။ နီးကြားက အောက်မှာ တစ်ယောက်တည်း ထမင်းစားပြီးရင် ပန်းကန်တွေအားလုံးကို (ပုလဲသီး၊ ဝင်းမြစိမ်း၊ ချိုးလေးကူတို့ တားသည့်ကြားမှ) ဆေးကြောကာ ဗန်းထဲစီစီရီရီ ပြန်ထည့်ပြီး အပေါ်ကဆင်းယူရင် အသင့်ရှိအောင် ထားထားတတ်မြဲ။

နီးကြားဟာ အမြဲပင် ရာဇာပြောသမျှကို တပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ်။ ဘယ်တော့မှ အငြင်းစကား မလာ။ အမြဲအညှံခံတဲ့ ငုံ့ခံတဲ့ နာခံတဲ့ပုံပြထားတော့ ရာဇာက ပိုလို့ရောင့် တက်ပြောဆိုလာပါသည်။ ရွယ်တူယောက်ျားလေးချင်း တော်ရုံ တန်ရုံလူက ခပ်ကျောကျောပြောထွက်မှာမဟုတ်။ ရာဇာက နီးကြား ပုံသဏ္ဌာန်ကိုကြည့်ကာ နီးကြားကို သူနှင့်တန်းတူ အဆင့်တူမှာ ထားပြီး မပေါင်းနိုင်ဘူးဆိုတဲ့ ပုံမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံတန်ရုံ သဘောက်သဟန့် ပြောဆိုရဲသည်မှာ လက်အောက်ငယ်သားလောက် တပည့်လောက်သဘောထားလို့ ပင်။ ပုလဲသီပင် ရာဇာ့စကားတို့အတွက် ကြားက အားနာမျက်နှာပူသွားတတ်ကာ ဝင်ရောက်ဖာထေးရတတ်မြဲ။ သူ့မောင်ကိုလည်း မရကာမှမရရော ကျိတ်ပြောတတ်မြဲ။

"ကျွန်တော် ဘောစင်ခွက်ထဲတော့ သေချာကြည့်ပြီး စင်အောင်ဆေးနေတာဗျ၊ ဘုံပိုင်အရင်းနားမှာစင်ပြီး တစ်စေ့နှစ်စေ့ကပ်နေတာ မျက်စိလျှမ်းသွားတယ်၊ မမြင်လိုက်ဘူးဗျာ၊ ဆောရီး ကိုရာဇာ"

"တစ်စေ့နှစ်စေ့ မဟုတ်ဘူးလေ၊ သုံးစေ့၊ ဒီမှာလေ သေချာကြည့်လေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ပြီးတော့ ခင်ဗျား မျက်နှာသုတ်ပဝါကို ရေချိုးခန်းထဲမှာ မလှန်းဘဲ ဝရန်တာအပြင်ကို ထွက်လှန်းလို့ ကျွန်တော်ပြောထားပြီးပြီနော်"

"ဟုတ်ပါတယ်၊ ဝရန်တာအပြင်ထုတ်လှမ်းရတော့ သိပ်စိုနေတုန်းမှာ ရေက အောက်ကို တစက်စက်ကျရင် အောက်ထပ်က မကြိုက်ဘူးဆိုလို့ပါ"

"မိသီပြောတာမဟုတ်လား၊ အဲဒီမိသီကလည်း သူများပြောထားတဲ့စကားတစ်ခွန်းကို လိုက်လိုက်ဖျက်သလိုပဲ၊ ကျွတ် ... ရေစက်လက်မကျအောင် သေချာညှစ်ပေါ့ဗျ"





"ဘယ်လောက်ညှစ်ညှစ် လှန်းထားရင် ရေက အောက်ကိုပဲ စိမ့်သွားပြီး တစက်စက်ကျလာလို့ပါ၊ နည်းနည်းရေစစ်မှ ဝရန်တာ ရွှေ့လိုက်ပါ့မယ်"

"ခင်ဗျား ရေညှစ်တာကလည်း အားမရှိဘူးလား ဟုတ်လား"

အပေါ်က ကြားနေရတဲ့ ချိုးလေးကူက မနေနိုင်တော့ဘဲ အောက်ထပ်ကို ဆင်းလာခဲ့ပါသည်။ လှေကားကခြေသံကြောင့် ရာဇာက အိမ်ရှေ့ခန်းထွက်လာသည်။ ချိုးလေးကူက နောက်ဖေးက နိုးကြားထဲ မဝင်ဘဲ ရာဇာ့နောက်လိုက်လာရင်း ...

"ရာဇာရယ် ... နင့်မလဲ သူ့ပဲအပြစ်ရှာနေတော့တာပဲ"

"ဘာအပြစ်ရှာတာလဲ၊ နင့်လူကိုက အချိုးမပြေတာ၊ သူများနဲ့ ပေါင်းမနေတတ်ဘူးလား မသိဘူး၊ သူ လုပ်ချင်သလို လုပ်နေတယ်"

"သူ လုပ်ချင်သလို လုပ်နေတယ် ဆိုတာတွေဟာ ဘယ်လောက်များအပြစ်ကြီးနေလို့လဲ ရာဇာရယ်၊ မျက်နှာသုတ်ပဝါကို ရေချိုးခန်းထဲ ခဏချိတ်လှန်းတာ၊ ပန်းကန်ဆေးရင်း ထမင်းစေ့သုံးစေ့ကပ်ကျန်တာ အဲဒါ အဲဒီလောက်ပဲ ရေးကြီးခွင်ကျယ်ဖြစ်နေလားဟယ်"

"ဟ ... ငါက အသန့်ကြိုက်တယ်ဟ၊ နင် ဘယ်လိုဖြစ်နေလဲ၊ ဒီကောင် ငယ်သူငယ်ချင်းမှဟုတ်ရဲ့လား၊ နင့်ဘဲလား၊ ဒီမိရှေ့က ကာဗာဝင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“နင် ဒီစကားပြောတာ သုံးခါမကတော့ဘူးနော်”

“အေးလေ၊ ခေါ်လာတဲ့နေ့ကတည်းက စ,ပြောတာ ဘာဖြစ်လဲ၊ ထင်လို့မေးကြည့်တာပေါ့”

“သူ့မှာ အခက်အခဲဖြစ်နေလို့ ကူညီထားတာ၊ နင် စစ်စစ် ပေါက်ပေါက် အပြစ်မြင်နေတာနဲ့ ကူညီရတဲ့သူ ကူညီရတောင် ရောက်မှာမဟုတ်ဘူး”

“ဟာ ... အပြစ်တွေ့ရင်တော့ ပြောရမှာပဲလေ”

“လူဆိုတာ အပြစ်ကင်းလို့လား၊ နင်ရောကင်းလို့လား၊ နင့် ဖရုံစေ့အခွံတွေ ဧည့်ခန်းထဲ ပလဲထားတာ၊ ငါ လာလှည်းပေးရတယ် မဟုတ်လား”

“မလှည်းချင် မလှည်းနဲ့ပေါ့၊ သူ့ဟာကိုပြောမိတာနဲ့ ငါ့ပါ အပြစ်ရှာကြံပြောနေပြီ၊ တော်ပြီ တော်ပြီ ဘာမှ မပြောတော့ဘူး”

“နင့်ဟာ တကယ်ပဲ အကြင်နာစိတ်ကို မမွေးဘူး”

“ဟာ ... ယောက်ျားချင်း ရွယ်တူကြီး၊ ဘာအကြင်နာတွေ မွေးနေရမှာလဲ၊ အဓိပ္ပာယ်မရှိတာ”

“သူက ကျန်းမာရေးမကောင်းဘူးလို့ ငါ ပြောထားတယ် မဟုတ်လား”

“မပြောလည်းသိပါတယ်၊ ပိန်ချိုလိန်ချိုနဲ့၊ သူများတွေ အိုက်နေပါတယ်ဆို သူက လက်ရှည်အကျႌနဲ့၊ နှာတရှုံ့ရှုံ့နဲ့ တကယ့်ရောဂါပဲ”



ချိုးလေးကူက ရာဇာ့ကို မကျေမချမ်း ကြည့်နေပါသည်။ နီးကြား ရောက်လာကတည်းက ရှာလိုက်ရတဲ့အပြစ်။ ပြောလိုက်ရတဲ့အပြစ်။ ယောက်ျားလေးတစ်ယောက်တည်း ဗိုလ်ကျနေရာက ယောက်ျားလေးနှစ်ယောက်ဖြစ်လာတော့ အပြိုင်အဆိုင်ဖြစ်လာမှာ လိုလားပုံမရပေ။

ချိုးလေးကူကလည်း အရေးခပ်ပေးပေး၊ ရှေ့က ကာဆီးကာဆီးဆိုပြီး ပိုကြည့်မရဖြစ်နေပါသည်။

သူ့ငယ်သူငယ်ချင်းသာဆိုတယ်၊ ရာဇာတော့ လုံးဝ မသိ။ တစ်ခါမျှ မကြားဖူး၊ မမြင်ဖူး။ မိစိမ်းနှင့် မိသီကလည်း ဒီလူကို ခင်ခင်မင်မင် အရောတဝင် ရှိကြသည်။ ဒီလူကို ဒီအိမ် ဆါခေါ်တင်ပြီးရောက်လာပုံဟာ တစ်မျိုးကြီးလို့ပဲ စိတ်ထဲမတင်မကျဖြစ်နေသည်။

“နင် ငါ့ကို ဘာကြည့်နေတာလဲ”

“နင့်မှာ ဆရာဝန်တစ်ယောက်ဖြစ်ထိုက်တဲ့ ကရုဏာစိတ် ရှိရဲ့လားလို့ ရှာနေတာ”

တမင်ကို ပီသသာလေးနှင့်ဘေးထု ပြေပစ်လိုက်တဲ့ ချိုးလေးကူ စကားကြောင့် ရာဇာညီ ဒေါကန်သွားပါသည်။ မျက်နှာကလည်း တင်းမာသွားပါသည်။

“မျက်နှာသုတ်ပဝါနည်းနည်းခြောက်သွားပြီ၊ ဝရန်တာရှေ့ လှန်းလိုက်တော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့ တင်းမာတဲ့ အခြေအနေကြားထဲကို နီးကြားက ဝင်လာပါသည်။ မျက်နှာသုတ်ပုဝါကိုင်ကာ သူတို့နှစ်ယောက်ကြားက ဖြတ်လျှောက်သွားပြီး ဝရန်တာမှာ မျက်နှာသုတ်ပဝါကို သွားလှန်းရင်း'...

"ချိုးလေး ပုံတွေ ကြည့်ပါဦး၊ ကျွန်တော် ဆူးတောင်ကို ခာတ်ပုံထဲကအတိုင်း အရေအတွက်ပါ အတိအကျဆွဲထားတယ်"

"ဟုတ်တယ် အရေအတွက်အတိအကျဆွဲရမှာ ကိုနီးကြား"

နီးကြား စကားဝင်ဖြတ်လိုက်တဲ့အတွက် တစ်ယောက်ကိုတစ်ယောက် တင်းတင်းမာမာစိုက်ကြည့်နေတဲ့ ရာဇာနှင့်ချိုးလေးကူ အကြည့်ချင်းလွဲကာ ချိုးလေးကူက ညှော်ခန်း စားပွဲခုံပုလေးပေါ်ကပုံတွေဘက် အာရုံလှည့်လိုက်ပါသည်။ ရာဇာကလည်း ဘေးကစင်ကလေးပေါ်တင်ထားတဲ့ သူ့ရဲ့ပိုက်ဆံအိတ်နှင့် ဖုန်းကိုကောက်ယူကာ အိမ်တံခါးဖွင့်၍ အပြင်ကိုထွက်သွားပါသည်။

"ချိုးလေး"

"ဘာလဲ ... ရာဇာကို ကျွန်တော့်အတွက်နဲ့ အတိုက်အခံတွေ သွားမပြောပါနဲ့၊ သူ ပြောချင်တာပြောပါစေ ထားလိုက်ပါ၊ အဲဒါပြောမလို့လား မပြောနဲ့တော့၊ အလွတ်ရတယ်"

"အဟင်း ဟင်း ... ချိုးလေးက ရယ်ရတယ်"





ချိုးလေးကူက စားပွဲပုလေးဘေးကြမ်းပေါ်မှာ ထိုင်ချလိုက်၍ နီးကြားကလည်း စားပွဲရဲ့တစ်ဖက်မှာ ထိုင်လိုက်ပါသည်။ ချိုးလေးကူ သီးစစ်စစ်စာအုပ်ထဲပါမည့် ငါးအမျိုးပေါင်းများစွာရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းပုံများမှာ ဓာတ်ပုံကို ဖိုတိုကော်ပီကူးထားဘဲအလား တိကျသပ်ရပ်၍ လင်းထင်းပြတ်သားနေသည်။

"ရှင်က ပုံဆွဲတာ သိပ်တော်တာပဲ"

ချိုးလေးကူ နှုတ်ခမ်းလေးက ခုနကနှင့် ဆန့်ကျင်ဘက် ချိုအီပြုံးတုံ့ကလေးရှိနေသည်။

"အများကြီးပဲ ပြီးနေပြီနော်"

"ချိုးလေး သူငယ်ချင်းတချို့ဆီမှာ ဆွဲစရာပုံတွေ ရှိတယ်ဆိုတာ ယူခဲ့လေ"

"နားနားနေနေဆွဲပါ ကိုနီးကြားရဲ့၊ ပေါ့ပေါ့ပါးပါးပဲပေါ့၊ တရကြမ်း ဆွဲနေစရာ မလိုပါဘူး"

"တရကြမ်း မဆွဲပါဘူး၊ ဒီကြားထဲမှာ ပန်းချီကားတွေတောင် ဖောက်ဆွဲသေးတယ်"

ချိုးလေးကူက နီးကြားကို အကဲခတ်လိုက်ပါသည်။ ဒီမှာ အစားအသောက်ကိစ္စပြီးနေပေမယ့် လူဆိုတာ တစ်ကိုယ်ရည်အသေးသုံးရှိသေးတာပဲ။ သူ့မှာ လက်ထဲသုံးစွဲစရာ ငွေမှရှိပါသေးရဲ့လားလို့ စိုးရိမ်မိလို့ပင်။

"ကိုနီးကြား ဟို ... တစ်ခုခုသုံးစရာ ငွေလိုလား"



www.burmeseclassic.com

www.burmeseclassic.com



နီးကြား ပြုံးလိုက်ပါသည်။ နှုတ်ခမ်းကိုပြုံးပစ်လိုက်သော်လည်း ရင်ထဲမှာတော့ အတော်ကြီးကိုနာကျင်သွားရပါသည်။ ဩော် … ချိုးလေး … ချိုးလေး။ ဝင်္ကြေးမို့ သူ့နဲ့ဆုံစည်းရတာလားလို့ ကြင်နာသနားရလွန်းပါသည်။

"ဘာမှသုံးစရာမရှိဘူး၊ ငွေမလိုဘူး ငွေပိုနေတယ် … ဟား ဟား"

ချိုးလေးကူက ပြုံးနိုင်သွားကာ …

"အောင်မာ … ငွေတောင်ပိုနေတယ်"

"ဟုတ်တယ်ဗျ၊ ဒီမှာ ဘာမှကုန်ကျစရာမှမရှိတာ၊ ပန်းချီကားတွေကလည်း မိုလ်ချုပ်ဈေး ဆိုင်နှစ်ဆိုင်လောက်က လှမ်းမှာကြလို့သာ ကျွန်တော် ချက်ချင်းလက်ငင်း မြန်မြန်ဆွဲပေးရတာပါ၊ ပိုက်ဆံလိုလို့ ကျွန်တော်က သွားရောင်းရတာမဟုတ်ဘူး၊ သူတို့ကမှာလို့ နောင်လည်း ကိုယ့်ဆီမှာ အောင် အချိန်လုဆွဲပေးတာပါ"

အခန်းထောင့်မှာ ဘောင်မှမဖြုတ်ရသေးဘဲ ချထားတဲ့ ပန်းချီကားကို ချိုးလေးကူ လှမ်းကြည့်ရင်း …

"သူတို့ ကိုနီးကြားလက်ရာကို ကြိုက်လို့နော်၊ နောင်လည်း အမြဲထပ်မှာတော့မှာ သေချာတယ်"

"ကံစာတာလေး နည်းနည်းတက်လာတာ"





"ကံကြောင့်ချည်းမဟုတ်ပါဘူးနော်၊ ကိုနီးကြား တော်လို့ ကောင်းလို့က အဓိကပါ၊ တစ်ခုပဲရှိတာ၊ ကိုယ့်လက်မှတ်နဲ့ ပြရောင်းလို့ မရတာပဲနော်"

နီးကြားက သက်ပြင်းတစ်ချက်ချရင်း ခပ်ပြုံးပြုံးနှင့်

င် …

"ခုချိန်မှာ ကိုယ့်ပန်းချီကားပေါ် ကိုယ့်လက်မှတ်ပါရဖို့ကို အလေးအနက်မထားတော့ပါဘူး ချိုးလေးရယ်၊ ဒီအချိန်မှာ ကျွန်တော့်စိတ်ထဲက အဓိက သာမည သတ်မှတ်ချက်တွေ ပြောင်းလဲသွားကုန်ပြီ၊ ပုံတွေဆွဲနေရတာကိုပဲ စိတ်ချမ်းသာနေတာ"

"ဒီတစ်ခါ ဗိုလ်ချုပ်ဈေးမှာ ဒီကားတွေ သွားရောင်းပြီးရင်တော့ မုန့်ကျွေးပေတော့"

"သေချာတာပေါ့၊ ကျွန်တော့်ဘာသာ စဉ်းစားစိတ်ကူးထားတာ၊ ချိုးလေးနဲ့ အတွေးချင်းတစ်ထပ်တည်းပဲ၊ ကျွန်တော်တို့အားလုံးစုစုပေါင်း ငါးယောက် တစ်ခုခုသွားစားကြမယ်လေ၊ ချိုးလေးတို့အုပ်စုကို သန်ဘက်ခါ ကျွန်တော်က ကျွေးမှုတယ်ဆိုတာလေး ရှိသွားအောင်"

နောက်ဆုံးစကားလေးတစ်ခွန်းဟာ 'သူက ကျွေးမှုယ်ရှိအောင်'လို့ ရိုးရိုးလေးစဉ်းစားလို့လည်းရသလို နည်းနည်းနဲ့ပြီး စဉ်းစားကြည့်ရင်လည်း 'မသေခင် ကျွေးသွားမှုအောင်'လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ယူဆလို့လည်း ရနေတာမို့ ချိုးလေးကူ ရင်ထဲ ထိခိုက်ရပြန်ပါသည်။

"ကျွန်တော်က ရိုးရိုးပြောတာပါ"

"ကျွန်မကတော့ ဘာပြောနေလို့လဲ"

"မျက်နှာပျက်သွားတာတွေ့လို့ပါ၊ အဲဒီစကားမျိုးပြောရင် ချိုးလေး မကြိုက်ဘူးဆိုတာ ကျွန်တော် သိလို့ မပြောပါဘူး"

ချိုးလေးကူက သက်ပြင်းချရင်း ...

"မကြိုက်ဘူးဆိုတာက ရှင့်ကို စိတ်ဓာတ်မကျစေချင်လို့ပါ"

"ကျွန်တော် စိတ်ဓာတ်မကျပါဘူး"

"ဒီအသီချည်းပဲ ခေါင်းထဲအမြဲရောက်မနေစေချင်တာလည်းပါတယ်"

"ဒီအချိန်လောက်တောင် ရောက်နေမှတော့ ဒီအသီကြီးက မေ့ပျောက်လို့တော့ဘယ်ရမလဲ၊ ဒါပေမဲ့ အချိန်ပြည့်တော့ ဒါချည်းပဲ တွေးမနေပါဘူး ချိုးလေး၊ ပုံဆွဲနေတဲ့အချိန်မျိုးဆိုရင် စိတ်က ပုံထဲပဲ အာရုံအပြည့်ရောက်နေတာ၊ စိတ်တည်ငြိမ်နေပြီး ဒါတွေကို မတွေးမိပါဘူး"

"သူငယ်ချင်းတွေရဲ့ပုံတွေ အပ်ရဦးမယ်၊ သူတို့ဆီကတော့ ပုံဆွဲခယူပေါ့ ကိုနီးကြားရယ်၊ သူတို့လည်း တခြားကိုအပ်ရင် ပေးရမယ့်တူတူပဲ"





ချိုးလေးကူက သူ့ သီးစစ်စ်ပုံတွေ အတွက်ပင် နီးကြားကို ပုံဆွဲခပေးဖို့ရည်ရွယ်ခဲ့သေးသည်။ နီးကြားက ခွတ်ငြင်းလို့သာ။ သူ့ကို အိမ်ထမင်းအိမ်ဟင်းကျွေးထားတဲ့ ကျေးဇူးကပင်ကြီးလှပြီ။ ခုချိန်မှာတော့ နီးကြားလက်ထဲမှာ ထမင်းဟင်းကိုဆိုယ့်ဘာသာ ဝယ်စားနိုင်တဲ့ငွေကြေး ရှိနေပါသည်။

တကယ်တော့ ရှေးဘဝရေစက်ဆိုတာဟာ အင်မတန်ဆန်းကြယ်၍ အံ့သြဖွယ်ကောင်းသည်။ မကြာသေးခင်ကမှ သိကျွမ်းကြတဲ့သူအချင်းချင်းကြား ငြိတွယ်တဲ့သံယောဇဉ်၊ စာနာထောက်ထားတဲ့ကရုဏာတို့ကြောင့် ဖေးမစောင့်ရှောက်လိုသူ ချိုးလေးကူဆလည်း ကမ်းလှမ်းခေါ်ယူမိကာ မကျိုန်းမာတဲ့သူ နီးကြားကလည်းဆွေမစပ် မျိုးမစပ် သူ့ထံမှာ ကြိုတင်ရည်ရွယ်မှုလည်းမရှိ ဆန္ဒလည်းမပြင်းပြလှပဲ အားနာနာကြားကပင် လက်ခံနေထိုင်ဖြစ်သွားသည်မှာ နတ်ရေးထားပြီးသား ဇာတ်လမ်းတစ်ပုဒ်နှယ်။

"မယူပါရစေနဲ့ ချိုးလေးရယ်"

"အာ ... ကိုနီးကြားကလဲ၊ ဘာပဲဖြစ်ဖြစ် တန်ရာတန်ကြေးပေါ့၊ ကိုယ့်ပညာခပဲလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခု ကျွန်တော့်မှာ ဘာလိုအပ်လို့လဲ၊ ချိုးလေးတို့က အိမ်မှာခေါ်ထားတယ်၊ မောင်နှမလိုစောင့်ရှောက် ကျွေးမွေးနေတယ်၊ ပိုက်ဆံတွေ ရလာတော့ရော ကျွန်တော်က ဘာသွားသုံးရမှာလဲ၊ ဘယ်တော့သုံးရမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေ ရှိနေရင်တောင် ဒီပိုက်ဆံတွေကို သုံးနေစရာ ကျွန်တော့်မှာ အကြောင်းအရာရော အချိန်ရော ရှိမှမရှိတာ ချိုးလေးရဲ့”

ချိုးလေးကူရဲ့ မျက်နှာက သိသိသာသာပျက်ယွင်း သွားကာ ဆတ်ခနဲထရပ်ပြီး ဝရန်တာကို ထွက်ရပ်လိုက်မိသည်။ ဖြစ်သွားတဲ့ မျက်နှာကိုရော မျက်ဝန်းထဲက ခံစားချက်တွေကိုပါ နီးကြား မမြင်စေလိုလို့ပါ။ ဝဲရစ်လာမယ့် မျက်ရည်တွေကြောင့် လည်း ရှက်မိလို့ပါ။

မမျှော်လင့်ဘဲ ဒီလူတစ်ယောက်အတွက် နက်ရှိုင်း ပြင်းထန်နာကျင်စွာ ခံစားတတ်ခဲ့ရပါပြီ။ ရင်နဲ့မဆန့်အောင်ပါပဲ ကိုနီးကြားရယ်။

ဘယ်လိုဝင့်ကြွားကြောင့်ပါလိမ့်။ သူ ပြောတော့ လည်းဟုတ်သားပဲ။ သူ့လက်ထဲမှာ ပိုက်ဆံရှိတော့ကော သူက ဘယ်လောက်ကြာကြာရှင်သန်ရဦးမှာမို့ ဘယ်တော့သွားသုံးရမှာလဲ ခြေဆောင့်လက်ဆောင့်သဘောမျိုးနဲ့ ဒီအတိုင်း တသိမ်းသိမ်း တထုပ် ထုပ်သာရှိနေမှာ။

သူ့အဖို့ရာမှာလည်း ဆေးကုသနေရတာလည်းမဟုတ် ၍ ဆေးဖိုးကုန်စရာမရှိ။ တကယ်တမ်းကုသတော့မည်ဆိုရင်လည်း နိုင်ငံခြားထိသွားပြီး သောက်သောက်လဲငွေကုန်ကြေးကျခံကုရမှာ တကယ်တော့ ရင်နာစရာ ကောင်းလှပါသည်။ ရိုးတွင်းချဉ်ဆီးပဲ





လှယ်အစားထိုးခြင်းအားဖြင့် ကုသလို့ရနိုင်သည်လို့ ဆေးပညာ သဘောအရ သိထားရပေမယ့် ရိုးတွင်းချဉ်ဆီကလည်း သွေးမျိုးရင်း တိုင်းပေးတောင်မှ ပေးလှူလို့ မရဘူးတဲ့။ မိသားစုကို စစ်ဆေးပြီး အမျိုးအစားချင်းတူတဲ့ချဉ်ဆီမှ ဖြည့်သွင်းလို့ရတာတဲ့။

စစ်ဆေးကြည့်ပြီး ချဉ်ဆီတူသူ မရှိဘူးဆိုလျှင်လည်း ဘာမှမတတ်နိုင်။ တစ်ယောက်ယောက်နှင့် ချဉ်ဆီတူပါတယ်လို့ အဖြေထွက်လာရင်တော့ ပိုတောင်ဆိုးသေးတယ်လို့ နီးကြားက ရယ်မောပြောတတ်သည်။

“ချဉ်ဆီတူပါတယ်ဆိုမှ ပိုစိတ်ဆင်းရဲရမှာဗျ၊ အဲဒီကျတော့ လဲလို့ရတယ်ဆိုတဲ့မျှော်လင့်ချက်က ဝင်သွားပြီလေ၊ အသက် ရှင်နိုးနိုးဆိုတဲ့ မျှော်လင့်ချက်ကြီးရှိလာပြီ၊ အဲဒီကျမှ ဆေးကုသ စရိတ်လည်းမရှိ ပိုဆိုးတာ၊ ငွေမရှိလို့ သေရတယ်၊ ငွေရှိရင် ရှင်ကောင်းရှင်မယ်ဆိုတဲ့ အခြေအနေကြီးက ပိုပြီးယူကျုံး မရ ခံစားရစေမယ်လေ ...

အဲဒါကြောင့် မိသားစုတွေကိုလည်း လုံးဝစစ်မကြည့် စေချင်တော့ဘူး၊ တူရင်လှူလို့ရတယ် ဆိုတာသိရင် သူတို့ ကလည်း စစ်ကြည့်ချင်လာမယ်၊ ဒီတော့ ဘာမှ သူတို့မသိ ကြတာက အကောင်းဆုံးပဲဗျာ၊ ဘာမှမပြော ဘာမှမသိတော့ သူတို့လည်း မစစ်ဖြစ် ကျွန်တော်လည်း မျှော်လင့်ချက်ကို မြေမြှုပ်ထားလိုက်တယ်၊ ပြီးရောပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ကြားရတာဆို့နင့်စရာပင်။ ဆေးကုသစရိတ်မတတ်နိုင်လို့ အသက်ဆုံးရှုံးရမည်ဆိုရင် ဘယ်လောက်ရင်နာဖို့ကောင်းပါသလဲ။ ချိုးလေးကူသည် ကိုယ်တိုင် သူဌေးမကြီးတစ်ယောက်ဖြစ်လိုက်ချင်တော့သည်။ ကိုယ်ပိုင်ငွေတွေအများကြီး တစ်ပုံကြီးရှိလျှင် သူ့အတွက် အကုန်ကျခံကုပေးမည်ဆိုတဲ့ စေတနာရင်ထဲ ကျိတ်ပေါက်ဖွားနေမိတာကို သူတောင်သိမှာမဟုတ်။

ခုတော့ ကိုယ်တိုင်ကကျောင်းသူ။

မိဘက ကြွယ်ဝချမ်းသာသည်ဆိုတာဟာ ကိုယ်တစ်ယောက်တည်းသုံးပစ်ဖို့မှမဟုတ်တာ။ ဒီမိဘအတွက်၊ ညီအစ်ကိုမောင်နှမတွေအတွက် အားလုံးနှင့်သက်ဆိုင်သည်။ ချိုးလေးကူမှာ ညီအစ်ကိုမောင်နှမ လေးယောက်ရှိပါသည်။ ကျန်တဲ့အထက်သုံးယောက်လုံးက အိမ်ထောင်သည်တွေ။ ကိုကြီး၊ မမ၊ ကိုလေး ချိုးလေးကူ။ ကိုကြီးကလည်း သူ့အိမ်ထောင် သူ့မိသားစုနှင့် သူ့စီးပွားရေးနှင့်။ မမယောက်ျားက မန္တလေးကမို့ မမက မန္တလေးရောက်နေသည်။

ကိုလေးက မိန်းမစောစောရသည်။ ကိုလေး မိန်းမနှင့်သားလေးက မေမေတို့နှင့်ပဲနေသည်။ ကိုလေးကတော့ နိုင်ငံခြားသင်္ဘောလိုက်နေပါသည်။ မိဘပိုင်ဆိုင်မှုဟာ ကိုယ့်ပိုင်ဆိုင်မှုလည်းမဟုတ်။ ချိုးလေးကူသည် ကိုယ်သာ ငွေတွေပိုင်လို့ကတော့ နီးကြားကို ချဉ်ဆီအစားထိုးလို့ရမယ့်နိုင်ငံရပ်ခြားသို့ လက်ဆွဲခေါ်





သွားနိုင်ဖို့ သူ့မိသားစုတစ်ခုလုံးကိုလည်း ချဉ်ဆီတွေဖောက်စစ်ပစ်မှာပင်လို့ မဖြစ်နိုင်တာကို အံလေးတခဲခဲနှင့် တွေးတောနေမိတတ်ပါသည်။

"ချိုးလေး"

"………"

"ချိုးလေး … ဆောရီးပါဗျာ"

သူက တောင်းပန်တော့ ပိုပြီးတောင် ဝမ်းနည်းကာ ချိုးလေးကူသည် မျက်နှာကို သူ မမြင်အောင် ဝရန်တာအပြင်ဘက်တွင်လှည့်ထားသည်။ မျက်ရည်ထွက်နေပြီ။ သူတွေ့မှာ ရှက်မိပါသည်။

"ချိုးလေး ကျွန်တော် ယောင်ပြီး ပြောမိတာပါ"

"ရှင် … တောင်းပန်နေစရာမလိုပါဘူး ကိုနီးကြားရယ်"

နီးကြားသည် ဝရန်တာလက်ရန်းကို မှီရပ်ကာ ကောင်းကင်ပြင်ကြီးကို မော့ကြည့်ရင်း …

"ကျွန်တော်နဲ့ မမျှော်လင့်ဘဲ လာဆုံတွေ့ရတာ ချိုးလေးကံဆိုးဖို့ဖြစ်လာသလိုပဲနော်"

"ရှင် အဲသလို မပြောပါနဲ့"

နီးကြားက ပြုံးကာ တစ်ဖက်ငဲ့နေတဲ့ ချိုးလေးကူမျက်နှာကို မမြင်မြင်ရအောင် ခါးကိုင်းလိုက်ကြည့်ရင်း …

"ဒါဖြင့် ချိုးလေး ကုသိုလ်ရဖို့ ဖြစ်လာတာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူသည် ပြုံးချင်လာမိကာ နီးကြားကို မျက်စောင်းတစ်ချက် မမိတမိ လှည့်ထိုးလိုက်ပါသည်။

"ဟုတ်တယ်လေ၊ လူတစ်ယောက်ကို ကျေးမွေးပြုစုစောင့်ရှောက်နေရတာ၊ ခုနေများ ချိုးလေးရဲ့ နယ်ကမိဘတွေရောက်လာရင် ချိုးလေး အဆူခံရမှာပဲနော်"

"သေချာတာပေါ့"

"ချိုးလေး သနားပါတယ်၊ ချိုးလေးက လူကိုကြည့်ရင် မာရေကျောရေလေး၊ ဒါပေမဲ့ သနားစရာလေး၊ ကျွန်တော် ချိုးလေးရဲ့ သိပ်ပြီးပြင်းပြတဲ့ဆန္ဒတစ်ခုခုကို သိပ်ဖြည့်ဆည်းပေးချင်တာပဲ၊ ချိုးလေးက ကျွန်တော့်ကို ကူညီစောင့်ရှောက်ရတာပဲ ရှိနေတယ်"

"အခု ကျွန်မရဲ့ ပုံတွေ ကူဆွဲပေးနေတာ ကိုနီးကြားက ကူညီတာပေါ့"

"ဒါတော့ဒါပေါ့၊ ဒါလေးက ချိုးလေး ကျွန်တော့်ကို စေတနာထားတာနဲ့စာရင် မပြောပလောက်ဘူးလေ၊ ကျွန်တော်က တကယ့်ကို ချိုးလေးဘဝမှာ အရေးကြီးတဲ့ လိုအပ်တဲ့ဆန္ဒတစ်ခုကို ဖြည့်ပေးချင်တာ"

"တကယ်လား"

"တကယ်ပေါ့"

"တကယ်နော်"



"ဪ ... တကယ်ပါဆို"

ချိုးလေးကူက နီးကြားဘက်သို့ လက်ညှိုးလေးတစ်ချောင်းထောင်ကာ မျက်လုံးလေးထောင့်ကပ်ကြည့်နေရင်း ...

"ပြီးမှ ကတိမဖျက်ရဘူး"

"မဖျက်ပါဘူး"

"ဘာပဲတောင်းဆို တောင်းဆို လိုက်လျောမယ်သား လုပ်ပေးမလား"

"အင်း"

"ဒါဆိုရင် ကျွန်မမှာ တောင်းဆိုစရာ တစ်ခုရှိတယ်"

နီးကြားက ချိုးလေးကူရဲ့ မျက်လုံးတောက်တောက်ကလေးကို ရွှန်းရွှန်းစားစား တုံ့ပြန်ငေးကြည့်နေမိပါသည်။

"ရှင့်အိမ်ကို ရှင်တစ်ချက်လောက် အကြောင်းကြားပါလား"

နီးကြား မျက်ဝန်းများ မှုန်မှိုင်းသွားကာ အကြည့်ကိုလည်း ချိုးလေးကူထံမှ လွှဲဖယ်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ပါသည်။

"ရှင့်အမေနဲ့ မောင်နှမတွေ စိတ်မပူအောင်လို့လေ၊ ပြီးတော့ ရှင့်အခြေအနေကိုလည်း အတတ်နိုင်ဆုံး နားခံသာအောင် အသိပေးစေချင်တယ်၊ ရှင့်ရဲ့အရေးကြီးတဲ့ဒီအချိန်မှာ သူတို့လည်း တတ်နိုင်သမျှ သူတို့မေတ္တာအလျောက် လုပ်ပေးခွင့်ရကြစေချင်တယ် ကိုနီးကြား ...

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ခုလို ကျည်စောင့်ရှောက်မထားချင်လို့ လို့ ရှင် ထင်မှာစိုးလို့ ကျွန်မက ပဲခူးကို ပြန်ခိုင်းနေတာမဟုတ်ဘူးနော်၊ ဒီကနေပဲ အကြောင်းကြားရုံ ကြားခိုင်းနေတာပါ၊ ရှင် နေတာကတော့ စိတ်ချမ်းသာတဲ့ နေရာမှာပဲနေပေါ့၊ ရှင် သူတို့ကို တကယ်ချစ်ရင် သူတို့ကိုလည်း ဒီအခွင့်အရေး မျိုးပေးသင့်တယ်၊ ဒါဟာ သူတို့အတွက် ဝန်လေးစရာ ဝန်ထုပ်ဝန်ပိုး မဟုတ်ဘူး၊ သူတို့ကို ရှင် အခွင့်အရေး ပေးတာပါ”

နီးကြားက မျက်နှာနွမ်းနွမ်းနှင့်ပင် ခေါင်းယမ်းလိုက်ပါသည်။

“ချိုးလေးရယ် ကျွန်တော် ဒါတော့မလုပ်ပါရစေနဲ့၊ အခု သေလိုက်ဆိုရင်တောင် ခုချက်ချင်း ဒီဝရန်တာက ခုန်ချပြီး သေလိုက်နိုင်သေးတယ်၊ ဒါကိုတော့ ကျွန်တော့်အတွက်ထက် သူတို့အတွက် မလုပ်ချင်တာပါ”

“ရှင်မှားနေပြီ ကိုနီးကြားရယ်”

“ခုဆိုရင် ချိုးလေးတောင် မမျှော်လင့်ဘဲ မျက်စိလည်လမ်းမှားပြီး ကျွန်တော်နဲ့ ဆုံစည်းခဲ့ရလို့ ခင်မင်တဲ့သံယောဇဉ်တွေငြိတွယ်ခဲ့ရလို့ ဘယ်လောက်ထိအောင် ခံစားနေရပြီလဲ၊ ဘယ်လောက်တောင် ရင်နာနေလဲ၊ ချိုးလေး မျက်နှာလေး ရွှင်ပျမနေရင်တောင်မှ မျက်နှာလေး ခပ်တင်းတင်းထားထား



ရင် ကျွန်တော် စိတ်ချမ်းသာပါတယ်၊ ချိုးလေး မျက်နှာလေးဟာ ကျွန်တော်နဲ့ စသိရတော့မှ နွမ်းနေရတဲ့အချိန်တွေ များခဲ့တယ်၊ အဲဒါကို ရင်အနာဆုံးပဲ ...

ကျွန်တော်နဲ့ ဆုံစည်းရတာဟာ ချိုးလေးအတွက် အရင်ဘဝကပါလာတဲ့ဝဋ်ကြွေးတစ်ခုလိုဖြစ်ခဲ့တယ်၊ အဲဒါကို စိတ်မကောင်းဘူး၊ မဆုံစည်းခဲ့ရင် ကောင်းမှာလို့တောင် ကျွန်တော် စဉ်းစားနေမိတာ၊ သူတို့ကိုလည်း အဲဒီလိုပဲ၊ သူတို့ ကျွန်တော် ‘မသေခင် ကြိုသိရင် ပူလောင်ကြမယ်၊ ဘာမှလုပ်မပေးနိုင်ရင် သူတို့ကိုယ်သူတို့ မကျေနပ်နိုင်ကြသလို နာကျင်ခံစားကြရလိမ့်မယ် ...

အဲဒါထက်စာရင် ကျွန်တော် မရှိတော့ဘူးလို့ ရုတ်တရက်သိလိုက်ရတာက သူတို့အတွက် တစ်ကြိမ်ပဲ နင့်နင့်သည်းသည်းခံစားလိုက်ရပြီး ပြီးသွားစေမှာပါ”

‘ကျွန်တော် မရှိတော့ဘူး’ဆိုတဲ့ စကားသံလေးက ချိုးလေးကူနားထဲ အထပ်ထပ်ပဲ့တင်ရိုက်ခတ်နေတော့သည်။ နှလုံးသားကို ပါးပါးလှီးနေသလို နာကျင်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဒီညနေ ကိုရာဇာ ဘယ်အချိန်လောက် ပြန်ရောက်မလဲ မသိဘူး"

"ခင်ဗျားက ဘာလုပ်မလို့လဲ"

"ကျွန်တော် ခင်ဗျားတို့လေးယောက်ကို တစ်ခုခုလိုက်ကျွေးချင်လို့ပါ"

"ဘာအတွက်လဲ"

ရာဇာ့အသံက အေးတိအေးစက်။ ကျောင်းလွယ်အိတ်ထဲ စာအုပ်တွေစစ်ထည့်နေရင်းက ဝတ်ကျေတန်းကျေလေသံမျိုးနှင့် ပြန်မေးနေတဲ့ ရာဇာ့အသံကို ပုလဲသီပင် ပြုံးရပါသည်။ ထမင်းကိုတော့ အပေါ်တက်စားတဲ့ ရာဇာက မနက်စောစော Breakfast ကိုတော့ အောက်ထပ်ကို ဗန်းနှင့်ပို့ပေးစေသည်။





ရာဇာ့အတွက်ရော နိုးကြားအတွက်ပါ မုန့်ဟင်းခါးပန်းကန်တွေ ဗန်းနှင့် ပြင်ဆင်ထည့်ကာ ဆင်းပို့တဲ့ ပုလဲသီက ရာဇာ့လေသံကြီးကို ပြုံးမိတာ။ ကိုယ့်မောင်မို့သာ ပြုံးမိတာ။ တကယ်က အားနာစရာကြီး။ နိုးကြားက ရာဇာ့ကို အလေးအနက် မျှော်လင့်ပြီး ပြောနေတာဖြစ်သည်။

"ဘာအတွက်မှ မဟုတ်ပါဘူး ကိုရာဇာ၊ ကျွန်တော်လည်း ဝန်းချီကားလေးတွေ နည်းနည်းပါးပါးရောင်းထားရတာရှိလို့ တမင်တကာ ကျွေးချင်လို့ပါ"

"ဆောရီးပဲ မိသီတို့သုံးယောက်ပဲ ကျွေးလိုက်ပါတော့"

"ကိုရာဇာက ဒီနေ့မအားလည်း ကျွန်တော် နောက်နေ့မှ ကျွေးလို့ရပါတယ်၊ ဒီနေ့မှရယ်လို့ အမှတ်တရနေ့ မဟုတ်ပါဘူး"

"သွားလိုက်ပါ ကျွန်တော် မလိုက်တော့ဘူး"

"ကျွန်တော်က အားလုံးတပျော်တပါး သွားချင်လို့ပါ"

"ကျွန်တော် မပါတာလည်း ဘာမှ မထူးခြားလှပါဘူး၊ ပါလည်း မထူးခြားပါဘူး သွားလိုက်ပါ၊ ကျွန်တော်လည်း သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာ ရှိသေးတယ်၊ ပြီးတော့ ကျွန်တော်က သူတို့နဲ့မသွားတတ်ဘူး၊ သူတို့သုံးယောက်အုပ်စုကြီးနဲ့ ကျွန်တော်က ဘယ်တော့မှ မသွားဘူး၊ ဘလစ် ဘလစ် ဘလစ်နဲ့ စိတ်ရှုပ်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲသီက မုန့်ဟင်းခါးဗန်းကို ရာဇာ့စားကြည့်စားပွဲပေါ်ဝင်တင်ရင်း ...

"ကိုနိုးကြား သူ့ကိုခေါ်မနေနဲ့၊ သူက အိုက်အတိုင်းပဲ"

ရာဇာ့အဖို့ ပန်းကန်ကို သူ့စားပွဲပေါ်ချပေးခဲ့ကာ ပြန်ထွက်လာပြီး နိုးကြားအတွက်ကို ဧည့်ခန်းကစားပွဲပေါ် တင်ပေးလိုက်ပါသည်။ နိုးကြားက ရာဇာ့ကို ဆက်မပြောတော့ဘဲ ပုလဲသီ နောက်က လိုက်လာသည်။

"သူက Wet blanket"

စောင်စိုကြီး၊ နွေးထွေးမှုမရှိတဲ့သူ၊ အသုံးတည့်တည့်ရောနှောမပါနိုင်တဲ့သူဆိုတဲ့ အဓိပ္ပာယ်နှင့် ပုလဲသီကဆိုသည်။

"ကျွန်တော်က အားလုံးကို အမှတ်တရလေး ကျွေးချင်လို့ပါ"

"ကိုနိုးကြားရယ် မိကျွတ်တို့ မိစိမ်းတို့မွေးနေ့ဆိုရင် နည်းနည်းပါ;ပါးလေး အားနာသမှုနဲ့ ခဏတစ်ဖြုတ် လိုက်စားသေးတယ်၊ ကျွန်မဆိုရင် အစ်မအရင်းဆိုတော့ လုံးဝအားမနာတာ၊ လိုက်ကိုမလိုက်ဘူး၊ တခြားကိစ္စလည်း ဘယ်မှအဖော်ခေါ်မရဘူး၊ သူက တသီးတခြားကိုဆန်တာ၊ ကိုနိုးကြားတော့ နေရခက်မှာပဲ"

"ကိစ္စမရှိပါဘူး ပုလဲသီ၊ နေရမခက်ပါဘူး"





"ရှင့်ကိုဆိုတော့ ယောက်ျားချင်းဆိုပြီး သူက ပိုတောင်အားနာမှာမဟုတ်ဘူး၊ ကိုနိုးကြား စိတ်ထဲ သူ့ကြောင့် အနေမကျဉ်းကျပ်ပါနဲ့၊ သူ မလိုက်ဘူးဆိုလည်း ခေါ်မနေပါနဲ့တော့၊ ကျွန်မတို့ကိုပဲ ကျွေးလိုက်ပေါ့"

နိုးကြားက ခေါင်းညိတ်ပြုံးရယ်ကာ ...

"ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်၊ ကိုရာဇာက ဒီလိုပဲနေတတ်တဲ့ စရိုက်မျိုးပါ၊ သူ့စိတ်ရင်းကဖြောင့်ပါတယ်"

ရာဇာသည် ကျောပိုးအိတ်တစ်ဖက်လွယ်ရင်း ထွက်လာကာ ...

"ခင်ဗျား နားထောင်ကောင်းရုံတော့ ပြောမနေပါနဲ့၊ စိတ်ရင်းဖြောင့်တယ်ဆိုတာ နည်းနည်းပိုနေမယ် ထင်တယ်၊ ဒီလောက်ကြီးလည်း ကျွန်တော်က မဖြောင့်ပါဘူးထင်ပါတယ်၊ ဒီလိုပဲနေတတ်တဲ့ စရိုက်ဆိုတာတော့ မှန်တယ်၊ ကျွန်တော်က သိပ်မရင်းနှီးရင် မရောတတ်ဘူး အဲဒါပဲ"

ပုလဲသီသည် ကြားက အားနာပါးနာနှင့် ...

"ဟဲ့ ... ရာဇာ၊ နင် မုန့်ဟင်းခါးရော စားခဲ့ရဲ့လား"

"နည်းနည်းစားခဲ့တယ် မကုန်ဘူး"

"ဟဲ့ ... ဒီလောက်နည်းနည်းကလေးကို အဲဒီထဲကမှ နည်းနည်းပဲစားတယ် ဆိုတာတော့"

www.burmeseclassic.com



"နားငြီးလိုက်တာ မိသီရာ၊ ဟိုကောင့်ကားက ဒီနားရောက်နေပြီ၊ ဖုန်းဆက်ထားတယ်၊ ဒါပဲ သွားပြီ"

ပြောလည်းပြော လှေကားကနေ တစ်ရှိန်ထိုးပြေးလည်းဆင်း။ လမ်းထိပ်မှာရပ်ပြီး တင်ခေါ်တတ်တဲ့ သူငယ်ချင်းကားကြီနှင့် လမ်းမတော်ဆေးကျောင်းကို လိုက်နေကျဖြစ်ရာ ဒီလိုပဲ အချိန်ရရင်ရသလို အီးရောဖောရောလုပ်နေပြီး အချိန်မရရင် မရသလိုပြင်ဆင်ကျွေးထားတာမှ အားနာပါးနာ စားဖော်မရဘဲ ပြေးတတ်သည်။

"တွေ့တယ် မဟုတ်လား"

"ပုလဲသီနဲ့အမြွှာဆိုပေမဲ့ သူက အငယ်ဆိုတော့ ရွယ်တူလို သူကမနေဘဲ မောင်လိုလုပ်ပြီး နွဲ့ဆိုးဆိုးတာမျိုးဗျ၊ ကျွန်တော် ဝိုပြောတာမဟုတ်ပါဘူး၊ ကိုရာဇာက ပါးစပ်ကပြတ်ပြတ် ပြောပေမယ့် စိတ်ရင်းကောင်းပုံရတာ တကယ်ပါ၊ မတရားတာလည်း သူ မကြိုက်တာ သူ့စကားတွေထဲကသိရတယ်၊ ပုရွက်ဆိတ်တို့ ပိုးဟပ်တို့တောင် ဖိခြေတာ သတ်ပစ်တာ မရှိဘူးဗျ၊ အသာလေးမောင်းတာ၊ အငယ်လိုမိုလ်ကျချင်တဲ့ စိတ်မျိုးပဲရှိတာပါ ..."

ကျွန်တော့်မှာ မောင်နှမထဲမှာ အစ်ကိုနဲ့ ညီမယောက်ျားလေးရော မိန်းကလေးရောရှိတာဆိုတော့ ဒီမှာ





ကိုရာဇာတို့ ပုလဲသီတို့ အားလုံးနဲ့ အတူတူလာနေရတာ မောင်နှမတွေနဲ့ နေနေရသလို ကိုယ့်စိတ်ကိုလှည့်စားပြီး ကြည်နူးနေမိလို့လား မသိဘူး၊ ကိုရာဇာ့ကိုရော အားလုံးကိုရော ကျွန်တော် စိတ်ရင်းထဲက ချစ်ခင်မိတယ်"

နိုးကြား ရင်ထဲကရှိသလို ပြောလိုက်တာပင်။ သူ့ကို ...ောင်ဖယ်ဖယ် စိမ်းသက်သက် အရောမဝင်ဆက်ဆံတဲ့ ရာဇာ့ကို ...ီအချိန်မှာ သူ့စိတ်ထဲက ချစ်ခင်တွယ်တာနေပါသည်။ ဟိုးငယ် ...ယ်ကစိတ်နှင့်ဆို ဘယ်လွယ်မလဲ။ ရာဇာလို ထောင့်သိပ်မကျိုးချင် ...ဲ့ကောင်မျိုးနှင့် ရန်ပွဲတွေ ရိုက်ပွဲတွေ ဆင်နွှဲနေဖြစ်မှာ။

ခုတော့ သူ့ရင်မှာ ရန်လိုစိတ်လည်းမရှိ။ အားလုံးကို ...သည်း သည်းညည်းခံနိုင်သည်။ ဘဝရဲ့ နောက်ဆုံးလက်ကျန်ဖြစ် ...သော အချိန်ပိုင်းကလေးဆိုတာ ကိုယ့်ဟာကိုယ် သိထားတော့ ...ာရာကို အကောင်းဘက်ကပဲ ရှုမြင်မိသည်။ မြင်သမျှကို လှပ ...ဲ့မြင်ကွင်းတွေချည်းပဲလို့ ကျေနပ်မိသည်။ ကြားသမျှဟာလည်း ...းထဲမှာသာယာသည်။ နောင်ဆို ဒါတွေကိုပင် မြင်ရဖို့ ကြားရဖို့ ...ရှိတော့တာ။

ရာဇာ ဘယ်လို ဆက်ဆံ ဆက်ဆံ စိတ်မတိုဒေါသ ...က် ပြုံးပြုံးနှင့်ပဲ ကျေနပ်လက်ခံနိုင်သည်။ ဒီအချိန်တာလေးရဲ့ ...း ရှိမှုကို သူ ရင်နှင့်အမျှ နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲသီသည် မျက်နှာလေးငယ်ကာ ...

"ကျွန်မတို့ကိုတောင် ရှင် မောင်နှမတွေလို ခင်မင် အချိန်တိုအတွင်းမှာ၊ ရှင့်မောင်နှမအရင်းတွေကိုရော မလွ ဘူးလား ကိုနိုးကြားရယ်"

"အဟင်း ... အမှန်တိုင်း ပြောရရင် အတူတူနေတုန်း မျက်နှာကြောသိပ်မတည့် ကီးသိပ်မကိုက်ဘဲ ရှောင်ဖ ဖယ်လုပ်ခဲ့တဲ့ အစ်ကိုကိုလည်း တကယ်လွမ်းပါတ အရင်တုန်းကတော့ ဒီကောင် အလကားနေ လူကြီးတွေ မျက်နှာလုပ်ချင် ဖားချင်တဲ့ကောင်လို့တွေးခဲ့တာ၊ တကယ် သူက မျက်နှာလုပ်နေတာမဟုတ်ပါဘူး၊ သူ့စိတ်ရင်းကို အားလုံးနဲ့ တည့်အောင်နေတတ်တာ ...

ခုတွေးကြည့်တော့ သူဟာ စောစောစီးစီး ဘဝ နည်းကိုသိတဲ့ကောင်လို့ ပြောင်းမြင်လာမိတယ်၊ လူတွေ လိုက်လျောညီထွေပေါ့၊ ကျွန်တော် အခု နေနေမိတဲ့ပုံစံ ညီမလေးကတော့ ဖြူဖြူစင်စင်လေး စံပယ်ပန်း ကျွန်တော့်ကို ကိုလေး ကိုလေးနဲ့ ချွဲနွဲ့ချင်တာ၊ ကျွန် က အကဲပ်မခံခဲ့တာ၊ သူ့ခမျာ ကျွန်တော့်ဆီက ဘယ်တု ကမှ မျက်နှာသာ မျက်နှာကောင်း သိပ်မရခဲ့ရှာပါဘူး

ကျွန်တော် သိပ်လွမ်းပါတယ် ပုလဲသီ၊ အမေ့ကို ပြောစရာမရှိတော့ဘူးပေါ့၊ ပထွေးကိုတောင် သတိရမိတ





ကောင်းရှာခဲ့ပါတယ်၊ ကျွန်တော်ကတော့ သိတင်းကျွတ်တိုင်း တောင် နှစ်စေ့အောင် မကန်တော့ဖြစ်ခဲ့ဘူး"

"တစ်ခေါက်လောက်တော့ ရှင် သွားပြန်တွေ့သင့်ပါတယ် ကိုနိုးကြားရယ်၊ သေချာစဉ်းစားပါဦး"

"ကျွန်တော် အခုဆိုလည်း နေနိုင်သလောက် နေနိုင်နေတာပဲ၊ နေလက်စနဲ့ နေလိုက်ပါတော့မယ် ပုလဲသီရာ၊ ထားလိုက်ပါတော့"

"အဲဒီလိုမဟုတ်သေးပါဘူး ကိုနိုးကြားရယ်၊ မိကူဆိုရင်လည်း ရှင့်ကို မိသားစုနဲ့ သိပ်ပြန်တွေ့စေချင်တာ၊ ရှင့်စိတ်ကူးတွေ ကို နည်းနည်းကလေးလောက် ပြောင်းလဲကြည့်ပါဦးလား"

နိုးကြားက သူတို့ကို အားနာလာလျှင်တော့ အတိုက် အခံမငြင်းဘဲ ခပ်မဆိတ်သာ ပြုံးလျက်နေတတ်သည်။ ပြန်မပြော နားမထောင်ဆိုတဲ့ ပုံစံပင်။

ရာဇာကတော့ သူ လိုက်နိုင်မယ့်ရက်ကို ဘယ်လိုပဲ ညှိ ပေးမယ်ပြောပြော မလိုက်တော့ဘူး တွင်တွင်ငြင်းပြီး နိုးကြားရဲ့ ဘုန်းမွေးပွဲကို မလိုက်ပါခဲ့ပါ။

"ခေါ်မနေနဲ့ လေကုန်တယ်"

ချိုးလေးကူကတော့ ပုလဲသီကိုတောင် အားမနာနိုင် ... ရာဇာ့ကို အမြင်ကတ်ကတ်နှင့် မျက်စောင်းတွေချည်းတရွယ်ရွယ်။ ... ၎င်းက ပွစိပွစိ။



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပါးပါးတောင် အားနာသမှုတို့ လူမှုရေးတို့မရှိ ဘူး"

ဝင်းမြစိမ်းက ကြားကဖျန်ဖြေကာ ...

"ယောကျ်ားချင်းတွေဆိုတာ ကိုယ့်ဟာကိုယ် ခင်မင်ချင်လို့ ခင်မင်သွားတာကလွဲရင် သူများကြားခံ မိတ်ဆက်ပေးလို့ အင်တင်တင်ခင်ရမှာမျိုး သိပ်မှမခင်တတ်ကြတာ ထုံးစံပါ မိကူရယ်၊ သူ့စိတ်ထဲ နီးကြားကို ခင်မင်စိတ်မပေါက်တော့ မလိုက်ချင်ဘူးပေါ့၊ ဘယ်တတ်နိုင်မလဲ"

"ဒီလောက်ဖိတ်ခေါ်နေတာကို အားနာပါးနာလေးတောင် ငဲ့ကွက်ပြီး မလိုက်လျောနိုင်အောင်ပဲ"

"ရာဇာက ကိုနီးကြားကိုလည်း အသေးစိတ်မှ မသိတာ ငါတို့လို အားလုံးအသေးစိတ်သိပြီး ကြင်နာသနားပြီး ခင်မင်နေတာမျိုးတော့ ဘယ်ဖြစ်နေပါ့မလဲ"

အဲဒီနေ့က သူတို့သုံးယောက် အနည်းငယ်အားလပ်တဲ့ရက်တစ်ရက်။ နံနက်ခင်းကစပြီး ခရီးစဉ်ကိုစဖို့ ချိုးလေးကပဲ အစီအစဉ်ဆွဲသည်။

"ပထမဆုံး ရွှေတိဂုံဘုရားကို တက်ရအောင်၊ ရှင် ရန်ကုန် ကိုရောက်ပြီးတဲ့နောက် ဘုရားတက်ပြီးပြီလား"

"ဟိုးအရင်အခေါက်တွေကတော့ ရောက်ပါတယ်၊ ဒီတစ် ခေါက်တော့ ရန်ကုန်ရောက်လာကတည်းက ကိုယ့်အဖြစ်နဲ့ ကိုယ် ဘုရားတက်ဖို့ဘက် အာရုံမရခဲ့လို့ မတက်ဖြစ်ဘူး"





"ရှင့်မှာ သေနိုင်တဲ့ ရောဂါကြီးတစ်ခု ရှိနေတယ်ဆိုတာ သိရပြီးတဲ့နောက် ဘုရားမှာ ဘာဆုမှမတောင်းရသေးဘူးပေါ့ နော်"

နီးကြားက အပြုံးနှင့် ခေါင်းသာခါယမ်းလိုက်ရပါသည်။

"သိသိချင်း ဘုရားကို သွားသင့်တာပေါ့၊ ဘုရားသေချာရှိခိုးပြီး ဆုတောင်းသင့်တာပေါ့"

"ကျွန်တော်က ဘာကို ဆုတောင်းရမှာလဲ ချိုးလေးကူရယ်၊ မသေပါစေနဲ့လို့လား၊ အဲသလို ဆုတောင်းလို့ကော ရတတ်သလား"

"ကိုယ့်ကုသိုလ်ကံမှာ ပြဋ္ဌာန်းပြီးပါလာပြီးဖြစ်တဲ့ အရေးပါတဲ့အဖြစ်အပျက်ကြီးတွေကို လုံးဝပြောင်းပြန်ကြီးပြောင်းလဲပစ်နိုင်ဖို့တော့ မဖြစ်နိုင်ဘူး ဆိုပေမယ့် ကိုယ့်ရဲ့ကုသိုလ်အ,ကုသိုလ်တွေအားဖြင့် အတိမ်အနက်အလေးအပေါ့တွေတော့ ကွဲပြားခြားနားနိုင်လိမ့်မယ်လို့ ထင်တယ် ကိုနီးကြားရယ် ...

ဘာသာရေးလေး ကုသိုလ်ရေးလေး လုပ်ပေးရင်း အနည်းဆုံး ကိုယ့်ဝေဒနာအခံစားရပဲ သက်သာသက်သာစိတ်ကို တည်ငြိမ်အောင်ထားနိုင်တဲ့ အလေ့အကျင့်လေးပဲ ရရ ကိုယ့်အတွက်အမြတ်ပဲပေါ့ ကိုနီးကြားရယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုးကြားက ချိုးလေးကူကို တမြတ်တနိုးလေးကြည့်မိရင်း ...

"ကျွန်တော့်အတွက် ကောင်းနိုးရာရာ အကျိုးရှိနိုးရာရာလေးတွေပဲ စဉ်းစားပေးနေတဲ့ ချိုးလေးကို ကျေးဇူးသိပ်တင်ပါတယ်၊ ချိုးလေး ဘုရားတက်စေချင်ရင် ကျွန်တော်တက်ပါ့မယ်၊ ဘယ်တော့လဲ မနက်လား ညလား"

"မနက်ပေါ့၊ နေ့တစ်နေ့ရဲ့ ပထမဆုံးအချိန် အစောဆုံးအချိန်မှာ ဘုရားကို အရင်ဆုံးဦးခိုက်တယ်ဆိုတာ အဓိပ္ပာယ်အရှိဆုံးပေါ့"

ချိုးလေးကူ၊ ဝင်းမြစိမ်း၊ ပုလဲသီတို့သုံးယောက်နှင့်အတူ နိုးကြားပါ လေးယောက် ထိုနေ့က နံနက်စောစော အိမ်ကထွက်ကာ ရွှေတိဂုံဘုရားကိုတက်သည်။ ဘုရားကဆင်းလာတော့ တောင်ဘက်မုခ် မီးပွိုင့်နားမှာ ငှက်လွှတ်ဖို့ စာကလေးတွေရောင်းနေတဲ့ ကုလားမကြီးထံမှာ နိုးကြားအတွက် သက်စေ့ စာကလေးနှစ်ဆယ့်ငါးကောင်ဝယ်ကာ ငှက်လွှတ်ပါသည်။

"ဆုတောင်းပြီး လွှတ်နော်"

"ဘာကို ဆုတောင်းရမှာလဲ ချိုးလေးရယ်"

ချိုးလေးကူ မျက်နှာလေးက အိုနေသည်။ ဘာမှ ဆုတောင်းစရာမရှိသလိုဖြစ်နေတဲ့ နိုးကြားကြောင့် ရင်ထဲ ထိခိုက်ရသည်။ အသံတုန်တုန်လေးနှင့် ...





"မင်းတို့အသက်ကို လွှတ်ပါတယ်လို့ပေါ့"

"အဲဒါပြောပြီးရင် ဘာကို ဆုတောင်းရမလဲ၊ ချိုးလေးတောင်းခိုင်းတဲ့ဆုကို တောင်းမယ်လေ"

ချိုးလေးကူသည် မျက်ရည်ရစ်ဝိုင်းကာ နှာသီးဖျားလေးရွဲမွှန်လာလျက် ...

"ဝဋ်ကြွေးရှိတာတွေ ကြေပါစေလို့ ဆုတောင်းလိုက်"

နိုးကြားရင်ထဲလည်း ဝမ်းနည်းလာမိပါသည်။ စာကလေးတစ်ကောင်ချင်းကို နှိုက်လျက် လွှတ်ပေးရင်း ...

"မင်းတို့အသက်ကို လွှတ်ပါတယ်၊ ငါ့မှာ ဝဋ်ကြွေးရှိတာတွေလည်း ကျေပါစေ"

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ပြီး တစ်ကောင်ပြီးတစ်ကောင် လွှတ်နေတဲ့ နိုးကြားကိုကြည့်ကာ ဝင်းမြစိမ်းရော ပုလဲသီပါ မျက်ရည်လည်လာ၍ ဆက်မကြည့်ဘဲ တစ်ဖက်ကို မျက်နှာလွှဲထားကြပါသည်။ နိုးကြားကိုလည်း မကြည့်ရက်သလို ချိုးလေးကူကိုလည်း မကြည့်ရက်ပါ။

မြို့ထဲက တရုတ်တန်းမှာ မုန့်သွားစားကြတာမို့ ဒီနေ့အဖို့ လမ်းမှာ ဖြတ်သန်းသွားလာ ကြုံသမျှ အလှူခံတိုင်း ဘုန်းကြီးဖြစ်စေ၊ သီလရှင်ဖြစ်စေ၊ လူကတောင်းတာပဲဖြစ်စေ အားလုံးကို တစ်ရာစီ လှူပါသည်။ ရာတန်အများအပြားကို အိမ်က မုန့်ဆိုင်လေးတွေကနေ လဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နီးကြားက ကျွေးချင်တာကို လိုလိုလားလား စားကြတယ်လို့ ဖြစ်စေချင်လို့သာ စားဖြစ်ကြသည်။ တကယ်တမ်းမှာ ကြေကွဲမှုတစ်မျိုးက ရင်ခံစေကာ ဟက်ဟက်ပက်ပက် မစားသောက်နိုင်ကြပါ။ သူ့ရဲ့အဖြစ်အပျက် အခြေအနေကို သိနေတော့ သူကျွေးတာကို စားနေရသည်မှာ ခရီးရှည်သွားတော့မယ့် လူတစ်ယောက်ရဲ့ နှုတ်ဆက်ပွဲကျွေးတာနှင့် တူနေပါသည်။

"ချိုးလေးတို့ကို ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ပန်းချီပြခန်းကို ခေါ်သွားချင်သေးတယ်၊ ကျွန်တော် အိပ်မက်မက်ထားခဲ့ဖူးတဲ့ ပြခန်းမျိုးလေးပေါ့။ ကိုယ်မလုပ်နိုင်လိုက်ပေမယ့် သူများလုပ်ထားတာလေးကိုပဲကြည့်ပြီး စိတ်ကူးယဉ်ရတာပေါ့"

"လိုက်ကြည့်မယ်လေ"

နီးကြားက ချိုးလေးကူတို့ကို ကိုမြအောင်ရဲ့ပြခန်းလေးဆီ ခေါ်သွားပါသည်။ ပြခန်းပိုင်ရှင်ဟာ သူကိုယ်တိုင်လည်း ပန်းချီဆရာ၊ နိုင်ငံရပ်ခြားကိုပါ ထိုးဖောက်နိုင်ကာ အနုပညာအရရော ငွေရေးကြေးရေးအရပါ အောင်မြင်နေတော့ ပြခန်းလေးကို စိတ်ကြိုက်ဖန်တီး တန်ဆာဆင်ထားတာ ဖြစ်သည်။

မွေးပျံ့အေးမြနေတဲ့ အဆင့်အတန်းမြင့်မြင့် ပန်းချီပြခန်းလေးကို မြင်တော့ နီးကြားအတွက် ချိုးလေးကူ စိတ်မကောင်း ဖြစ်ရသည်။





"ကျွန်တော် ရန်ကုန်ကို ရောက်ကာစတုန်းကတော့ ဒီပြခန်းမှာ ကျွန်တော့်ပန်းချီကားလေးတချို့ကိုတင်ပြီး ချိတ်ဆွဲပြသမယ်လို့ စိတ်ကူးဖူးတာပေါ့ ချိုးလေးရယ်"

"ပြလို့မရဘူးလား"

"ကျွန်တော်က နာမည်မှမရှိတာ၊ ဘယ်သူက လာကြည့်မှာလဲ၊ အားပေးမှာလဲ၊ တိုးလို့မရနိုင်သေးဘူးပေါ့၊ ဒီက ပန်းချီကားတွေက နာမည်ကျော်ဆရာတွေရဲ့ကားတွေချည်းပဲ၊ တစ်နေ့တော့ ကျွန်တော့်ရဲ့ပြပွဲလေးတစ်ပွဲ လုပ်မယ်လို့လည်း စိတ်ကူးယဉ်ခဲ့ဖူးတယ်"

"ပြပွဲတစ်ပွဲစာ ကားတွေအများကြီး ရှင့်မှာရှိလို့လား"

"ပဲခူးအိမ်မှာ ရှိတာပေါ့ ချိုးလေးရဲ့၊ ခပ်ကျဲကျဲလေးပဲ ချိတ်ဆွဲမှာပေါ့၊ အခန်းတစ်ခန်း ပိုင်စရာလည်း မလိုပါဘူး၊ အမြဲတမ်း ချိတ်ဆွဲပြသထားဖို့လည်း ရည်ရွယ်တာ မဟုတ်ပါဘူး၊ သုံးရက်ဖြင့် သုံးရက်၊ ငါးရက်ဆိုလည်း ငါးရက်ပေါ့၊ ပြပွဲလေးတစ်ပွဲတော့ အသက်သုံးဆယ်ကျော်လောက်မှာ လုပ်ဖြစ်ရမယ်လို့ ကျိတ်ပြီး ကြွေးဝါးထားခဲ့တယ်လေ"

နီးကြားရဲ့စကားတို့ကို ကိုမြအောင်ပင် နားထဲကြားရတာ စိတ်မကောင်းဖြစ်ပုံပေါ်ကာ ...

"လုပ်ဖြစ်ပါတယ်ကွာ၊ အချိန်တွေ အများကြီး ရှိသေးတာပဲ၊ မင်းကလည်း၊ ငါဆိုရင်ပဲ မင်းထက်ကြီးလှပြီ၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပါသေးတယ် နိုးကြားရာ၊ မင်းရဲ့ရှိုးပွဲတစ်ပွဲ လုပ်နိုင်ဖို့ဆိုတာ ကြိုးစားရင် ဖြစ်နိုင်ပါတယ်၊ မင်းလက်ရာတွေလည်း ကောင်းတာပဲ၊ သုံးဆယ်ကျော်လောက်မှာတော့ လုပ်ကိုလုပ်ဖြစ်မှာပါ"

ဘာမှမသိတဲ့ ကိုမြအောင်က အာမခံချက်တွေနှင့် ဝင်အားပေးနေပါသည်။ နိုးကြားက ဘာမှမပြောဘဲ ခပ်ပြုံးပြုံး ခေါင်းတညိတ်ညိတ်။ တမင်တကာ တကူးတက ရအောင်ပြုံးထားတတ်တဲ့ နိုးကြားရဲ့ပြုံးပုံကို ချိုးလေးကူ အလွတ်ရနေပြီ။ ရင်ထဲက ပြုံးချင်လို့လိုပြုံးရင် သူ့မျက်လုံးလေးတွေပါ ရီဝေတော်သွားတတ်တာ။ တမင်တကာ ပြုံးထားခဲ့ရင်တော့ မျက်ဝန်းတို့က အရောင်တောက်မလာ၊ မှိန်မွဲမွဲသာ။

မွန်းလွဲပိုင်းအထိ လျှောက်သွားနေဖြစ်ကြပြီး တစ်စတစ်စ နိုးကြားမျက်နှာ အလန်းဆန်း လျော့လာတာကို ချိုးလေးကူ ရိပ်မိပါသည်။

"ပြန်ကြရအောင်၊ ကိုနိုးကြား ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး ချိုးလေးရဲ့၊ ကျွန်တော် ပျော်နေတာပါ"

တကယ်လည်း ပျော်နေတာ။ ဒါပေမဲ့ သွားရင်းသွားရင်းကနေ တဖြည်းဖြည်း ခြေကုန်လက်ပန်းကျ မောဟိုက်အားနည်းလာတာတော့ ကိုယ့်ဟာကိုယ် သိပါသည်။ နွမ်းနယ်လာတဲ့ ခံစားချက်ကို ဖောက်ထွင်းထိုးထွက်နေတဲ့ ခံစားချက်ကတော့ ချိုးလေးကူကို ဘေးမှာထားပြီး လျှောက်သွားနေရလို့ ပျော်ရွှင်ကြည်နူး နှစ်သိမ့်ကျေနပ်၍ နှလုံးပီတိ ဝှမ်းဆီထိနေတဲ့ ခံစားချက်ပါ။

"ပျော်နေတာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ရှင် ပင်ပန်းနေပြီ၊ ရှင့်မျက်နှာကို ကြည့်ရတာ သိသာတယ်၊ တအား နွမ်းနေပြီ၊ မိသီရေ ကားတားပြီး ငှားလိုက်တော့ ပြန်ကြရအောင်"

"အေး"

သူ့မျက်နှာကို ပန်းကလေးတစ်ပွင့်ကို အရိပ်ကြည့်နေသလို ချိုးလေးကူ အရိပ်ကြည့်နေခဲ့တာပင်။ ဒါကိုခံစားရတော့ ကြက်သီးမွေးညင်းထအောင် အဆန်းတကြယ် ရင်နုန့်မိသည်။ အငှားကားပေါ်ရောက်တော့ နိုးကြားက ရှေ့ခန်းက မောင်းသူနံဘေးနေရာမှာထိုင်သည်။ ထိုင်ခုံကို အနည်းငယ်လျှောကာ ထိုင်လိုက်ပြီး မှီထားလိုက်ရပါသည်။

သွားနေတုန်းက စိတ်က ပျော်နေတော့ ခန္ဓာကိုယ်ကိုပါ ဆောင်နေတာ။ ရပ်လိုက်တော့မှ ဘယ်လောက်ပင်ပန်းနွမ်းနယ်နေပြီ ဆိုတာကို သိပါသည်။ မူးရိပ် မူးရိပ် ခံစားနေရ၍ မျက်စိကို မှေးမှိတ်ထားမိသည်။ ရင်ထဲကလည်း မောလှသည်။

"ကိုနိုးကြား ... ကိုနိုးကြား"

"ဗျာ"







www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား"

"ဟုတ်ကဲ့"

"မကောင်းဘူး မဟုတ်လား၊ ဆေးခန်းတန်းသွားမလား"

"ဟင့်အင်း ... ဆေးခန်းသွားဖို့ မလိုပါဘူး"

မျက်စိဖွင့်လိုက်လျှင် မျက်လုံးအမြင်တွေ ပြာဝါးနေပါသည်။ ချိုးလေးကူတို့ အိမ်ကိုရောက်တာပဲ နှစ်ပတ်ကျော်နေပြီ။ စသိချိန်ကစလို့ ရက်ပေါင်းဘယ်လောက်တောင် ရှိသွားပါပြီလဲ။

"ကိုနိုးကြား ... တကယ်ရတယ်နော်"

"ဟုတ်ကဲ့"

"အိမ်ကိုပဲ အရင်ပြန်ပြီး အိမ်ကျမှ ကိုနိုးကြား ပြနေကျ လမ်းမထိပ်က ဆရာဝန်ကို အိမ်ပင့်ပြီး ပြပါလား မိကူ"

"အေး ...၊ ငါ့အထင်တော့ သွေးထပ်သွင်းဖို့ လိုပြန်ပြီလား မသိဘူး"

အိမ်ရောက်တော့ ချိုးလေးကူတို့ တိုက်နှင့် မျက်စောင်းထိုးက လက်ဖက်သုပ် ဂျင်းသုပ် ဆိုင်ကလေးမှာ ထိုင်နေတဲ့ လူကြီးတစ်ယောက်က ထ,လာကာ ...

"ဟော ... နိုးကြား"

"ဟာ ... ဦးသက်"





တိုက်ပေါ်မတက်ရသေးမီ နိုးကြားနှင့် ဦးသက် ဆုံကာ နှုတ်ဆက်နေကြ၍ ...

"အိမ်ပေါ်အရင်တက်လိုက်ဦးလေ ကိုနိုးကြား၊ ဦးလေး အိမ်ပေါ်တက်ပါနော်၊ အိမ်ပေါ်မှာ စကားပြောတာပေါ့"

ဦးသက်က စိမ်ခန့်ခွဲနေတဲ့ ချိုးလေးကူကို အံ့အားတသင့်ကြည့်ကာ ခေါင်းညိတ်ရသည်။

"မိစိမ်း ... ဒေါက်တာ့ဆေးခန်းဖုန်းကို နှင့် ဆက်လိုက်"

"အေး ... အေး"

အိမ်မှာ ရာဇာ့ဟန်းဒ်ဖုန်းအပြင် တခြားဖုန်းမရှိတာမို့ ဖုန်းဆက်ဖို့ ဝင်းမြစိမ်းက အောက်မှာကျန်ရစ်သည်။ တိုက်ခန်းကို သော့ဖွင့်ဝင်ပြီးသော် ...

"ကိုနိုးကြား ဟောဒီမှာ ထိုင်နှားနေဦး၊ အင်္ကျီတွေ ဘာတွေ လဲမနေနဲ့ဦး"

"ဟုတ်ကဲ့"

"ဦးလေးလည်း ထိုင်ဦးနော်၊ သူ သိပ်နေမကောင်းလို့ ဦးလေးရဲ့၊ ကိုနိုးကြား ကျွန်မ အဝတ်အစား လဲဦးမယ်၊ သံပရာရည်လေး ဖျော်ခဲ့ပေးမယ်"

အပေါ်ထပ်ကို တက်သွားတဲ့ ချိုးလေးကူတို့ နှစ်ယောက်ကိုကြည့်ရင်း ဦးသက်က အံ့သြနေကာ ...

"သူတို့က ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကျေးဇူးရှင်တွေပါ ဦးသက်ရယ်"

"သြော် ... သြော် ... မင်းနဲ့ အရင်ကတည်းက သိကြတာလား"

"သိပ်မကြာသေးပါဘူး"

"မင်းက သူတို့အိမ် ဘာကြောင့် လိုက်နေနေတာလဲ"

"ဟိုလိုပါ၊ သူ့ သီးစစ်စ်မှာ ပုံဆွဲစရာတွေရှိလို့ သူက ကျွန်တော့်ကို အလုပ်ပေးထားတဲ့ သဘောပေါ့၊ ကျွန်တော်လည်း ဘုန်းကြီးကျောင်းမှာ တစ်ယောက်တည်းမှန်းသိတော့ သွားရလာရလည်း သက်သာသွားအောင် ဒီကို သူတို့က ခေါ်ထားတာ၊ အပေါ်ထပ်မှာ သူတို့သုံးယောက်နေပြီး အောက်ထပ်မှာ ကျွန်တော်ရယ် သူတို့မောင် ဆေးကျောင်းသားတစ်ယောက်ရယ် တူတူနေနေတာပါ"

"သြော် ...၊ စားတော့ရော ! "

"သူတို့ပဲ ကျွေးတယ်"

"သြော် ... အတော်သဘောကောင်းကြတာပဲ"

"ဟုတ်ကဲ့"

"မင်းက အခုနေမကောင်းသေးဘူးလား နိုးကြား"

"ကောင်းပါတယ်၊ နလန်ထလို သဘောမျိုးမှာ ဒီနေ့သွားတာ လာတာ များသွားတော့ အားနည်းပြီး မူးလာလို့ပါ"





"သြော် ... ငါလည်း မနေ့ညကမှ ရန်ကုန်ပြန်ရောက်လာတာကွ၊ ပြန်ရောက်ရောက်ချင်းပဲ အိမ်စောင့်ထားခဲ့တဲ့ ကောင်လေးက ဘုန်းကြီးကျောင်းနားက လူတစ်ယောက် လိုက်လာတယ်တဲ့၊ ငါ့တူ နေမကောင်းလို့ ဆေးရုံတင်ရတယ်လို့ မှာသွားတယ်ဆိုတော့ ငါလည်း ချက်ချင်း မင်းပဲလို့ တွက်လိုက်ပါတယ်၊ ဘုန်းကြီးဆို ဘုန်းကြီး ပြောမှာပေါ့ လို့၊ မင်းက ဘာဖြစ်လို့ ဆေးရုံတက်ရတာတုန်း"

"ဟို ... သွေးအားနည်းနေတဲ့ သဘောပါ ဦးသက်ရာ၊ အဲဒီနေ့က စာသင်ရင်း အမှတ်တမဲ့ ထ,လိုက်တာ မူးလဲသွားတာပါ"

"ဟုတ်လား၊ ငါ မှတ်မိသလောက် မင်းအဖေလည်း သွေးအားနည်းတတ်တဲ့ရောဂါ ရှိတယ်နော်၊ ဟိုးအရင်ကတည်းက တရှောင်ရှောင်၊ အိမ်ထောင်ကျ မင်းတို့တွေကို မွေးပြီးတဲ့နောက် ပိုဆိုးလာတာ၊ အဖျားလေးတဝင်ဝင် ဖြူဖပ်ဖြူရော်နဲ့ ကျန်းမာရေးကို မကောင်းခဲ့ဘူး။ မင်းလည်း ဂရုစိုက်ဦး နိုးကြား"

"ဟုတ်ကဲ့"

အဖေတို့ခေတ်တုန်းက နယ်မှာလည်းဖြစ် ဆေးပညာဗဟုသုတလည်း ကိုယ်တိုင်ကိုယ်ကျ နည်းခဲ့ကြကာ မစစ်မဆေးခဲ့မိကြတော့ အဖေ ဘာကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်ဆိုတာ သေသေချာချာကြီး အကြောင်းရင်းနာမ မတပ်နိုင်ခဲ့ပါ။ "ခင်မောင်ဦး တစ်ယောက်က ချုချာတယ်"ဆိုတဲ့ မှတ်ချက်ချစကားနှင့်ပဲ ပြီးသွားခဲ့သည်။ နီးကြားလည်း ခုတလောမှ တွေးကြည့်မိလာပါသည်။

အဖေရော ဒီလိုရောဂါမျိုးများ ရှိသလား။ သေချာမစစ်ခဲ့ရဘဲ မူးမှ မောမှ အနီးနား ဆရာဝန်ပြတော့ သွေးအားနည်းတယ်ဆိုတဲ့ မှတ်ချက်ပဲ သိခဲ့ရသည်။

နီးကြား လုပ်ခဲ့ရသလို ရန်ကုန်ကိုလာပြီး အမျိုးသားဓာတ်ခွဲခန်းမှာ လိုအပ်သမျှအားလုံး ဖောက်ရိုက်စစ်ဆေးတာမျိုးမှ မလုပ်ခဲ့ရဘဲ။ ဒီရောဂါဟာ မျိုးရိုးလိုက်ခြင်း ရှိ,မရှိ သေချာမသိပေမယ့် အဖေဟာလည်း နီးကြားလိုပုံစံမျိုး ဖြူဖပ်ဖြူရော် မူးထူးတူး မောတောတော နုံးတုံးတုံးနှင့် တရှောင်ရှောင် ချုချာတယ်ဆိုတဲ့ ပုံစံနှင့် အသက်တိုခဲ့တာဖြစ်သည်။

"အခုရော မင်း သေချာနေကောင်းရဲ့လား၊ ငါ့ဆီရောက်ကာစကထက် ကိုယ်ရည်စစ်ပြီး ဖြူရော်ရော်ဖြစ်နေသလိုပဲ"

"ကောင်းပါတယ် ဦးသက်ရဲ့"

"နေ့တစ်ပိုင်း အပြင်လျှောက်သွားတာနဲ့ ယောက်ျားလေးဒီအရွယ် ပင်ပန်းလာတယ်၊ မူးမောလာတယ် ဆိုတော့ဆရာဝန် သေချာပြကြည့်ဦးနော် နီးကြား"

"ဟုတ်ကဲ့ပါ"





နီးကြား အတွက် ဖရက်ရှ်သံပရာရည်၊ ဦးသက်အတွက် ကော်ဖီတစ်ခွက် လင်ပန်းနှင့်သယ်ကာ ပြန်ရောက်လာတဲ့ချိုးလေးကူနှင့် မရှေးမနှောင်းပင် ဝင်းမြစိမ်းလည်း အောက်ကတက်လာသည်။

"ဆရာဝန်နဲ့ ဖုန်းရလား မိစိမ်း"

"ရတယ် မိကူ။ ဆရာက အပြင်တွေ တအားလျှောက်သွားတာလည်း ဆူတယ်၊ ခု ဘယ်လိုဖြစ်နေလဲ ထူထောင်လားမေးတယ်၊ မူးတော့ မူးတယ်ပြောတယ်လို့၊ လူလည်းနုံးခွေတယ် မောတယ်၊ ဒါပေမဲ့ ထူထောင်ပါတယ်လို့၊ နာရီဝက်လောက်ကြာမှ သူ လိုက်လာခဲ့မယ်တဲ့၊ လောလောဆယ်လူနာလေးငါးယောက် ရှိနေလို့တဲ့"

ချိုးလေးကူက ခေါင်းညိတ်ကာ နီးကြားထံ သံပရာရည်ဖန်ခွက် ကမ်းပေးရင်း ...

"ရော့ ... သောက်လိုက်၊ ဦးလေးလည်း ကော်ဖီသောက်ပါဦး"

"အေး ... အေး၊ ကလေးမတို့ကို ကျေးဇူးတင်လိုက်တာကွယ်၊ သွေးမတော် သားမစပ် သူ့ကို ကူညီစောင့်ရှောက်ကြလို့၊ ဒီမနက် ဦးလေးက ဘုန်းကြီးကျောင်းကိုပဲ လိုက်သွားတာပေါ့၊ အဲဒီရောက်မှ ဒီလမ်းထဲက သူငယ်ချင်းမိန်းကလေးတွေ ခေါ်သွားတယ် ဆိုတာပဲ ကျောင်းက သိရတာ၊ လက်ဖက်ရည်ဆိုင်တို့ ထမင်းဆိုင်တို့ လိုက်မေးရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီသမီးတို့နာမည်တွေ လိပ်စာတွေ မသိလို့၊ နောက်
အိမ်နားက မမြိုင် ဆိုတာ သိတယ်ဆိုတာနဲ့သွားမေး
ဒီရောက်လာတာ ...

ဒီရောက်တော့ အခန်းတံခါးက ပိတ်ထားတာ
အောက်ပြန်စောင့်နေရတာ၊ ငယ်သူငယ်ချင်းတွေ နေမှာ
ထင်တာ၊ ခုမှ နိုးကြားက သိတာမကြာလှသေးပါဘူး
လို့ အံ့ဩနေရတာကွယ့်"

"သူကလည်း ကျွန်မတို့အလုပ်တွေ ကူညီပေးနေ
ကျွန်မတို့ကလည်း သူ့ကိုပြန်ပြီး ကူညီစောင့်ရှောက်တာ
ဦးလေး"

"တစ်ခုပဲ အံ့ဩနေတာ။ ဒီကောင် နိုးကြားကို ငယ်ကတည်း
က ဦးလေးက ချီခဲ့ထိန်းခဲ့ဖူးတာပါ၊ သူ့ပုံသဏ္ဌာန်
စိတ်သဘောတွေ ဦးလေး သိတယ်၊ သူ့ဗီဇစိတ်ဓာတ်အ
သူဟာ မိန်းကလေးတွေက ကျေးမွေးကူညီပြီး ဒီပုံဆွဲ
အလုပ်လေး ကချော်ကချွတ်ပေးထားတာလောက်နဲ့
နူးတင်ရမယ့်ဘဝ အရောက်ခံပြီး ရေစုန်မျောနေမယ့်ကောင်
စား မဟုတ်တာ ဦးလေး သိတယ်"

ဦးသက် စကားကြောင့် ချိုးလေးကူပါ ငြိမ်သက်
သွားပါသည်။

"ခုလို သူလုပ်နေပုံဟာ တစ်စုံတစ်ရာကို သူ စိတ်ဒုံးဒုံး
ထားသလိုဖြစ်နေတယ်၊ ဦးလေး ဒီလိုပဲထင်တယ်၊ ဒီကောင်





က ခေါင်းမာမာ ဂျစ်ကန်ကန်နဲ့ လူစွာပဲ၊ ဘယ်လိုကြောင့်
ပဲဖြစ်ဖြစ် အိမ်ကထွက်လာတယ်ဆိုရင် အိမ်ကထွက်သွားလို့
ဒုက္ခရောက်တယ်၊ စုတ်ပြတ်သတ်တယ်ဆိုတဲ့ အဖြစ်မျိုး
ဝေဖန်ခံမယ့်သူစား မဟုတ်ပါဘူး ...

အိမ်ကထွက်လာပြီး ငါ ဘာကောင်ဖြစ်လာတယ်
ဆိုတာကို တမင်တကာကို မဖြစ်,ဖြစ်အောင် လုပ်ပြမယ့်
လူစားပါ၊ အခုတော့ ရန်ကုန်ရောက်တာပဲ ကြာနေပြီ၊
ဘာမှ ဖြစ်ဖြစ်မြောက်မြောက် ကြိုးစားပမ်းစား လုပ်လာ
တာ မတွေ့ရဘူး၊ ဒီတော့ နိုးကြား၊ မင်း ဘာဖြစ်နေတာလဲ
ငါ သိချင်တယ်၊ မင်း တစ်ခုခုကို စိတ်ဓာတ်ကျလာတယ်
လို့တော့ ငါ ထင်တာပဲ"

"ဒီလိုလည်း မဟုတ်ပါဘူး ဦးသက်ရာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ မင်း ကြည့်ရတာ ငါ့စိတ်ထဲ
တစ်မျိုးတစ်မည်ကို ဖြစ်နေတယ်၊ ဘာမှန်းလဲလည်း ရေ
ရေရာရာ မပြောတတ်ဘူး၊ မင်း ဘာအတွက် စိတ်ဓာတ်
တွေ ကျနေလဲ"

"ဘာမှ စိတ်ဓာတ်မကျပါဘူး ဦးသက်ရာ"

ချိုးလေးကူက လူကဲခတ် ကောင်းပုံရတဲ့ ဦးလေး
ကြီးကို စိတ်ထဲကကျိတ်ပြီး ချီးကျူးနေမိပါသည်။ နိုးကြားအပေါ်
စိတ်ဝင်စားမှုရှိတဲ့ လူကြီးမို့လည်း ချိုးလေးကူ စိတ်ထဲကပါ နှစ်
သိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကို ငါ့သူငယ်ချင်းကခေါ်လို့ သွားနေနေပေးပေမယ့် မင်းမှာ တစ်ခုခု လိုအပ်နေရင်တော့ မင်းကိုပစ်ပြီး ငါ လျှောက်သွားနေလို့ ဘယ်ရမလဲ၊ မင်းမှာလိုတာ ငါ့ကိုညီ ရှီးမှာပေါ့"

"ဘာမှမဖြစ်ပါဘူး ဦးသက်ရယ်၊ ဘာမှလဲ မလိုအပ်ပါဘူး ဒီက ချိုးလေးကူတို့ဆီမှာ နေနေတာ အစစအရာရာ အဆင် ပြေနေပါတယ်"

"အင်းလေ ... အဆင်ပြေတာလည်း အဆင်ပြေတာပေါ့ ဒါပေမဲ့ နိုးကြားရာ မင်းအနေနဲ့ မင်းအမေကို တစ်ခေါက် တစ်ကျင်းတော့ မျက်နှာပြန်ပြပါဦး နိုးကြားရ၊ မင်းကလည်း ကွာ၊ သားအမိချင်းချင်းကို ဒီလောက်လည်း အာဃာတတွေ မထားပါနဲ့"

နိုးကြားနှင့် ချိုးလေးကူ အကြည့်ချင်း ဖျတ်ခနဲဆုံ သွားရပါသည်။

"သူက သူ့အမေကို ဒီလိုပဲ ခဏခဏ စိတ်ကောက်တာပဲ လားဟင် ဦးလေး"

ချိုးလေးကူက ဦးသက်ကို ဝင်မေးလိုက်မိပါသည်။ ဦးသက်က ချိုးလေးကူကို သဘောကျသလို ကြည့်ရင်း ...

"ဟား ဟား ...၊ ဒီကောင်လေးက ကံဂျီကျောင်ပဲ သမီး ရဲ့၊ အမေကို ရစ်မယ်၊ ဂျစ်တိုက်မယ်၊ ကလေးတွေငယ် တုန်းကတော့ သူ့အမေလုပ်တဲ့သူလည်း လူရွယ်ပိုင်း လူ



လတ်ပိုင်း၊ စိတ်က သိပ်မရှည်တတ်သေးဘူးပေါ့၊ တကျက်ကျက်ပေါ့ကွာ"

"သူက ဒါဖြင့် အမေ့အပေါ် ဆိုးတာပေါ့"

"ဘေးက အစအဆုံးသိတဲ့ ဦးလေးတို့လို လူအဖို့တော့ သူ သက်သက်ဆိုးပြတာကို နားလည်နေတာပဲ၊ နိုးကြားက ဆိုးတော့ မဆိုးပါဘူး၊ သူ့အစ်ကိုကတော့ လိမ်ကိုလိမ္မာ တာ၊ ဘေးပတ်ဝန်းကျင် သိသိသာသာကို အမေအပေါ် ညာတယ်ပေါ့၊ နိုးကြားကတော့ သူ့စိတ်ကလေး သူက ပြ ချင်သေးတယ်၊ ဒါပေမဲ့ ဦးလေး သိပါတယ်၊ သူကအမေ့ အချစ်တွေကို ခွဲဝေလိုက်ရတယ်ဆိုတဲ့ အမြင်နဲ့ တမင်သက် သက် ဂျီကျနေတဲ့ ကောင်မျိုးပါ"

"ဦးသက်ကလည်းဗျာ"

နိုးကြားက ဒီစကားအတွက် ရှက်စနိုး ဖြစ်ပုံပေါ် သည်။

"ဟုတ်တယ်လေကွာ၊ သူ့အမေ အာရုံက တခြားဖက်ကို ပိုစိုက်နေတယ်ထင်ရင် သူ့ဘက် အာရုံရောက်လာအောင် သူက တစ်ခုတစ်ခု ထ,ထ,လုပ်လေ့ရှိတယ်"

"ဟာ ... ဦးသက်က ချွတ်ပြီဗျာ"

"အနည်းဆုံး ကျောင်းပြေးလိုက်တာမျိုးပေါ့၊ ကျောင်းကသိ မိဘခေါ်တော့ သူ့အမေခမျာ ဖတ်သီဖတ်သီနဲ့ လိုက်ရပြန် ရော၊ ဒါကို သူက သဘောကျိတ်ကျနေပြန်ရော"

www.burmeseclassic.com

www.burmeseclassic.com



“ပြောဗျာ ... ပြော ... ပြော ...၊ ဦးသက်နဲ့တော့ မလွှယ်ဘူး”

ရှက်နေတဲ့ နီးကြား မျက်နှာနီမြန်းမြန်းကို ချိုးလေးကက ချစ်စနိုးပြုံးပြီး လှမ်းကြည့်မိသည်။

“သူ့အမေအာရုံကို သူ့ဖက်ကျရောက်အောင် သူက ခိုးခိုးယူလေ့ရှိတယ်၊ တကယ်တော့ သူတို့မောင်နှမတွေထဲမှာ အမေကို အချစ်ဆုံးကောင် ဒီကောင်ပဲ၊ အကြီးကောင်ရိုးသားက လိမ္မာပါရဲ့ သိတတ်ပါရဲ့၊ ဗီဇကိုက လိမ္မာတာ၊ ဒါပေမဲ့ နီးကြားလောက်တော့ အမေကို လိုက်အာရုံစိုက်မနေဘူးကွယ် ...

အချစ်ကြီးကြတဲ့သူတွေဟာ သားအမိဖြစ်ဖြစ် လင်မယားဖြစ်ဖြစ် သူငယ်ချင်းမိတ်ဆွေဖြစ်ဖြစ် တကျက်ကျက်နေတတ်ကြတာပဲလေ၊ သူတို့သားအမိလည်း ခဏခဏတကျက်ကျက်ပေါ့၊ ပြဿနာက ဒီကောင်က ရှာတာများတာပေါ့၊ သူ့အမေမျက်ရည် လေး,ငါး,ဆယ်ပေါက်ကျလိုက်ရင် ဒီကောင်က ပြန်သနားပြီး နေသာထိုင်သာလည်း ရှိသွားတယ်”

နီးကြား အနည်းငယ် ငိုင်တွေလာပါသည်။ ငေးခန်းတွေးခန်း ဖြစ်သွားတဲ့ သူ့မျက်နှာဟာ သူ့အမေကို သတိတွေရနေပြီဆိုတာ ပေါ်လွင်နေသည်။



“အဲဒါကြောင့် ကျွန်မက သူ့ကို သူ့အမေဆီ ခဏလေးဖြစ်ဖြစ် မျက်နှာပြ ပြန်ပါလို့ တိုက်တွန်းနေတာပါ ဦးလေးရယ်”

“ချိုးလေး”

“ဟုတ်လား၊ သမီး တော်တာပေါ့၊ မှန်တယ်”

“သူ့အမေကို သူသိပ်ချစ်တာ၊ ကျွန်မလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိပါတယ် ဦးလေး၊ အဲဒါကြောင့်ပဲ သူ့ကို နားချနေတာပါ၊ ခဏတော့ ပြန်လိုက်ပါလို့၊ ခုလောက်ဆိုရင် သူ့အမေလည်း တော်တော်စိတ်ပူပန်နေမှာပါ”

“နီးကြား ... မင်းအမေနဲ့ မင်း ဘာပြဿနာဖြစ်လာလဲ”

“မဖြစ်ပါဘူးဆိုဗျာ၊ ဦးသက်က”

“မဖြစ်နိုင်ဘူးကွာ၊ တစ်ခုခုကို ရှိရမယ်၊ ဒီတစ်ခါ ဖြစ်လာတဲ့ပြဿနာက တော်တော်ပဲ ကြီးလို့လား၊ မင်းရဲ့စိတ်ကောက်မှုက ခါတိုင်းထက် ပြင်းထန်တယ် ဆိုရင်တော့ ပြဿနာကြီးလို့ပေါ့၊ ပထွေးနဲ့များ ပတ်သက်လား၊ အဲဒီလူလည်းပဲ လူကောင်းကြီးပါ နီးကြားရာ၊ စိတ်ရင်းကောင်းရှာပါတယ်၊ မင်းအမေကိုလည်း တကယ်မြတ်နိုးလို့သာ မင်းတို့အပေါ်မှာပါ ဦးလေး သားချင်းလို စောင့်ရှောက်တာ၊ မင်း အထင်အမြင် မလွဲပါနဲ့”

“မလွဲပါဘူး ဦးသက်ရာ၊ ဦးလေးကိုရော အမေ့ကိုရော ခုချိန်မှာ ကျွန်တော် သတိရနေပါတယ်၊ အမေ မပြောနဲ့

www.burmeseclassic.com



ဦးလေးရဲ့ ကျေးဇူးတွေကိုတောင် နားလည်နေပါတယ်၊ စိတ်ထဲမှာ မကျေနပ်တာ အထင်လွဲတာ စိတ်ဆိုးတာ နာကြည်းတာ ဘာမှမရှိဘူး"

"အေးလေကွာ၊ ဒါဖြင့်လည်း နည်းနည်းပါးပါး ရုပ်လေးပြန် ပြဦးပေါ့"

ဦးသက်ကိုတော့ သူ့အကြောင်းလည်း ပြောမထားတာမို့ ပွင့်ပွင့်လင်းလင်း ငြင်းဖို့ကလည်းခက်။ နှိုးကြားက ခေါင်းငိုက်စိုက်နှင့် ငြိမ်နေပါသည်။

"ဒီက သမီးတို့ကလည်း တိုက်တွန်းကြပါ၊ ဦးလေး ကျေးဇူးတင်ပါတယ်"

"ဦးလေး၊ သူ့ရဲ့ပဲခူးလိပ်စာ ကျွန်မကိုပေးပါ၊ သူ့ကိုတောင်းတာ ပြောမပြဘူး ဦးလေး"

"ချိုးလေး"

ဦးသက်က ချိုးလေးကူနှင့် နှိုးကြားကို တစ်လှည့်စီ ကြည့်ကာ သံယောဇဉ်တို့ကို အကဲခတ် နားလည်နေမိပါသည်။

❤ ✱ ❤





၁၁

"ရင်ကယ်နေတယ်၊ ခံတွင်းမကောင်းဘူးဆိုရင် ဆန်ပြုတ်လေး သောက်ပါလား ကိုနိုးကြား"

"ရတယ် ချိုးလေးရဲ့၊ ကျွန်တော် ညနေက ခေါက်ဆွဲခြောက်ထုပ်နှစ်ထုပ် ဆင်းဝယ်ထားသေးတယ်၊ ခေါက်ဆွဲထုပ်ပဲ ပြုတ်သောက်လိုက်မယ်"

"ခေါက်ဆွဲထုပ်က ခေါက်ဆွဲတွေက ဆတ်တောက်တောက်တွေနဲ့ အစာကြေမလွယ်ဘူး၊ ဆန်ပြုတ်လေး ပြုတ်တာ ဘာကြာလဲ၊ ရေခဲသေတ္တာမှာလည်း ငါးရံ့လည်းရှိတယ်၊ ကြက်သားလည်း ရှိတယ်"

ညှိခန်းမှာထိုင်ကာ စာဖတ်နေတဲ့ ရာဇာက ဝရန်တာမှ ချိုးလေးကူနှင့် နိုးကြားကို အမှတ်တမဲ့ လှမ်းကြည့်နေမိပါသည်။ အသိသာကြီးပါကွာ။ ချိုးလေးကူဟာ ဒီကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြွေနေပါတယ်။ ချိုးလေးကူဟာ ရာဇာ့ပတ်ဝန်းကျင်မှာ ရှိရှိသမျှ မိန်းကလေးတွေ အားလုံးထဲမှာ အမာကျောဆုံး အတင်းဆုံး အပြတ်ဆုံး မနှဲ့ဆုံး မိန်းကလေးတစ်ယောက်ပင်။ ရာဇာနဲ့မှ မတည့်လို့ မဟုတ်။

ဘယ်ယောက်ျားလေးတစ်ယောက် အပေါ်ကိုမှ ချိုးလေးကူ နူးညံ့ညင်သာ ပျော့ပျောင်းမှု မရှိတာပါ။ ဒီ နိုးကြားဆိုတဲ့ကောင်နဲ့ကျမှ။ ချိုးလေးကူပုံစံကိုကြည့်ပြီး ချိုးလေးကူ ကြိုက်မည့် ယောက်ျားပုံစံ စဉ်းစားကြည့်လိုက်ရင် ဟိတ်ဟန့်ကောင်းကောင်း အသက်လည်း သူ့ထက်အတန်အသင့် ပိုကြီးပြီး အရေးပါပါ လူရာဝင်ဝင် စတိုင်မိနေတဲ့ ကုမ္ပဏီပိုင်ရှင်တို့ ဘာတို့ဖြစ်လိမ့်မယ်ထင်တာ။

"နော် ... သောက်လိုက်နော် ... ကိုနိုးကြား"

ကြည့်ပါဦး ... အံ့သြစရာ။ ဆန်ပြုတ်တစ်ခွက်သောက်ဖို့ ချော့မော့ပြောနေလိုက်တာ ချိုးလေးကူနဲ့တောင်မှ မတူ။ ဒီကောင့်အပေါ် ဘာများဓာတ်ကျသွားပါလိမ့်။ ဒီနိုးကြားကို ကြည့်ရမြင်ရသည်မှာ ရာဇာ့အတွက် ဘာအားမရမှန်းမသိ၊ အားကိုမရ။ ပျော့စိစိ ချိနဲ့နဲ့ ဖြစ်နေသလား ထင်မိသည်။

"အင်း ... အင်း ...၊ ချိုးလေး သောက်ဆိုရင် သောက်ပါ့မယ်"

အမလေး၊ နားကြားပြင်းတွေ ကတ်လိုက်တာ။





"ငရုတ်ကောင်းမှုန့်လေးနဲ့ ခံတွင်းလေးလိုက်အောင် ပြွတ်လိုက်မယ် သိလား၊ ငရုတ်ကောင်းမှုန့်ပဲ ကုန်နေတယ်၊ သွားဝယ်လိုက်ဦးမယ်"

"ဟာ ... သွားဝယ်ရမယ် ဆိုရင်တော့ ထည့်မနေပါနဲ့တော့"

"အို ... ကိုနိုးကြားကလည်း ကြက်သွန်ဖြူနဲ့ ငရုတ်ကောင်းနံ့လေး သင်းနေရင် သိပ်အရသာရှိတာ"

"ဒါဖြင့် ကျွန်တော် သွားဝယ်လိုက်မယ်"

"အို ... နေပါစေ၊ ကျွန်မ သွားဝယ်မယ်"

"ချိုးလေးကလည်း ကျွန်တော် သွားဝယ်ပါ့ရစေဗျာ"

"နေပူနေတာ ရှင် ဆင်းချည်တက်ချည်နဲ့၊ ကျွန်မ ပြေးလိုက်ပါ့မယ် ကိုနိုးကြားရယ်၊ ဒီနားလေးတင်ဟာကို ခြေလှမ်း ဆယ်လှမ်းစာလောက်ပဲ ရှိတာ"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ချိုးလေး ဆင်းချည်တက်ချည် ဖြစ်နေမှာလည်း ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော့်ကို ဆန်ပြုတ်သောက်စေချင်ရင် ငရုတ်ကောင်းတော့ သွားဝယ်ခွင့်ပြု"

အောင်မယ်လေးဟဲ့။ ကြင်နာနေလိုက်တာ၊ ဘယ်လိုတွေများ ဖြစ်နေပါလိမ့်။ အဲဒီ မိကူ တစ်ယောက်လည်း ပိုကိုပိုပါတယ်။

"ပြီးရော ... ပြီးရော ... ဒါဆိုလည်း ရှင်သွားဝယ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ရာဇာ လှမ်းကြည့်နေတဲ့ မြင်ကွင်းထဲမှာ ဝရန်တာရဲ့ ကြွေပြားခင်းကြမ်းပေါ် ထိုင်နေတဲ့ နီးကြားက ထ,ရပ်လိုက်ပါသည်။ ထ,အရပ်မှာ မိုက်ခနဲ ဖြစ်သွားတာမျိုးလို မျက်စိစုံမှိတ်ပြီး ဝရန်တာလက်ရန်းဘောင်ကို ခဏအားပြုမှီလိုက်လျက် ဒါကို ချိုးလေးကူ မမြင်သာအောင်လည်း မျက်နှာကို တအားငုံ့ကွယ်ထားလိုက်တဲ့ နီးကြားပုံသဏ္ဍာန်ကို ရာဇာ အံ့အံ့သြသြ တွေ့လိုက်ရပါသည်။

အဲဒီနောက် နီးကြားက အိမ်ရဲ့ဧည့်ခန်းထဲဝင်လာ၊ ခုံတစ်လုံးပေါ် [illegible]င်ထားတဲ့ သူ့ရဲ့ရုပ်အင်္ကျီလက်တိုလေး တစ်ထည်ကို ဝတ်ထားတဲ့ တီရှပ်ပေါ်က ကောက်စွပ်၊ ရုပ်အင်္ကျီအိတ်ထဲမှာ ပိုက်ဆံပါမပါ တစ်ချက်စမ်းဟ,ကြည့်ပြီး တံခါးသော့ကိုဖွင့်လျက် ထွက်သွားပါသည်။

ရာဇာက စာအုပ်မှာ မျက်လုံးစိုက်ထားလိုက်ကာ သူ့ကို မော့မကြည့်လိုက်ပါ။ သို့သော် စိတ်ထဲမတင်မကျနှင့် မျက်မှောင်တော့ ကုတ်ထားမိသည်။ ဝရန်တာကနေ သက်ပြင်းခိုးရှိုက်ရင်း လေးတိလေးကန် ဝင်လာတဲ့ ချိုးလေးကူကိုတော့ ကုလားထိုင်ပေါ် တင်ထားတဲ့ ခြေထောက်တစ်ဖက် ရှေ့ဆန့်ထုတ်ပြီး တားထားလိုက်ကာ ...

"ဟဲ့ ... နေဦး"





"ဟဲ့ ... ချော်လဲတော့မှာပဲ၊ ရုတ်တရက် ဒီလိုပဲ ရှေ့ကခြေထောက်ခံရသလား၊ နင် တယ်ရိုင်းပါလား ရာဇာ"

"အမလေး! ခုန အသံနဲ့လည်း တခြားစီပါလား"

"တခြားစီပေါ့၊ ဘာဖြစ်လဲ၊ နင်ကနင် ကိုနီးကြားက ကိုနီးကြား"

"နေပါဦး၊ နင် ဒီကောင်ကို ကြိုက်နေတာလား ဟုတ်လား"

ချိုးလေးကူ မျက်နှာက စိတ်တိုသလို ရှုံ့မဲ့လာကာ ...

"အဲဒါ နင့်အပူလား၊ ငါ့ဟာငါကြိုက်ကြိုက် မကြိုက်ကြိုက် နင်နဲ့ ဘာဆိုင်လဲ"

"မဆိုင်ပေမယ့် မျက်စိထဲမှာ နောက်သလိုလို ဖြစ်နေလို့"

"တော်ဟာ ရာဇာရာ၊ နင် ငါ့ကိုရန်မစနဲ့၊ ငါ ဆန့်ပြုတ်သွားပြုတ်ဦးမယ်"

"နေဦး မိကူ၊ ငါ ရန်စမလို့ မဟုတ်ဘူး၊ မေးချင်လို့၊ ဒီကောင် ကျန်းမာရေး ကောင်းရဲ့လား"

"သြော် ... ကျန်းမာရေး မကောင်းလို့ နေမကောင်းလို့ ငါ ခေါ်ယူစောင့်ရှောက်ထားပါတယ်လို့ အစကတည်းက နင့်ကို ပြောထားပြီးသားပဲ"

"ဟုတ်ပါတယ်၊ အခုကြည့်ရင်း ကြည့်ရင်းက ငါ့စိတ်ထဲ တစ်မျိုးဖြစ်လာလို့ပါ၊ ငါ အကောင်းမေးနေတာပါ၊ သူဘာရောဂါဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူက ခပ်ငူငူနှင့် နှုတ်ဆိတ်နေပါသည်။

"သူ့ကြည့်ရတာ သာမန် နေမကောင်းနေတာ ချူချာတာမျိုးမဟုတ်ဘဲ ဝေဒနာကြီးကြီးမားမား တစ်ခုခု စွဲကပ်နေတဲ့ပုံပဲ၊ ငါ ကြည့်ရင်းက သံသယဖြစ်လာတာ၊ သူ့ရောဂါက အပရိက ဟုတ်ပုံမရဘူး၊ ဒီကိုရောက်ကတည်းက တိုးတက်လာပုံလည်း မရဘဲ ပိုတောင်ဆုတ်ယုတ်လာပုံရတယ်၊ ဖြူဖပ်ဖြူရော်နဲ့၊ သူ ဘာဖြစ်နေတာလဲ မိကူ"

ချိုးလေးကူသည် နေ့စဉ်ရက်ဆက် နာရီမိနစ်စက္ကန့်နှင့်အမျှ ရင်ထဲဖိနှိပ်ချိုးနှိမ် မျိုသိပ်ထားတဲ့ ဝမ်းနည်းလုံးကြီးတွေ ပေါ့ကျလာသလို မျက်ဝန်းအိမ်မှ မျက်ရည်ဥကြီးကြီးတွေက တစ်လိမ့်ချင်း ကျလာပါသည်။ ရာဇာလို မာရေကျောရေ သူတစ်ပါးအရေး စိတ်မဝင်စားဘဲ ကိုယ့်အတွက်ပဲ ကိုယ်စဉ်းစားတဲ့ သူမျိုးဆီက တစ်စစ ရိပ်မိလာတဲ့ အရေးလုပ်မေးမြန်းတဲ့ စကားဟာ ရင်ကိုပိုပြီး ထိခိုက်စေသည်။

တော်ရုံတန်ရုံဆို လှည့်မကြည့်မယ့် ရာဇာ။ သူ ရိပ်မိလာတာ။ ဆရာဝန်လောင်းမို့ နေမကောင်း ဖြစ်နေတာ ရောဂါကြီး ရှိနေတာကိုလည်း မှန်းဆအကဲခတ်နိုင်ကာ စိတ်ခပ်လေးလေးနှင့် မေးပုံမျိုးမို့ ပိုပြီးဝမ်းနည်းပူဆွေးမိတာ။

"မိကူ ... နင် ဘာဖြစ်တာလဲ"

"ရာဇာ"





"မိကူ ...၊ နင် ဘာဖြစ်လို့ ငိုနေတာလဲ၊ ဘာတွေလဲ၊ ငါလည်း ဘာမှသေချာမသိပါလား၊ ခုတလော သူ့ပုံစံကိုက ပိုမဟန်ဘူး၊ ခုနလည်း ထ,လိုက်တာ မိုက်ခနဲ ဖြစ်သွားသလို မျက်နှာက မသက်မသာနဲ့ ပျက်သွားတာ၊ တစ်ခုခုပဲ ငါ့ကိုပြောစမ်းပါ၊ သူ ဘာဖြစ်နေတာလဲ"

"သူ ... သူက သွေးကင်ဆာ ဖြစ်နေတာ ရာဇာ၊ ဆရာဝန်မှန်းပေးထားသလောက်ဆိုရင် မကြာခင်ဘဲ သူ ... သူသေတော့မှာ"

"ဟင်"

ချိုးလေးကူက တရှိုက်ရှိုက် ဖြစ်နေချိန်တွင် ရာဇာက တွေတွေကြီး ငြိမ်သက်သွားရပါသည်။ သွေးကင်ဆာတဲ့။ ဪ ... ဒီလိုကိုး။ ဒါကြောင့်လည်း သူ့ပုံစံဟာ ဖျော့တော့ပြီး အင်အားမရှိ နွမ်းနယ်နေတာ။ ရာဇာသည် အံ့အားတသင့်ကြီး စိတ်မကောင်း ဖြစ်သွားရပါတော့သည်။

သူကိုက လူစိမ်း လူသစ်တစ်ယောက်ကို အလွယ်တကူ မခင်မင်တတ်၍ ခပ်စိမ်းစိမ်း ခပ်တန်းတန်း နေမိသော်လည်း ခင်မင်ရင်းချာစိတ် မဝင်လှသော်လည်း တစ်အိမ်တည်း အတူနေနေသူချင်းဆိုတဲ့ သံယောဇဉ်က နည်းတာမဟုတ်။ နေ့စဉ် မြင်တွေ့နေရတဲ့ မျက်နှာ။ နေ့စဉ် ကြားနေရတဲ့ အသံ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရာဇာ အိမ်ရှေ့က အဝတ်တွေ ကျွန်တော် ရုပ်ခေါက်ပြီး ခုတင်ပေါ် တင်ထားပေးတယ်"

"ကိုရာဇာ အိမ်သာကမုတ်အောက်က ရေနည်းနည်းစိမ့်နေတဲ့နေရာ ကျွန်တော် ပိုက်ဆမဲင့်ထိန့်ဖာထားတာ ညလောက်မှ ရေသုံးလို့ရမယ်ခင်ဗျ၊ သတိပေးတာပါ"

"ဆောရီး ကိုရာဇာ၊ ကျွန်တော် ပြန်ဆေးလိုက်ပါ့မယ်"

"ကိုရာဇာ မအားရင် ကျွန်တော် စာအုပ်သွားအပ်ပေးရမလား"

ပြန်လည်ကြားယောင်မိသည့် နိုးကြားရဲ့စကားသံများက သူ့ကို လိုက်လိုက်လျောလျော ရောရောဝင်ဝင် လိုက်ပြောနေတဲ့စကားချည်းပင်။ ဒါကို သူက နားငြီးသယောင် "ကျစ်" ခနဲ လုပ်တာမျိုး၊ စိတ်မရှည်သယောင် ဘာမှပြန်မပြောတာမျိုးတွေ ရှိသည်။ သူက ကျက်စရာ စာခပ်များများမို့ အလကားနေ သူ့ကို စကားတွေ လာပြောနေရင်လည်း ကြိုက်တာမဟုတ်ပါ။

ဒီတော့ ဒီအောက်ထပ်မှာ ယောက်ျားမော်နှစ်ယောက်နေပြီး ဘာသံမှလဲ သိပ်မထွက် ဘာစကားမှလဲ သိပ်မဆိုဖြစ်၊ ဘယ်လောက်မှလဲ သိပ်မရင်းနှီးခဲ့တော့ပေ။

"ဘုန်းမဲရိုး ထရန်စ်ပလန့်ထ် Bone Marrow transplant (ချဥ်ဆီအစားထိုး)တို့ ဘာတို့ မလုပ်ဘူးလား"





ချိုးလေးကွက ဆက်တိတ်နေသေးကာ ပါးပေါ်က မျက်ရည်စက်တို့ကို သုတ်ပြီးမှ မတက်ကြွလှတဲ့ အသံနှင့် ...

"သူ့မှာ အဖေမရှိဘူး၊ အမေက နောက်အိမ်ထောင်ပြုလိုက်တော့ ပထွေးနဲ့ပေါ့ဟာ၊ ပထွေးကလည်း မဆိုးလှပါဘူး၊ ဒါပေမဲ့ တောက်လျှောက် သူ ရှာကျွေးတာပဲ စားလာကြတာပေါ့၊ ဒီလောက်ကြီး နိုင်ငံခြားထိ ဆေးသွားကုနိုင်ဖို့ဆိုတာတော့ ..."

"အေးလေ ... ဒါပေါ့ ... ဒါပေါ့"

"လိုအပ်ရင် သွေးသွင်းသွင်းနေရမယ်တဲ့၊ ပြီးတော့ အင်တီဘိုင်အိုတစ် Antibiotic (ပိုးသတ်)ဆေးတွေ တိုက်ထားတယ်၊ ကင်ဆာဆေးတချို့ ပေးထားတယ်၊ တခြား သူ ဘာလုပ်လို့ရတာများရှိလဲ ရာဇာ"

"အင်း ... တခြားတော့၊ ငါက ဆရာဝန်တောင် မဖြစ်သေးတဲ့ကောင်လေဟာ၊ သူ့ကို စစ်ဆေးပေးတဲ့ ဆရာဝန်ကတောင် ဒီ့ထက်ပိုပြီး မညွှန်ကြားနိုင်ရင် ငါက ဘာသွားညွှန်ကြား အကြံပေးတတ်မှာလဲ၊ ဆရာဝန်ပေးထားသလောက်က လုံလောက်နေပါပြီ"

ရာဇာက စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်မိရင်း ...

"နင် တစ်ခါပြောတော့ သူ့မိဘတွေက နိုင်ငံခြားမှာဆိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ ညာပြောတာ"

"ဟင်"

"သူ့ကို ဒီမှာခေါ်ထားပြီး ကူညီပေးချင်တော့ ဒီမှာ မိဘ မိသားစု ရှိရက်သားနဲ့ဆိုရင် နင် မထားချင်ဘဲ ကန့်ကွက် နေမှာစိုးလို့ ကိစ္စပြတ်အောင် ညာပြောလိုက်တာ"

"ဪ ... ဒါဖြင့် ဒီမှာရှိတယ်ပေါ့"

"ရှိတယ်"

"သူက ဘာလို့ ဒီမှာနေတာလဲ"

"သူ့အခြေအနေကို သိတာနဲ့ မကြာခင်ပဲ သေရမယ်၊ မသေအောင်လည်း မကုနိုင်ဆိုတော့ သူ့အမေ စိတ်ဆင်းရဲ မှာ ငိုမှာ မကြည့်ရက်လို့ဆိုပြီး အိမ်က ထွက်လာတာ၊ ဒီမှာ မိတ်ဆွေတစ်ယောက်ဆီ ကပ်နေတာ၊ ငါတို့နဲ့က ကြုံဖန်ပတ်သက်လာတာပဲ ဆိုပါတော့ဟယ်၊ သူ့ကို ကူညီ စောင့်ရှောက်ချင်တော့ ငါ့သီးစစ်စ်ပုံတွေလည်း အပ်လိုက် တာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

"အေးပေါ့ ... အေးပေါ့ ... ဪ"

ရာဇာက အတော်စိတ်မကောင်း ဖြစ်သွားရပါသည်။ အသေးစိတ်စိတ်တွေ ဆက်မေးချင်သေးသော်လည်း လှေကားက နေ တရှပ်ရှပ်နှင့် ခပ်ဖြည်းဖြည်း အားယူရင်း နားရင်း တက်လာ ပုံရတဲ့ ခြေသံတစ်ခုကြောင့် ချိုးလေးကူက သူ့မျက်ရည်စတို့ကို





မမြင်စေချင်သလို ခပ်သွက်သွက်နှင့် အပေါ်ထပ်ကို ပြေးတက် သွားပါသည်။

ထင်တဲ့အတိုင်း နိုးကြား ရောက်လာတာပင်။ တံခါး ကို ပြန်ပိတ်ပြီးသော် ရာဇာ့ဘက်လှည့်ကာ ခွင့်တောင်းသလို ...

"ကိုရာဇာ ကျွန်တော် လှေကားရင်းနားမှာ ငရုတ်ကောင်း တစ်ချက် သွားပေးလိုက်မလို့နော်"

အပေါ်ထပ် မိန်းကလေးတွေ အထပ်ရှိရာ လှေကား ဆီသွားရမှာမို့ ရာဇာ မကျေနပ် မဖြစ်အောင် ခွင့်တောင်းတာပင်။ ရာဇာသည် နိုးကြားကို မျက်နှာပင် စေ့စေ့ကြည့်ရမှာ ဝန်လေးနေ မိကာ ...

"သွားပေးလေ ရပါတယ်၊ ခင်ဗျား ချိုးလေးလည်း အပေါ် မှာ၊ မိသီတို့လည်း ရှိတာပဲ၊ တက်ရင် တက်သွားပေါ့"

"ကျွန်တော် အောက်ကနေပဲ လှမ်းခေါ်ပေးလိုက်ပါ့မယ်"

"ပေးလိုက်လေ"

လှေကားဆီ ထွက်သွားတဲ့ နိုးကြား ကျောပြင်ကို လှမ်းကြည့်ကာ သက်ပြင်းတစ်ချက် စိတ်မကောင်းခြင်းနှင့် ချလိုက် မိပါသည်။

❤ ❋ ❤



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီအချိန်က အိပ်ရာထဲမှာပဲ နားနားနေနေ မယ့်အချိန်"

ရာဇာညီက ဆရာဝန်ကို တံခါးဝပို့၊ တံခါးပိတ် ပြန်လှည့်လာရင်း စိတ်လိုက်မာန်ပါ မျက်နှာညိုညိုနှင့် ဆိုသည် နီးကြားသည် ခုနက ရုတ်တရက် အသက်ရှူကျပ်မောသွား အရှိန်ကြောင့် လူက ဆုတ်နစ်ပြီး ကျန်ခဲ့လေရာ ရာဇာ့ကိုတော ပြန်ပြီးပြုံးပြအားမရှိ။

"မိကူတို့ကလည်း ကဲတယ်၊ သူ့ကို ဘာကြောင့် ဟိုဟို လျှောက်ခေါ်သွားရတာလဲ"

"မိကူကလည်း သူ့မွေးနေ့ တပျော်တပါး ချက်ပြုတ် ကြဖို့ စစ်တိုးမှာထဲမှာ စားချင်တာဝယ်မယ်ဆိုပြီး ခေါ်သွား တာပါဟယ်၊ ဒဂုံစင်တာရောက်တော့လည်း ငါတို့ထုံး အတိုင်း အပေါ်ထပ်တွေ အရင်ပတ်မွှေနေမိတာနဲ့"

"ချက်ပြုတ်စားဖို့ ဝယ်တဲ့ဆီလည်း မရောက်လိုက်ဘူး လား"

"အေး ...၊ အဟဲ"





"မိသီ ... နင်တို့ ရယ်မနေနဲ့၊ နင်တို့ ဘာမှတ်နေလဲ၊ ကိုနီးကြားက လမ်းမှာတောင် ဒုက္ခရောက်သွားနိုင် တယ်"

ရာဇာ့ မျက်နှာထန်ထန်ဟာ ဟိုအရင်လို စိတ်မရှည် နီးကြားကို မလိုလားတာ စတဲ့အရိပ်အယောင်မျိုးတွေကြောင့် တတ်ဘဲ မိန်းကလေးသုံးယောက်ကို အကြီးအကျယ် ဒေါသထွက် တော့တာဖြစ်သည်။

"ကိုနီးကြား ခင်ဗျားကလည်း မောရင် သူတို့ကိုပြောပြ ပေါ့၊ သူတို့ခေါ်တိုင်းလည်း လိုက်စရာမလိုဘူး၊ ကိုယ့်ကျန်း မာရေးအခြေအနေနဲ့ကိုယ် မလိုက်နိုင်ရင် ငြင်းပေါ့"

"ကျွန်တော်လည်း ဒီလောက်ဖြစ်မယ် မထင်လို့ပါ"

"ခင်ဗျား တော်တော်လည်း ဖျားနေတယ်လေ"

"ဟင်"

ချိုးလေးကူက အံ့ဩသွားပြီး လှဲနေတဲ့ နီးကြားရဲ့ ပေါ် ဖျတ်ခနဲ လက်ဖဝါးအုပ်စမ်းလိုက်သည်။

"ဟယ် ... ဖျားနေတယ်၊ ကိုနီးကြားက မပြောဘူးတော့"

"ပြောစရာ မလိုဘူး၊ သူ အမြဲလိုနီးပါး ဖျားနေတာ၊ နင် တို့ လူကောင်းတွေ လှုပ်ရှားသွားလာနေသလို သူ မလှုပ်ရှား မသွားလာနိုင်ဘူး၊ သူမောတယ်၊ သူပင်ပန်းတယ်၊ နင်တို့ နားလည်အောင်ပြောရရင် သူ့ရဲ့သွေးဆဲလ်တွေက ပျက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ လုံးဝအားအင်လည်း မရှိဘူး၊ ကိုယ်ခံစွမ်းအားလည်း မရှိဘူး၊ ဘာပဲဖြစ်ဖြစ်ဟာ ကျန်းမာရေးမကောင်းတာတော့ သိသားနဲ့ဟာ၊ ဟိုခေါ် ဒီခေါ် သွားလေရာ ခေါ်နေတာ ဘာအလုပ်လဲ"

ရာဇာပြောလည်း ပြောစရာ။

သံယောဇဉ်တွေ တိုးနှောင်ရစ်ဖွဲ့ပြီး မျက်စိအောက် က အပျောက်မခံချင် ဖြစ်နေတဲ့ ချိုးလေးကူနှင့် နိုးကြားဟာ ရွှေ့ သွားမယ်ဆိုလည်း တစ်ယောက်ကလိုက်သည်။ လမ်းထိပ်ဆိုလည်း တစ်ယောက်က အဖော်လိုက်ပေးမယ်ဆိုသည်။ ချိုးလေးကူက သူ့ရဲ့ပုံဆွဲဆရာအဖြစ် ကျောင်းကဥ္စာနကိုတောင် တစ်ရက်ခေါ် သွားသေးသည်။

အပြင်ကို ခုလို ရှောပင်ထွက်တယ်ဆိုတာမျိုးလည်း ခေါ်တဲ့သူကခေါ် ကောက်ကောက်ပါတဲ့သူကပါ။ ပိုးစိုးပက်စက် ကြီး ပြောမချချင်လို့သာ။ နိုးကြား အခြေအနေဟာ ဘာမှသက် တမ်းရှည်စရာ မရှိတော့တာ။ လာကြည့်ပေးနေကျ ဆရာဝန်ကို သူ မေးပြီးပြီ။

အဲဒီဆရာဝန်ဟာ ရပ်ကွက်ထဲလည်းနီးလို့ နိုးကြား ကို ရောဂါရှာဖွေပေးလိုက်တဲ့ ဆရာဝန်ကြီးရဲ့ညွှန်ကြားချက်အောက် ကနေ ဆက်ကြည့်ပေးနေတာဖြစ်သည်။





အခြေအနေက အိပ်ရာထဲမှာပဲ နားနားနေနေ လဲလျောင်း ကုန်ဆုံးနေရတော့မယ့် အချိန်မျိုး။ ဒါကို နတာန်းတစ်လုံးမှ မသိကြဘဲ သဝေထိုးနေကြတာကို ရာဇာ စိတ်တိုတာ။ နိုးကြား ကိုယ်တိုင်က ဆရာဝန်က နားနားနေနေ နေပါဆိုတာကို အလေးအပင်ကြီးတွေမ,တာမျိုး မလုပ်ရင်ပြီးတာပဲလောက် ထင် နေတာ။

ကူလီမထမ်း၊ ပန်းရံမလုပ်၊ ကျောက်မသယ်၊ ဆိုက် ကားမနင်း၊ အိမ်တွေအပြောင်းအရွှေ့လုပ်မနေရင်ဘဲ နားနေတယ် ထင်နေလားမသိ။ အိပ်ရာထဲ Complete bed rest လုပ်နေရတော့ မယ့်ဟာ။ လမ်းမှာ အမောဆို့ အသက်ရှူပြတ်ပြီးတွောင် အစဉ် မသင့်ရင် သေသွားနိုင်သေးတာ။

ခုတော့ ချိုးလေးကူက နိုးကြား လှဲနေတဲ့ အိပ်ရာနဲ့ အချိုးတကျွေ့ ကွယ်နေတဲ့ ဧည့်ခန်းဘက်ချောင်မှာ ဒူးပိုက်ထိုင် ပြီး မျက်ရည်တွတ်တွတ် ကျနေသည်။

"နောက် ခင်ဗျား သူတို့နဲ့ ဘယ်မှမလိုက်တော့နဲ့ ကိုနိုးကြား"

"ဟုတ်ကဲ့ပါ"

"အောက်တောင် မဆင်းနဲ့ဗျာ"

"ဟုတ်ကဲ့"

"နင်တို့လည်း ကြပ်ကြပ်သတိထား"

"ဘာကိုလဲ ရာဇာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ပင်ပန်းမခံဖို့ပေါ့၊ ရိုးရိုးဖျားနာ ဝေဒနာသည်မှ မဟုတ်ဘဲ၊ အားလုံးသိကြရက်သားနဲ့ကိုဟာ၊ ကျွတ် … စိတ်ပျက်ဖို့ ကောင်းလိုက်တာ"

နီးကြားက ခေါင်းထောင်ကာ ချိုးလေးကူကို ဟိုင့်ဒိင့်ရှာရင်း …

"ခုဟာက သူတို့အပြစ်ချည်းပဲ မဟုတ်ပါဘူး၊ ကျွန်တော်ကလည်း သူတို့ချက်ပြုတ်ဖို့ ဝယ်မယ်ဆိုတာသိတော့ လိုက်မယ် ပြောလိုက်တာပါ"

"ခင်ဗျားမို့ပဲ လိုက်ချင်တယ်ဗျာ၊ ဈေးဝယ်တာ သင်းတို့အလုပ်ပဲဟာ၊ သူတို့ဈေးဝယ်ပြီဆိုရင် အစုံဝယ်ဝယ်အခြောက်ဝယ်ဝယ် တော်တော်နဲ့မှ ပြီးဆုံးခန်း မတိုင်တော့တာ၊ ပေသိပ်ရှည်တာ"

"သူတို့ချည်းပဲဆိုတော့ ကျွန်တော်လည်း လိုက်သယ်ပေးမယ်ဆိုပြီး"

"ကိုယ့်အခြေအနေ ကိုယ်အခံစားရဆုံး၊ ကိုယ်အသိဆုံး မဟုတ်လား ကိုနီးကြား၊ ခင်ဗျားမှာ လူကောင်းပကတိလို သွားလာသယ်ပိုးနိုင်တဲ့ ခွန်အားရှိလို့လား၊ အသက်ကို ဉာဏ်စောင့်ဆိုတာလို ကိုယ်ကလည်း ဆင်ဆင်ခြင်ခြင်နေဦးမှပေါ့"

"ချိုးလေး မွေးနေ့လည်း ရှိနေတော့"



"ဘာလေးမွေးနေ့ဖြစ်ဖြစ်ဗျာ"

ဒီတစ်ခါ ရာဇာ ဘုမ္မတ်နေတာဟာ ခါတိုင်းလို မဟုတ်ဘဲ ကိုယ့်အတွက် ကရုဏာဒေါသောမှန်း ခံစားသိနေရာ နီးကြားက ရင်ထဲကြည်နူးခြင်းတစ်မျိုးတောင် ခံစားရပါသေးသည်။ ရာဇာ့ကို အားယူပြုံးပြကာ …

"ကျွန်တော် ဆင်ခြင်ပါ့မယ် ကိုရာဇာ"

"ခုမှ ဆင်ခြင်မလို့ ရှိသေးတုန်း"

"ကဲပါ ရာဇာရယ်၊ နေမကောင်းတဲ့သူလည်း ကိုယ့်ဝေဒနာကတစ်ဖက် နားငြီးနားပူတာကတစ်ဖက်"

"အေးပါ … ငါက ကိုနီးကြားအတွက် သိတတ်အောင်ပြောနေတာပါ၊ စိတ်အလိုမလိုက်ဖို့ပါ၊ နင်တို့လည်း ကြပ်ကြပ်သတိနဲ့ဆင်ခြင်"

"ခုလေ ငါတို့ နက်ဖြန်ချက်ပြုတ်စားဖို့ ဘာမှမပါလာဘူးသိလား၊ စဉ်းစားထားတာက ဟော့ပေါ့လေး လုပ်မယ်ပေါ့၊ ပြီးရင် ငါးကင်မယ်ပေါ့၊ ယိုးဒယားသဘော်သီးထောင်းလေးလည်း လုပ်မယ်၊ သီးရွက်စုံဆဲလဒ်ရယ်၊ ဘာမှကို မဝယ်ခဲ့ဖြစ်တော့တာ"

"ဟိုအဲ့ထုပ်တွေက !! "

"အကျီအဝတ်အစားတွေချည်းပဲ၊ ရောက်တုန်း အပေါ်ထပ်ပတ်ရင်း ကြိုက်တာလေးတွေ ဝယ်ဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုနီးကြား မျက်ဖြူဆိုက်တဲ့အထိပဲပေါ့"

နီးကြားက ထပ်မံငဲ့ရာရင်း ...

"ချိုးလေးရော၊ နက်ဖြန် ချိုးလေးမွေးနေ့ ဘာမှမလုပ်ဖြစ်တော့တော့ ချိုးလေး စိတ်ညစ်သွားမှာပဲ၊ ကျွန်တော်လည်း အဲဒီကပဲ တစ်ခုခုလေး အမှတ်တရဝယ်မလို့ဟာ ဘာမှ မဝယ်ရသေးခင် ဒီလိုဖြစ်သွားတယ်ဗျာ၊ နောက်လည်းတော်တော်နဲ့ ထွက်ဝယ်ဖြစ်မှာ မဟုတ်ဘူးထင်တယ်"

"ကိစ္စမရှိပါဘူး ကိုနီးကြားရယ်၊ အဲဒါတွေ မလိုပါဘူး"

လူကိုမမြင်ရဘဲ ညည့်ခန်းဘက်ဆီက ငိုသံပါပါနှင့် ချိုးလေးကူရဲ့ စကားသံကိုသာ ကြားလိုက်ရပါသည်။

"ကိုနီးကြား ခုလို နေမကောင်းဖြစ်လိုက်တော့ မွေးနေ့ကိုလည်း စိတ်မပါတော့ဘူး၊ ဘာမှလဲ မလုပ်ချင်တော့ဘူး။ ဘာမှလဲ မလိုချင်တော့ဘူး၊ ဝဲအား စိတ်မကောင်းဖြစ်လိုက်ရတာပဲရှိတယ်၊ ဘာမွေးနေ့မှလဲ မလုပ်ချင်တော့ဘူး"

ချိုးလေးကူ အသံက ငိုသံပါနေပါသည်။

"ကျွန်တော်ကလည်း ချိုးလေးမွေးနေ့ ကျွန်တော့်ကြောင့် မပျော်ရဘဲ ဖြစ်သွားရမှာကို အရမ်းစိတ်မကောင်းဘူးဗျာ"

"မွေးနေ့မှာ တကယ်ပျော်စေချင်ရင် တစ်ခုပဲရှိတယ်"

ညည့်ခန်းနှင့် အတွင်းခန်း လူချင်းမမြင်ရဘဲ အသံကြားရအောင် အော်ပြောနေကြတာကို ကြားခုလတ်မှာ အသီးသီး





ထိုင်နေကြတဲ့ ပုလဲသီ၊ ဝင်းမြစိမ်းနှင့် ရာဇာတို့လည်း ကြားနေကြရပါသည်။ အားလုံးဟာ စိတ်မကောင်းတဲ့ မျက်နှာများနှင့် ငြိမ်သက်နေကြသည်။ အသံတွေ ခဏတိတ်သွားတာမို့ ဝင်းမြစိမ်းက တမင်တကာ ရယ်ဟာဟာနှင့် ...

"ဓာတ်ပြားဟောင်းကြီးပေါ့ ကိုနီးကြားရယ်"

ရာဇာ တစ်ယောက်သာ နားမလည်ဘဲရှိသည်။ ကျန်တဲ့သူတွေကတော့ ဓာတ်ပြားဟောင်းကြီးဟာ ဘာလဲ၊ အားလုံးသိကြပါသည်။ အကြာကြီး တိတ်သွားပြီးမှ ...

"ချိုးလေး"

"... ... ..."

"ချိုးလေး"

"ပြောလေ"

"ချိုးလေး စိတ်ထဲမှာ ဒီဆန္ဒပဲ အရမ်းပြင်းထန်နေတာလား"

"ဟုတ်တယ်"

ချိုးလေးကူ အသံလေးက ပျော့ပျော့နွဲ့နွဲ့ကလေး။

"အဲဒါကို ချိုးလေးရဲ့မွေးနေ့လက်ဆောင်အဖြစ် ကျွန်တော် ပေးခဲ့ရင် ချိုးလေး တကယ်ပျော်မှာလား"

ညည့်ခန်းဘက်အကွယ်ကနေ ချိုးလေးကူရဲ့ ခေါင်းလေးက အရင်ပြူထွက်လာကာ နီးကြားကို မျက်လုံးတစ်လုံးတည်းနှင့် ချောင်းကြည့်သည်။ ထို့နောက် တစ်ကိုယ်လုံး အတွင်းခန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက် ထိုင်ရက်ရွှေ့ဝင်လာကာ နီးကြား အိပ်ရာနား ကပ်လာလျက် ခေါင်းလေးညိတ်လိုက်ပါသည်။

"ဒါဖြင့် နက်ဖြန်သွားဖို့ ချိုးလေး စီစဉ်နိုင်လား"

ချိုးလေးကူ မျက်နှာက မယုံကြည်နိုင်လောက်အောင် ရွှင်လန်းဝင်းလက်သွားပါသည်။ ပုလဲသီတို့ ဝင်းမြစိမ်းတို့ရဲ့ မျက်နှာကလေးတွေပါ တောက်ပပြုံးမြလာကြသည်။ ဝမ်းသာဝမ်းနည်းတဲ့ မျက်နှာရိပ်တွေပေါ်မှာ မိန်းကလေးသုံးယောက်လုံး မျက်ရည်ရောင် တလက်လက် တောက်လာခဲ့ကြသည်။

"စီစဉ်မယ်"

❤ ❋ ❤



## ၁၂

ချက်ချင်းကြီးဆိုတော့ ကားငှားဖို့ကို ညတွင်းချင်းပဲ ရာဇာက ဖုန်းဆက်စီစဉ်ပေးခဲ့ရပါသည်။ ဟိုင်းဝေးခရီးလိုက်လေ့ရှိတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ကားကိုငှားဖို့ လှမ်းမေးရသည်။ ဖုန်းဆက်ရင်း ရာဇာက ချိုးလေးကူထံလှမ်းကာ ...

"နင်တို့ စုစုပေါင်း ဘယ်နှယောက်လဲ"

"ငါတို့သုံးယောက်နဲ့ ကိုနီးကြား၊ လေးယောက်ပေါ့"

"ဆလွန်းပဲ ပြောရမလား"

"ကိုနီးကြား လှဲချင် မှီချင်လည်း ကောင်းအောင် တောင်းအေ့စ်တို့ လိုက်ထ်အေ့စ်တို့ မရနိုင်ဘူးလား"

မေးကြည့်တော့ တောင်းအေ့စ်တစ်စီး ရပါသည်။ သူတို့လေးယောက်ဆိုတော့ ဒရိုင်ဘာပါတောင်းရသည်။ ကားကတော့ အအားရှိပြီး ဒရိုင်ဘာက အအားမရှိဘူး ဖြစ်နေတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီသူငယ်ချင်းရဲ့အဖေက "ဟောကောင် ... မင်းလိုက်မောင်းလိုက်" လို့ ဆိုသဖြင့် သူငယ်ချင်းကပဲ ဒရိုင်ဘာလိုက်လုပ်ပေးရမှာဖြစ်သည်။

အဲဒီသူငယ်ချင်းဟာ အဖေကို ကြောက်လို့သာ သူလိုက်မောင်းပေးဖို့ လက်ခံရတာဖြစ်ပြီး သူတို့အိမ်က အငှားလိုက်တဲ့ကားတွေကို မောင်းချင်တဲ့သူ မဟုတ်။ နောက်တစ်နေ့မနက် ရှစ်နာရီခွဲ ကားရောက်လာတဲ့အခါ ချိုးလေးကူတို့ဟာ သူတို့မနက်စောစော ပြေးဝယ်စီစဉ်ထားတဲ့ စားစရာတွေ ခြင်းပလုံးတွေတင်လို့မဆုံး။

ပဲခူးလေးသွားမှာကို မန္တလေးလောက် မောင်းသွားမှာလို ဟိုဟာယူ ဒီဟာယူနှင့် ခြင်းကြီးခြင်းငယ်တွေ ဖြစ်နေကြသည်။ အဓိက,ကတော့ နီးကြား အတွက် ရေအေး၊ ရေနွေး၊ အိုဗာတင်း၊ ပေါင်မုန့်၊ သစ်သီး စတာတွေပဲဖြစ်နေသည်။ လှေကားကနေ ဆင်းချည်တက်ချည်နှင့် ပစ္စည်းတွေ သယ်နေတင်နေတာကို ရာဇာက ဒီတိုင်းပဲ ထိုင်ကြည့်နေမိသည်။

အားလုံးပြီးမှဆင်းမည့် နီးကြားက ဖျားပြီးနီမြန်းနေတဲ့မျက်နှာနှင့် အနွေးထည်နှင့် ညှော်ခန်းမှာ ထိုင်နေတာကို ရာဇာကလည်း တစ်နေရာမှာထိုင်ပြီး မသိမသာ အကဲခတ်နေပါသည်။ သူ့စိတ်ထဲတွင် မအီမလည်နှင့် မသက်မသာ ဖြစ်နေသည်။ ဆေးရုံတွေမှာ စာသင်နေတော့ လူနာပေါင်းစုံ ရောဂါပေါင်းစုံကို





ဆွေ့နေမြင်နေရတာ။ နီးကြား ပုံစံကို သူ လုံးဝအားမရ မနှစ်သက်ပါ။

"ရာဇာ"

"အင်"

"ငါ ပိုက်ဆံကို အဲဒီကားမောင်းတဲ့သူကိုပဲ တစ်ခါတည်း ရှင်းလိုက်မယ်နော်"

ရာဇာက တစ်ချက်စဉ်းစားရင်း ...

"နေပစေ မရှင်းနဲ့"

"ဘယ်မှာ ပေးရမှာလဲ"

"မပေးနဲ့တော့၊ ငါ ပေးလိုက်မယ်"

"အာ ... မဟုတ်တာ၊ နင်က ဘာဖြစ်လို့ ဝင်ပေးရမှာလဲ၊ ငါ ပေးမှာပေါ့"

ချိုးလေးကူက ခေါင်းလေးခါကာ ငြင်းသည်။

"မဟုတ်ဘူး၊ ငါ ပေးလိုက်မယ်၊ နင့်အတွက် မွေးနေ့လက်ဆောင်လို့ မှတ်ထားလိုက်၊ တခြားဟာ ဝယ်ပေးမနေတော့ဘူးလေ၊ နင် လုပ်ချင်တာ တစ်ခုကို ငါက ကားငှားပေးလိုက်တယ်ပေါ့ဟာ၊ မွေးနေ့လက်ဆောင်ပေါ့"

ချိုးလေးကူက တွေဝေသွားရင်း ...

"တန်ဖိုးများနေတာပေါ့ဟ"

"ထားလိုက်ပါ၊ ငါ ပေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူက ရာဇာ့ကို ပြုံးကာကြည့်ရင်း ...

"ကျေးဇူးပဲ၊ နင့်မွေးနေ့လက်ဆောင်ကို သိပ်ကြိုက်တယ်၊ ကဲ ... ကိုနီးကြား ကျွန်မတို့ ဆင်းကြစို့"

နီးကြားက ဆက်တီလက်ရန်းကို အားပြုထောက်ကာ ထ,ရပ်လိုက်ပါသည်။ ချိုးလေးကူက လက်တစ်ဖက်ကိုဝင်ပြီး တွဲပေးသည်။ ရာဇာကလည်း ထိုင်နေရာမှ ထရပ်လိုက်ကာ အိုးတိုးအမ်းတမ်း အမူအရာတစ်မျိုးနှင့် ...

"ငါကော လိုက်လို့ရမလား"

ချိုးလေးကူရော နီးကြားပါ အံ့အားသင့်သွားကြပါသည်။ ရာဇာ့ကို တအံ့တဩ လှည့်ကြည့်ကြကာ ပြိုင်တူပင် ...

"ရတာပေါ့"

နီးကြားက ရာဇာ့ပခုံးကို တစ်ချက်ကိုင်ကာ ...

"လိုက်ခဲ့ပေါ့ ကိုရာဇာ၊ လူစုံသွားတာပေါ့၊ ပိုပျော်ရတာပေါ့"

"အေးလေ၊ နင်က ငါတို့နဲ့ အပြင်ကို မုန့်ထွက်စားတာ၊ ဘုရားသွားတာတောင် မလိုက်ဘူးဆိုတော့ ငါတို့ကလည်း သီးသန့်ခေါ်မနေဖြစ်တော့တာပါ ရာဇာရဲ့၊ နင်လိုက်တော့ လူစေ့တက်စေ့ ဖြစ်သွားတာပေါ့၊ လိုက်ခဲ့၊ ဝမ်းသာလိုက်တာ၊ မိသီတို့လည်း ဝမ်းသာမှာ"

ရာဇာပါ အပြုံးတချို့ ကူးစက်သွားရရင်း ...





"ကဲ ... ဒါဆို နင်တို့ဆင်းနှင့်၊ ငါ တံခါးပိတ်ပြီး လိုက်ခဲ့မယ်၊ သူငယ်ချင်းကိုလည်း ပြန်လွှတ်လိုက်တော့မယ်၊ သူက မောင်းမယ့်သူရှိရင် လိုက်မမောင်းချင်ဘူး၊ ငါပဲ မောင်းလိုက်တော့မယ်လေ"

"အေးဟယ် ... ကောင်းတာပေါ့"

အောက်ကနေ ဟွန်းနှိပ်နေတဲ့ မိသီတို့ မိစိမ်းတို့လည်း ချိုးလေးကူတို့ ဆင်းလာကာ အကျိုးအကြောင်း ပြောပြတော့ အံ့ဩဝမ်းသာနေကြပါသည်။ ရာဇာ ဆင်းလာတော့ သူ့သူငယ်ချင်းကိုပြောကာ ကားသော့ယူပြီး ပြန်လွှတ်လိုက်ပါသည်။ အဲဒီနောက်တော့ ရာဇာ မောင်းနှင်တဲ့ တောင်းအေ့စ်ကားပေါ်မှာ နီးကြား၊ ချိုးလေးကူ၊ ဝင်းမြစိမ်း၊ ပုလဲသီတို့ အားလုံးပါလာခဲ့ကြပါသည်။

"နီးနီးနားနားပဲ ဆိုပေမယ့် မြို့နယ်နမိတ်ဧရိယာထဲက ထွက်တော့ မြင်ကွင်းတွေလည်းပြောင်းတော့ အပန်းဖြေခရီးထွက်သလိုပဲနော်"

"စိတ်အပြောင်းအလဲ ဖြစ်သလိုပဲ"

"ဟိုရောက်ရင် ကိုနီးကြား အိမ်မှာ ထမင်းကျွေးမှာလား"

"ဟဲ့ ... ထမင်းကျွေးရအောင် ငါတို့ ဒီတပြုံတမကြီးလာနေတာ သူ့အိမ်က သိတာကျနေတာပဲ၊ ဘယ်လိုလုပ် ကျွေးမှာလဲ မိစိမ်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ကိုနိုးကြား ငြင်းပါစေ မိကူရယ်၊ သူ
ကြားထဲက ဝင်ငြင်းနေလိုက်တာ"

"ငြင်းတော့ ဘာဖြစ်လဲ"

"ကိုနိုးကြားက မငြင်းဘူး"

ချိုးလေးကူက နိုးကြားကို ချစ်စဖွယ်လေး ငဲ့ကြည့်
ကာ ...

"ငြင်းလိုက် ကိုနိုးကြား၊ ဘာလို့ကျွေးရမှာလဲလို့၊ လူ
တစ်အုပ်ကြီး"

"မငြင်းဘူး တွေ့လား၊ ရယ်နေတယ်"

"ဟဲ့ ... ငါတို့ အခုထွက်လာတာပဲ ကိုးနာရီခွဲကာနီးနေ
တာ၊ ဆယ့်တစ်နာရီလောက် ဆယ့်တစ်နာရီကျော်ကျော်
ရောက်ရင် အပြင်မှာ ထမင်းအရင်စားပြီးမှ ကိုနိုးကြားအိမ်
ကိုရှင်မှာ"

"အို ... အဲဒီအချိန် မဆာသေးပါဘူး၊ မနက်က မုန့်ဟင်း
ခါးတွေ စားထားကြတာ၊ အိမ်ကိုတန်းဝင် ထမင်းတစ်အိုး
မြန်မြန်တယ်နိုင်းပြီး ဟင်းမလောက်လည်း ထွက်ဝယ်ပြီး
ပျော်ပျော်ပါးပါး စားကြတာပေါ့၊ စားမှာပဲ မရဘူး"

"ဟင် ... အတင်းကြီးပဲ၊ ဟား ဟား"

အားလုံး စိတ်လက်ပေါ့ပါး ရွှင်လန်းနေကာ နိုးကြား
ကိုယ်တိုင်လည်း မျက်နှာက လန်းဆန်းနေပါသည်။ ချိုးလေးကူ





ကိုယ်တိုင်ဟာလည်း နိုးကြားအပေါ် မေတ္တာစေတနာ အကြင်နာ
စိတ်အပြည့်အလျှံနဲ့ နိုးကြား အတွက် ပူပန်စိုးရိမ်တယ်ဆိုပေမယ့်
လည်း လူပြိန်းမှ ပူတာ၊ သာမန်အရပ်သား စိုးရိမ်နည်းလောက်
စိုးရိမ်တတ်တာ။

ရာဇာညီ တစ်ယောက်သာလျှင် နိုးကြား ရောဂါကို
သိရပြီးမှ ရှာဖွေဖတ်ရှုထား မေးမြန်းထားတဲ့ ဆေးပညာအသိတို့
နှင့် နက်နက်ရှိုင်းရှိုင်း ပူပန်စိုးရိမ်ရတာဖြစ်သည်။ ဆရာဝန်ကိုပြ
မနေချင်တော့တဲ့ နိုးကြားရဲ့ စိတ်သဘောကိုလည်း နားလည်ပါ
သည်။ ထူးခြားကောင်းမွန်မလာနိုင်တဲ့နောက်တော့ လက်ကျန်
ရက်ကလေးတွေ နည်းနည်းပါးပါး ဆွဲဆန့်ရုံဆိုတာမျိုးလောက်
မလုပ်နေချင်တော့ပါဘူးလို့ နိုးကြားက သူ့ကိုပြောသည်။

"သေနိုင်တဲ့ရောဂါ ဖြစ်နေပြီ၊ သေကိုသေမှာပဲဆို
ပြီးတော့တော့ ဘာမှမကုဘဲ ပစ်ထားဖို့က နည်းလမ်းမကျသေးပါ
ဘူး ကိုနိုးကြား"လို့ သူ ပြောပြရသည်။ နိုးကြား အခြေအနေကို
သူ သိနေပါသည်။ နိုးကြားဟာ သူ့ကိုယ်သူ သွေးကင်ဆာရယ်
လို့ သိတဲ့အချိန်ကိုက နောက်ကျခဲ့ပါသည်။

ဂျစ်ကန်ကန် တေပေပေ နေတတ်တဲ့ လူငယ်
ယောကျ်ားလေးကလည်းဖြစ် အမေနားလည်း တမင်တကာ သိပ်
မကပ်တဲ့ နိုးကြားဟာ သူ့ရဲ့ကျန်းမာရေးကို သူ ဂရုတစိုက်သတိ
ပြုမိ စောင့်ရှောက်မိခြင်း မရှိခဲ့ပါ။ သိရချိန်မှာကျတော့လည်း ငွေ

www.burmeseclassic.com



ကုန်ကြေးကျခံ ကုရင်တောင်မှ ရာနှုန်းပြည့် မျှော်လင့်နိုင်တာ မဟုတ်တဲ့ ရောဂါမျိုး ဖြစ်နေတဲ့အခါ ကုမနေတော့ဘူးလို့ခဲ ဥပေက္ခာပြုထားလိုက်တဲ့ သဘောမို့ သူ့ကိုယ်သူ သိပ်တယုတယ ဂရုစိုက်မနေ။

ချိုးလေးကူတို့ကျတော့လည်း မေတ္တာစိတ်ကြောင့် ပွပန်တယ်ဆိုပေမယ့် ဆေးပညာဗဟုသုတအမြင်အသိက မမြင့် မား။ ရာဇာသည် နိုးကြား၏ အခြေအနေဟာ မကောင်းလှဘူးဆို တာ တစ်ယောက်တည်း သိနေပါသည်။ နိုးကြားကို လာကြည့်ပေး တတ်တဲ့ ဆရာဝန်နှင့်လည်း သေချာဆွေးနွေးကြည့်ပြီးပါပြီ။

သွေးထပ်သွင်းပေးဖို့ သင့်နေပြန်ပြီဖြစ်တဲ့ နိုးကြား ရဲ့အခြေအနေဟာ အားမရစရာ ဖြစ်နေပါသည်။ ဒီအပတ်ထဲမှာပဲ ဆေးရုံပြန်တက်ဖို့ ရာဇာ တိုက်တွန်းထားသည်။ မြန်မြန်ဆန်ဆန် ပျက်စီးကုန်နေတဲ့ သွေးဆဲလ်တို့ကြောင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ ခုခံစွမ်းအားလည်းမရှိ၊ ဟိုရောဂါကူး၊ ဒီရောဂါကူးနှင့် ခုဆိုလျှင် နေ့စဉ်ရက်ဆက် နှာစေးချောင်းဆိုး ဖျားနာတာအပြင် နှာခေါင်း က သွေးထွက်တာ၊ ပါးစပ်က သွေးထွက်တာတွေပါ နှစ်ကြိမ် သုံးကြိမ် ဖြစ်နေပြီးပြီ။

အောက်ထပ်မှာ တူတူနေသူချင်းမို့ အမှတ်မထင် ရာဇာ သိမြင်လိုက်ရတာ။ ချက်ချင်းပဲ သွေးစတို့ကို ပွတ်သတ် သုတ်ဖျောက်ဖျက်ရင်း ...





"ချိုးလေးတို့ သုံးယောက်ကို သွားမပြောပါနဲ့တော့ ကိုရာဇာ၊ စိတ်ဆင်းရဲကြရုံအပြင် သူတို့လည်း ဘာမှမတတ်နိုင်တာ မို့ပါ"

"မပြောပါဘူး၊ ဒါပေမဲ့ ခင်ဗျား ဒီရက်ပိုင်းအတွင်းပဲ ဆေးရုံပြန်တက်ပြီး သွေးသွင်းဖို့တော့ ကျွန်တော့်ကိုကတိ ပေး၊ ဒီတစ်ခါ ကျွန်တော်သွေးလှူရှင် ရှာပေးမယ်၊ သူငယ် ချင်းတွေထဲမှာ သွေးလှူနေကျ၊ သွေးလှူချင်တဲ့သူတွေ အများကြီးပါ၊ ခင်ဗျားနဲ့ သွေးအုပ်စုတူတာတွေ ရှိပါတယ်၊ ဒီအတွက် ခင်ဗျား စိတ်ရှုပ်ခံစရာ မလိုဘူး"

"ကျေးဇူးပါပဲ ကိုရာဇာ"

"ခင်ဗျား သွေးယိုတာတော့ ဘယ်လောက်ကြာပြီလဲ"

"ဒီအိမ်ရောက်ပြီးကာစလောက်ကပါပဲ၊ တစ်လကျော် လောက် ရှိပါပြီ၊ သိပ်မကြာခဏ မဟုတ်ပါဘူး၊ နှစ်ကြိမ် သုံးကြိမ်ပဲ ရှိပါတယ်"

လျှော့ပဲပြောတာလား အမှန်လားတော့ ရာဇာမသိ။ သို့ပေမဲ့ နောက်ဆုံးအကြိမ်ကိုတော့ ကိုယ်တိုင် မျက်မြင်ကြုံတွေ့ လိုက်ရတာကြောင့် ရာဇာ စိတ်မသက်မသာ ဖြစ်မိတာပင်။

"အခု သွားနေတာ လိပ်စာရော သိကြလို့လား"

နိုးကြားက ပြုံးစိစိလုပ်ကာ မေးပါသည်။

"မြို့ထဲဝင်မှ နီးမှ ကျွန်တော်က ခင်ဗျားကို မေးမလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ ကိုနီးကြားရေ၊ ကျွန်မ သိပြီးသား၊ ဦးသက် ပြောပြသွားတာ၊ ကျွန်မကမေးလို့ သူက ပြောပြတာပါ။ သေချာရေးပြီး မှတ်ထားတာ"

"အဟား ... လျှင်လှချည်လား ချိုးလေးရာ"

တစ်လမ်းလုံး စကားတဖောင်ဖောင်နှင့် သူတို့အား လုံး မြူးထူးလာပါသည်။ ရာဇာပင်လျှင် စကားဝိုင်းထဲ ပါသည်။ စကားတွေထဲ အာရုံရောက်ရင်းက တစ်နေရာမှာ ရာဇာသည် လမ်းဖြတ်ကူးပြေးတဲ့ ခွေးလေးတစ်ကောင်ကို တိုက်မိမလိုဖြစ်ကာ တုံ့ခနဲဘရိတ်အုပ်ရင်း ကားလည်းလိမ်တိလိမ်ကွေ့ အနည်းငယ် ဖြစ်သွားရပါသည်။

"ဟဲ့ ... ဟဲ့ ... ရာဇာ၊ ဖြည်းဖြည်းသက်သာ လုပ်ပါဦး နင်ကလည်း"

"ငါ မကြမ်းပါဘူးဟ၊ ခွေးက အတင်းဖြတ်ပြေးတာ"

"တော်ပါသေးရဲ့ဟာ မတိုက်မိလို့"

"ငါ့ခွေးလေးနဲ့ တူလိုက်တာဟာ"

"အေး ... အိမ်မွေးခွေးလေးဟ၊ စပယ်နီယယ်လ်လေးလို ပဲ၊ နင့်မှာ ခွေးရှိလို့လား မိကူရဲ့"

"ရှိခဲ့တာပါ၊ ငါ ဆယ်တန်းလောက်တုန်းက"

"အခုကော"

"သေသွားပြီဟ"





"ဟယ် ... သနားပါတယ်၊ ဘာဖြစ်လို့လဲ"

"ကင်ဆာဖြစ်တာဟ"

ဖြေပြီးမှ ချိုးလေးကူက မျက်နှာလေးမကောင်းဘဲ ဖြစ်နေပါသည်။ နီးကြားက ...

"ခွေးလည်း ကင်ဆာ ဖြစ်တာပဲလား"

"ဟုတ်တယ်၊ ခွေးတွေ ကြောင်တွေ တခြားတိရစ္ဆာန်တွေ လည်း ကင်ဆာဖြစ်တတ်ကြတာပဲတဲ့ ကိုနီးကြားရဲ့၊ ကျွန်မ ခွေးကလေးက အူထဲမှာ အကြိတ် အကြိတ်တွေ ဖြစ်တာ၊ အူကင်ဆာပေါ့နော်၊ အူပိတ်သလို ဖြစ်လာတာ၊ ဘာမှလဲ မစားနိုင်ဘူး၊ ဗိုက်ကြီးဖောင်းပြီးတော့ အရမ်းခံစားရတာ၊ သူ့ကိုကြည့်တဲ့ တိရစ္ဆာန်ကုဆရာဝန်က နောက်ဆုံးတော့ ကုလည်းမရတဲ့တူတူ သတ္တဝါမှာလည်း အရမ်းခံစားနေရ တော့ ..."

အလိုအလျောက်ပင် ကိုယ့်ခွေးလေးကိုယ် သတိတရ ပြောနေမိရင်းက ချိုးလေးကူက စိတ်မကောင်း ဖြစ်လာသည်။ ကျန်းမာရေးမကောင်းတာတွေ ကင်ဆာတွေအကြောင်း ဘာလို့များ စကားလုပ်ပြောဖြစ်နေပါလိမ့်ဟု တွေးပြီး နှုတ်ဆွံ့သွားပါသည်။

"ကုမရတော့ ဘယ်လိုလုပ်လဲ ချိုးလေး"

"စိတ်မကောင်းစရာကြီးပါ ကိုနီးကြားရာ၊ မမေးပါနဲ့တော့"

"ဟို ... သတ်ပစ်လိုက်ရမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ချိုးလေးကူက ခေါင်းငုံ့သွားရင်း ခဲ်ယဲ့ယဲ့ညိတ်ကာ ...

"ဆရာဝန်က မာစီ ကစ်လင်း Marcy Killing လုပ်ရမှာပဲဆိုပြီး ဆေးထိုးပေးလိုက်တာပါ၊ အဲဒီတော့ ကျွန်မငိုလိုက်ရတာ၊ ဖေဖေရယ်၊ ကျွန်မရယ်၊ ကိုလေးရယ် သုံးယောက်သွားပစ်ကြတယ်၊ မျက်စိရှေ့မှာ ဝေဒနာခံစားပြီး သေသွားတာ မကြည့်ချင်လို့၊ မြို့ပြင်က လူမနီး သူမနီးတဲ့နေရာတစ်ခုမှာ၊ သစ်ပင်တစ်ပင်အောက်မှာ သူ့ကိုချခဲ့ပြီးတော့ ကျွန်မတို့ ပြန်လာကြတယ်"

မျက်နှာပျက်ပျက်နှင့် ပြောနေသော ချိုးလေးကို အားလုံးငေးကြည့်ကာ နှုတ်ဆိတ်နေကြပါသည်။ ပုလဲသီကအရင်လှုပ်ရှားလာကာ ...

"စိတ်မကောင်းစရာကြီးတွေ မပြောကြစို့နဲ့ဟာ၊ ပျော်ရမယ့်ခရီးလေး အလကားဖြစ်နေရဦးမယ်၊ ကိုနိုးကြား သူ့မိသားစုနဲ့ ပြန်ဆုံခဲ့တွေ့မှာ ပျော်စရာကောင်းရမှာလေ"

"ကျွန်တော့်ကို ပေးထားတဲ့ကတိ အားလုံးတည်ရမယ်နော်"

"အင်းပါ"

ရာဇာညီက နိုးကြားဘက်ကြည့်ရင်း ...

"ဘာကတိလဲ ကိုနိုးကြား"



"အိမ်ကျရင် ကျွန်တော့်မိသားစုကို ကျွန်တော့်ရဲ့ကျန်းမာရေးအခြေအနေ၊ ကျွန်တော့်ရောဂါအကြောင်း မပြောရဘူးလို့၊ ဖြစ်လာတဲ့ အခြေအနေပေါ်ကြည့်ပြီး ပြောချင်စိတ်ဖြစ်လာရင် ပြောမယ်လို့ ဆုံးဖြတ်ရင် ကျွန်တော့်ဘာသာကျွန်တော် ပြောမယ်၊ မပြောတော့ဘူးလို့ ဆုံးဖြတ်ရင်လုံးဝမပြောတော့ဘူး၊ ပြောခြင်း မပြောခြင်းကို ကျွန်တော်ကလွဲပြီး ဘယ်သူမှ ဝင်မစီစဉ် မဆုံးဖြတ်ရဘူးလို့ ကျွန်တော် ကတိတောင်းထားတာ ကိုရာဇာ"

ရာဇာက ခေါင်းတညိတ်ညိတ် လုပ်လိုက်ပါသည်။

"ကဲ ... အခုက ရောက်ခါနီးလာပြီ၊ အားလုံးကို ကျွန်တော် အနူးအညွတ် ထပ်တောင်းဆိုပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ ဝင်မပြောကြပါနဲ့နော်"

အားလုံးက ခေါင်းအသာအယာညိတ်ကြပါသည်။ ရာဇာ့စိတ်ထဲမှာတော့ "ဘယ်သူမှ ဘာမှမပြောလဲပဲ ခဏတဖြုတ်အေးအေးဆေးဆေး အကဲခတ်ခွင့်ရတာနဲ့ ဖျော့တော့နေတဲ့ နိုးကြားသဏ္ဌာန်ကို မိသားစုက ရိပ်မိသိရှိသွားမှာပါ"လို့ သေချာနေပါသည်။

❤ ❋ ❤

www.burmeseclassic.com



နီးကြားတို့အိမ်က မကျဉ်းမကျယ် ခြံဝင်းလေးနှင့်။ ခြံထဲမှာ အုန်းပင်၊ သရက်ပင်လေးတွေနှင့် ငြိမ်းချမ်းတိတ်ဆိတ်ပြီး အရိပ်တွေနှင့် အေးမြနေတဲ့ ခြံလေးဖြစ်သည်။ ပိတ်ထားတဲ့ ခြံတံခါးကြောင့် ကားဟွန်းသံ ပေးလိုက်လျှင် အိမ်ထဲမှအရင်ဆုံး ထွက်လာသူမှာ အမျိုးသမီးကြီးတစ်ယောက်။

သူ မသိတဲ့ကားမို့ ဇဝေဇဝါ လှမ်းကြည့်နေတဲ့ အမျိုးသမီးကြီးကို ချိုးလေးကူတို့ပါ စိတ်လှုပ်ရှားစွာ လှမ်းမျှော်ကြည့်နေမိကြသည်။ ချောချောသန့်သန့်ပင်။ ကိုနီးကြားရဲ့အမေပဲလား။ အမျိုးသမီးကြီးက ဇဝေဇဝါပုံစံနှင့် ခြံတံခါးဆီလျှောက်လာလျှင် နောက်က အသက်နှစ်ဆယ်လောက် လူရွယ်လေးပါ ပါလာသည်။

နီးကြားက ကားပြတင်းမှ ခေါင်းထွက်ကာ ...

"ဒေါ်လေး"

"ဟင် ... နီးကြား"

အမျိုးသမီးကြီးမှာ ဝမ်းသာဝမ်းနည်းသလို အရုပ်ကြိုးပြတ်လိုလို ယိုင်ခနဲဖြစ်မတတ်မို့ နောက်က သားဖြစ်သူက ပခုံးထွေးဖက်ကာ ဖေးမရင်း ခြံတံခါးကို ခပ်သွက်သွက်ပြေးဖွင့်ပါသည်။





"အဲဒါ ကျွန်တော့်အမေရဲ့ ညီမအငယ်၊ ကျွန်တော့်ဒေါ်လေးနဲ့ သူ့သားပေါ့၊ ကျွန်တော့်ဒေါ်လေးက ဦးသက်ရဲ့ ငယ်အိပ်မက်လေ ချိုးလေးရဲ့၊ ဦးသက်ရဲ့ ငယ်ချစ်ဦး၊ ဒေါ်လေးက မကြိုက်လို့ ဦးသက်ခမျာ လူပျိုကြီး ဖြစ်ရရှာတာ အဟားဟား"

ကားမောင်းဝင်လာရင်း နီးကြားက မြူးထူးစွာပြောလာသည်။ အိမ်ရဲ့ပရဝုဏ်ထဲ ဝင်လိုက်တာနှင့် နီးကြားပုံသဏ္ဌာန်ဟာ ကလေးတစ်ယောက်လို မြူးရွှင်ပြောင်းလဲသွားတော့တာ။ ဟန်မူရာက သွက်လက်ရွှင်ပျလာသည်ကို ချိုးလေးကူက စိတ်တွေချမ်းသာပြီး ငေးကြည့်နေမိသည်။

ပုံခပ်ရိုးရိုး ထူထူထဲထဲ နှစ်ထပ်တိုက်ရဲ့ရှေ့မှာ ရာဇာက ကားကို ရပ်လိုက်လျှင် နီးကြားက ချက်ချင်းပဲကားတံခါးဖွင့်ဆင်းလိုက်ပါသည်။ ခြံဝကနေ အပြေးတစ်ပိုင်း ဝင်လာတဲ့ ဒေါ်လေးနှင့် ဖိုးကျော်တို့သားအမိကို ရပ်ကြည့်နေလိုက်ရင်း ...

"ဒေါ်လေးတို့ လာလည်နေကြတယ် ဟုတ်လား"

ဒေါ်လေးတို့က သူ့အမျိုးသား စီးပွားရေးတည်ရှိရာ ပြည်မြို့မှာနေကြတာပါ။

"နီးကြား ... သား၊ ရက်စက်လိုက်တာ သားရယ်၊ ထွက်သွားကတည်းက အကြောင်းမကြားဘာမကြား နေစိမ့်လိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ငယ်ကတည်းက နီးကြားကိုချစ်တဲ့ ဒေါ်လေးက နီးကြားကို တအားကျုံးဖက်လိုက်ကာ ချက်ချင်းပဲ ငိုကြီးချက်မဖြစ် လာပါသည်။

"အာ ... ဒေါ်လေးကလဲ အိမ်ပြန်လာတဲ့ဟာကို ငိုစရာလား၊ သိပ်ဝမ်းနည်းတတ်တာပဲ၊ လာလေ အိမ်ထဲဝင်ရအောင်၊ အမေရော !...၊ ရှိလား !...၊ ရိုးသားတို့ရော ဒေါ်လေး၊ ဒါ ကျွန်တော့်သူငယ်ချင်းတွေလေ၊ ထမင်းကျွေးရမှာဗျ ဒေါ်လေးရ"

"ဖိုးကျော် မင်းကိုကြီး သွားခေါ်လေ"

ဖိုးကျော်က အိမ်ထဲလှစ်ခနဲ ပြေးဝင်သွားပါသည်။

"ဒေါ်လေးတို့ အလည်သက်သက်ပဲလား၊ ဦးဦးရော ပါလား၊ နေကောင်းလား"

"နီးကြား ... သား၊ မင်းနေစိမ့်တာကို ဒေါ်လေး ဝမ်းနည်းမဆုံးဘူး၊ ဘယ်နှလတောင်ရှိပြီလဲဟင်၊ လေးလတောင် ကျော်ပြီမို့လား၊ ဒီလောက်ကြာအောင် အိမ်ကိုမဆက်မသွယ် ဘဲများ နေနိုင်လှချည်လား သားရယ်၊ နေနိုင်လှချည်လား"

ဒေါ်လေးက သူ့ကို ဖက်ထားရင်း သူ့ကျောပြင်ကို ထုကာ ငိုရင်းရှိုက်ရင်း ပြောနေတာပင်။

"ဒေါ်လေး တိတ်ပါဗျာ၊ တိတ်ပါတော့နော်၊ အိမ်ထဲဝင်ကြ စို့"





"ဝင်ပါ သားရယ်၊ ဝင်ပါ။ ဒေါ်လေး ဘယ်ကစ ဘာပြောရမယ် မသိတော့ပါလား သားရယ်"

ကိုနီးကြားရဲ့အဒေါ်ဆိုသူကိုကြည့်ကာ ချိုးလေးကူတို့ တစ်မျိုးကြီး စနိုးစနောင့် ဖြစ်လာရပါသည်။ ငိုနေလိုက်တာ ဝမ်းနည်းပက်လက်။ နီးကြားကတော့ အိမ်ကို ခုမှပြန်ရောက်လာရတဲ့ တုန်လှုပ်ခြင်းကြောင့် ကျန်တာတွေ သိပ်အာရုံထားမိပုံမရ။

"ဟော့ကောင် နီးကြား"

ဟိန်းခနဲထွက်လာတဲ့ အသံတစ်သံကြောင့် ချိုးလေးကူတို့တင်မက ရာဇာပင် ဆတ်ခနဲတုန်လှုပ်ကာ အိမ်တံခါးဝဆီ အားလုံးလှည့်ကြည့်လိုက်မိကြပါသည်။ တံခါးပေါက်ဝမှာ နီးကြား နှင့် ရုပ်ချင်းခပ်ဆင်ဆင်မှာ ပိုပြီးရိုးသားတည်ကြည်ပုံ အလိုလို ထွက်နေတဲ့လူတစ်ယောက်။

'ရိုးသား' ရယ်လို့ အားလုံးခန့်မှန်းနိုင်ပါသည်။ ထို 'ရိုးသား' ဟာ ဒေါသအမျက် ချောင်းချောင်းထွက်နေတဲ့ မျက်နှာနှင့်။ ဖြူနုတဲ့အသားအရေဟာ ရဲရဲနီရွေးနေပါသည်။

"ကိုကို"

နီးကြားဟာ စိတ်ကောင်းဝင်လျှင် အစ်ကိုကို 'ကိုကို' ခေါ်ပါသည်။ မကြည်မသာအချိန်တွေမှာတော့ 'ဟော့ကောင် ရိုးသား' ပင်။

"ဟော့ကောင် မင်း အိမ်ထဲ လုံးဝဝင်စရာမလိုဘူး နီးကြား"



www.burmeseclassic.com

www.burmeseclassic.com



“ဗျာ”

“မင်းစိတ်နဲ့ မင်းကိုယ် ဘယ်သူ့မှမငဲ့ဘဲ ဘာကိုစိတ်လုပ်မှန်းတောင် မသိရဘဲ အိမ်ကို မင်းစွန့်ခွာသွားတာ၊ ဘယ်သူမှ မင်းကို နှင်ထုတ်တာလည်း မဟုတ်ဘူး၊ မင်းဟာ မင်းထွက်သွားခဲ့တဲ့ကောင်၊ ခုမှ ပြန်မလာနဲ့၊ လုံးဝလာစရာ မလိုဘူး ဟေ့ကောင်”

“ရှိးသား ... သားရယ် ဖြည်းဖြည်းသက်သာ ပြောပါကွယ်”

“ပြောစရာ မလိုဘူး ဒေါ်လေး၊ တံခါးဖွင့်ပေးတာတောင် လွန်လှပြီ၊ ဒီကောင့် မျက်နှာကို မကြည့်ချင်ဘူးဗျာ”

“ရှိးသား သူ ဘာမှမသိရှာသေးပါဘူး သားရယ်”

“သိစရာလည်း မလိုဘူး ဒေါ်လေး၊ သူ့ဟာသူ မပြောမဆို အိမ်ကိုစွန့်သွားပြီးပြီ၊ သူ့ကို ဘယ်သူကမှလဲ မတရားသဖြင့် နှိပ်စက်နေတာလည်း မဟုတ်ဘဲနဲ့ ဘာကို စိတ်ကောက်မှန်းမသိ သူ့ဟာသူ တစ်ယောက်တည်းကောက်ပြီး ထွက်သွားတာ၊ ငါ့အမေ စိတ်ပူပန်သောက ရောက်ရှာမလား လည်း မတွေးဘူး ...

ဘာမှငဲ့မကြည့်ဘဲ သူ လုပ်ချင်တာ လုပ်သွားတာ၊ ဘာလို့ သူ့ကို ခွင့်လွှတ်ရမှာလဲ၊ ဟေ့ကောင် နီးကြား၊ မင်း ခုချက်ချင်း ပြန်တော့၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူးကွာ”





နီးကြားသည် ရှိးသားမျက်နှာကို တွေတွေကြီး ငေးစိုက်ကြည့်နေရာမှ ...

“ရှိးသား ... ငါ အမေ့ကိုတွေ့ပြီးရင် ပြန်မှာပါကွာ၊ ငါလည်း ကြာကြာနေဖို့ စိတ်ကူးမရှိပါဘူး၊ အစကတည်းကိုက မနေချင်လို့ ထွက်သွားတာပါ။ အခုလည်း အမေ့ကို ခဏတွေ့ပြီးရင် ငါ ပြန်မယ်”

“အမေ့ကို ... ဟုတ်လား၊ မင်း ခွေး ... ခွေးလိုကောင်၊ ဘယ်မှာလဲ အမေ၊ အမေ သေပြီကွ၊ သေပြီ”

“ဘာ ! ”

“အမေ သေပြီ”

“ဟေ့ကောင် ... ရှိးသား၊ မင်း ... မင်း ...”

နီးကြားသည် ရပ်နေသည့် နေရာမှာ တဆတ်ဆတ် တုန်လာပါသည်။ အားလုံးဟာ ကြက်သေ သေကာ ဘာမှဝင်မပြောနိုင်ဘဲ ကျောက်ရုပ်တွေအလား ငြိမ်သက်နေမိတဲ့ တစ်ခဏ၌ ရှိးသားက နှာကျင်လှတဲ့ မျက်နှာကြီးနှင့် နီးကြားထံ ပြေးဝင်ကာ နီးကြားရဲ့မျက်နှာကို လက်သီးနှင့် မိမိရရကြီး တစ်ချက်ထိုးချလိုက်ပါသည်။

“သား ... ရှိးသား”

“ကိုနီးကြား”



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲ တိတိပပကြီး တစ်ပတ်လည်ကာ ခေါက်ခနဲ ပုံကျသွားတဲ့ နီးကြားကိုကြည့်ကာ ချိုးလေးကူတို့ မိန်းကလေးသုံး ယောက် သံပြိုင်အော်ဟစ်လိုက်မိကြတာပင်။ ချိုးလေးကူသည် ချက်ချင်းပင် နီးကြားရှိရာ ခုန်ဝင်လိုက်သလို တစ်မှဟုတ်ချင်း ရောက်သွားလျက် လဲကျငြိမ်သက်နေတဲ့ နီးကြားရဲ့ကိုယ်ပေါ် ပြားပြားဝပ်မှောက်ဖက်ထားလိုက်မိပါသည်။

ထပ်ထိုးဖို့ ဟန်ပြင်ချိန်ရွယ် ဝင်လာတဲ့ ရိုးသားဟာ နီးကြား ကိုယ်ပေါ် အုပ်ချပြီးကာထားတဲ့ မိန်းကလေးတစ်ယောက် ကြောင့် အရှိန်တန့်သွားရကာ ...

"မင်း ... မင်း ဖယ်စမ်း၊ ငါတို့မိသားစုကိစ္စမှာ ဝင်မပါနဲ့၊ မင်းနဲ့ နီးကြား ဘယ်လိုပတ်သက် ပတ်သက် ဒါဟာ သူ့ အစ်ကိုက သူ့ကိုဆုံးမတာ၊ မင်း ဖယ်ပါ"

"မလုပ်ပါနဲ့၊ ကိုနီးကြားကို မလုပ်ပါနဲ့ရှင်"

"မင်းကိုဖယ်ပါလို့ ငါ တောင်းပန်တာနော်"

"ကျွန်မ တောင်းပန်ပါတယ် အစ်ကို၊ ကိုနီးကြားကိုမလုပ် ပါနဲ့ရှင်၊ သူ ... သူ ... သူက ..."

"ချိုးလေး"

ပျော့ခွေနေတဲ့ နီးကြားထံက အသံသဲ့သဲ့ ထွက်ပေါ် လာတာမို့ ချိုးလေးကူက စကားမဆက်ဘဲ မျက်နှာကိုသာ





နီးကြား ရင်ဘတ်ပေါ် မှောက်ချကာ တရှိုက်ရှိုက် ငိုလိုက်မိပါ သည်။ နီးကြား တစ်ပတ်လည်ကာ ခွေခနဲ ပုံလဲသွားလိုက်ပုံဟာ ချိုးလေးကူရဲ့ နှလုံးသားကို ချေမွလိုက်သလိုပါပင်။

"နီးကြား ... ထစမ်း၊ မင်း ယောက်ျားမဟုတ်ဘူးလား"

ရာဇာညီသည် ဘယ်လိုမှ မနေနိုင်တော့ဘဲ နီးကြား ရဲ့လက်တစ်ဖက်ကို အတင်းဆွဲထူ ထစေနေတဲ့ ရိုးသားကို နောက်ဘက်မှ အတင်းဝင်ဆွဲလိုက်ရပါသည်။

"ကိုရိုးသား၊ တော်ပါတော့၊ ကိုနီးကြားက နေမကောင်း ပါဘူးဗျာ"

"ဘာ ...၊ နေမကောင်းတော့ ဘာလုပ်ရမှာလဲ၊ နေမကောင်း ရုံမကဘဲ သေသွားဖို့ကောင်းတာ၊ အမေမသေဘဲ သူသေ ရမှာ၊ သူပဲသေသင့်တာ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ခင်ဗျား ဖယ်ပါ"

"မဖယ်နိုင်ဘူးဗျာ၊ ခင်ဗျား သူ့ကို ဒီမှာမရှိစေချင်ရင်လည်း သူ့ဟာသူ အေးအေးဆေးဆေးပဲ ထွက်သွားပါစေ။ ထိုးလား ကြိတ်လား လုံးဝမလုပ်ပါနဲ့၊ နေမကောင်းတဲ့ လူတစ်ယောက် ကို အဲသလို ကိုယ်ထိလက်ရောက် နှိပ်စက်နေတာ လုံးဝ တရားနည်းလမ်း မကျဘူး"

"ခင်ဗျားက ဘာမို့လို့လဲ၊ ဆရာဝန်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်က ဆရာဝန်၊ ခင်ဗျား နီးကြွားကို တစ်ချက်ထပ်ထိုးရင် ခင်ဗျားကို ကျုပ်ကိုယ်တိုင် တရားစွဲမယ်"

"တောက်"

ရိုးသားက ဒေါသတကြီး တောက်ခေါက်ကာ နောက်ဆုတ်ရပ်လိုက်ပါသည်။ နီးကြွားကို မကျေနိုင်တဲ့ အာဃာတတွေနှင့်ကြည့်ရင်း ...

"မင်း ... သွားတော့ နီးကြွား၊ မနေ့ကမှ အမေရက်လည်တာ၊ မင်းကို ငါ့မျက်စိအောက်မှာ မမြင်နိုင်သေးဘူးလေ ကောင်၊ ခုချက်ချင်း မင်း ထွက်သွားတော့"

နီးကြွားသည် ရှိုက်သံလေးတွေ တဆက်ဆက်ထွက်လာကာ မျက်ရည်တွေ စီးကျလာခဲ့ရင်း လဲနေရာမှလည်း အလူးအလဲ ထ,နေတာမို့ ချိုးလေးကူက ဖေးမ, ထူထ,ပေးလိုက်ပါသည်။

"ရိုးသား ...၊ ရိုးသား ...၊ အမေ ... အမေ ဘယ်လိုဖြစ်တာလဲကွာ"

"ဘယ်လိုဖြစ်ရမှာလဲ၊ မင်း သွားကတည်းက ကျိတ်ပြီးခံစားနေတာ၊ ဘယ်သူ့ကိုမှ ဘာမှမပြောတော့ ငါတို့ကလည်း အမေဖြေသာအောင် သတိမရအောင် စကားတောင် မနေဘဲ နေကြတာ၊ ငါတို့ မသိပေမယ့် အမေ့မှာ နှလုံးသွေးကြောကျဉ်းတာက တော်တော်ဆိုးဆိုးဝါးဝါး ဖြစ်နေတာ





ဆရာဝန်ကလည်း ခွဲစိတ်ပြီး ချဲ့လိုက်ရင် ကောင်းမယ်ဆိုတော့ ..."

"အမေ့ကို နှလုံးခွဲတာပေါ့ ဟုတ်လား ရိုးသား"

"ဟုတ်တယ်၊ ခွဲတာကပြဿနာမဖြစ်ဘူး၊ အမေ့သွေးကြောထဲမှာ သွေးခဲလေးတစ်ခုကရှိနေတယ်၊ ခွဲစိတ်ရင်း အဲဒီသွေးခဲက သွေးကြောကို သွားဆို့လိုက်တာဆိုလားပဲ၊ ခွဲရင်းက အမေ ... အမေ"

"အမေ ..."

"မင်းကြောင့်။ ဘာပဲဖြစ်ဖြစ် မင်းကြောင့်ပဲ နီးကြွား၊ မင်းကြောင့် အမေ စိတ်မကောင်းဖြစ်၊ စိတ်ဆင်းရဲပြီး နှလုံးရောဂါထလာတာ"

"ရိုးသား ငါ ... ငါ အမေဆုံးတာတောင် မသိလိုက် မမီလိုက်ရပါလားကွာ"

နီးကြွားက တရှိုက်ရှိုက်ငိုချလိုက်ပါသည်။ နွမ်းနယ်သေကျင်နေတဲ့ နီးကြွားရဲ့ဦးခေါင်းဟာ အလိုအလျောက် ချိုးလေးကူရင်ခွင်ကို မှေးထားလိုက်မိကာ ချိုးလေးကူကလည်း နီးကြွားရဲ့ဦးခေါင်းကို ရင်ခွင်မှာဖက်ပိုက်ထားလိုက်မိပြီး သူမပါ မချိတင်ကဲငိုကြွေးနေမိပါသည်။

"သတင်းစာထဲပါသားပဲ၊ မင်းကိုက မိသားစုကို အာရုံမရှိတော့တာ၊ မင်းဟာ တစ်ကိုယ်ကောင်းသမား၊ မင်း စိတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်း ဦးစားပေးတဲ့ကောင်၊ မင်း တစ်ခုခု မကျေနပ်ရင်လည်း ပြောပါတော့လား၊ ဘယ်သူ့မှ ဘာမှ ပွင့်ပွင့်လင်းလင်းမပြော ဘဲ မင်းစိတ်နဲ့မင်းကိုယ် မင်းလုပ်ချင်သလိုပဲ ဦးစားပေးလို့ သွားတဲ့ကောင် ...

မင်းသွားတာ နှစ်ပတ်လောက်ရှိကတည်းက အမေ တမှိုင်မှိုင် တငိုင်ငိုင်နဲ့ အိပ်ရာထဲလဲတော့တာပဲ၊ ရောဂါ ရောဂါပဲဆိုပေမဲ့ နာလန်မထူနိုင်အောင် ဗုန်းဗုန်းလဲရတာ မင်းကြောင့်၊ မင်းကြောင့်ဖြစ်ရတာ နိုးကြား"

"အမေ ... အမေ မရှိတော့ဘူး၊ အမေ သေပြီဆိုတာ ကျွန်တော် မယုံဘူး၊ အမေ သေပြီဆိုတာ မယုံနိုင်ဘူး"

"မင်းမယုံလည်း လုပ်ချင်သလိုလုပ်၊ အိမ်ကတော့ ခုလော လောဆယ် ထွက်သွား၊ ပူပူနွေးနွေးဖြစ်နေတော့ မင်းကို ရကာ ရင်ထဲမှာတအားနာတယ်ကွာ၊ မနေ့ကမှ အမေရှိ လည်တာ၊ ဦးလေးလည်း နေမကောင်းဘူး၊ ညီမလေးလည်း အရမ်းစိတ်ထိခိုက်နေတယ်၊ မင်းကို အမေ တတ,တနဲ့ သွားတယ်သိရဲ့လား၊ အားလုံး မင်းကို စိတ်နာနေကြတယ်"

"အမေ ... အမေ"

နိုးကြားသည် မျက်နှာကို လက်ဝါးနှစ်ဖက်အုပ် တရှိုက်ရှိုက် ဝမ်းပန်းတနည်း ငိုကြွေးနေခဲ့ပါသည်။ ရာဇာသည် မနေနိုင်တော့ဘဲ နိုးကြားကို တစ်ဖက်ကဝင်ဆွဲဖက်ကာ ...





"ကိုနိုးကြား နောက်မှဘာပဲလုပ်လုပ် လောလောဆယ်တော့ ကျွန်တော်တို့ ဒီကထွက်သွားကြရအောင်လား၊ ခင်ဗျား အတွက်မကောင်းပါဘူး၊ စိတ်ပင်ပန်းလွန်းပါတယ်၊ သွားကြ ပါစို့၊ မိကူ နင်လည်းထ"

ရိုးသားဟာ သူ့ကို ဖက်ချုပ်ထားတဲ့ ဒေါ်လေး၊ းကျော်တို့လက်မှ ရုန်းထွက်ဖို့ဟန်ပြင်ဆဲရှိပါသည်။ ရာဇာက းသားဘက် ခပ်တည်တည်လှည့်ကြည့်ကာ ...

"ခင်ဗျားရဲ့ဒေါသကိုလည်း အတတ်နိုင်ဆုံးလျှော့ပါ၊ သူ့ အမေတစ်ယောက်လုံးသေတာ၊ ကိုနိုးကြားလည်း ဘယ်စိတ် ကောင်းနိုင်ပါ့မလဲ"

"သူ့ကြောင့်လေ၊ သူ ဘာကြောင့် ဒီလိုလုပ်သွားလဲ"

"သူ့ကြောင့်လို့ ခင်ဗျားမပြောပါနဲ့၊ အပြုအမူတိုင်းမှာ သူ့အကြောင်းပြချက်နဲ့သူ ရှိတတ်ကြပါတယ်၊ ကိုနိုးကြားမှာ လည်းပဲ သူ့အကြောင်းနဲ့သူပဲပေါ့ဗျာ၊ သူ့အမေ ဒီလိုအဖြစ် မျိုး ဖြစ်ရကြုံရတာကို သူ မသိခဲ့သလိုပဲ၊ သူ ဘယ်လိုဖြစ် နေကြုံနေရတယ် ဆိုတာလည်း ခင်ဗျားတို့ မသိပါဘူး ...

တစ်ဖက်သတ် ဖိနှိပ်အပြစ်တင်နေမယ့်အစား ကိုယ် ချင်းစာကြည့်ပါ ကိုရိုးသား၊ သူ့ရဲ့အသေးစိတ်အခြေအနေ အဖြစ်အပျက်တွေကို ခင်ဗျား ဘာတစ်ခုမှမသိဘဲနဲ့ တစ်ဖက် သတ်အပြစ်မဆိုပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်နေလို့လဲ၊ သူ ဘာပဲဖြစ်ဖြစ်ပါ၊ ဒီမှာကျွန် တို့က အမေကိုဆုံးရှုံးလိုက်ရတာ"

"သူ့အကြောင်းနဲ့သူပေါ့ဗျာ၊ နောက်တော့ ခင်ဗျား သိမှာပါ"

ရာဇာက နီးကြားကို တွဲထူထ,လိုက်ပါသည်။

"ကိုနီးကြား လာပါဗျာ၊ လောလောဆယ်တော့ ကျွန်တော်တို့ ဒီကနေထွက်သွားလိုက်ကြရအောင်ပါ၊ နောက်မှ ခင်ဗျား လုပ်ချင်တာဆက်လုပ်ပါ"

"ကိုရာဇာ"

"လာပါဗျာ ကိုနီးကြား"

နီးကြားဟာ ရာဇာ့ပခုံးကို အားပြုခေါင်းမှီရင်း အရုပ်ကြိုးပြတ်ပုံစံနှင့် ကားပေါ်ပြန်တက်လာပါသည်။ မယုံကြည်နိုင်အောင် ကြေကွဲထိခိုက်သွားတဲ့ နီးကြားဟာ အဒေါ်တွေ အစ်ကိုတွေကိုလည်း ဘာမှမပြောနိုင် နှုတ်ပင်မဆက်နိုင်ဘဲ ကားပေါ်တွင် လဲလျောင်းလျက်သားပုံစံနှင့် ပျော့ခွေနေရှာပါသည်။

"ချိုးလေး ... အမေ ... ကျွန်တော့်မှာ အမေ မရှိတော့ဘူးဗျာ"

"ကိုနီးကြားရယ် ... စိတ်ကို ဖြေပါနော်၊ စိတ်ဖြေပါ"

"ကျွန်တော့်ကြောင့် ... ကျွန်တော့်ကြောင့် အမေ စိတ်ထိခိုက်သွားခဲ့တာ၊ ကျွန်တော့်ကြောင့် အမေ သေရတာပေါ့နော်"





"မဟုတ်ပါဘူး၊ ဘာမှမဆိုင်ပါဘူး ကိုနီးကြားရယ်၊ အန်တီ သေရတာလည်း သူ့ရောဂါအခြေအနေနဲ့သူပါ၊ အားလုံးဟာ သူ့'အလိုအလျောက် ဖြစ်ချိန်တန်တဲ့အချိန်မှာ ဖြစ်ကြရတာပါ"

ရာဇာသည် မျက်မှောင်ကုတ်ကာ နှုတ်ခမ်းနှစ်လွှာ ဘင်းတင်းစေ့ရင်း ကားကို ထိုခြံထဲမှ အမြန်ဆုံးမောင်းထွက်လာပါသည်။ နီးကြား ကိုယ်တိုင်နှင့် မိန်းကလေးတွေမပြောနှင့် သူတစ်ပါးအရေးကိစ္စ စိတ်မဝင်စားတတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားတဲ့သူပင် ရင်ထဲမှာ နာကျင်တင်းကျပ်နေပါသည်။

ခပ်မြန်မြန်မောင်းလာတဲ့ကားဟာ ပဲခူးမြို့မှ နှုတ်ခွန်းဆက်သပါ၏ဆိုတဲ့ ဆိုင်းဘုတ်ကြီးအလွန် မြို့နယ်နိမိတ်မှ ထွက်လာခဲ့ချိန်တွင် ...

"ကိုရာဇာ ကားခဏရပ်ပေးပါဗျာ"

"ကိုနီးကြား ဘာလုပ်ချင်လို့လဲဟင်"

"ကျွန်တော် တအားအသက်ရှူကျပ်လာလို့ပါ ချိုးလေး၊ ကားထဲက ခဏထွက်ပါရစေ"

ရာဇာက ကားကို လမ်းဘေးတစ်ဖက်သို့ ချက်ချင်းထိုးကပ်ရပ်လိုက်ပါသည်။ နီးကြားသည် ကားရဲ့ ဘေးတွန်းတံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်ကာ ကားပေါ်ကအဆင်း ဒူးညွှတ်ခွေကျသွားပြီးမှ ပြန်ထလိုက်ကာ ခပ်လှမ်းလှမ်းဆီ ယိုင်နဲ့သောခြေလှမ်းများနှင့် ဖြည်းဖြည်းချင်းလျှောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သွားမလို့လဲမသိဘူး"

ဝင်းမြစိမ်းက ငိုသံပါနှင့်မေးပါသည်။

"လွှတ်ထားလိုက်ပါဟာ"

ရာဇာ့အသံကလည်း အက်ကွဲခြောက်ကပ်နေသည်။

"လွှတ်ထားလို့မဖြစ်ဘူးထင်တယ် ရာဇာ၊ သူ တအားစိတ်ထိခိုက်သွားတာ၊ အရမ်းစိတ်ဓာတ်ကျပြီး ကားတွေဘာတွေဆီ ဝင်ပြေးဖြတ်ပြေးမှာတောင် စိုးရိမ်တယ်၊ ငါ လိုက်သွားမယ်"

ချိုးလေးကူက ကားပေါ်က လိုက်ဆင်းချသွားပါသည်။ ခပ်မြန်မြန် အပြေးတစ်ပိုင်းလိုက်လာတာမို့ နိုးကြားကိုမီလာသည်။

"ကိုနိုးကြား"

"ချိုးလေး … ကျွန်တော့်ကို ထားခဲ့ပါတော့ ချိုးလေးရယ်၊ ချိုးလေးတို့ ပြန်ကြတော့၊ ကျွန်တော် ဒီနားမှာပဲနေခဲ့တော့မယ်၊ မြန်မြန်သေပါတော့၊ မြန်မြန်သေပါရစေတော့၊ ကျွန်တော့်ကို ချိုးလေးရဲ့ ခွေးကလေးလို ဆေးထိုးပြီး သတ်ပေးပါလားဗျာ"

ထို့နောက်တော့ နိုးကြားသည် မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ကာ မြေကြီးပေါ်ထိုင်ချလိုက်ရင်း တအီးအီးအသံပွင့်ထွက်အောင် ငိုကြွေးနေပါတော့သည်။ သေးမှာလိုက်ထိုင်ရင်း အောက်





နှုတ်ခမ်းကိုကိုက်ကာ မျက်ရည်တပေါက်ပေါက် လိုက်ကျနေမိတဲ့ ချိုးလေးကူရင်ထဲမှာ နင့်ပြီးနာကျင်နေပါသည်။

ဖြစ်မှဖြစ်ရလေ။ သူ့မှာမှပဲ ဘာကြောင့် ဒီလောက်ကံဆိုးနေခဲ့ရတာလဲ။ ရှင်နဲ့ထပ်တူ ယူကျုံးမရ ဝမ်းနည်းနာကျင်ရပါတယ် ကိုနိုးကြားရယ်။ ရှင့်အပေါ် ချည်နှောင်မိတဲ့သံယောဇဉ်နှောင်ကြိုးတွေရဲ့ တင်းရစ်မှုကြောင့် နှလုံးသားတွေ နာကျင်ကုန်ပါပြီ။ သူ့ရဲ့ကမ္ဘာကြီး ရပ်တန့်မသွားအောင် ဝိုင်းဝန်းကူညီပေးမကြပါဦး …။ သူ့ကို ကျွန်မ မခွဲခွာပါရစေနဲ့ဦး …။


www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဆေးရုံက ဆင်းကြတော့မယ် ကိုနီးကြား"

ပစ္စည်းတွေသိမ်းနေတဲ့ ချိုးလေးကူနှင့် ဝင်းမြစိမ်းကို ခုတင်ပေါ်မှ နီးကြားက ငြိမ်သက်စွာငေးကြည့်နေပါသည်။ ဒီတစ်ကြိမ်လည်း ဆေးရုံတက်ပြီး သွေးသွင်းသည်။ ဒီရက်ပိုင်းအတွင်း ချိုးလေးကူ ပင်ပန်းလှ၍ထင့် မျက်နှာလေး ချောင်ကျသွားပါသည်။

"ချိုးလေးတို့ ပင်ပန်းနေပြီနော်"

"မပင်ပန်းပါဘူး၊ ကျွန်မ ပျော်နေတာ"

နီးကြားကပြုံးရင်း ...

"ဘာကို ပျော်နေတာလဲ ချိုးလေးရဲ့"

"ခဏနေရင် ကိုနီးကြားပါ ပျော်လာတဲ့အချိန်ကျရင် ဘာကို ပျော်နေတာလဲ သိရမှာပေါ့"

"ခဏနေရင် !..."

"ဟုတ်တယ် ခဏနေရင်"





ဝင်းမြစိမ်းက ပစ္စည်းတွေ ခြင်းထဲထည့်နေရင်းဘာ ပြုံးပြုံးလေးလှည့်ကြည့်ကာ လက်မောင်းတစ်ဖက်ကိုကွေး၍ အင်အားဗလထုတ်သလိုလုပ်ပြရင်း ...

"ကိုနီးကြား အားရှိတယ်မို့လား"

"ရှိတာပေါ့"

"အခု သွေးလည်းသွင်းထားပြီ၊ နေကောင်းပြီးအားတွေရှိနေပြီဆိုတော့ ကျွန်မတို့ တစ်နေရာကို ခဏသွားကြရအောင်လား"

"ဘယ်နေရာလဲ"

"ရောက်ရင်တွေ့လိမ့်မယ်"

နှစ်ယောက်လုံးက ပဟေဠိလုပ်နေ၍ နီးကြားကပြုံး၍ပဲနေလိုက်ပါသည်။ ဆေးရုံတစ်ပတ်တက်လိုက်ရတာ တစ်ပတ်လုံးလုံး သူ့အပေါ် မောင်နှမရင်းချာတွေလို ပြုစုကူညီစောင့်ရှောက်ခဲ့ကြတဲ့ ရာဇာညီ၊ ချိုးလေးကူ၊ ဝင်းမြစိမ်း၊ ပုလဲသီတို့ရဲ့ ကျေးဇူးတွေကိုလည်း သူ ဘယ်တော့မှဆပ်နိုင်မယ်မသိအောင် ဝမ်းသာဝမ်းနည်း ခံစားရယူခဲ့ရပါသည်။

"ရာဇာ လာပြီ"

ချိုးလေးကူ စကားကြောင့် ဆေးရုံခန်းမကြီးရဲ့ အဝင်ပေါက်ဘက်လှမ်းကြည့်လိုက်လျှင် ရာဇာက ဝှီးချဲအလွတ်တစ်ခု တွန်းကာလျှောက်လာပါသည်။ နီးကြား ခုတင်နားရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com

"ကိုနီးကြား သွားကြစို့၊ ကျွန်တော် ဝိုးချဲ့တစ်ခုရအောင် ဖန်တီးခဲ့တယ် ... အဟား၊ ရတယ် တော်တော်နဲ့ပြန်ပေးဖို့ မလိုဘူး"

နီးကြားကို ဝိုင်းဝန်းဖေးကူကာ ဝိုးချဲ့ပေါ်တင်ကြပါသည်။ ရာဇာ့ကို ကျေးဇူးတင်မိသည်။ သူ သိတတ်ပြီး သဘောပေါက်ပြီး ဝိုးချဲ့ရှာလာပေလို့။ နို့မို့ရင် ကိုယ့်ရဲ့အခြေအနေဟာ လူတွဲနှင့်ဆို အတော်လျှော့ကျယူရမှာ ကိုယ်သာအသိဆုံးပါ။ ဝိုးချဲ့တင်နိုင်အောင် ရာဇာက ဟိုးတစ်ခါ ပဲခူးသွားတဲ့တောင်းအော့စ်ကားပဲယူလာသည်။

နီးကြားသည် စိတ်မကောင်းခြင်းကြောင့် မျက်ရည်ကြည် ရစ်လည်လာမိပါသည်။

"ကျွန်တော့်အတွက်နဲ့ ကိုရာဇာတို့ အကုန်အကျတွေလည်းများ၊ လူလည်းပင်ပန်းနေကြပြီ"

"ဘာမှကိစ္စမရှိပါဘူး ကိုနီးကြားကလဲ"

"စိတ်ဆင်းရဲကြရတဲ့ ဝေဒနာခံစားရတာက ရှိသေးတယ်၊ ကျွန်တော် နေကောင်းနေတုန်းက ခင်မင်ခွင့်ရခဲ့ရင်ကောင်းမှာ၊ အဲဒါဆို ကျွန်တော့်ဘက်ကလည်း တစ်လှည့်တစ်ခေါက် ကူညီပေးဆပ်လို့ရတာရှိဦးမယ်၊ ခုတော့ ဒုက္ခဝေဒနာခံစားနေရတဲ့အချိန် သူများဘက်က ပေးဆပ်မှုတွေကို ကိုယ်က အယူပဲတတ်နိုင်တော့မယ့်အချိန်ကျမှ လာဆုံကြရတယ်၊





ကိုယ် ဘာမှမပေးနိုင် မတုံ့ပြန်နိုင်တဲ့အချိန်ရောက်မှ ဆုံတွေ့ကြရတာကို အားနာလို့မဆုံးဘူး၊ စိတ်မကောင်းဖြစ်လို့မဆုံးဘူးဗျာ"

"ဒီအချိန်မှာ ဒါတွေ စဉ်းစားမနေပါနဲ့ ကိုနီးကြားရာ၊ ဒါတွေ တွေးနေရမယ့်အချိန်မဟုတ်ပါဘူး"

"ဘာကိုတွေးနေရမယ့်အချိန်လဲ"

"မကြာခင် ခင်ဗျား ဝမ်းသာသွားမှာဗျ၊ အဲဒီအတွက် မိကုက အားလုံးတာဝန်ယူစီစဉ်ထားတယ်၊ သူ့ဟာသူ အားလုံးစိုက်ထုတ်စီစဉ်နေတာကိုသိရတော့ ကျွန်တော်တို့လည်း ဒီအစီအစဉ်ထဲမှာ ပါပါရစေလို့တောင်းဆိုပြီး ကျွန်တော်တို့ မိသီတို့က အတင်းဝင်ပါကြတယ်၊ ဒါပေမဲ့ အဓိကလူက မိကုပါ၊ သူ့စိတ်ကူး သူ့စေတနာ သူ့အစီအစဉ်နဲ့သူပဲ၊ စိတ်ရောကိုယ်ပါ အပင်ပန်းဆုံးပါ"

နီးကြားက အလယ်ခုံတန်းမှာ သူနှင့်အတူ ယှဉ်ထိုင်ကာပါလာသော ချိုးလေးကူကို လှည့်ကြည့်လိုက်ပါသည်။ ချိုးလေးကူက သူ့ကို ပြုံးပြုံးငေးငေးကလေး ပြန်စိုက်ကြည့်နေသည်။ ဟိုးရင်ထဲအတွင်းထဲမှာ ကြေကွဲမှုတွေကို ချိုးလေး ဖုံးဖိထိန်းချုပ်ထားတယ်ဆိုတာ နီးကြား သိပါသည်။

သူ့ရင်ထဲမှာ ချိုးလေးကို ပြောချင်တဲ့စကားတွေမှ အများကြီး။ ဒါတွေကို ပြောခွင့်ကြုံတော့မည်လည်း မထင်တော့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုပဲ ချိုးလေးရဲ့ ရင်ထဲမှာလည်း စကားလုံးတွေ အများကြီးနှင့် မွန်းပိတ်ကျပ်သိပ်နေလိမ့်မည်လို့ နားလည်နေပါသည်။

"ဒီရှေ့မှာ ပါကင်ထိုးလို့မရဘူး ရာဇာ၊ ဟိုဘက်ကိုကျော်ထိုးလိုက်"

ချိုးလေးကူ စကားအဆုံးတွင် ရာဇာက ကားကို ပလက်ဖောင်းဘက်ကပ်၍ ပါကင်အတွက် နေရာယူလိုက်ပြီဖြစ်ရာ နီးကြားက ကားရဲ့အပြင်ဘက်ကို ကြည့်လိုက်ပါသည်။ ပလက်ဖောင်းပေါ်မှာ သူတို့ကားကို ကြိုဆိုဖို့ရပ်နေရာက ရှေ့တိုးလျှောက်လာသူဟာ ကိုမြအောင်။

ဟုတ်သားပဲ။ ဒီအဆောက်အအုံထဲမှာ ပန်းချီပြပွဲလက်ခံကျင်းပလေ့ရှိတဲ့ ပြခန်းတစ်ခုရှိသည်။ ကိုမြအောင် အမြဲတာဝန်ယူနေရတဲ့ပြခန်းမဟုတ်။ ပွဲကျင်းပချင်သူရှိရင် ငှားရမ်းလေ့ရှိတဲ့အခန်း။

"နီးကြား ... ဘယ်လိုလဲ၊ ဆင်းကွာ ... လာ"

ရာဇာက ဆေးတံခါးဖွင့်ပေးလိုက်ကာ ကိုမြအောင်က နီးကြားကို လက်ကမ်းလိုက်ပါသည်။ ကိုမြအောင်သည် ဒီရက်ပိုင်းသူ့ကို ချိုးလေးကူ လာဆက်သွယ်ပြီး ဒီအစီအစဉ်အတွက် ကူညီဆောင်ရွက်ဖို့ပြောမှပင် နီးကြားရဲ့အခြေအနေကို ပွင့်ပွင့်လင်းလင်းသိရတာ။ စိတ်ထဲထိခိုက်မှုကို မျက်နှာပေါ်မပေါ်အောင် မဖုံးနိုင်သေး။ မျက်နှာပျက်နေသည်။





"ဒီမှာ ဘာလဲ ကိုမြအောင်၊ ကျွန်တော် ဘာမှမသိသေးဘူး၊ ကျွန်တော့်ကို ချိုးလေးက ဆပ်ပရိုက်စ်ခေါ်လာတာ"

"ဒီမှာ ဒီနေ့ ပြပွဲလေးရှိတာပေါ့ကွာ"

နှစ်ထပ်တက်ရတာမို့ ကိုမြအောင်နှင့်ရာဇာက တစ်ဖက်တစ်ချက်မှဆွဲခေါ်လာရာ ချီတင်လုနီးပါးပင်။ ဝှီးချဲကို ချိုးလေးဘို့မိန်းကလေးသုံးယောက်က သယ်လာပါသည်။ ပြခန်းရဲ့တံခါးဝါက်ဝရောက်မှ ဝှီးချဲချကာ နီးကြားကို ထိုင်စေလိုက်ကြပါသည်။ အခန်းထဲမှာတော့ နီးကြား မမျှော်လင့်ဘဲတွေ့လိုက်ရသည်က ...

ရိုးသား၊ နွေးနွေး၊ ရိုးသားရဲ့ဇနီး၊ ဦးလေးလည်းပါသည်။ ပြီးတော့ ဦးသက်။ သူတို့အပြင် တခြားပန်းချီပြပွဲလာကြည့်သူ ဧည့်ပရိသတ်များ။

"နီးကြား"

"ကိုလေး"

ရိုးသားနှင့် နွေးနွေးက သူ့ထံ ပြေးလာပါသည်။ နီးကြားရဲ့ ဦးခေါင်းကို သူ့ဗိုက်မှာအပ်အောင် အတင်းဖက်လိုက်တဲ့ ရိုးသား လက်တွေက တုန်ယင်နေသည်။ နွေးနွေးကတော့ နီးကြားရဲ့ခေါင်းပေါ် မျက်နှာမှောက်ကာ ကလေးငယ်တစ်ယောက်သဖွယ် ငိုလေပြီ။

"ကိုနီးကြား ... ကိုနီးကြားအတွက် စိတ်အနှောက်အယှက်ဖြစ်စေရင်တော့ ကျွန်မကို ခွင့်လွှတ်ပါ၊ ရှင့်အတွက် ပြပွဲ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုလည်း လုပ်ပေးချင်တာရယ်၊ ပြီးတော့ ရှင့်မိသားစု
ကိုလည်း အဖြစ်မှန်ကိုသိစေချင်လို့ပါ”

နီးကြားက ခပ်လှမ်းလှမ်းမှာရပ်ရင်း မျက်ရည်တပေါက်ပေါက်ကျလျက် ပြောနေသည့် ချိုးလေးကူကို လှမ်းကြည့်လိုက်ပါသည်။ မင်းဘဝထဲကို ခဏလေးဝင်ရောက်မွှေနှောက်ဂယက်ထစေခဲ့မိတဲ့ ကိုယ့်ကို ခွင့်လွှတ်ပါ ချိုးလေးရယ်။

“ချိုးလေး ကျွန်တော် ကျေနပ်ပါတယ်၊ ကျေးဇူးလည်းသိပ်တင်ပါတယ်”

ခပ်တိုးတိုးလှမ်းပြောလိုက်မိပါသည်။ ပြခန်းရဲ့နဖူးစည်းထိပ်က ပြပွဲရဲ့အမည်လေးလို့ဆိုနိုင်တဲ့ ...

“ကမ္ဘာကြီး ရပ်တန့်မသွားခင်”ဆိုတဲ့ စာတန်းကလေးက အားလုံးသောသူတို့ရဲ့နှလုံးသားကို ကြေကွဲစေခဲ့ပါသည်။

လမင်းမိုမို

BURMESE CLASSIC .com
www.burmeseclassic.com